www.burmeseclassic.com

သောင်းဝေဦး

အမှတ်တရတိုက်ပွဲများ အမှတ်(၉)

# မြူးရွှေပန့်ကောက်တိုက်ပွဲကြီး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀၃၀၀၁၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀၀၀၅၀၁၁၂ |
| ပထမအကြိမ် | - | ၂၀၁၂ ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |
| မျက်နှာဖုံးအပြင်အဆင် | - | မြရတနာColour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

**ထုတ်ဝေသူ**

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)
သီရိမြင်သာဈေးအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဗိုလ်မှူးကြီးသောင်းဇေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း(CIP)

သောင်းဇေဦး ၃၅၅.၄
အမှတ်တရတိုက်ပွဲများ အမှတ် (၉)၊ မြို့ရှေ့ပန်ကောက်တိုက်ပွဲကြီး၊
သောင်းဇေဦး။ ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၂။
၃၂၄ - စာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ၊
(၁)အမှတ်တရတိုက်ပွဲများအမှတ်(၉)၊ မြို့ရှေ့ပန်ကောက်တိုက်ပွဲကြီး


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

# သောင်းဝေဦး

## အမှတ်တရတိုက်ပွဲများ
## အမှတ် (၉)

# မြို့ရှေ့ပန်ကောက်တိုက်ပွဲကြီး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## အမှတ်တရတိုက်ပွဲများ အမှတ် (၉)

## ဖြူးရွှေဝန်ကောက်တိုက်ပွဲကြီး


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | |
| ၁။ | ဖြူးရွှေဝန်ကောက်တိုက်ပွဲကြီးအကြောင်းသိကောင်းစရာ | ၁၉ |
| ၂။ | ဖြူးရွှေဝန်ကောက်တိုက်ပွဲများဖြစ်ပွားခြင်း | ၃၃ |
| ၃။ | တိုက်ပွဲအသေးစိတ်ဖော်ပြချက်များ | ၆၁ |
| ၄။ | ဖြူးရွှေဝန်ကောက်တိုက်ပွဲကြီးနှင့် မြို့စားထိပ်စပေါ်(လေ) | ၈၇ |
| ၅။ | တိုက်ပွဲသုံးသပ်ချက်နှင့် သင်ခန်းစာဖော်ထုတ်ချက်များ | ၉၉ |
| ၆။ | ဗိုလ်မှူးချုပ်ကောင်းကျော်ဇောနှင့် ဖြူးရွှေဝန်ကောက်တိုက်ပွဲကြီး | ၁၂၅ |
| ၇။ | စွမ်းဆောင်ခဲ့ရသူများအကြောင်း | ၁၉၉ |
| ၈။ | တပ်နိုင်တော်နှင့် ဖြူးရွှေဝန်ကောက်ထပ်မှုများအကြောင်း | ၂၁၇ |
| ၉။ | နောက်ဆက်တွဲဖော်ပြချက် | ၃၀၇ |


# စာရေးသူ၏အမှာ

၂၀၁၀ ပြည့်နှစ်က ကွမ်းလုံရက် ၄၀ တိုက်ပွဲကြီး အကြောင်းကို ရေးသားထုတ်ဝေခဲ့သည်။ ရေးသာရေးရတာ ကွမ်းလုံကို ရောက်ဖူးသေးသည်မဟုတ်။ စာအုပ်ကို မြေပုံကြည့်ရေးပြီး အဆုံးသတ်ခဲ့သည်။

စာမူကို မဝံ့မရဲနှင့် ကကပြည်ကို တင်လိုက်မိသည်။ ကကပြည်က မှတ်ချက်အချို့နှင့် စာမူပြန်ကျလာ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ့်ကိုကိုယ် အားမလို အားမရဖြစ်ပြီး ဟယ် မထူးပါဘူးဆိုကာ ကွမ်းလုံကိုထွက်ခဲ့၏။ ကွမ်းလုံရောက် တော့ ဒေသခံတပ်များက လိုလေသေးမရှိ ပိုင်းကူကြသည်။ ကွမ်းလုံပတ်လည်ကတောင်တွေ အားလုံး လိုက်ပို့သည်။ နမ့်မတိန်းချောင်း ဟိုဘက်ကမ်းက ဟိုပန်ကို လိုက်ပို့သည်။ လိုက်ပို့သူ ဗိုလ်မှူးဝင်းမင်းထွေးက အတော်နှံ့စပ်၍ ဒေသန္တရ ဗဟုသုတပြည့်စုံလှသူဖြစ်၏။

အပြန်လမ်း နမ့်တစ်လမ်းခွဲလောက်အရောက်တွင် အရှေ့တောင်ဘက်မှ မှိုင်းညို့ညို့တောင်များနဲ့ စခန်းများကို လှမ်းမြင်ရသည်။

"အဘရေ ... အဲဒါ နာမည်ကျော်ခြူးရွှေနဲ့ ပန်ကောက်စခန်းတွေပဲခင်ဗျ"

ဟု ပြောလာ၏။

"ဪ"

ခြူးရွှေပန်ကောက်ကို နာမည်ကြားဖူးတာကြာခဲ့ပြီ။ ဟို ၁၉၇၇ ခုနှစ် ဗကပနဲ့ မြန်မာ့တပ်မတော် ခြူးရွှေ ပန်ကောက်တိုက်ပွဲကြီး ဖြစ်ကတည်းက။

ထိုစဉ်က ကျွန်တော်သည် မိုင်းရယ်တပ်မှနေပြီး





ပြင်ဦးလွင်ခေါ် မေမြို့ရှိ အုပ်ချုပ်မှုအကူအတတ်သင် ကျောင်းတွင် ရေးထောက်သင်တန်းတက်နေချိန် ဖြစ်၏။ ပြင်ဦးလွင်ကား တပ်မတော်ကျောင်းပေါင်းစုံ ပေါင်းဆုံရာ မြို့ကြီးမို့ လူစုံတက်စုံ သတင်းစုံလှပါ၏။ ထို့ကြောင့် ...

ကွမ်းလုံအရှေ့တောင်ဘက်က ခြူးရွှေပန်ကောက် တိုက်ပွဲများအကြောင်းကို အမျိုးစုံကြားသိရသည်။

"ဗကပအင်အား အတော်များတယ်။ အင်အား လေးငါးထောင်နဲ့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောတောင် ခဲ့သတဲ့"

"ဗကပဗဟိုကော်မတီအသစ်ရဲ့ ပထမဆုံးအားစမ်း တဲ့တိုက်ပွဲကြီးတဲ့"

"မြန်မာအစိုးရက မဒမ်တိန့်ရှင်ချောင်းကို လာ ဆည့်ဖို့ ဖိတ်တာ တရုတ်က လက်ခံလိုက်တာ မကျေနပ်လို့ ဆိုက်တာတဲ့"

ထိုသို့ အမျိုးမျိုးပြောကြပါသည်။

တိုက်ပွဲအစပိုင်း၌ လူဦးရေဆယ်ဂဏန်းလောက်သာ ရှိသည့် မြန်မာ့တပ်မတော်တပ်စခန်းများအား ဗကပမှ ဆယ်ဆမက သာလွန်အင်အားများဖြင့် တိုက်ရာ မြန်မာ့



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်မှ စခန်းများကို ယာယီစွန့်လွှတ်ပြီး ခွာစစ်ဆင်ခဲ့ရပါသည်။

သို့ရာတွင် တပ်တွေပြန်စုဖွဲ့ပြီး စခန်းတွေကို ပြန်တိုက်တော့ အားလုံးပြန်ရပါသည်။ ထုံးစံအတိုင်း ဇာတ်သိမ်းတော့ ရွှေဘကြီးတို့ နိုင်တာပါပဲ။

တိုက်ပွဲကာလ တစ်လကျော်အတွင်းမှာတော့ အထိအခိုက် အကျအဆုံးများ သူ့ဘက် ကိုယ့်ဘက် နှစ်ဖက်လုံးရှိခဲ့၏။

ထိုသို့သောအမျိုးမျိုး ပြောဆိုဝေဖန်သံများကို ကြားနာရင်း တိုက်ပွဲလည်းပြီး သင်တန်းလည်းပြီး၍ ကျွန်တော် မိုင်းရယ်ပြန်ခဲ့ပါသည်။

သိပ်မကြာပါ။ ၁၉၇၈ ခုနှစ် မတ်လ၌ ထိုရန်သူများနှင့်ပင် ကျွန်တော်ကိုယ်တိုင် နောင်လိုင်ပါဖန်တိုက်ပွဲကြီးတွင် ကြုံရဆုံရပြန်၏။ ဗကပနှင့် ပထမဆုံး နဖူးတွေ့ဒူးတွေ့ ပွဲကြီးဖြစ်၏။ ထိုတိုက်ပွဲကြီးတွင် သောင်းဝေဦးတို့ ကံကောင်းလို့ မသေ သံချောင်းတို့အဖေ ဖြစ်ခဲ့၏။ တစ်ခါမှ မပြေးစဖူး ပြေးခဲ့ရ၏။

၁၉၇၉ ခုနှစ်တွင်ကား ဗထူးရှိ တပ်မတော်(ကြည်း)





တိုက်ခိုက်ရေးကျောင်းသို့ ကျွန်တော် ပြောင်းရ၏။ ဘုရင့်နောင်ခြေလျင်ဌာနခွဲတွင် နည်းပြတာဝန်ထမ်းဆောင်ရပါသည်။

ဤတွင် ခြူးရွှေပန်ကောက်တိုက်ပွဲကြီး အပါအဝင် မြန်မာနိုင်ငံအနှံ့မှ တိုက်ပွဲကြီးငယ်များအကြောင်းကို သင်တန်းသားပေါင်းစုံထံမှ ကြားနာရတော့၏။

ကျွန်တော် နည်းပြတာဝန်ထမ်းဆောင်နေစဉ် ကာလတွင် ကျွန်တော်တို့ အပတ်စဉ်မှ သူငယ်ချင်းများ ခြေလျင်တပ်ခွဲမှူး သင်တန်းလာတက်ကြသည်။ ထိုအထဲ၌ ကျွန်တော့်စာများတွင် မကြာခဏ ပါနေကျ သူငယ်ချင်းကြီး ကိုအောင်ကြည်ထွန်း ပါလာ၏။ ၁၉၈၀ ခုနှစ်လောက်က ဖြစ်ပါသည်။ ကျောင်းတွင် ကျွန်တော်တို့အပတ်စဉ်မှ သူငယ်ချင်း ငါးယောက်ကြီးများတောင်ရှိရာ သင်တန်းလာတက်သူ တစ်ပတ်တည်းဆင်းများအား ကျောင်းရှိ သနွှဝင်အရာရှိများက မကြာခဏ ထမင်းခေါ်ကျွေးပါသည်။

ကိုအောင်ကြည်ထွန်းကိုလည်း သင်တန်းကာလ သုံးလေးလအတွင်း ကျွန်တော်တို့ကျောင်းမှ သရွှေဝင်



www.burmeseclassic.com

www.burmeseclassic.com



အရာရှိတစ်တွေမှ ထမင်း နှစ်ခါ သုံးခါ ခေါ်ကျွေးပြီး စကားဝိုင်းဖွဲ့ကြသည်။

ထိုအခါ ကျွန်တော်ပါဝင်သော နောင်လိုင်ပါဖန်တိုက်ပွဲကြီးအကြောင်း ပြောဖြစ်ကြသည်။ ခြူးရွှေပန်ကောက်တိုက်ပွဲကြီးအကြောင်း ပြောဖြစ်ကြသည်။ ကွမ်းလုံရက် ၄၀ တိုက်ပွဲကြီးအကြောင်း ပြောဖြစ်ကြသည်။

ဒီတိုက်ပွဲတွေက အရှေ့မြောက်မှ သမိုင်းဝင်တိုက်ပွဲကြီးတွေ။

ခြူးရွှေပန်ကောက်နှင့် နောင်လိုင်ပါဖန်တိုက်ပွဲကာလများ၌ ကိုအောင်ကြည်ထွန်း ကကပြည်ကို ရောက်နေပါပြီ။ တိုက်ပွဲဖြစ်ပွားခဲ့သော ဒေသများသို့ ကွင်းဆင်းပြီး မှတ်တမ်းတင် ရုပ်ရှင်များ သူ ရိုက်ခဲ့ပြီးပြီ။

''ဟော့ကောင် ... မင်းပါတဲ့ နောင်လိုင်ပါဖန်တိုက်ပွဲကြီးကို ဒို့ရုပ်ရှင်ကြီးရိုက်ဖို့ရှိတယ်ကွ။ လိုတာလေးတွေ ပြင်ဆင်နေပြီ''

ကျွန်တော့်ကို အထက်ပါအတိုင်း သူ ပြောသွားသည်။

သူပြောတာ ဟုတ်ပါသည်။





များမကြာမီ တပ်မတော်လေ့ကျင့်ရေးရုပ်ရှင်မှ နောင်လိုင်ပါဖန်နှင့် ပို့င့် ၆၀၄၁ တိုက်ပွဲတွင်ပါဝင်ခဲ့သူများ၏ ဂုဏ်ပြုသည့် ''**အမိမြေမှသားကောင်းများ**'' ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူး၍ အများပြည်သူကို ပြသခဲ့သည်။ အားလုံးက တစ်ခဲနက်အားပေး၍ ထိုဇာတ်ကားကြီး အောင်မြင်ပြီး အချို့တပ်မတော်မှသရုပ်ဆောင်များ အပြင်တွင် အတော် မင်းသား မင်းသမီးတွေ ဖြစ်ကုန်ကြသည်။

ကိုအောင်ကြည်ထွန်းသည်လည်း ရုပ်ရှင်တွေရိုက်ရင်း ဇာတ်ညွှန်းတွေရေးရင်း ဝတ္ထုဇာတ်လမ်းတွေ ရေးရင်း နာမည်ကျော် စာရေးဆရာကြီး အောင်ကျည်ထွက်ဘဝမှသည် အကယ်ဒမီ အောင်ကျည်ထွက်းဘဝသို့ပင် ရောက်သွားတော့၏။ သူလည်း ရန်ကုန်က ဘယ်မှမပြောင်းနေတော့ဘဲ ကကပြည်တွင် ကျောက်ချနေရာမှ ရာထူးတွေ ထွက်လာသည်။

ဗိုလ်မှူးဘဝ၌ ကျွန်တော်တို့ သူငယ်ချင်းသုံးလေးငါး ဦး ရန်ကုန်တွင် ပြန်ဆုံကြသည်။ ဟိုအကြောင်း ဒီအကြောင်း စပ်မိစပ်ရာပြောဖြစ်ကြတော့ တိုက်ခိုက်ရေးကျောင်းတွင် နည်းပြလုပ်ခဲ့သည့် ဗိုလ်မှူးလှမောင်က—



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်ကြီး အောင်ကြည်ထွန်း မင်းရဲ့ နွေကိုကို မိုးကိုကို ဆောင်းကိုကိုဆိုတဲ့ သားသုံးကောင်ရောကွ။ ဘာတွေလုပ်နေကြလဲ"

"အကြီးကောင်ကြီးကတော့ တပ်ထဲဝင်သွားပြီ။ အငယ် နှစ်ကောင်ကတော့ ငါရိုက်တဲ့ရုပ်ရှင်ကားတွေမှာ သရုပ်ဆောင်ပေါ့ကွာ။ ဝင်သရုပ်ဆောင်ခိုင်းထားတယ်"

"ဪ ... တယ်ဟုတ်ပါလား။ အေးလေ ... မင်းက ဒါရိုက်တာကြီးဆိုတော့ တတ်နိုင်တာပေါ့ကွာ။ မင်းရဲ့ သားတွေကို ရုပ်ရှင်ထဲပို့ရတာပေါ့။ နို့ ... နေစမ်းပါဦး မင်းရဲ့သားတွေ ဘယ်ကားတွေမှာ သရုပ်ဆောင်ကြတာလဲ"

"ဟိုခြူးရွှေကအပြန်ဆိုတဲ့ ကားမှာလေကွာ"

ထိုဇာတ်ကားကြီးမှာ နာမည်ကြီးသရုပ်ဆောင်များဖြင့် ရိုက်ကူးထားပြီး နာမည်ကျော်ဇာတ်ကားကြီး ဖြစ်၏။ မင်းသားမှာ အကယ်ဒမီဇင်ဝိုင်း ဖြစ်ပါသည်။

ကိုအောင်ကြည်ထွန်းက တည်တည်ခန့်ခန့်ကြီး ပြောလေရာ အားလုံးက လေးလေးစားစား နားထောင်ကြ၏။ ဟာသမဖောက်ရဲ။ သို့ရာတွင် မနေနိုင် မထိုင်နိုင် လေရှည်တတ်သည့် ဗိုလ်မှူးမိုးဆွေက –





"အဲဒီကား ငါကြည့်ဖူးတယ်ကွ။ မင်းရဲ့သားတွေက Main Character တွေလား။ ဘယ်အခန်းတွေ ပါတာလဲ။ ပြောစမ်းပါဦး"

ဟုဆိုတော့ ကိုအောင်ကြည်ထွန်းက –

"ဟိုကွာ ဇာတ်ကားအလယ်လောက်မှာ ခြူးရွှေခန်းကို ဗကပတွေလာတိုက်ပြီး ဆုတ်အပြေးမှာ ကျကျန်ရစ်တဲ့ ဦးထုပ်ကျွတ်ကလေးနဲ့ ဗကပလေးနှစ်ယောက်ကွာ။ အဲဒီနှစ်ကောင်ဟာ ငါ့သားအငယ်နှစ်ယောက်ပေါ့ကွာ"

သူ့စကားဆုံးတော့ အားလုံးက မပြုံးဘဲနှင့် တညီတညွတ်တည်း ဝါးလုံးကွဲရယ်လိုက်ကြပါသည်ခင်ဗျား။

"ဟား ... ဟား ... ဟား ... ဟား ... တား ... ဟား"

ယခု ခြူးရွှေပန်ကောက်တိုက်ပွဲကြီး အကြောင်းရေးဖြစ်တော့ အထက်ပါရေးဖြစ်ဟောင်းများကို အောက်မေ့မိပါသည်။

သူငယ်ချင်းကြီး ကိုအောင်ကြည်ထွန်းကို သတိရသည်။ ကကကျင့်တွင် အတူနေခဲ့ဖူးသည့် ကွယ်လွန်သူ ဗိုလ်ချုပ် သီဟသူရ သူရစစ်မောင်ကို သတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုစစ်မောင်က အတူနေခဲ့သည့် သုံးလမှာ သူ စစ်တိုက်သည့်အကြောင်း တစ်ခါမှ မပြောခဲ့။ သူ့စွမ်းရည် ဘွဲ့ရသည့်အကြောင်းတွေ မေးလိုက်တိုင်း ...

"ဒီလိုပါပဲ အစ်ကိုရာ"

ဟုသာ မပွင့်တပွင့်လေးပြောလေ့ရှိ၏။

ယခု ခြူးရွှေပန်ကောက်တိုက်ပွဲကြီးအကြောင်း ရေးမယ်ဆိုပြီး စာရွက်စာတမ်းတွေဖတ်ပြီး လေ့လာလိုက်မှ ...

လားလား

ဒီတိုက်ပွဲကြီးမှာ သူက တကယ့်ဇာတ်လိုက်ပါလား။

ဒီတိုက်ပွဲကြီးနဲ့ သူ သီဟသူရ ရသွားတာပါလား။

ယခုတော့ သူလည်း မရှိတော့ပြီ။ ဗိုလ်ချုပ်ကြီး တင်ဦးနှင့်အတူ ရဟတ်ယာဉ်ပျက်ကျရာတွင် ပါဝင်သွားပြီး ကွယ်လွန်သွားခဲ့သည်မှာ ၁၀ နှစ်ကျော်ရှိပြီ။

မည်သို့ပင်ဖြစ်စေ ရက်ပေါင်း ၃၀ ခန့်ကြာအောင် တိုက်ခဲ့ရသည့် ဤသမိုင်းဝင် ခြူးရွှေပန်ကောက်တိုက်ပွဲကြီး အတွက် ပြည့်စုံသောမှတ်တမ်းမှတ်ရာ မရှိသေးရာ ဤကွက်လပ်ကလေးကို ကျွန်တော်က တစ်တပ်တစ်အား ဝင်ရောက်





ဖြည့်စွက်ပေးလိုက်ခြင်းအားဖြင့် ထိုစဉ်က တိုက်ပွဲဝင် စစ်သည်အားလုံးကို ဂုဏ်ပြုလိုက်ရပါသည်ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ
သောင်းဝေဦး

နေရာ - ရန်ကုန်မြို့
ရက်စွဲ - ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁ )

## မြူးရွှေပန်ကောက်တိုက်ပွဲကြီးအကြောင်း သိကောင်းစရာ

**မြူးရွှေပန်ကောက်နိဒါန်း**

၁၉၇၇ ခုနှစ်၏ မိုးနှောင်းကာလ။

ကျွန်တော်သည် ပြင်ဦးလွင် (ယခင် မေမြို့) ရှိ အုပ်ချုပ်မှုအကူ အတတ်သင်ကျောင်း၌ ရေးထောက်အရာရှိ သင်တန်းတက်ရောက်လျက်ရှိ၏။ သင်တန်းသားမှာ လူ ၄၀ ကျော် ၅၀ နီးပါးရှိပါသည်။ မြန်မာနိုင်ငံ တစ်နံတစ်လျား တိုမြောက်ဘက် ပူတာအိုမှသည် တောင်ဘက်ကော့သောင်မှ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသားများ၊ ဟိုအရှေ့ဘက် မိုင်းယောင်းမှသည့် အနောက်ဘက် စစ်တွေ ကျောက်ဖြူမှ သင်တန်းသားများ တပ်ပေါင်းစုံမှ သင်တန်းသားပေါင်းစုံ ဖြစ်ပါ၏။

အနယ်နယ်အရပ်ရပ်မှ လာရောက်စုဝေးကြ၍ ပြောစရာဆိုစရာများ အများကြီးပါလာကြ၏။ သင်တန်းသားများကလည်း ကြည်းတပ်တစ်ခုတွင်းမှ မဟုတ်ဘဲ ကြည်းရေလေဖြစ်ရာ လူတွေကလည်း အသက် ၄၀ အောက် အရွယ် လူငယ်တွေမို့ တက်တက်ကြွကြွနှင့် ခေါင်းစဉ်ပေါင်းများစွာကို ဆွေးနွေးပြောဆိုကြသည်။ အထူးသဖြင့် စစ်ရှိန်တက်နေသော ဗကပများနှင့်တိုက်ခဲ့သည့် တိုက်ပွဲများ အကြောင်းကို ပြောဖြစ်ကြသည်။

ကျွန်တော်တို့ သင်တန်းသားတစ်တွေ ပြောလို့ဆိုလို့မှ သိပ်ပြီးအရှိန်မရသေးချိန် စက်တင်ဘာလကုန်အောက်တိုဘာလဆန်းတွင် အရှေ့မြောက်ဒေသ ဗကပများ သံလွင်မြစ်အရှေ့ခြမ်း ဟိုပန်ဒေသရှိ တပ်စခန်းများကို အင်ကြီးအားကြီးနှင့် ဝင်တိုက်တော့သည်။

ထိုစဉ်က ဟိုပန်ဒေသတွင် မြန်မာ့တပ်မတော်မှ တပ်စခန်းအတော်များများ ရှိပါသည်။





ကွမ်းလုံမြို့၏ အရှေ့ဘက် မိုင် ၂၀ ခန့်အကွာတွင် ဟိုပန်မြို့ကလေးရှိသည်။ ဟိုပန်သည် ကွမ်းလုံ၏ တံခါးဝဖြစ်၏။ ဝနယ်မြောက်ပိုင်း အစွန်ဆုံးဖြစ်၏။ ဟိုပန်မှ တောင်ဘက် ပန်လုံနှင့်မိုင်းမောသို့ ကားလမ်းရှိရာ ထိုဆက်သွယ်ရေးလမ်းကြောင်းကြီး **Line of Communication** ကို ထိန်းရန်အတွက် လမ်းကြောင်းတစ်လျှောက် ဘယ်ညာ၌ တပ်မတော်မှ တပ်စခန်းအတော်များများ ထားရှိထား၏။

ခြူးရွှေ
လွယ်မလုံမန်း
ဖားကျွတ်
ရင်ကွဲတောင်
ဖာလင်
ပန်ကောက်
ငါးစခန်း

ထိုစခန်းများကို ကျော်သောအခါ ပန်လုံမြို့ကလေးသို့ ရောက်ပါတော့သည်။ ဟိုပန်ဒေသ ဆက်သွယ်ရေးလမ်းကြောင်း ပတ်ဝန်းကျင်တပ်စခန်းများ၌ ခြူးရွှေနှင့် ပန်ကောက်စခန်းများသည် **Prominent** ဖြစ်ပြီး တပ်စု



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အင်အားဖြင့် အခြေပြုထားသော တပ်စခန်းများ ဖြစ်ကြ၏။ ကျန်စခန်းများက တပ်စိပ်အဆင့်ရှိ စခန်းများ သာတည်း။

"ဗကပတွေ ဟိုပန်ဒေသကို ဝင်တိုက်ပြန်ပြီတဲ့"

"အင်အားအတော်များတယ်ဆိုပဲ"

"ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောနဲ့ သူ့သားသမီး တွေ ဗကပစစ်ကြောင်းတွေနဲ့ ပါလာသတဲ့"

"စစ်ကြောင်းတွေက ကျော်ဇော (၁)၊ ကျော်ဇော (၂)၊ ကျော်ဇော (၃) တဲ့"

ကျွန်တော်တို့ ပြင်ဦးလွင်တပ်နယ်ရောက် အရာရှိ သင်တန်းသားပေါင်းစုံက သူတို့ကြားမိသမျှ သတင်းစကား အမျိုးစုံကို အထက်ပါအတိုင်း အမျိုးမျိုး အဖုံဖုံပြောဆို ကြသည်။

ရာသီဥတုကလည်း မိုးအကုန်ဆောင်းအကူး ရာသီ ဦးအခါသမယဆိုသော်ရပါ၏။ ပြင်ဦးလွင်တွင် မိုးဖွဲဖွဲလေး က အဆက်မပြတ် ရွာသွန်းလျက်ရှိ၏။

မိုးအေးအေးတွင် ကျွန်တော်သည် ဗိုလ်မှူးချုပ် ဟောင်း ကျော်ဇောအကြောင်းကို ပြန်ပြောင်းစဉ်းစားမိ





ည်။ သူသည် မိသားစုနှင့်အတူ မကြာသေးမီက ဗကပ ရှေ့မြောက်စစ်ဒေသသို့ ခိုဝင်သွားခဲ့ပြီးဖြစ်၏။

**ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော တောခိုသွားခြင်း**

ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောသည် ၁၉၅၆ ခုနှစ် တွင် အောင်မာယစစ်ဆင်ရေး သတင်းပေါက်ကြားမှုကြောင့် ၃၊ ၅၇ ရက်နေ့၌ တပ်မတော်မှ ဒုဗိုလ်မှူးကြီးအဆင့်ကို ချပြီး အငြိမ်းစားပေးခြင်းကို ခံခဲ့ရ၏။

အငြိမ်းစားဘဝတွင် အေးအေးဆေးဆေးမနေဘဲ င်တော်ကို ဆန့်ကျင်သည့်လှုပ်ရှားမှုများ၌ မကြာခဏ ဝင်ခဲ့၏။ ကျောင်းသားလှုပ်ရှားမှုများကို နောက်ကွယ်မှ ကိုင်ခဲ့သည်။ ၂၃၊ ၃၊ ၇၆ ရက်နေ့တွင် ဖြစ်ပွားသော ကျောင်းသားဆူပူမှုအရေးအခင်း၌ ၎င်း၏သား ကျော်ဇော သည် ထိပ်တန်းခေါင်းဆောင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၇၆ နှစ် ဇူလိုင်လ၌ ၎င်း၏သမီး ဒေါက်တာလှကျော်ဇော၊ သား အောင်ကျော်ဇော၊ ကျော်ဇောဦးတို့နှင့်အတူ ဗကပဗဟို သို့ တောခိုရောက်ရှိသွားခဲ့သည်။ သူ့အား ဗကပဗဟိုမှ ၁၁၊ ၇၆ ရက်နေ့၌ စစ်အကြံပေးနှင့် စစ်ကော်မရှင်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်အဖြစ် တာဝန်ပေးခဲ့သည်။ ဗကပဗဟိုကော်မတီဝင် ဗဟိုစစ်ဦးစီးဌာန၊ ဗဟိုစစ်ကော်မရှင် ပထမ ဒုတိယဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၇၇ ခုနှစ်၌ ဗကပတို့သည် သံလွင်အရှေ့ခြမ်း စိုးမိုးရေးစီမံကိန်းအရ သံလွင်အရှေ့ခြမ်းရှိ တပ်မတော် စခန်းများကို တစ်ခုပြီးတစ်ခု တိုက်ခိုက်ခဲ့သည်။ ၁၉၇၇ ခုနှစ် မေလတွင် သံလွင်အနောက်ခြမ်းကို ကူးဝင်၍ ဗကပ တပ်မဟာ (၁၂) သည် တန့်ယန်းမြို့နယ် မြောက်ခြမ်းရှိ နောင်လိုင်ပါဖန်စခန်းများကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တပ်မတော်မှ ရဲမင်းအောင်စစ်ဆင်ရေးနှင့် ပြန်လည် ချေမှုန်းတိုက်ခိုက်ခဲ့ရာ တိုက်ပွဲကြီး ၁၀ ကြိမ်၊ တိုက်ပွဲငယ် ၂၁ ကြိမ်ဖြစ်ပွား၍ ဗကပ ၄၁ ဦး ကျဆုံးပြီး သံလွင် အရှေ့ဘက်သို့ ဗကပများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထိုတိုက်ပွဲကြီးဖြစ်ပွားချိန်၌ စာရေးသူ ကျွန်တော် သည် မိုင်းရယ်တပ်၌ တပ်ရေးဗိုလ်ကြီး တာဝန်ထမ်းဆောင် နေရာ ဖြစ်စဉ်တစ်ခုလုံးကို အစအဆုံး သိရှိခဲ့ပါသည်။ ထိုစဉ်က ဗကပတို့အား ဒေသခံတပ်များအပြင် တပ်မ (၇၇) မှ ခမရ (၁၀၄) ကို စစ်ကူစေလွှတ်၍ ရန်သူများကို တိုက်





[illegible]စေခဲ့ပါသည်။ ဗကပတို့က ထိုတိုက်ပွဲ မအောင်မြင် [illegible] မကျေမနပ်ဖြင့် ကွမ်းလုံအရှေ့ခြမ်း ဟိုပန်ဒေသ [illegible]ရေးကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီးတစ်ပွဲတိုက် [illegible] စီမံဆောင်ရွက်ခဲ့လေသည်။

"ကဲ ... ဒီတိုက်ပွဲကြီးမှာတော့ ကျွန်တော်တို့ [illegible]များကို ပထမဆုံးအကြိမ် တာဝန်ပေးချင်တယ်ဗျာ။ [illegible]များလိုက်သွားပြီး လိုအပ်သလို ကွပ်ကဲပေးပါ"

ဥက္ကဋ္ဌဗသိန်းတင်မှ ဗိုလ်မှူးချုပ်ဟောင်း ကျော် [illegible]အား ခေါ်ယူပြောဆိုခဲ့သည်။ ထို့ကြောင့် ၁၉၇၇ ခုနှစ် [illegible]ပန်ဒေသစိုးမိုးရေးတိုက်ပွဲများနှင့် ချီးရွှေ ပန်ကောက် [illegible]က်ပွဲကြီးတွင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောနှင့် ၎င်း၏ [illegible]သမီးသုံးဦး ဗကပတပ်များနှင့်အတူ လိုက်ပါခဲ့ကြ [illegible]သည်။

[illegible]စဉ်က ဗကပတို့၏အခြေအနေ

ထိုစဉ်က ဗကပတို့၏အခြေအနေမှာ ပြောင်းလဲခဲ့ပြီး [illegible]သည်။ ၁၉၆၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် တရုတ်ပြည်၏ [illegible]တာပစ္စည်းမဲ့လူတန်းစား ယဉ်ကျေးမှုတော်လှန်ရေး[illegible] ၁၀



www.burmeseclassic.com

နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ တရုတ်ပြည်မှ ပညာတတ်လူတန်းစားများနှင့် လူရှောက်ချီခေါင်းဆောင်သော နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီး တော်တော်များများအား ဥက္ကဋ္ဌမော်စီတုံးနှင့် အပေါင်းပါများက ဖယ်ရှားခဲ့ပြီးဖြစ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးကြောင့် တရုတ်တစ်ပြည်လုံး ယဉ်ကျေးမှုအမွေအနှစ်များ အများအပြား ဆုံးရှုံး၍ အုပ်ချုပ်ရေးယန္တရား ပျက်စီးခဲ့ရသည်။ ကမ္ဘာ့ကွန်မြူနစ်ပါတီအသီးသီးတွင် ဖြုတ်၊ ထုတ်၊ သတ် လမ်းစဉ်များနှင့် လက်နက်စွဲကိုင်သည့် တိုက်ပွဲများ အရှိန်အဟုန်မြှင့်တင်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ၁၉၆၈ ခုနှစ်မှစ၍ အရှေ့မြောက်စစ်ဒေသကို ဗကပတို့က တရုတ်နိုင်ငံ၏ လမ်းညွှန်ချက်အရ ဖွဲ့စည်းခဲ့ပြီး နယ်စပ်ဒေသ တပ်မတော်စခန်းများကို တရုတ်နိုင်ငံ၏ လူ၊ လက်နက်အကူအညီ၊ စစ်ပစ္စည်းအကူအညီများဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် ၎င်းတို့မျှော်မှန်းသော အောင်မြင်မှုများကိုကား မရခဲ့ပါချေ။

၁၉၇၅ ခုနှစ် ပဲခူးရိုးမရှိ ဗကပဗဟိုအတိုက်ခံရပြီး ဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူးသခင်ချစ်တို့ ကျဆုံးသွားသောအခါ ဗကပတို့က ဗဟိုကော်မတီအသစ်အား



အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းခဲ့လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအား ပြန်လည်ဖွဲ့စည်းခြင်း၊ ဗကပဗဟိုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရွေးချယ်ခြင်း

ဗကပပေါ်လစ်ဗျူရိုအဖွဲ့ဝင်များဖြစ်သော ဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူး သခင်ချစ်တို့နှစ်ဦးအား ၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် တပ်မတော်မှ အသေရမိပြီးနောက် ၁၉၇၅ ခုနှစ် မေလ ၁၆ ရက်မှ ၂၉ ရက်ထိ အိမ်နီးချင်းနိုင်ငံ၌ ဗကပဗဟိုကော်မတီအစည်းအဝေး ကျင်းပခဲ့သည်။ အစည်းအဝေးမှ ဗကပ ဗဟိုကော်မတီဥက္ကဋ္ဌအသစ်အဖြစ် သခင်ဗသိန်းတင်အား ရွေးချယ်ပြီး ဗဟိုကော်မတီဝင် ၁၀ ဦးနှင့် ဗဟိုကော်မတီနိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် ၈ ဦးတို့ကို ရွေးချယ်ခဲ့သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



(က) ဗဟိုကော်မတီနိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်များ
( ပေါ်လစ်ဗျူရို )

| | | |
|---|---|---|
| (၁) | ဗသိန်းတင် (ခ) ခေါ်ဆင် | ဗဟိုဥက္ကဋ္ဌ |
| (၂) | ဖေတင့် (ခ) ခေမင် | ပထမဒုဥက္ကဋ္ဌ |
| (၃) | ခင်မောင်ကြီး (ခ) ကူဖန် | ဒုတိယဥက္ကဋ္ဌ |
| (၄) | ကျော်မြ (ပန်ဆန်း) | အဖွဲ့ဝင် |
| (၅) | အသားမည်းမျိုးမြင့် | အဖွဲ့ဝင် |
| (၆) | ယန်ကွမ်း(ခ)တင်ရီ(ခ) ပိုက်ကုလား | အဖွဲ့ဝင် |
| (၇) | ကျင်မောင် | အဖွဲ့ဝင် |
| (၈) | ရဲထွန်း | အဖွဲ့ဝင် |

(ခ) ဗကပဗဟိုကော်မတီဝင်များ

| | | |
|---|---|---|
| (၁) | ဗသိန်းတင် (ခ) ခေါ်ဆင် | ဥက္ကဋ္ဌ |
| (၂) | ဖေတင့် (ခ) ခေမင် | ပထမဒုဥက္ကဋ္ဌ |
| (၃) | ခင်မောင်ကြီး (ခ) ကူဖန် | ဒုတိယဥက္ကဋ္ဌ |
| (၄) | ယန်ကွမ်း (ခ) တင်ရီ (ခ) ပိုက်ကုလား | အတွင်းရေးမှူး၊ အရှေ့မြောက်စစ်ဒေသ |





| | | |
|---|---|---|
| (၅) | ဇော်မိုင် (ခ) ကျောက်မြင့် | အတွင်းရေးမှူး၊ အရှေ့မြောက်စစ်ဒေသ |
| (၆) | တိုက်အောင် (ခ) ဝမ်ယင် | အလယ်ပိုင်းဗျူရို |
| (၇) | အသားမည်းမျိုးမြင့် | မြောက်ပိုင်းဗျူရို |
| (၈) | ကျော်မြ | တပ်ပေါင်းစုတာဝန်ခံ |
| (၉) | ကျင်မောင် | အရှေ့မြောက်စစ်ဒေသ |
| (၁၀) | ဖေသောင်း | မြောက်ပိုင်းဗျူရို |
| (၁၁) | ဖရန်ဂန်ဒီး (ခ) ဖိုးဆွေမြင့် | အရှေ့မြောက်စစ်ဒေသ |
| (၁၂) | သန်းရွှေ (ခ) ပေါ်ကောင် | အရှေ့မြောက်စစ်ဒေသ |
| (၁၃) | ဘသန်း | မြောက်ပိုင်းဗျူရို |
| (၁၄) | စောဟန် | တနင်္သာရီတိုင်း |
| (၁၅) | ရဲထွန်း | (ပီကင်း)အဝေးရောက် သံကိုယ်စားလှယ် |
| (၁၆) | ရန်ဝေး (ခ) ရဲဘော်ထွန်း | ဗဟိုဌာနချုပ်ရုံးအုပ် |
| (၁၇) | ရဲဘော်သက်ထွန်း | (၁၆. ၇. ၈၀) အလင်းဝင် |
| (၁၈) | ရဲဘော်စိုးကြည် | (၁၁. ၁၀. ၇၅) ကျဆုံး |



www.burmeseclassic.com

www.burmeseclassic.com



(ဂ) အရန်ဗဟိုကော်မတီဝင်များ

| | | |
|---|---|---|
| (၁) | ကြည်ပြိုင် (ခ) တိန်ကျီဖင့် | အရှေ့မြောက်စစ်ဒေသ |
| (၂) | စိုးသိန်း (ခ) လင်ထင် | အရှေ့မြောက်စစ်ဒေသ |
| (၃) | စိုးလွင် | တနင်္သာရီ |
| (၄) | စံသူ (ခ) လင်စံ | တပ်မ (၆၈) |
| (၅) | မြမင်း (ခ) ထွန်းမြင့် | အလယ်ပိုင်းဗျူရို |
| (၆) | မောင်မောင်စိန် | အရှေ့မြောက်စစ်ဒေသ |
| (၇) | ရဲခင်(ခ)ရီကျင့်(ခ)ထွန်းလွင် | တပ်မ (၆၈) |
| (၈) | သိန်းအောင် | အရှေ့မြောက်စစ်ဒေသ |
| (၉) | အေးငွေ (ခ) ဂူမင်း | အရှေ့မြောက်စစ်ဒေသ |
| (၁၀) | အေးလွင် | တပ်မဟာ (၇၆၈) |
| (၁၁) | ကြိုးချင် (ခ) ကျော်စိန် | တပ်မ (၄၈) |
| (၁၂) | စိုင်းအောင်ဝင်း | မြောက်ပိုင်းဗျူရို |
| (၁၃) | တုံ့ကြည်ဖင့် (ခ) စစ်ပြန်နိုး | မြောက်ပိုင်းဗျူရို |
| (၁၄) | ဖိုးကြားရှင် | စစ်အကြံပေးအရာရှိ |
| (၁၅) | အုန်းကြည် (ခ) ဝမ်ဖူးမြင့် | တပ်မ (၄၇) |
| | | ကုန်သွယ်ရေးအရာရှိ |
| (၁၆) | ဖော်လီ | တပ်မ (၄၈) |

မြဝတီစာပေ



([illegible]) ဗဟိုစစ်ကော်မရှင် (၈) ဦး

| | | |
|---|---|---|
| [illegible] | ဗသိန်းတင် | ဥက္ကဋ္ဌ |
| [illegible] | ကျော်ဇော (နောက်မှခန့်) | ပထမဒုဥက္ကဋ္ဌ |
| [illegible] | အသားမည်းမျိုးမြင့် | ဒုတိယဒုဥက္ကဋ္ဌ |
| [illegible] | တိုက်အောင် | အဖွဲ့ဝင် |
| [illegible] | ကျောက်လင် | အဖွဲ့ဝင် |
| [illegible] | ဇော်မိုင်(ခ)ကျောက်မြင့် | အဖွဲ့ဝင် |
| [illegible] | ရဲခင်(ခ)ရီကျင့်(ခ)ထွန်းလွင် | အဖွဲ့ဝင် |
| [illegible] | ဖိုးကြားရှင် | အဖွဲ့ဝင် |

ဗဟိုကော်မတီအသစ်ဖွဲ့စည်းပြီးနောက် ဖွန်လဘွင် တပ်မဟာ (၁၂) သည် သံလွင်အနောက်ဘက်ကမ်း မန် ကျောင်းနားခါနယ်မြေသို့ ဝင်ရောက်လှုပ်ရှားခဲ့သည်။

၁၉၇၅ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် ၄၀၄၅ ဆင်ရင်းသည် S.S.A တပ်များနှင့် ပူးပေါင်းလှုပ်ရှားရန် သံလွင်အနောက်ဘက်သို့ ဖြတ်ကူး၍ မိုင်းခေး၊ မိုင်းတုံ၊ မိုင်းလားနှင့် မိုင်းရှူး၊ ကျေးသီးမံစံ တစ်ဝိုက်လှည့်ပြည် ကြောကုပ်ယူခဲ့၏။

တစ်ပြိုင်နက်မှာပင် တပ်မဟာ (၈) လက်အောက်ခံ

မြဝတီစာပေ

www.burmeseclassic.com

၆၀၃/၃၀၃၅/၄၀၄၈ တပ်ရင်းများသည် (၈၁၅) စစ်ဒေသမှ ရင်း (၁၂/၁၄/၁၈) တို့နှင့် ပူးပေါင်းကာ အင်အား ၁၂၀၀ ခန့်ဖြင့် ကျိုင်းတုံနယ်မြေသို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြ၏။ နို့ဝင်ဘာလ ၂၅ ရက်တွင် မိမိ ကချင်သေနတ်ကိုင်တပ်ရင်း (၅) မှ တပ်စိတ် ၅ စိတ် အခြေပြုထားသော မိုင်းပါလို့ စခန်းကိုလည်းကောင်း၊ နို့ဝင်ဘာလ ၂၈ ရက်တွင် ကျိုင်း လတ်စခန်းကိုလည်းကောင်း သိမ်းပိုက်ခဲ့ကြ၏။ ၎င်းစခန်း များကို မိမိ ခမရ (၁၀၈) စစ်ကြောင်းများမှ ဒီဇင်ဘာလ အတွင်း ပြန်လည်သိမ်းပိုက်ခဲ့ရာ ထိုအင်အားစုများ ဒီဇင် ဘာလ ၁၆ ရက်တွင် နမ့်မလွေချောင်းမြောက်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့ကြ၏။

■



# အခန်း ( ၂ )

## မြို့ရွှေ့ ဝန်ကောက်တိုက်ပွဲများဖြစ်ပွားခြင်း

၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် တရုတ်ပြည် အမြဲတမ်းပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မဒမ်တိန့်ရင်ချောင်းသည် မြန်မာနိုင်ငံအစိုးရထံ ချစ်ကြည်ရေးခရီး လာရောက်ခဲ့၏။ မဒမ်တိန့်ရင်ချောင်းကား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီး ချုပ် ချူအင်လိုင်း၏ဇနီး ဖြစ်သည်။ ထိုအချိန်၌ တရုတ် ပြည်တွင် ယဉ်ကျေးမှုတော်လှန်ရေး အရှိန်လျော့စပြုလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌကြီး မော်စီတုံးလည်း ကျန်းမာရေးမကောင်းတော့သည့်ကြားမှ လက်လွှန်ခြေလွှန်ဖြစ်နေသော ယဉ်ကျေးမှုတော်လှန်ရေးကို ထိန်းနေရသည်။ ပါတီတွင် သူ၏ဇနီး မဒမ်ချန်ချင်းနှင့် လေးဦးဂိုဏ်းက ခြယ်လှယ် ကြိုးကိုင်နေသည်။ တရုတ်ပြည်သူ့တပ်မတော်ဦးစီးချုပ် မာရှယ်လင်ပြောင်သည်လည်း လေးဦးဂိုဏ်း၏ အန္တရာယ်ကြောင့် ရုရှားနိုင်ငံသို့ ထွက်ပြေးရာ လေယာဉ်ပျက်ကျ ကွယ်လွန်သွားခဲ့သည်။ မော်စီတုန်းတွင် လူကောင်းသူကောင်းများ မရှိတော့။ ထို့ကြောင့် ဝန်ကြီးချုပ် ချူအင်လိုင်းကိုပင် ပြန်လည်တာဝန်ပေးရသည်။ ချူအင်လိုင်းမှာလည်း ကင်ဆာရောဂါဝေဒနာ ခံစားနေရရာ အလုပ်များ ကောင်းစွာမလုပ်နိုင်တော့။ ထို့ကြောင့် ဇနီး မဒမ်တိန့်ရှင်ချောင်းအား အချို့အရေးကြီးတာဝန်များကို ခွဲပေးခဲ့ရသည်။

တိန့်ရှင်ချောင်းက အိမ်နီးချင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီးများ လည်ပတ်ပြီး နှစ်နိုင်ငံဆက်ဆံရေးများကို ပြန်လည်တည်ဆောက်ခဲ့လေသည်။ ထိုသို့ တိန်ရှင်ချောင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းအား ဗကပတို့က မနှစ်သက်နိုင်ခဲ့။





"ဒီ – မဒမ်တိန့်ရှင်ချောင်း ခရီးစဉ်ကို တုံ့ပြန်တဲ့ အနေနဲ့ တိုက်ပွဲကြီးတစ်ပွဲ တိုက်ပြလိုက်ရမယ်။ ဒါမှ တရုတ် ...ဘော်တွေ ငါတို့ကို လေးစားသွားမယ်"

ဗကပဗဟိုကော်မတီက အထက်ပါအတိုင်း ဆုံး...တ်ခဲ့လေသည်။ ထိုဆုံးဖြတ်ချက်အရ ဗကပတို့သည် ...ဝန်ဒေသစိုးမိုးရေး စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ ...ရာ ခြူးရွှေပန်ကောက်တိုက်ပွဲကြီး ဖြစ်ပွားလေတော့သည်။

## ...ိုက်ပွဲမဖြစ်မီ ယေဘုယျအခြေအနေ

တိုက်ပွဲမဖြစ်မီ ရန်သူ မိမိတပ်အခင်းအကျင်းနှင့် ယေဘုယျအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ... ရန်သူ

၁၉၇၇ ခုနှစ် စက်တင်ဘာလမှာပင် ဗဟိုစစ် ...တော်မရှင်မှ ရဲဘော်ထွန်းလွင်နှင့် စစ်အကြံပေး ဗိုလ်မှူး ...ချုပ်ဟောင်း ကျော်ဇော လိုက်ပါလာသော တပ်ရင်း ...၄၀၄/၍၀၁/၀၄၂ တပ်မဟာ (၁၂) လက်အောက်ခံတပ်ရင်း ...၉/၁၈/၂၂ တို့နှင့် အရှေ့မြောက် စစ်ဒေသအမြောက်



www.burmeseclassic.com

တပ်အပြင် ပြည်သူ့စစ်များ စုစုပေါင်းအင်အား ၄၀၀၀ ကျော်သည် ဟိုပန်ဒေသသို့ ဝင်ရောက်ခဲ့ကြလေသည်။

စက်တင်ဘာလ ၁၅ ရက်နေ့တွင် ထိုတပ်ဖွဲ့ကြီးမှ တပ်ရင်း ၄၀၄၆/၀၄၂/၅၀၁ နှင့် လက်နက်ကြီး တပ်ရင်းတို့သည် ကျင်ချမ်းဒေသကို ဖြတ်လျက် ဗင်းဟာင် ဟိုစွမ် ဒေသသို့ရောက်ရှိခဲ့ပါသည်။ ၎င်းမှ အင်အား ၃၀၀ ခန့်သည် တပ်ထိန်သို့လည်းကောင်း၊ စက်တင်ဘာ ၂၃ ရက်နေ့တွင် တပ်မဟာ (၁၂) လက်အောက်ခံ တပ်ရင်း ၀၁၆ နှင့် ၀၁၈ မှ အင်အား ၃၀၀ ခန့်သည် ၈၂ မီလီမီတာ စိန်ပြောင်း ၄ လက်၊ ၅၇ မီလီမီတာ နောက်ပွင့် ၄ လက်၊ ၆၀ မီလီမီတာ စိန်ပြောင်း ၄ လက်နှင့်အတူ မိုင်းမောဘက်မှ ကျင်ချမ်းသို့ ရောက်ရှိခဲ့ပါသည်။ စက်တင်ဘာ ၂၇ ရက်နေ့တွင်မူ ၎င်းအင်အားစုများထဲမှ ၂၀၀ ခန့်သည် ဟိုစွမ်၊ ပန်ဟိုရှမ်းနှင့် ဗင်းဟာင်သို့ ရောက်ရှိပြီး နယ်မြေခံတပ်များနှင့် ပူးပေါင်းခဲ့ပါသည်။ အမာခံတိုက်ခိုက်ရေးအင်အား ၁၅၀၀ ခန့်ကို စုစည်းနိုင်ခဲ့ကြသည်။ လတ်တလော ဗကပတို့၏တပ်တည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အရှေ့မြောက်စစ်ဒေသဌာနချုပ် – ပန်ဆန်း





(ခ) တပ်ရင်း ၄၀၄၆/၀၄၂/၅၀၁ နှင့် အမှတ် ၁၇၇ လက်နက်ကြီးတပ်ရင်း – ဗင်းဟာင်ဟိုစွမ်

(ဂ) လက်နက်ကြီးတပ်ရင်းတစ်ရင်းနှင့် အင်အား ၃၀၀ ခန့်–တပ်ထိန်

(ဃ) ရှေ့တန်းဌာနချုပ် – ဗင်းဟာင်နှင့် ဖာလင်တောင်ကြော

(င) တပ်ရင်း ၀၁၆/၀၁၈/၉/၂၂ နှင့် မိုင်းမောခရိုင်တပ်၊ ကိုးကန့်ခရိုင်တပ် အင်အား ၁၅၀၀ ခန့် တိုက်ခိုက်ရေးအရံ

## ၂ မိမိတပ်

ထိုစဉ်က မိမိတပ်များ၏ တပ်ဖြန့်ခွဲမှုမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) တပ်မဌာနချုပ်များ

– ရှေ့တန်းအမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ် – ကွတ်ခိုင်

– ရှေ့တန်းအမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် – လားရှိုး

www.burmeseclassic.com



(ခ) ပါဝင်သောတပ်များ (တိုက်ခိုက်ရေးတပ်)
- ရှေ့တန်းအမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ်တွင် နည်းဗျူဟာ ၂ ခုနှင့် တပ်ရင်း ၇ ရင်း ပါဝင်သည်။
- ရှေ့တန်းအမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်တွင် နည်းဗျူဟာ ၁ ခုနှင့် တပ်ရင်း ၃ ရင်း ပါဝင်သည်။

(ဂ) အကူလက်ရုံးဝန်ထမ်းတပ်များ
- ၁၀၅ မီလီမီတာအမြောက် ၄ လက်
- ၇၆ မီလီမီတာအမြောက် ၄ လက်နှင့် ၁၂၀ မီလီမီတာ စိန်ပြောင်းကြီး ၂ လက်
- ၆ ပေါင်ဒါအမြောက် ၂ လက်
- ဘရင်းကယ်ရီယာ ၄ စီး
- ၂၀ မီလီမီတာဟစ်စပန်နိုစက်အမြောက် ၂ လက်
- အမှတ် (၂၂၂) ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ခွဲ တစ်ခု
- အမှတ် (၂၂၂) ထောက်ပံ့ရေးတပ်မှ မော်တော်ယာဉ်တပ်စုတစ်စု

(ဃ) ပြည်သူ့ရဲနှင့်ပြည်သူ့စစ်များ
- ပြည်သူ့ရဲ။ ကွမ်းလုံ၊ ဟိုပန်၊ ပန်လုံမှ အင်အား ၁၈၃ ယောက်
- ဝရဲများ။ ပန်ဝိုင်၊ ဘောင်တင်၊ ရောင်ကလူမှ အင်အား ၁၅၀ ယောက်
- ပြည်သူ့စစ်။ ကွမ်းလုံ၊ ဟိုပန်မြို့နယ်များမှ ပြည်သူ့စစ်အင်အား ၁၀၅ ယောက်
- ပြောက်ကျားတပ်ဖွဲ့နှင့် သတင်းထောက်လှမ်းရေးတပ်ဖွဲ့။ ဟိုပန်၊ ပန်လုံ၊ ကွမ်းလုံဒေသမှ အင်အား ၇၆ ယောက်

## ၃ မြေပြင်အခြေအနေ

ဟိုပန်မြို့နယ် တောင်ခြမ်းနှင့် အရှေ့ခြမ်းဒေသမှာ ကွမ်းလုံဒေသကဲ့သို့ပင် မြေနိမ့်လွင်ပြင်နည်းပါးပြီး တောင်ပတ်လည်ဝန်းရံလျက် လျှိုမြောင်တောင်တန်းများ ထူထပ်ပေါများလေသည်။ တောင်များမှာ အဓိကအားဖြင့် တောင်စောက်တန်းလျက်ရှိ၏။ ဆက်သွယ်ရေးလမ်းကြောင်း


www.burmeseclassic.com



အနေဖြင့် ဟိုပန်၊ ပန်လုံ၊ မိုင်းမောအထိ ကားလမ်းပေါက်ပေသည်။

အဓိကတိုက်ပွဲကြီး ဖြစ်ပွားခဲ့သော ခြူးရွှေစခန်းသည် ညီညာမတ်စောက်သော ဆင်ခြေလျှောရှိသည့် တောင်ကုန်းဖြစ်သည်။ ဆင်ခြေလျှောအစပ်တွင် သစ်ပင်ကြီးအနည်းငယ်နှင့် သက်ကယ်တောများရှိသည်။ စခန်းပတ်လည် ကိုက် ၁၅၀ ခန့်အား မြင်ကွင်းများ ရှင်းလင်းထားရှိပါသည်။ စခန်းအား သံဆူးကြိုး ၃ ထပ် ကာရံထားပြီး ဆက်သွယ်ရေးမြောင်းများ၊ ကတုတ်ကျင်းများ၊ ခံစစ်ကျင်းများ အဆင့်ဆင့်ဖြင့် ခံစစ် တည်ဆောက်ထားပါသည်။ ဟိုပန်၊ ပန်လုံသွား ကားလမ်းမှတစ်ဆင့် လူသွားလမ်းအတိုင်း အရှေ့ဘက်သို့သွားပါက ခြူးရွှေစခန်းသို့ ရောက်ရှိနိုင်ပါသည်။

ထိုဒေသရှိ တပ်စခန်းအတော်များများမှာ ကွက်ကြားကွက်ကြား တောအုပ်နှင့် အချို့နေရာများ၌ တောင်ပြောင်များပေါ်တွင် တပ်စွဲထားရှိပါသည်။ အချို့စခန်းများကို အဝေးကပင် မြင်နိုင်ပါသည်။ အဓိကဆက်သွယ်ရေးလမ်းကြောင်းကြီးမှာ ဟိုပန် ပန်လုံ ကားလမ်းမကြီးပင်





www.burmeseclassic.com

www.burmeseclassic.com




မြန်မာနိုင်ငံအရှေ့မြောက်ဒေသပြမြေပုံ



## ရာသီဥတုအခြေအနေ

ရာသီဥတုမှာ မိုးအကုန် ဆောင်းအကူး ရာသီဖြစ်၍ ...တ်ပိုင်းတွင် မြူခိုးများ အနည်းငယ်အုံ့ဆိုင်းနေတတ် ...ည်။ မြင်ကွင်းကန့်သတ်ချက်ရှိပြီး အအေးဓာတ်လည်း ...ည်းငယ်ရှိပါသည်။ မကြာခဏ မိုးဖွဲလေးများ ရွာသွန်း ...ရှိပါသည်။

## ...တိုက်ပွဲများစတင်ဖြစ်ပွားခြင်း

၁၉၇၇ ခုနှစ် စက်တင်ဘာလလယ်တွင် ဟိုပန် ...၌ စုဖွဲ့ခဲ့သော ဗကပဗဟိုစစ်ကော်မရှင်မှ ရဲဘော် ...လွင်နှင့် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောတို့ ဦးစီးသည့် ...အင်အား ၄၀၀၀ ခန့်သည် ရည်မှန်းချက်အသီးသီး ...ဖြည်းဖြည်း ချဉ်းကပ်ခဲ့ကြရာ စက်တင်ဘာလကုန် ...က်တိုဘာလဆန်း၌ သက်ဆိုင်ရာ ရည်မှန်းချက်များ ...သို့ ရောက်ရှိသွားကြရာ အောက်တိုဘာလ ၂ ရက်နေ့ ... ၆ နာရီတွင် ခြူးရွှေစခန်းသို့ ချဉ်းကပ်စဉ် လူ့ယ်လ



www.burmeseclassic.com

www.burmeseclassic.com



ရွာသစ်တွင် အခြေပြုထားသည့် ရေတန်းအမှတ် (၃) ကချင်သေနတ်ကိုင်တပ်ရင်းမှ လှုပ်ရှားတပ်စုနှင့် စတင်ထိတွေ့ရာမှ နာမည်ကျော် **ခြူးရွှေပန်ကောက်တိုက်ပွဲကြီး** စတင်ခဲ့ပါသည်ခင်ဗျား။

ဦးစွာပထမ တိုက်ပွဲဖြစ်စဉ်ကြီးတစ်ခုလုံးအား ခြုံငုံဖော်ပြပါမည်။

**တိုက်ပွဲအကျဉ်းချုပ်ဖော်ပြချက်**

ဗကပတို့သည် အကြိမ်ကြိမ် သေဖူးသည့်တိုင်ပျဉ်ဖိုးကို နားမလည်နိုင်ဘဲ ရှိခဲ့ကြသည်။ သံလွင်အရှေ့ခြမ်းကို လွှမ်းမိုးနိုင်ရေး မဟာဗျူဟာ ရည်မှန်းချက်ကိုလည်း မစွန့်လွှတ်နိုင်ခဲ့ကြပေ။ ထို့ကြောင့်လည်း ဗကပတို့သည် ကွမ်းလုံအရှေ့ခြမ်း ဟိုပန်ဒေသ စိုးမိုးသိမ်းပိုက်ရေးကို အဆုံးအဖြတ်ပေး တိုက်ပွဲကြီးတစ်ပွဲအဖြစ် ဖန်တီးကာ အခြေခံနယ်မြေ တည်ဆောက်နိုင်ရန်အတွက် မီးကုန်ယမ်းကုန် ကြိုးပမ်းလာခဲ့ကြပြန်ပါသည်။ ထိုတိုက်ပွဲများတွင် ခြူးရွှေ ပန်ကောက်တိုက်ပွဲများ အပါအဝင်ဖြစ်ပြီး အရှေ့





တ်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ၁၉၇၇ ခုနှစ်၊ တ်တိုဘာလ ၃ ရက်နေ့မှ ၃၁ ရက်နေ့အထိ ဆင်ကြသည်။ ယင်းတိုက်ပွဲတို့သည်ကား တပ်မတော်း တပ်မတော်ကဏ္ဍတွင် မော်ကွန်းထိုးရမည့် တိုက်ပွဲများ ဖြစ်လာသကဲ့သို့ ဗကပတို့၏ မဟာဗျူဟာမှန်းချက်ကြီးကို အပိုင်းပိုင်း အတစ်တစ်ဖြစ်အောင်နိုင်ခဲ့သော တိုက်ပွဲများပင် ဖြစ်ပါသည်။ ထိုတိုက် ပါဝင်သော စစ်ဆင်ရေးအမည်မှာကား "ရဲမင်း**င် စစ်ဆင်ရေး**"ပင် ဖြစ်ပါတော့သည်။

ယင်းတိုက်ပွဲများ မဖြစ်ပွားမီအချိန်ကပင် တပ်သည် ရန်သူလုပ်ဆောင်နိုင်မည့် အလားအလာများသိရှိနေသည့်အပြင် ဒေသခံတိုင်းရင်းသား မိတ်ပြည်သူလည်း ဗကပတို့၏လှုပ်ရှားမှုများကို သတင်းပေးပို့ပါသည်။ ထို့အပြင် အချိန်မီ အမြင်မှန်ရရှိခဲ့ကြပြီးတော်သို့ လက်နက်ချ အလင်းဝင်ရောက်လာကြထံမှလည်း တန်ဖိုးရှိသော သတင်းများကို ဖော်ရရှိခဲ့ပါသည်။ ထိုသတင်းများအရ ၁၉၇၇ ခုနှစ်တင်ဘာ လ ၂၃ ရက်နေ့တွင် ဗကပအင်အား ၁၅၀

www.burmeseclassic.com

www.burmeseclassic.com



ခန့်သည် ၈၂ မမ ငါးလက်နှင့်အတူ မန်မိုင်ဘက်မှ ကျင်ချမ်းကို ဖြတ်၍ ဗင်းဟင်ဘက်သို့ ထွက်ခွာသွားသော သတင်းများကိုလည်းကောင်း၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဗကပအင်အား ၃၀၀ ခန့်သည် မန်မန်ဆိုင်ဘက်မှ ကျင်ချမ်းသို့ ထပ်မံရောက်ရှိလာပြီး ၎င်းတစ်ဝိုက်တွင်ဖြန့်ခွဲ အခြေပြုနေသော သတင်းများကိုလည်းကောင်း၊ အောက်တိုဘာလ ၂ ရက်နေ့မှ စတင်ကာ ရန်သူ့လှုပ်ရှားမှုများကို သိရှိနေရပေသည်။ ထို့အပြင် အောက်တိုဘာလ ၄ ရက်နေ့တွင် ဟိုပန်တပ်စခန်းသို့ လက်နက်ချ အလင်းဝင်ရောက်လာသော ဗကပ တပ်ရင်း (၄၀၄၆)မှ တပ်သားအဆင့်ရှိသူတစ်ဦးနှင့် အောက်တိုဘာလ ၉ ရက်နေ့ညက ဟိုပန်တပ်စခန်းသို့ပင် လက်နက်ချလာသော ထိုတပ်ရင်းမှ တပ်စုမှူးအဆင့်ရှိ လီချောက်စင်းတို့အား စစ်ကြောရရှိချက်တို့အပေါ်မှလည်း ဗကပ အရှေ့မြောက်ဒေသမှ တိုက်ရိုက်ကွပ်ကဲသော ဗကပ တပ်ရင်း (၅၀၁)၊ (၁၀၈)၊ (၀၄၂)၊ (၄၀၄၆)နှင့် အမှတ်(၁၇၇) လက်နက်ကြီးတပ်များသည် စက်တင်ဘာလ ၃၀ ရက်နေ့မှ စတင်ကာ ဟိုစွမ်ဒေသသို့ ဝင်ရောက်စုဖွဲ့လျက် တိုက်ပွဲဝင်နိုင်ရန်အတွက် ကြိုတင်





ပြင်ဆင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်းကိုပါ ဖော်ထုတ်သိရှိရပေသည်။

ဦးစွာပထမ ဟိုပန်ကူးတို့ဆိပ်တွင် ဖြစ်ပွားသော တိုက်ပွဲနှင့်ပတ်သက်ပြီး ရန်သူတို့ အထိနာစေခဲ့ကြောင်းကို ဖော်ပြလိုပေသည်။ ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ နံနက် ၄ နာရီ အချိန်ခန့် တွင် ဗကပ အင်အား ၁၅၀ တို့သည် နမ့်တစ်ဘက်မှတစ်ဆင့် ညောင်ပင်ကုန်းနှင့် ကူးတို့ဆိပ် စခန်းအကြား လျှိုအတွင်းမှဝင်ကာ အင်အား ၇၀ တို့သည် တပ်မတော် စစ်ကူစစ်ကြောင်းများကို ပိတ်ဆို့ဟန့်တားနိုင်ရန် ကားလမ်းတစ်လျှောက်၌ နေရာယူထားခဲ့ကြပါသည်။ ကျန်ရှိနေသော အင်အား၈၀က တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင် ပူးပေါင်း တပ်စိတ်တစ်စိတ်မျှသာရှိသော "ကူးတို့ဆိပ်စခန်း"ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြပါသည်။ သို့ရာတွင် အလွယ်တကူ သိမ်းပိုက်နိုင်မည်ဟု မျှော်လင့်ခဲ့သော ရန်သူတို့သည် တပ်မတော်နှင့် ထိပ်တွေ့ရင်ဆိုင်ကြရသောအခါ မှန်းချက် မကိုက်ခဲ့ပေ။ တပ်မတော်အနေဖြင့်လည်း စခန်းကို အတိုက်ခံရသည်နှင့် တစ်ပြိုင်နက် စခန်းအပြင်ဘက်တွင် ကာကင်းထုတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော တပ်စိတ်မှ ရန်သူ့နောက်ကျောကို ဝိုင်းပတ်၍
လည်းကောင်း၊ ကူးတို့ဆိပ်မြောက်ဘက်စခန်းမှ တပ်စိတ်
ကလည်း ပစ်ကူပေး တိုက်ခိုက်၍လည်းကောင်း တိုက်ပွဲဝင်
ခဲ့သည့်အပြင် စခန်းအတွင်းရှိ တပ်စိတ်ကလည်း မိမိတို့
ထက် အဆပေါင်းမြောက်မြားစွာသာလွန်သော ဗကပ
တို့အား အနိုင်မခံ အရှုံးမပေးတမ်းစိတ်ဓာတ်ဖြင့် ရှုပ်ရှုပ်
ရှဲရှဲ ခုခံတိုက်ခိုက်ခဲ့ပါသည်။ ထို့ကြောင့် ရန်သူသည် ထိုနေ့
နံနက် ၅ နာရီခွဲအချိန်တွင် ကစဉ့်ကလျားဖြင့် ဆုတ်ခွာ
ထွက်ပြေးသွားကြလေတော့သည်။ ၎င်းတို့၏ အလောင်း
ရှစ်လောင်းနှင့် ကျည် ၈၀၀ တောင့်တို့ကိုပင် သယ်ယူ
မသွားနိုင်ခဲ့ကြတော့ပေ။ စင်စစ်အားဖြင့် ထိုတိုက်ပွဲသည်
ဟိုပန်ဒေသတစ်ခုလုံးအတွက် အဓိက အကျဆုံးသော
လမ်းကြောင်းထိန်း စခန်းတစ်ခုဖြစ်ပေရာ ထိုစခန်းကျ
သည်နှင့် တစ်ပြိုင်နက် အုပ်ချုပ်ထောက်ပံ့မှုနှင့် တပ်များ
သယ်ယူရွှေ့ပြောင်းမှုတွင် များစွာအခက်အခဲနှင့် ရင်ဆိုင်
ကြရမည် ဖြစ်ပေသည်။ ဗကပတို့သည် ဟိုပန်ဒေသတိုက်
ပွဲများကို တစ်ချိန်တည်းတစ်ပြိုင်တည်း ဆင်နွှဲခဲ့ရာတွင် ထို
ကူးတို့ဆိပ်စခန်းသည်လည်း ၎င်းတို့၏ပစ်မှတ်အဖြစ်





...မှတ်ခြင်းခံရသည့် စခန်းတို့အနက် တစ်ခုအပါအဝင်
...ခဲ့သည်။ သို့ရာတွင် ထိုအချက်ကို ရိပ်စားမိသော တပ်
...တ်သားတို့သည် အင်အားအလုံးအရင်းနှင့် ဝင်ရောက်
...ခိုက်လာသော ရန်သူတို့ကို ကျားကုတ်ကျားခဲ ခုခံ
...လှန်နိုင်ခဲ့ကြပေသည်။

ဗကပ တို့သည် ထိုစခန်းရှေ့တွင်သာ အရှုံးနှင့်
...ဆိုင်ရသည်မဟုတ်ဘဲ တိုက်ပွဲမှ ပြန်လည်ဆုတ်ခွာရာ
...တစ်လျှောက်တွင်လည်း တပ်မတော် ကင်းပုန်းတပ်
...များ၏ ချေမှုန်းမှုဒဏ်ကို ဆက်လက်ခံစားခဲ့ကြရ
...သည်။ ထိုနေ့တွင် ဟိုပန်မြို့ မြေကျေးရှင်းစခန်းမှ
...ပုန်းထုတ်ထားသော တပ်စိတ်နှစ်စိတ်သည် ကူးတို့
... စခန်းတွင် တိုက်ပွဲဖြစ်သံ ကြားလျှင်ကြားချင်း ရန်သူ
...ဆုတ်ခွာလာနိုင်သောလမ်းမှ ချုံခိုတိုက်ခိုက်နိုင်ရန် ပြင်ဆင်
...င့်ဆိုင်းခဲ့ကြသည်။ မျှော်လင့်ထားသည့်အတိုင်းပင်
...အင်အား ၇၀ ခန့်သည် ဒဏ်ရာရသူများကို သယ်
...ဆောင်၍ ကူးတို့ဆိပ်ဘက်မှ လမ်းမကြီးအတိုင်း ကစဉ့်
...လျား ဆုတ်ခွာလာသည်ကို တွေ့ရှိရလေသည်။ တပ်
...တော် ကင်းပုန်းတပ်စိတ်သည် ထိုရန်သူအဖွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



စနစ်တကျ ဖြတ်တောက်တိုက်ခိုက်ခဲ့ရာ ရန်သူမှာ မမျှော်လင့်ဘဲ ထပ်မံအတိုက်ခံလိုက်ရသည့်အတွက် သွေးမှူးသွေးတန်းဖြင့် ကစဉ့်ကလျား ထွက်ပြေး သွားခဲ့ကြရပြန်ပါသည်။ ယင်းတို့၏ အလောင်း ခုနစ်လောင်း၊ လက်နက်လေးလက်နှင့် ၄၀ မမ ဗုံးသီးများကိုလည်း ပြန်လှည့်မကြည့်နိုင်ခဲ့ကြပေ။ နောက်ရက်များတွင်လည်း ၎င်းတို့ဆုတ်ခွာရာ နေရာတစ်ဝိုက်သို့ ထပ်မံရှင်းလင်းရာ မြှုပ်နှံထားခဲ့သော ဗကပ အလောင်း ၁၁ လောင်းနှင့် လက်နက်နှစ်လက် အခြား ခဲယမ်းပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြန်ပါသည်။

အလားတူ ထိုနေ့ ညက ရွှေဝါစခန်းမှ တပ် ပြည်သူ့ရဲ ပူးပေါင်းတပ်စိတ် နှစ်စိတ်သည် ကင်းပုန်းဝပ် နေရာမှ ကူးတို့ဆိပ်တွင် တိုက်ပွဲဖြစ်သံကြားလျှင်ကြားချင်း လမ်းမှ ပိတ်ဆို့ဖြတ်တောက်တိုက်ခိုက်ရန် ချီတက်စဉ် ဗကပ အင်အား ၃၀ ခန့်နှင့် တွေ့ဆုံ တိုက်ပွဲဖြစ်ပွားခဲ့ပြန်ပါသည်။ ထိုတိုက်ပွဲတွင်လည်း ဗကပတို့သည် ၎င်းတို့၏ အလောင်းနှစ်လောင်းကို ထားရစ်ခဲ့ရပြန်ပါသည်။

ထို့ကြောင့် ထိုကူးတို့ဆိပ် တိုက်ပွဲဖြစ်စဉ် တစ်လုံးကို ခြုံငုံကြည့်မည်ဆိုပါက ဗကပတို့သည် ဆက်သွယ်





ခရီးလမ်းကြောင်း၏ အဓိကကျသော အပိုင်းအဆစ်တစ်ခုဖြစ်သည့် ကူးတို့ဆိပ်စခန်းကို သာလွန်အင်အားဖြင့် [illegible]နိုင်နိုင် စီးနင်းတိုက်ခိုက်ခဲ့သော်လည်း စခန်းကို မရရှိသည့်အပြင် ၎င်းတို့၏ အလောင်း ၂၈ လောင်းနှင့် လက်နက် ခြောက်လက်၊ ခဲယမ်းပစ္စည်းမျိုးစုံကို ထားရစ်ခဲ့ရကာ ကစဉ့်ကလျားနှင့် အရှုံးပေး ဆုတ်ခွာသွားသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ထိုတိုက်ပွဲတွင် မိမိဘက်မှ ပြည်သူ့ရဲတပ်ဖွဲ့ဝင် နှစ်ဦးသာ ဒဏ်ရာရရှိခဲ့ပြီး တပ်မတော်အတွက် သာမက ဟိုပန်မြို့ လူထု၏ ခရီးလမ်းကြောင်း ချောမွေ့မှုကိုပါ ကာကွယ်ပေးနိုင်ခဲ့ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် ယင်းတိုက်ပွဲသည် ရန်သူ၏ တိုက်စစ်ကို တုံ့ပြန်ခုခံ ချေဖျက်နိုင်ခြင်းဖြင့် ရန်သူကို အထိနာစေခဲ့သော တိုက်ပွဲတစ်ပွဲဟုသာ ပြောရမည် ဖြစ်ပေသည်။

ဗကပတို့သည် ဟိုပန်ဒေသကို အပြီးအပိုင် တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်ထားပြီးဖြစ်သည့်အလျောက် ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ ညနေ ၆ နာရီတွင် ခြူးရွှေစခန်းအနီး လွယ်လရွာသစ်တွင် အခြေပြုထားသော ရှေ့တန်း အမှတ်(၃) ကချင် သေနတ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှ တပ်စုတစ်စုအား အင်အား ၃၀၀ ကျော်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။ ထိုတပ်စုကလည်း ပြင်းထန်စွာ ပြန်လည်ခုခံခဲ့သော်လည်း မြေအနေအထားအရလည်းကောင်း၊ အင်အားချင်း ကွာခြားလွန်းလှ၍လည်းကောင်း ထိုရွာမှ အဖွဲ့ခွဲကာ ဆုတ်ခွာပေးခဲ့ ရပါသည်။ အလားတူ ခြူးရွှေစခန်းမှ ကာကင်းတပ်စိတ်ကိုလည်း အင်အား ၁၀၀ ကျော်ဖြင့် ဝိုင်းပတ်တိုက်ခိုက်ခဲ့ရာ ထိုတပ်စိတ်မှာလည်း ကောင်းကော်စခန်းသို့ ဆုတ်ခွာပေးခဲ့ရပါသည်။ ဗကပ တို့သည် အောက်တိုဘာလ ၃ ရက်နေ့ နံနက် ၆ နာရီ မိနစ် ၂၀ အချိန်တွင် တပ်မတော်မှ အင်အား ၂၀ ယောက် ဖြင့်သာ တပ်စွဲထားသော ''ခြူးရွှေစခန်း''အား လူ အင်အား ၂၀၀ ကျော်ဖြင့် လက်နက်ကြီးပစ်ကူများ အဆ မတန် အသုံးပြုကာ ဝိုင်းပတ် တိုက်ခိုက်ခဲ့ကြပါသည်။ တပ်မတော်မှ အပြင်းအထန် ပြန်လည်ခုခံခဲ့ကြသော်လည်း နောက်ဆုံးတွင် အဖွဲ့များခွဲကာ ဟိုပန်သို့ ဆုတ်ခွာပေး ခဲ့ကြရပါသည်။

ထို့အတူ ထိုနေ့နံနက် ၆ နာရီမှ စတင်ကာ တပ်နှင့်ပြည်သူ့ရဲ ပူပေါင်းအင်အား ၃၇ ယောက်သာရှိ





ာ ပန်ကောက်စခန်းကိုလည်း ဗကပတပ်ရင်း(၅၀၁)နှင့် ၁)တပ်ရင်းနှစ်ရင်း အင်အားဖြင့် လက်နက်ကြီးများ သုံးပြုကာ အပြင်းအထန် ဝိုင်းပတ်တိုက်ခိုက်ခဲ့ကြပြန်ပါ ည်။ တပ်မတော်သားတို့သည် ဗကပတို့နှင့် ထွေးလုံး တ်တိုက်ခိုက်ရသည်အထိ ကျားကုတ်ကျားခဲ ခုခံ ်ခိုက်ခဲ့သော်လည်း တပ်ခွဲမှူးအပါအဝင် အကျအဆုံး ခဲ့ရပြီးသည့်နောက် ထိုစခန်းကို လက်လွှတ်ပေးခဲ့ရ ည်။ အလားတူ ပန်ကောက်အောက်စခန်းကိုလည်း တ်လက်တိုက်ခိုက်ခဲ့ကြရာ အင်အား ၁၂ ယောက်သာ သာ ထိုစခန်းကိုလည်း ယာယီအားဖြင့် စွန့်ခွာပေးခဲ့ ရပါသည်။

လွယ်မလုံမန်း စခန်းတွင်မူ ခြူးရွှေစခန်းဘက်မှ က်ပွဲဖြစ်သံကြားရသည်နှင့် တစ်ပြိုင်နက် တပ်မတော် စိတ်တစ်စိတ်နှင့် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့မှ င်အား ၁၃ ယောက်တို့သည် တိုက်ပွဲဝင်နိုင်ရန် အသင့်ပြင် းခဲ့ကြသည်။ မျှော်လင့်ထားသည့်အတိုင်းပင် ဗကပ င်အား ၁၀၀ ခန့်သည် စခန်းသို့ ချဉ်းကပ်လာသဖြင့် င်ပစ်ခတ်ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ရန်သူသည်



www.burmeseclassic.com

www.burmeseclassic.com



စခန်းသိမ်းနိုင်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း မိမိတပ်မတော်သားများ၏ ရှပ်ရှပ်ချွံချွံ ခုခံမှုကို မကျော်လွှားနိုင်ခဲ့ပေ။ ထို့အပြင် တပ်စုတစ်စု စစ်ကူ ထပ်မံရောက်ရှိလာခဲ့ပြီး တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ ရန်သူသည် နှစ်ရက်တိုင်တိုင် အပြင်းအထန်တိုက်ခိုက်ခဲ့သော်လည်း နောက်ဆုံးတွင် ဖားကျွတ်စခန်းဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့ပါသည်။

ထိုအချိန်၌ပင် ဖာလင်စခန်းရှိ တပ်၊ ပြည်သူ့ရဲပူးပေါင်းအင်အား ၁၂ ယောက်သည်လည်း ပန်ကောက်စခန်းတွင် တိုက်ပွဲဖြစ်ပွားသည်နှင့် တိုက်ပွဲဝင်ရန် ပြင်ဆင်ထားခဲ့သော်ရာ ရန်သူမှ လူ လက်နက် အင်အား အဆမတန် အသုံးပြုတိုက်ခိုက်လာခဲ့ပါသည်။ တိုက်ပွဲချိန်ကြာလာရာ မိမိဘက်၌ ကျည်အားနည်းလာသဖြင့် စခန်းမှ ဆုတ်ခွာပေးလိုက်ရပါသည်။

ဗကပတို့သည် ခြူးရွှေ၊ ပန်ကောက်အပါအဝင် ဟိုပန်ဒေသကို သိမ်းပိုက်ရာတွင် စီမံချက်ရှိရှိဖြင့် တပ်မတော်စခန်းများအား အင်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြပါသည်။ တပ်မတော်အနေဖြင့်





ထိုသို့သော ဝင်ရောက်တိုက်ခိုက်လာသည့် ရန်သူများကို ရှပ်ရှပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆုတ်ခွာပေးခဲ့ကြရပါသည်။ သို့ရာတွင် တပ်မတော်သည် မိမိတို့ပိုင်နယ်မြေကို တစ်လက်မမျှ ...ီအပါ၊ မခံနိုင်သည့်အပြင် ထိုစခန်းများသည် ဟိုပန် ...အတွက် အဆုံးအဖြတ်ပေးနိုင်သည့် စခန်းများဖြစ်သည့် ...လျှောက် တန်ပြန် တိုက်စစ်ဆင်ခဲ့ခြင်းဖြင့် တပ်မတော် ...တွင် ထင်ရှားသော သမိုင်းဝင်တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ရပေတော့သည်။ ထိုတိုက်ပွဲများသည်ကား တပ်မတော်အတွက် အနိုင်မခံ အရှုံးမပေးလိုသည့် "အောင် ... ထက်သန်ခဲ့သည်နှင့်အမျှ တစ်ဖက်တွင် တပ်မတော် ...များကို ယာယီသိမ်းပိုက်နိုင်ရုံမျှဖြင့် သွေးနားထင် ...က်နေသည့် အမျိုးသားသစ္စာဖောက်တို့၏ ရိုင်းပျူမှုတို့ ...ပြိုင်သည့်ပွဲဟုပင် ဆိုရပေတော့မည်။

ထိုကဲ့သို့သော ပြည်ပသြဇာခံ အမျိုးသားသစ္စာဖောက်တို့အား နောင်ကြဉ်သွားအောင် ဆုံးမနိုင်ရန်အတွက် တပ်မတော်သည် တပ်များကို ပြန်လည်စုဖွဲ့ကာ စစ်မျက်နှာများ အသီးသီးဖွင့်လျက် ထန်ပြန်တိုက်စစ်ဆင်နွှဲခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤသို့ တပ်မတော်က တန်ပြန်ထိုးစစ် ဆင်နွှဲနိုင်ရန်အတွက် ဖွင့်လှစ်ခဲ့သော စစ်မျက်နှာများတွင် ခြူးရွှေစစ်မျက်နှာ၌ ရှေ့တန်းအမှတ်(၃) ခြေလျင်တပ်ရင်း၊ ရှေ့တန်းအမှတ်(၁၀၃) ခြေမြန်တပ်ရင်း၊ ရှေ့တန်း အမှတ်(၁၂) ခြေမြန်တပ်ရင်း၊ ရှေ့တန်းအမှတ်(၁၀၉) ခြေမြန်တပ်ရင်းများ ပါဝင်ခဲ့ပါသည်။ အလားတူ ရင်ကွဲတောင်တွင်လည်း စစ်မျက်နှာတစ်ခုဖွင့်၍ ရန်သူကို ထိုးစစ်ဆင်ခဲ့ရာ ယင်းစစ်မျက်နှာတွင် ရှေ့တန်းအမှတ်(၇) ခြေလျင်တပ်ရင်း၊ ရှေ့တန်းအမှတ်(၁၃) ခြေလျင်တပ်ရင်းတို့ဖြင့်လည်းကောင်း၊ ဖားကျွတ် စစ်မျက်နှာတွင် ရှေ့တန်းအမှတ်(၈၀) ခြေလျင်တပ်ရင်းနှင့် ရှေ့တန်းအမှတ်(၈၁) ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း၊ ဗင်းဟာင်၊ ဟိုစွမ် စစ်မျက်နှာတွင် ရှေ့တန်းအမှတ်(၁၀) ခြေလျင်တပ်ရင်း၊ ရှေ့တန်းအမှတ်(၁) ရှမ်းသေနတ်ကိုင်တပ်ရင်း၊ ရှေ့တန်းအမှတ်(၃၆) ခြေလျင်တပ်ရင်းတို့မှ စစ်ကြောင်း တပ်ခွဲများဖြင့်လည်းကောင်း ပြင်ဆင်စုဖွဲ့ခဲ့ပါသည်။ ထိုစစ်ဆင်ရေးကြီး တစ်ခုလုံးကို ကွပ်ကဲရန်အတွက် နယ်လှည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် အောက်တိုဘာလ ၅ ရက်နေ့တွင်လည်းကောင်း၊



...လှည့် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်သည် ...တ်တိုဘာလ ၃ ရက်နေ့တွင်လည်းကောင်း ကွမ်းလုံ ...ရောက်ရှိခဲ့ပါသည်။ ထိုမှတစ်ဆင့် နယ်လှည့်အမှတ် ... ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအဖွဲ့သည် အောက် ...ဘာလ ၅ ရက်နေ့တွင် ကွမ်းလုံမှ ဟိုပန်သို့ ပြောင်းရွှေ့ ... စစ်ဆင်ရေးများကို အနီးကပ်ကွပ်ကဲခဲ့သည်။

ရန်သူအနေဖြင့်လည်း တပ်မတော်မှ ပြန်လည် ...စ်ဆင်မည်ကို မျှော်လင့်ပြီးဖြစ်သည့်အတိုင်း လူ၊ ...န်နက်များ ဖြည့်တင်းခြင်း၊ ရှေ့ကာတပ်များ ထုတ်ခြင်း၊ ...တစ်ခုနှင့်တစ်ခု အပြန်အလှန် အကူအညီပေးနိုင်ရန် ...ခြင်း စသည်တို့ကို အလျင်စလို ဆောင်ရွက်ခဲ့ကြ ...သည်။

ထိုးစစ်ကို စတင်ဆင်နွှဲခဲ့ရာ ခြူးရွှေစစ်မျက်နှာတွင် ...တ်တိုဘာလ ၃ ရက်နေ့မှ ၂၇ ရက်နေ့အထိလည်း ...ကောင်း၊ ရင်ကွဲတောင်စစ်မျက်နှာတွင် အောက်တိုဘာလ ...ရက်နေ့မှ ၂၈ ရက်နေ့ထိ လည်းကောင်း၊ ဖားကျွတ်စစ် ...မျက်နှာတွင် အောက်တိုဘာလ ၈ ရက်နေ့မှ ၂၇ ရက်နေ့ ...အထိလည်းကောင်း၊ ဟိုစွမ်စစ်မျက်နှာတွင် အောက်တိုဘာ

www.burmeseclassic.com

www.burmeseclassic.com



လ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိလည်း ကောင်း ပြင်းထန်စွာ တိုက်ပွဲများ ဖြစ်ပွားခဲ့ကြပါသည်။ ရန်သူသည် ၎င်းတို့ရရှိထားသော နေရာများအား လက်မလွှတ်တမ်း ကုပ်တွယ်ထားနိုင်ရန်အတွက် ၎င်းတို့တွင်ရှိသော ၇၅ မမ၊ ၅၇ မမ၊ ၈၂ မမ၊ ၆၀ မမ၊ ပို့ဒ် ၅ များ လောင်ချာများဖြင့် ပြင်းထန်စွာခုခံကာကွယ်ပါသည်။ တပ်မတော်သည် မည်သို့ပင် ရန်သူ့ကျည်များ မိုးသီးမိုးပေါက်ပမာ ကျရောက်နေစေကာမူ ရဲဝံ့စွာဖြင့် ထိုရန်သူ့ကျည်များအကြားမှ တစ်လက်မချင်း ချဉ်းကပ်ကာ အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပါသည်။ ထို့အပြင် ခြေလျင်လက်နက်ကြီးများ အမြောက်ပစ်ကူများ၊ လေကြောင်းပစ်ကူများကို ဟန်ချက်ညီစွာ အသုံးပြုနိုင်ခဲ့ခြင်းကြောင့်လည်း ရန်သူတို့ ရေရှည်စစ်ပွဲဆင်နွှဲရန် သွေးလန့်ခဲ့ကြပေသည်။ အထူးသဖြင့် တပ်မတော်က စစ်မျက်နှာများဖွင့်လှစ်ကာ အစီအမံရှိရှိဖြင့် အကွက်ကျကျ ထိုးနှက်တိုက်ခိုက်ခဲ့မှုကြောင့် ဗကပများအဖို့ ချောင်ပိတ်အရိုက်ခံရသကဲ့သို့ အထိနာခဲ့ရသည့်အပြင် ချောက်ချားမှုများကြီးစွာခံစားခဲ့ကြရပေသည်။






www.burmeseclassic.com

www.burmeseclassic.com

ပန်တောက်စခန်း နှင့် ပန်ဖာတောင်





မြို့ရှေ့စခန်းအား အနောက်ဘက်မှမြင်တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com





ယာယီစွန့်ခွာပေးခဲ့သော စခန်းများအပေါ် တက် ဖြင့် သွေးနားထင်ရောက်ကာ အောက်ခြေလွတ် သော ဗကပများအဖို့ လက်တွေ့တင်မူ တပ်မတော်၏ ဆင်၊ စစ်ကစားမှုအောက်တွင် မလှုပ်နိုင် မရှားနိုင်ဖြင့် လိုက်အပြုံလိုက် လည်စင်းခံခဲ့ကြရသည့် အခြေအနေ ရောက်ရှိခဲ့ကြရပြီး နောက်ဆုံးတွင် စခန်းအသီးသီးမှ လွတ်ထွက်ပြေးကာ လက်မြှောက် အရှုံးပေးသွားရ ည့် အခြေအနေအထိ ဆိုက်ရောက်သွားခဲ့ရပေသည်။

ဗကပတို့အဖို့ တပ်မတော်၏ တိုက်စွမ်းရည်ကို တွေ့ဒူးတွေ့ ကြုံခဲ့ကြရပြီဖြစ်သည်။ အထူးသဖြင့် အနီး လုံးစွပ်ထိုးတိုက်ပွဲများနှင့် တပ်မတော်တိုက်လေယာဉ် အောက်တွင် သွေးလေချောက်ချားရသည်အထိ ကြရသည်။ ခြူးရွှေ၊ ပန်ကောက် စခန်းများအား တော်မှ ပြန်လည် သိမ်းပိုက်ရရှိခဲ့သည့်အပြင် ၎င်းတို့ ခွာရာ လမ်းကြောင်းတစ်လျှောက်နှင့် ဟိုစွမ် ဗင်းဟင် တိုးချဲ့တိုက်ပွဲဝင်ခဲ့သည့်အတွက်လည်း ဗကပတို့ အနာကြီးနာခဲ့ကြရပေသည်။

ထိုစစ်ဆင်ရေးကြီးမှာ အောက်တိုဘာလ ၃ ရက်



www.burmeseclassic.com

www.burmeseclassic.com



နေ့မှ ၂၇ ရက်နေ့အထိ ၂၄ ရက် ကြာမြင့်ခဲ့ပြီး ထိုကာ
အတွင်း လုံးစွပ်ထိုးတိုက်ပွဲ စုစုပေါင်း(၁၀)ကြိမ် အပါအဝင်
တိုက်ပွဲကြီး (၂၅)ကြိမ် ဆက်တိုက် အပြင်းအထန် ဖြစ်ပွား
ခဲ့ပေသည်။ ထိုတိုက်ပွဲတွင် ရန်သူ ၅၀၀ ကျော် သေဆုံး
အများအပြား ဒဏ်ရာရရှိကာ နယ်စပ်ဒေသသို့ ကစ
ကလျား ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြလေသည်။ ယင်းသို့
ရန်သူ့ဘက်မှ ၅၀၀ ကျော် သေဆုံးသည့်အနက် ၃၇
လောင်းကျန်ရှိခဲ့ပြီး မြေမြှုပ်ထားခဲ့သည့် အလောင်း ၄၂
လောင်းကို ဖော်ထုတ်ရရှိခဲ့သည်။ ထို့အပြင် ဗကပ တပ်
မှူးအဆင့်ရှိသူတစ်ဦးနှင့် တပ်သားတစ်ဦးတို့ လက်နက်
အညံ့ခံခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။ တပ်မတော်
ဘက်မှလည်း ပေးဆပ်ရသည့် အရင်းအနှီးကား မသေး
လှပေ။ တပ်မတော်မှ အရာရှိ ၁၃ ဦးနှင့် စစ်သည် ၁၁
ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရပြီး ၂၃၇ ဦး
ဒဏ်ရာရရှိခဲ့ပေသည်။ ထို့အပြင် တပ်မတော်(လေ)မှ
ဗင်ပိုင်ယာအမျိုးအစား လေယာဉ်တစ်စင်း ပျက်ကျဆုံးရှုံး
ခဲ့ရသည်။

တပ်မတော်အနေဖြင့် ဤမျှလောက် ဆုံးရှုံးခဲ့ရ





...သော်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူများ
...အတွက် အသက်ဆယ်ပြန် နှင်းဆက်ရသည့်တိုင် ပြည်ပ
...ခံ အမျိုးသားသစ္စာဖောက်များအား လုံးဝချုပ်ငြိမ်း
...သည်အထိ တိုက်ခိုက်ချေမှုန်းသွားမည်သာ ဖြစ်ပေသည်။
...သို့ ခံယူထားကြောင်းကိုလည်း တပ်မတော်သားတို့သည်
...တို့၏ "အသက်"ဟူသော အကြောင်းကြောင့် နောက်
...နွံဘဲ တိုက်ပွဲဝင် သက်သေပြခဲ့ပြီး ဖြစ်ပါသည်။ မိဘ
...ည်သူတို့ကလည်း ပြည်သူ့တပ်မတော်အပေါ် တစ်ခဲနက်
...ပေးထောက်ခံခဲ့ကြပါသည်။ လက်လုပ်လက်စားမှအစ
...ကျောင်းသား သူငယ်အဆုံး မိမိတို့၏ လုပ်အားခငွေ
...နှစ်တာ၊ မုန့်ဖိုး စသည်တို့မှ စုဆောင်း၍ ဂုဏ်ပြုလက်
...ဆောင်များ၊ စာသဝဏ်လွှာများပေးပို့ကာ အားပေးခဲ့ကြခြင်း
...ဖြင့် တပ်မတော်သားတို့အား ဂုဏ်ပြု ထောက်ခံခဲ့ကြပါ
...သည်။ တပ်မတော်သားများအတွက်ဆိုလျှင်ပင် မိမိခန္ဓာ
...ကိုယ်အတွင်းမှ သွေးကိုပင် ထုတ်၍ လှူသည်အထိ ဂုဏ်ပြု
...ခဲ့ကြပေသည်။ ထို့ကြောင့်လည်း တပ်မတော်ကဆင်နွှဲသော
တိုက်ပွဲတိုင်းသည် အောင်မြင်၍ မိဘပြည်သူတိုင်းသည်
လည်း အေးချမ်းသာယာခဲ့ကြသည်သာ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရောင်ပြန်ဟပ်ခဲ့သည်ဟု ဆိုရမည်ပင် ဖြစ်ပါသည်။

ဗကပများအဖို့မူကား ၎င်းတို့၏ မဟာဗျူဟာ လုပ်ငန်းကြီးကို ပုံပျက်ပန်းပျက် စွန့်လွှတ်လိုက်ရသည်နှင့် အမျှ နိုင်ငံရေးသိက္ခာအရသော် လည်းကောင်း၊ စစ်ရေး သိက္ခာအရသော်လည်းကောင်း လုံးဝကျဆုံးခဲ့ရသည့်အပြင် ဤတိုက်ပွဲကို ဖန်တီးခဲ့မှုကြောင့် နောင်တတရား ရရှိ သွားခဲ့ကြမည်မှာ အမှန်ပင် ဖြစ်ပါသည်။

မည်သို့ပင် ဆိုစေကာမူ ဤခြိုးရွှေ ပန်ကောက် တိုက်ပွဲကြီးသည်ကား တပ်မတော်၏အောင်ပွဲ ဖြစ်သကဲ့ သို့ ပြည်သူတစ်ရပ်လုံး၏ အောင်ပွဲလည်း ဖြစ်သည်ဆို ခြင်းကိုကား မည်သူမျှငြင်းဆိုကြမည် မဟုတ်ပေ။

■



## အခန်း ( ၃ )

## တိုက်ပွဲအသေးစိတ်ဖော်ပြချက်များ

**ရန်သူမှစတင်တိုက်ခိုက်ခြင်း**

ဟိုပန်ဒေသသို့ ဝင်ရောက်လာခဲ့သော ဗကပများ [...]နေဖြင့် ၎င်းတို့၏တပ်များကို အသီးသီးဖြန့်ခွဲကာ စစ် [...]ကြောင်းများဖြင့် ဟိုပန်၊ ပန်လုံ ဆက်သွယ်ရေးလမ်းကြောင်း [...]လျှောက်ပေါ်ရှိ တပ်များကို တစ်ချိန်တည်း တစ်ပြိုင် [...]ည်း စတင်တိုက်ခိုက်ပါတော့သည်။ ဗိုလ်မှူးချုပ်ဟောင်း [...]ချော်ဇောနှင့် ၎င်း၏သားသမီးများ တိုက်ခိုက်ရေးစစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများသို့ လိုက်ပါခဲ့ကြသဖြင့် စစ်ကြောင်းများအား ကျော်ဇော (၁)၊ ကျော်ဇော (၂)၊ ကျော်ဇော (၃) ဟု အမည်ပေးခဲ့ကြသည်ဟု ဆိုပါသည်။ လှကျော်ဇောမှာ ဆရာဝန်တစ်ယောက်ဖြစ်သဖြင့် ကောင်းကော်အနီးရှိ ဗကပ ယာယီဆေးရုံကို တာဝန်ယူခဲ့သည်ဟု ဆိုပါသည်။

ဗကပများသည် မိမိတပ်စိတ်တပ်စုစခန်းများအား ၁၀ ဆမကသော သာလွန်အင်အားများဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်းတိုက်ခိုက်ခဲ့ရာ စခန်းရှိ စစ်သည်များအားလုံး ရှုပ်ရှုပ်ချုံချုံ ကျည်ကုန် လူကုန်အထိ တိုက်ခိုက်ပြီးနောက် ယာယီခွာစစ်ဆင်ခဲ့ရပါသည်။ ရန်သူတို့၏ စခန်းတစ်ခုချင်း အလိုက် တိုက်ခိုက်မှုများအား အောက်ပါအတိုင်း ဖော် ပြအပ်ပါသည်။

## (၁) ဟိုပန်ကူးတို့ဆိပ်တိုက်ပွဲ

၁၉၇၇ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့ ၀၄း၀၀ ချိန်ခန့်တွင် ဗကပအင်အား ၁၅၀ သည် နမ့်တစ်ဖက်မှ တစ်ဆင့် ညောင်ပင်ကုန်းနှင့် ကူးတို့ဆိပ်စခန်းကြား လျှို အတွင်းမှဝင်လာလျက် အင်အား ၇၀ ခန့်သည် တပ်





တ်စစ်ကူစစ်ကြောင်းများကို ပိတ်ဆို့ရန် ကားလမ်း လျှောက် နေရာယူထားပြီး ကျန်အင်အားစုများက တော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင် ပူးပေါင်းတပ်စိတ် ၁ ရှိသော ကူးတို့ဆိပ်ကမ်းကို ဝင်ရောက်တိုက်ခိုက် ကြသည်။ စခန်းကို အတိုက်ခံရလျှင် ခံရချင်း စခန်း င်ဘက်၌ ကာကင်းထုတ်ထားသော တပ်ဖွဲ့များက နောက်ကျောမှ ဝိုင်းပတ်၍လည်းကောင်း၊ ကူးတို့ဆိပ် တ်ဘက်စခန်းရှိ တပ်စိတ်က ပစ်ကူပေး၍ တိုက်ပွဲ ပြီး စခန်းအတွင်းရှိ တပ်စိတ်ကလည်း ပြင်းပြင်း န်ခုခံခဲ့၍ ဗကပတို့သည် ထိုနေ့ ၀၅း၃၀ အချိန်တွင် လောင်း ၈ လောင်း၊ ကျည်ဆန် ၈၀၀ တို့ကို ချန်ရစ်ကာ ခွာသွားကြသည်။

## တိုပန်စခန်းမှ ချုံခိုတိုက်ပွဲ

ထိုနေ့တွင် ဟိုပန်မြို့မြေကျေးရှင်းစခန်းမှ ကင်းပုန်း ထားသော တပ်စိတ် ၂ စိတ်သည် ကူးတို့ဆိပ်စခန်း တိုက်ပွဲဖြစ်ပွားသံ ကြားလျှင်ကြားခြင်း ရန်သူဆုတ်ခွာ နိုင်သောလမ်းမှ စောင့်ဆိုင်း၍ ချုံခိုတိုက်ခိုက်ခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့အလောင်း ၇ လောင်း၊ လက်နက်မျိုးစုံ ၄ လက်နှင့် ၄၀ မမ ပုံးသီးများကို ရရှိခဲ့ပြီး ရန်သူဆုတ်ခွာ လမ်းကြောင်းကို ထပ်မံရှင်းလင်းရာ ဗကပအလောင်း ၁၁ လောင်းနှင့် လက်နက် ၂ လက်၊ ခဲယမ်းပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

## (၃) လွယ်လရွာသစ်တိုက်ပွဲ

ဗကပတို့သည် ဟိုပန်ဒေသကို အပြီးအပိုင်တိုက်ခိုက်ရန် ရည်ရွယ်ထားသည့်အလျောက် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့ ညနေ ၆ နာရီတွင် ခြူးရှေ့စခန်းအနီး လွယ်လရွာသစ်တွင် ရှေ့တန်းအမှတ် (၃) ကချင်သေနတ်ကိုင်တပ်ရင်းမှ တပ်စုတစ်စုအားအင်အား ၃၀၀ ကျော်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ စခန်းအတွင်းမှ ပြင်းထန်စွာ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သော်လည်း အင်အားချင်း ကွာခြားလွန်းခြင်း၊ မြေအနေအထား မ... ခြင်းတို့ကြောင့် အဖွဲ့ခွဲကာဆုတ်ခွာပေးခဲ့ရပါသည်။ အလား တူ ခြူးရှေ့စခန်းမှ ကာကင်းထုတ်ထားသော တပ်စိတ် ၁ စိတ်ကိုလည်း အင်အား ၁၀၀ ကျော်ဖြင့် ဝိုင်းပတ်တိုက်ခိုက်ရာ ထိုတပ်စိတ်မှာလည်း ကောင်းကော်စခန်းသို့ ဆုတ်ခွာပေးခဲ့ရသည်။





## (၄) ခြူးရှေ့စခန်းတိုက်ပွဲ

ဗကပတို့သည် ခြူးရှေ့စခန်း ကာကင်းတပ်စိတ်အား အင်အား ၁၀၀ ကျော်ဖြင့် တိုက်ခိုက်မှုကြောင့် ကောင်းကော်စခန်းသို့ ကာကင်းတပ်စိတ် ဆုတ်ခွာပေးရပြီးနောက် အောက်တိုဘာလ ၃ ရက်နေ့ နံနက် ၆ နာရီ ၂၀ မိနစ် အချိန်တွင် ခြူးရှေ့စခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဗိမ်တပ်မှ အင်အား ၂၀ ယောက် ဖြင့် တပ်စွဲထားသော ခြူးရှေ့စခန်းအား ဗကပအင်အား ၂၀၀ ကျော်ဖြင့် လက်နက်ကြီးပစ်ကူများ အဆမတန် အသုံးပြုကာ ဝိုင်းပတ်တိုက်ခိုက်ခဲ့ပါသည်။ တပ်စခန်းမှ အပြင်းအထန် ပြန်လည်ခုခံသော်လည်း နောက်ဆုံးတွင် အဖွဲ့များခွဲကာ ဟိုပန်စခန်းသို့ ဆုတ်ခွာပေးခဲ့ရပါသည်။

## (၅) ပန်ကောက်စခန်းတိုက်ပွဲ

အောက်တိုဘာ ၃ ရက်နေ့ နံနက် ဝ၆း၀၀ နာရီ



www.burmeseclassic.com

www.burmeseclassic.com



တွင် တပ်နှင့်ပြည်သူ့ရဲများ ပူးပေါင်းအင်အား ၃၇ ဦးသာရှိသည့် ပန်ကောက်စခန်းသို့ ဗကပတပ်ရင်း (၅၀၁) နှင့် (၀၁၈) တပ်ရင်း ၂ ရင်း အင်အားဖြင့် လက်နက်ကြီးများအသုံးပြုကာ အပြင်းအထန် ဝိုင်းပတ်တိုက်ခိုက်ခဲ့ကြသည်။ မိမိတပ်မှ အပြင်းအထန် ခုခံတိုက်ခိုက်သော်လည်း တပ်ခွဲမှူးအပါအဝင် အကျအဆုံးများသဖြင့် စခန်းကို လက်လွှတ်ပေးခဲ့ရသည်။ အလားတူ ပန်ကောက် အောက်စခန်းကိုလည်း ဆက်လက်တိုက်ခိုက်ခံရသဖြင့် အင်အား ၁၂ ယောက်သာရှိသည့် ပန်ကောက်အောက် စခန်းကိုလည်း စွန့်ခွာပေးခဲ့ရသည်။

**(၆) လွယ်မလုံမန်းစခန်းတိုက်ပွဲ**

ခြူးရွှေစခန်း၏အနောက်ဘက်ရှိ မိမိတပ်နှင့် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့အင်အား ၁၃ ယောက်ရှိသော လွယ်မလုံမန်းစခန်းအား ဗကပအင်အား ၁၀၀ ခန့်ဖြင့် အောက်တိုဘာလ ၃ ရက်နေ့တွင် အပြင်းအထန် တိုက်ခိုက်ခဲ့ရာ တပ်စခန်းမှာ ၂ ရက်တိတိ ကြံ့ကြံ့ခံ၍ ခုခံခဲ့သော်လည်း အင်အားချင်းမမျှတမှုကြောင့် ဖားကျွတ်





စခန်းသို့ ပြန်လည်ဆုတ်ခွာပေးခဲ့ရသည်။

**(၇) ဖာလင်စခန်းတိုက်ပွဲ**

တပ်နှင့်ပြည်သူ့ရဲစုစုပေါင်းအင်အား ၁၂ ယောက်သာရှိသည့် ဖာလင်စခန်းသည် အောက်တိုဘာ ၃ ရက်နေ့ ပန်ကောက်စခန်းတိုက်ပွဲ စသည်နှင့် တိုက်ပွဲဝင်နိုင်ရန် အသင့်ပြင်ဆင်ထားသော်လည်း ရန်သူ ဗကပတို့မှ သာလွန်အင်အားသုံးပြီး လက်နက်ကြီးများ အသုံးပြုတိုက်ခိုက်ခဲ့သဖြင့် ထိုနေ့မှာပင် စခန်းအား စွန့်လွှတ်၍ ဆုတ်ခွာပေးခဲ့ရသည်။

ဤသို့ဖြင့် ၁၉၇၇ ခုနှစ် အောက်တိုဘာ ၃ ရက်နေ့မှာပင် မိမိ ဟိုပန်အရှေ့ခြမ်းဒေသ တပ်စခန်းများ ဗကပများလက်သို့ ယာယီကျရောက်သွားလေတော့သည်။

**မိမိတပ်မတော်၏တန်ပြန်ထိုးစစ်များ**

ဟိုပန်ဒေသတပ်စခန်းများ ကျဆုံးသွား၍ မိမိတပ်များ ဟိုပန်သို့ အသီးသီးပြန်လည်ဆုတ်ခွာခဲ့ရသည်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် တန်ပြန်ထိုးစစ်ဆင်ရန်



www.burmeseclassic.com

www.burmeseclassic.com



တပ်များကို ပြန်လည်စုဖွဲ့၍ အောက်ပါအတိုင်း စစ်မျက်နှာများ ဖွင့်လှစ်ခဲ့ပါသည်။

(က) ခြူးရွှေစစ်မျက်နှာတွင်

အမှတ် (၃) ခြေလျင်တပ်ရင်း

အမှတ် (၁၀၃) ခြေမြန်တပ်ရင်း

အမှတ် (၁၂) ခြေလျင်တပ်ရင်း

အမှတ် (၁၀၇) ခြေမြန်တပ်ရင်း

(ခ) ရင်ကွဲတောင်စစ်မျက်နှာတွင်

အမှတ် (၇) ခြေလျင်တပ်ရင်း

အမှတ် (၁၃) ခြေလျင်တပ်ရင်း

(ဂ) ဖားကျွတ်စစ်မျက်နှာတွင်

အမှတ် (၈၀) ခြေလျင်တပ်ရင်း

အမှတ် (၈၁) ခြေလျင်တပ်ရင်း

(ဃ) ဗင်းဟင်ဟိုစွမ်စစ်မျက်နှာတွင်

အမှတ် (၁၀) ခြေလျင်တပ်ရင်း

အမှတ် (၃၆) ခြေလျင်တပ်ရင်း

အမှတ် (၁) ရှမ်းသေနတ်ကိုင်တပ်ရင်း

တပ်များကို ကွပ်ကဲရန်အတွက် နယ်လှည့်အရှေ့





မြောက်တိုင်းစစ်ဌာနချုပ်သည် အောက်တိုဘာလ ၅ ရက်နေ့တွင် ကွမ်းလုံသို့ ရောက်ရှိခဲ့သည်။ အောက်တိုဘာ ၃ ရက်နေ့ ကွမ်းလုံသို့ရောက်ရှိနေသည့် နယ်လှည့် အမှတ် (၁၉) ခြေမြန်တပ်မဌာနချုပ်သည် အောက်တိုဘာ ၅ ရက်နေ့တွင် ကွမ်းလုံမှ ဟိုပန်သို့ ပြောင်းရွှေ့၍ စစ်ဆင်ရေးကို အနီးကပ်ကွပ်ကဲခဲ့သည်။

ထိုးစစ်ကို စတင်ဆင်နွှဲရာ ခြူးရွှေစစ်မျက်နှာတွင် အောက်တိုဘာ ၃ ရက်နေ့မှ ၂၇ ရက်နေ့ထိ ရင်ကွဲတောင်စစ်မျက်နှာတွင် အောက်တိုဘာ ၈ ရက်နေ့မှ ၂၈ ရက်နေ့ထိ ဖားကျွတ်စစ်မျက်နှာတွင် အောက်တိုဘာ ၈ ရက်မှ ၂၇ ရက်နေ့အထိ၊ ဗင်းဟင်ဟိုစွမ် စစ်မျက်နှာတွင် အောက်တိုဘာ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။

ဗကပများသည် ၇၅ မီလီမီတာနှင့် ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်များ၊ ၈၂ မီလီမီတာနှင့် ၆ မီလီမီတာ စိန်ပြောင်းများ၊ ပွိုင့်ဖိုက်စက်သေနတ်ကြီးများ၊ ငှက်ပျောဖူး လောင်ချာများဖြင့် အပြင်းအထန် ခုခံခဲ့သော်လည်း တပ်မတော်မှ အပြင်းအထန် ထိုးစစ်ဆင်ခြင်း၊ ခြေလျင်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကြီးနှင့် အမြောက်ပစ်ကူများ၊ လေကြောင်းပစ်ကူများကို ဟန်ချက်ညီစွာ အသုံးပြုခြင်းကြောင့် မိမိတို့တပ်မတော်မှ ခြူးရွှေပန်ကောက်စခန်းများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့်အပြင် ဗကပတို့ဆုတ်ခွာရာ လမ်းတစ်လျှောက် ထက်ကြပ် လိုက်လံတိုက်ခိုက်ခဲ့ပါသည်။ ဗင်းဟောင်ဟိုစွမ်အထိ လိုက်လံတိုက်ခိုက်ခဲ့၍ ဗကပတို့အထိနာလှပေသည်။

ဤတိုက်ပွဲစဉ်ကြီးများ၌ အဓိကကျသော ခြူးရွှေပန်ကောက်စခန်းများကို အမှတ် (၁၀၉) ခြေမြန်တပ်ရင်းမှ တက်ရောက်တိုက်ခိုက်ခဲ့ပါသည်။ အဓိကတိုက်စစ်ကို တာဝန်ယူခဲ့သည့် အမှတ် (၁၀၉) ခြေမြန်တပ်ရင်း၏ ခြူးရွှေစခန်းသိမ်းတိုက်ပွဲကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်ခင်ဗျား။





## အမှတ် (၁၀၉) ခြေမြန်တပ်ရင်း၏ ခြူးရွှေစခန်းသိမ်းတိုက်ပွဲကြီး

မိမိ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နှင့် တပ်မ (၉၉) ကွပ်ကဲမှုအောက်မှတပ်များသည် ကျသွားသောစခန်းများ ပြန်လည်ရရှိရေးအတွက် စစ်မျက်နှာအသီးသီးဖွင့်ကာ ပြန်လည်တိုက်စစ်ဆင်ခဲ့လေသည်။

ခြူးရွှေစစ်မျက်နှာတွင် တပ်ရင်း လေးရင်းအင်အားဖြင့် ရန်သူကို ထိန်းချုပ်တိုက်ခိုက်ခဲ့၏။ သို့ရာတွင် အဓိကကျသော ခြူးရွှေစခန်းကြီးအား ရမှသာလျှင် ရည်မှန်းချက် အောင်မြင်မည်ဖြစ်သည်။ ရန်သူကလည်း ဒါကိုသိပါသည်။ ထို့ကြောင့် ခြူးရွှေစခန်းကို အခိုင်အမာချုံကာကွယ်ထားသည်။ လူအင်အား ဖြည့်တင်းထားသည်။ ရန်သူကို ရင်ဆိုင်ထားသော တပ်များမှ သွေးတိုးစမ်းတိုက်ခိုက်ခဲ့သော်လည်း ရန်သူ၏လက်နက်ကြီးပစ်ခတ်မှု၊ ဆောင်ချာပစ်ခတ်မှုများကြောင့် ထိခိုက်ဒဏ်ရာရမှုများ များပြားပြီး တစ်ပတ်ကျော်ကြာသည်အထိ စခန်းကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်နိုင်ခြင်း မရှိခဲ့ပါ။ မိမိစစ်ကြောင်းများတွင်လည်း ထိခိုက်ဒဏ်ရာရသူများနှင့် အုပ်ချုပ်မှုပြဿနာများ ရှိနေခဲ့ပါသည်။ ထို့ကြောင့် ရန်သူကို ဆိုင်ထားသည့်အခြေအနေမှာပင် ရှိခဲ့ပါသည်။

ထိုကာလများ၌ တပ်မတော်(လေ)မှ ဗုံးကြဲချခြင်း၊ စက်သေနတ်များ၊ ရော့ကက်များဖြင့် ပစ်ခြင်းများကို ပြုလုပ်လျက်ရှိပါသည်။ ဗကပများကား ကျင်းအတူးကောင်းကြသဖြင့် တပ်မတော်(လေ)၏ တိုက်ခိုက်မှုကို အတော်အတန် ခံနိုင်ကြပါသည်။

''ဒီစခန်းကြီး ပြန်ရအောင် **Fresh** ဖြစ်တဲ့တပ်ကို သုံးမှ ကောင်းမယ်။ နားနေတဲ့တပ်တစ်တပ်ကို အမြန်လှမ်းခေါ်ပါ''


ဤသို့ဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း တပ်ကုန်းမြို့တွင် တာဝန်ပြီးဆုံး၍ အနားယူပြန်လည်ဖွဲ့စည်းနေသော ခမရ (၁၀၉) ခေါ် အမှတ် (၁၀၉) ခြေမြန်တပ်ရင်းအား ရှေ့တန်းတပ်မဌာနချုပ်မှ တိုက်ပွဲဒေသသို့ ခေါ်ယူခဲ့လေသည်။






www.burmeseclassic.com

www.burmeseclassic.com




တပ်ကုန်း-မန္တလေး လမ်းကြောင်းပြမြေပုံ




မြူးရှေ့ပန်ကောက်စခန်းများ တည်နေရာပြမြေပုံကြမ်း
(၁၉၇၇-ခုနစ်)

www.burmeseclassic.com

www.burmeseclassic.com




မြို့ရှေ့စခန်းအား ပုံပါအတိုင်း စမရ (၁၀၉) မှတိုက်ခိုက်ခဲ့သည်
(၁၉၇၇-ခုနှစ်)



## ရန်သူနှင့်ထိတွေ့ရန်ချီတက်ခြင်း

အမှတ် (၁၀၉) ခြေမြန်တပ်ရင်း၊ တပ်ရင်းမှူး၊ ဒုတိယဗိုလ်မှူးကြီး မျိုးဆွေ ဦးစီးသော စစ်ကြောင်းဌာနချုပ် ၂ ခုနှင့် တပ်ခွဲ ၅ ခွဲသည် ရှေ့တန်းစစ်ဆင်ရေးတာဝန် ထမ်းဆောင်ရန် တပ်မ၏ညွှန်ကြားချက် ရရှိသဖြင့် တပ်ရင်း ဌာနချုပ်တပ်ကုန်းမြို့မှ မော်တော်ယာဉ်များဖြင့် အောက်တိုဘာလ ၁၆ ရက်နေ့ ၁၃း၀၀ နာရီတွင် ထွက်ခွာလာခဲ့ရာ မန္တလေးမြို့သို့ ၁၈း၀၀ နာရီတွင် ရောက်ရှိခဲ့ပါသည်။ လားရှိုးမြို့သို့ မန္တလေးမှ အောက်တိုဘာလ ၁၇၀၅၀၀ ချိန် ဆက်လက်ထွက်ခွာလာရာ ၁၆း၃၀ ချိန်တွင် ရောက်ရှိခဲ့ပါသည်။ လားရှိုးမှ ၁၈၀၆၃၀ ချိန် ဆက်လက်ထွက်ခွာလာရာ ကွမ်းလုံမှတစ်ဆင့် ဟိုပန်သို့ ၁၉၀၄၃၀ ချိန်တွင် ရောက်ရှိခဲ့ပါသည်။ တပ်ရင်းမှူးသည် ကွမ်းလုံရှိ ရှေ့တန်းတပ်မဌာနချုပ်တွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတို့ထံမှ စစ်ဆင်ရေးညွှန်ကြားချက်ကို ရယူပြီး နောက် တပ်ရင်းမှူးကိုယ်တိုင် ကျောက်တောင်ကုန်း ခန့်မှန်း (မီ-၈၀၀၂၀၀) တစ်ပိုက်မှနေ၍ ရန်သူ ခြေကုပ်ယူထား



www.burmeseclassic.com

www.burmeseclassic.com



သော ခြူးရွှေစခန်းအား ထောက်လှမ်းခြင်း၊ အကြမ်းဖျင်း စီမံချက်များ ရေးဆွဲခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ၁၅း၀၀ နာရီတွင် စစ်ကြောင်းအမိန့်ပေးအဖွဲ့ကို ခေါ်ကာ စခန်းအခြေအနေနှင့် စစ်ဆင်ရေးစီမံချက်ကို သေချာစွာ ရှင်းလင်းပြောကြားပြီး လိုအပ်သည့် ပြင်ဆင်မှုများကို စတင်ပြုလုပ်ခဲ့ပါသည်။

**စုဖွဲ့ပြင်ဆင်ခြင်း**

တပ်ရင်းမှူးသည် အထူးချေမှုန်းရေးတပ်ဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းရာတွင် တပ်ခွဲတစ်ခွဲလျှင် ၄၀ ဦးစီ ရွေးချယ်၍ တပ်ခွဲမှူးများကိုယ်တိုင် ခေါင်းဆောင်စေခဲ့ပါသည်။ ကျန် အင်အားစုများကို အရန်အင်အားစုအဖြစ် စစ်ကြောင်း ဌာနချုပ်နှင့်အတူ လိုက်ပါစေပြီး စုရပ်ဖြစ်သော ဟိုပန် ဘုန်းကြီးကျောင်းမှ ၁၉၂၃၃၀ ချိန် စတင်ချီတက်ခဲ့ပါသည်။ ခြူးရွှေစခန်းတောင်ကုန်း အရှေ့မြောက်ဘက်သို့ ၂၀၀၂၀၀ ချိန် ရောက်ရှိပြီး ၎င်းတွင် ခြေကုပ်ယူထားသော အမှတ် (၁၀၃) ခြေမြန်တပ်ရင်းစစ်ကြောင်း (၂) နှင့် တွေ့ဆုံညှိနှိုင်းမှု ရယူပြီး ရန်သူ့စခန်းသို့ တိတ်တဆိတ် ချဉ်းကပ်ခဲ့ပါသည်။





ခြူးရွှေစခန်းတွင် ရန်သူသည် ၂၀၀၄၀၀ ချိန်မှစ၍ ၎င်း စခန်း၏ မြောက်ဘက် တောင်ကြောတစ်ပိုက်ရှိ ရှေ့တန်း အမှတ် (၁၂) ခြေလျင်တပ်ရင်း စစ်ကြောင်း ရှိရာနှင့် အနောက်တောင်ဘက်ရှိ အမှတ် (၁၀၇) ခြေမြန်တပ်ရင်း စစ်ကြောင်းရှိရာသို့ လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိရာ ၀၄၃၀ နာရီအထိ ရပ်ဆိုင်းခြင်း မရှိ သေးကြောင်း တွေ့ရပါသည်။

**ထိုးစစ်စတင်ခြင်း**

အမှတ် (၁၀၉) ခြေမြန်တပ်ရင်း၏ ရှေ့ပြေး တပ်ခွဲဖြစ်သော ဗိုလ်ကြီးဖုန်းစိန် ဦးစီးသည့် တပ်ခွဲ (၃) သည် ၂၀၀၃၀၀ ချိန်မှစ၍ ရန်သူ့စခန်း အရှေ့မြောက်ဘက် မျက်နှာစာမှ ချဉ်းကပ်ခဲ့ပြီး ၀၄၁၀ နာရီတွင် ခြံစည်းရိုး များ ဖောက်ထွင်းဝင်ရောက်ရန် စတင်တိုက်ခိုက်ချေမှုန်းခဲ့ ပါသည်။ ပထမ ဆက်သွယ်ရေးမြောင်းနှင့် ကတုတ်ကျင်း များ ရှင်းလင်းနေစဉ် ရင်ကွဲတောင်စခန်းဘက်မှ ရန်သူ၏ [illegible] မီလီမီတာနှင့် ပွိုင့် ၅ စက်သေနတ်ကြီးများဖြင့် ပစ်ခတ်မှုခံရပါသည်။ စခန်းအလယ်ပိုင်းနှင့် နောက်ပိုင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



ကတုတ်ကျင်းများမှ စက်လတ်၊ လက်နက်ငယ်မျိုးစုံ၊ လက်ပစ်ဗုံးများသုံးစွဲပြီး ပြင်းထန်စွာ ခုခံပစ်ခတ်လျက် ရှိသည့်ကြားမှ အမှတ် (၃) တပ်ခွဲမှူး ဗိုလ်ကြီး ဖုန်းစိန် အပါအဝင် စစ်သည်များသည် ပြင်းထန်စွာ ချေမှုန်းခဲ့ သော်လည်း အများအပြား ဒဏ်ရာရရှိသဖြင့် ဝ၄၃ဝ နာရီ တွင် ချေမှုန်းရေး ခေတ္တရပ်ဆိုင်းသွားခဲ့ပါသည်။

အမှတ် (၃) တပ်ခွဲမှ ပစ်ခတ်မှုရပ်၍ ခြေကုပ်ယူ သည်နှင့်တစ်ပြိုင်နက် တပ်ခွဲမှူးဗိုလ်ကြီးစိုးလှ ဦးစီးသည့် အမှတ် (၂) တပ်ခွဲသည် ဒီရေလှိုင်းသဏ္ဍာန် ရင်ဘောင် တန်းဖြန့်၍ စခန်းအတွင်းသို့ ဝင်ရောက်ချေမှုန်းခဲ့ပါသည်။ ဆက်သွယ်ရေးမြောင်းထိပ်သို့ မရောက်မီတွင် ရန်သူ၏ လက်နက်ကြီး၊ လက်နက်ငယ်မျိုးစုံဖြင့် ပြင်းထန်စွာ ပစ်ခတ်ခြင်းခံရပါသည်။ စခန်းအလယ်ရှိ ဆက်သွယ်ရေး မြောင်းတွင် နေရာယူထားသော ရန်သူမှ လက်ပစ်ဗုံးများ သုံးစွဲခုခံသည့်အတွက် တပ်ခွဲမှူး ဗိုလ်ကြီးစိုးလှ အပါအဝင် စစ်သည်များ ဒဏ်ရာရပြီး ဝ၅ဝဝ နာရီတွင် ချေမှုန်းရေး ရပ်တန့်ခဲ့ပါသည်။

အမှတ် (၁) တပ်ခွဲမှူး ဗိုလ်ကြီးသူရစစ်မောင်





ဦးစီးသော တပ်ခွဲ(၁) တစ်ခွဲလုံးသည် အမှတ် (၂) တပ်ခွဲ ချေမှုန်းရေး ရပ်တန့်ချိန်၌ စခန်းအတွင်းသို့ လှိုင်းလုံး သဏ္ဍာန် တပ်ဖြန့်ဝင်ရောက်၍ ဆက်လက်ချေမှုန်းခဲ့ပါ သည်။ ရန်သူမှ ပို့င့် ၅ စက်သေနတ်ကြီး၊ ၇၅ မီလီမီတာ နောက်ပွင့်နှင့် ၈၂ မီလီမီတာ စိန်ပြောင်းများဖြင့် ပစ်ခတ်မှု ပြုလုပ်ခဲ့သဖြင့် စစ်သည်များ ထိခိုက်ကျဆုံးမှုများခဲ့သည်။ ဗိုလ်ကြီးသူရစစ်မောင်မှ အမှတ် (၁) တပ်ခွဲ၊ အမှတ် (၂) တပ်ခွဲ၊ အမှတ် (၃) တပ်ခွဲတို့မှ ဒဏ်ရာမရသော စစ်သည် များကို ရန်သူ၏ ဆက်သွယ်ရေးမြောင်းနှင့် ပစ်ကတုတ် များ ဘန်ကာအခြေများတွင် ခြေကုပ်ယူစေပြီး လက်ပစ်ဗုံး များဖြင့် ကတုတ်ကျင်းများအတွင်းသို့ ပစ်သွင်းခြင်း ၄ဝ မမ ဗုံးသီးများနှင့် စခန်းအလယ်သို့ စုပစ်ခြင်းများ ပြုလုပ် ရာ စခန်းအလယ်ရှိ ရန်သူ့ပစ်အားများ ရပ်တန့်သွားခဲ့ ပါသည်။ ဆက်လက်၍ ဗိုလ်ကြီးသူရစစ်မောင်မှ ဒဏ်ရာ ရသူများအား တတ်နိုင်သမျှ စခန်းအပြင်သို့ ဆွဲထုတ်စေပြီး ကျန်အင်အားစုများဖြင့် စခန်းအတွင်း ဆက်လက်ခြေကုပ် ယူ၍ ရန်သူ့အခြေအနေကို ထောက်လှမ်းခဲ့ပါသည်။

ဗိုလ်ကြီး အောင်သန်းမြင့် ဦးစီးသော တပ်ခွဲ (၄)



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွဲလုံးသည် ၂၀ ဝ၅၃၀ ချိန်တွင် ရန်သူစခန်းအတွင်း သို့ ချဉ်းကပ်ဝင်ရောက်ပြီး ရင်ဘောင်တန်း ဖြန့်ခွဲချိတက် တိုက်ခိုက်ခဲ့ပါသည်။ ဗိုလ်ကြီးသူရစစ်မောင် ဦးစီးအဖွဲ့ များနှင့် စုပေါင်းပြီး ဆက်လက်တိုက်ပွဲဝင်ခဲ့ပါသည်။ ရန်သူ ၏လက်နက်ကြီး၊ စက်သေနတ်၊ လောင်ချာများနှင့် လက် ပစ်ဗုံးများဖြင့် အဆက်မပြတ် ပစ်ခတ်မှုများကြောင့် ဗိုလ်ကြီး အောင်သန်းမြင့် အပါအဝင် စစ်သည်များ ထပ်မံဒဏ်ရာ ရရှိသဖြင့် ဒဏ်ရာရလူနာများနှင့် ကျဆုံးစစ်သည်များကို တစ်နိုင်ဆွဲယူပြီး စခန်းအပြင်သို့ ဆွဲထုတ်ခဲ့ပါသည်။ ဗိုလ်ကြီး သူရစစ်မောင်နှင့် ကျန်စစ်သည် ၂၀ ခန့်တို့မှ ဆက်လက် ခြေကုပ်ယူပြီး ရန်သူအား ပစ်ခတ်ချေမှုန်းနေခဲ့ပါသည်။

အမှတ် (၅) တပ်ခွဲမှ ဒုတိယဗိုလ်စိုးလွင် ဦးစီးသော တပ်ခွဲတစ်ခွဲလုံးသည် ၂၀၀၆၃၀ အချိန်တွင် စခန်းအရှေ့ ဘက် မျက်နှာစာမှ သံဆူးကြိုးအတားအဆီးများကို ဖောက် ထွင်းဝင်ရောက်ခဲ့ပြီး ရင်ဘောင်တန်းတပ်ဖြန့်၍ ရေလှိုင်း ပုံသဏ္ဌာန်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ရန်သူ့စက် သေနတ်ကြီး အပါအဝင် လက်နက်ငယ်မျိုးစုံဖြင့် အဆက် မပြတ် ပစ်ခတ်ခြင်းခံရသဖြင့် ဒုတိယဗိုလ်စိုးလွင် ကျဆုံး





သည်။ ကျန်စစ်သည်များလည်း ကိုယ်စီဒဏ်ရာ ရရှိ ကြသဖြင့် ရန်သူ့စခန်းအား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ဒဏ်ရာရသူအချင်းချင်း သက်သာသူက အခြေအနေဆိုး သူများကို တွဲခေါ်၍ နောက်ပိုင်းသို့ ဆုတ်ခွာခဲ့ပါသည်။ ဗိုလ်ကြီးသူရစစ်မောင် ဦးစီးသော စစ်သည်အချို့သည် ရန်သူ့စခန်းရှိ ဘန်ကာ ၃ လုံး အခြေတွင်တွယ်ကပ်၍ ခြေကုပ်ယူထားပြီး ရန်သူ့အား ဆက်လက်ပစ်ခတ်၍ တိုက်ပွဲဝင်နေခဲ့ပါသည်။

ရန်သူစခန်းအတွင်းမှ စက်လတ်၊ လောင်ချာနှင့် လက်ပစ်ဗုံးများ ထူထပ်စွာ သုံးစွဲပစ်ခတ်ခဲ့ပြီး မိမိဘက် ချဉ်းကပ်ထားသော နေရာများကို အဆက်မပြတ် ပစ်ခတ်ခဲ့ပါသည်။ မိမိဘက်မှလည်း ရန်သူ့စခန်းအတွင်းရှိ ခံကတုတ်များအား အမှတ် (၅) တပ်ခွဲမှ ၃၊ ၅ လောင်ချာ ၂ လက်၊ စက်လတ် ၂ လက်၊ ၂လက်မ စိန်ပြောင်း ၂ လက်၊ ၄၀ မီလီမီတာ လောင်ချာ ၄ လက်ဖြင့် အကူ ပစ်ခတ်ခဲ့ပြီး ဗိုလ်ကြီးသူရစစ်မောင် ဦးစီးတပ်ခွဲများမှ ကျန်စစ်သည် ၂၅ ဦးခန့်ဖြင့် စခန်းအား ဝ၆၃၀ တွင် ဝင်ပြီး ၄ ကြိမ်တိုင်တိုင် လုံးစွပ်ထိုးချေမှုန်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မျိုးဆွေသည် ချူးရွှေ
စခန်း၏ အရှေ့မြောက်ဘက် ကိုက် ၂၀၀ ခန့်အကွာ
တပ်ခွဲအသီးသီးသို့ အနီးကပ်ကွပ်ကဲ၍ တိုက်ပွဲဝင်ခဲ့ပါသည်။

**တိုက်ပွဲအဆုံးသတ်ခြင်း**

ရန်သူသည် ရင်ကွဲတောင်မှ ပွိုင့် ၅ စက်သေနတ်
၂ လက်၊ ၈၂ မီလီမီတာ စိန်းပြောင်း ၂ လက်၊ ၅
မီလီမီတာ နောက်ပွင့် ၂ လက်နှင့် ချူးရွှေစခန်းမှ ပွိုင့်
၅ စက်သေနတ် ၁ လက်နှင့် လောင်ချာများဖြင့် ပစ်ခတ်
များကြောင့် ဗိုလ်အုန်းမြင့်နှင့် ထောက်လှမ်းရေးအရာ
ဗိုလ်ကြီးညီညီတို့ ကျဆုံးခဲ့ပါသည်။ ထိခိုက်ဒဏ်ရာရ
များပြားလာသည့်အတွက် တပ်ရင်းမှူးသည် ၂၀၀၉
ချိန်တွင် ဗိုလ်ကြီးသူရစစ်မောင်အဖွဲ့အား ဆုတ်ခွာ
အမိန့်ပေးခဲ့သည်။ ဗိုလ်ကြီးသူရစစ်မောင်နှင့် အဖွဲ့သည်
တပ်ရင်းမှူးရှိရာသို့ ပြန်လည်ပူးပေါင်း၍ ခြေကုပ်ယူခံ
ကျင်းများ တူးလျက် ရန်သူဗကပတို့အား ပြန်လည်
ဆိုင်ထားခဲ့ပါသည်။





**ရန်သူများဆုတ်ခွာသွားကြခြင်း**

မိမိ ခမရ (၁၀၉) မှ တပ်ရင်းတစ်ရင်းလုံး လက်
ရှောင် လူထုတ်၍ ချူးရွှေစခန်းကြီးကို ၁၉၇၇ ခုနှစ်
အောက်တိုဘာ ၁၉ ရက်ညတွင် ချဉ်းကပ်ပြီး အောက်တို
ဘာ ၂၀ ရက် အာရုံဦးတွင် အတင်းတရကြမ်း ဝင်ရောက်
တိုက်ခိုက်ပါသည်။ မိမိတို့တပ်ရင်းမှ စီနီယာတပ်ခွဲမှူးများ
ဖြစ်သည့် ဗိုလ်ကြီးဖုန်းစိန်နှင့် ဗိုလ်ကြီးသူရစစ်မောင်တို့
ဦးစီးပြီး အလှည့်ကျ တိုက်ပွဲဝင်ခဲ့ပါသည်။

စခန်းပေါ်တွင် ရန်သူ့အင်အားမှာ ၂၀၀ ကျော်
ခန့်ရှိရာ ရန်သူမှ လက်နက်ငယ်များ၊ ငှက်ပျောဖူးလောင်
ချာများ၊ လက်ပစ်ဗုံးများဖြင့် အပြင်းအထန်ခုခံခဲ့ပါသည်။
မိမိစစ်သည်များမှာ စခန်းခြံစည်းရိုးကိုဖျက်ပြီး စခန်းတွင်း
ဝင်ရောက်နိုင်ခဲ့သဖြင့် အသုတ်လိုက် ကျားထိုးတိုက်ခိုက်
ခဲ့ပါသည်။

နံနက်လင်း၍ အလင်းရောင်ရလာသည်နှင့် မိမိ
ထောက်ပံ့ရေးတပ်ဖွဲ့များအား တောင်ဘက်ရှိ ရင်ကွဲတောင်
နှင့် ထင်းရှူးတောင်ပေါ်မှ ရန်သူလက်နက်ကြီးတပ်ဖွဲ့အား
ပွိုင့် ၅ စက်သေနတ်ကြီးများ ၅၇ မီလီမီတာ နောက်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



ရိုင်ဖယ်များ၊ ၈၂ မီလီမီတာ စိန်ပြောင်းများဖြင့် အဆက်မပြတ် ပစ်ခတ်ခဲ့ရာ ချေမှုန်းရေးစစ်သည်များ ထိခိုက်ဒဏ်ရာရကျဆုံးမှုများ ရှိခဲ့ပါသည်။

စခန်းတွင်းရှိ ဗကပများမှလည်း သစ်လုံးဘန်ကာများ၊ ဆက်သွယ်ရေးမြောင်းများအတွင်းမှ RPG ငှက်ပျောဖူးလောင်ချာများ၊ တရုတ်လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ရာ တိုက်ပွဲမှာ အလွန်ပြင်းထန်၍ နှစ်ဖက်ကျဆုံးသူ များပြားခဲ့ပါသည်။ လူချင်း ပူးကပ်ထွေးလုံးရစ်ပတ် တိုက်ပွဲများပင် ဖြစ်ခဲ့ပါသည်။ မိမိစစ်သည်အချို့ စခန်းတွင်းရောက်၍ ရန်သူ့ဆက်သွယ်ရေးမြောင်းများအထိ ဝင်ရောက်နိုင်ခဲ့သော်လည်း စခန်းကြီးတစ်ခုလုံး သိမ်းပိုက်နိုင်သည့် အခြေအနေမရှိခဲ့ပါ။

သို့ရာတွင် ရန်သူ၏ ဘန်ကာသုံးလုံးကိုမူ ဗိုလ်ကြီးသူရစစ်မောင်ဦးစီးပြီး သိမ်းပိုက်ထားနိုင်ခဲ့ပါသည်။ မနက် ၀၉း၀၀ ချိန်တွင်မူ ရန်သူ၏ လက်နက်ကြီးပစ်ကူပေးမှု ပိုမိုပြင်းထန်လာကာ မိမိချေမှုန်းရေးစစ်ကြောင်းမှ အရာရှိ သုံးဦးကျဆုံး၍ စစ်သည်အများအပြား ဒဏ်ရာရ ကျဆုံးမှု ရှိလာခဲ့ပါသည်။ တဖြည်းဖြည်း ထိခိုက်ကျဆုံးမှု ပိုမိုလာ





ဖြင့် တပ်ရင်းမှူးမှ အခြေအနေကို သုံးသပ်ပြီး တိုက်ပွဲဝင်တပ်မှူး ဗိုလ်ကြီးသူရစစ်မောင်အား ကျဆုံးဒဏ်ရာရသူများကို သယ်ယူ၍ ခွာစစ်ဆင်ခဲ့ရန် အမိန့်ပေးခဲ့ပါသည်။

အမိန့်အရ မိမိချေမှုန်းတပ်ဖွဲ့အား ခြူးရွှေစခန်းနှင့်ဝေးရှိ တပ်ရင်းမှူး အခြေပြုနေသောနေရာသို့ ပြန်လည်ပူးပေါင်း၍ ကျင်းတူးနေရာယူကာ ရန်သူကို ရင်ဆိုင်ရှိခဲ့ပါသည်။

ရန်သူရော မိမိပါ အုပ်ချုပ်ထောက်ပံ့မှုကိစ္စများကို ဆောင်ရွက်လျက်ရှိကြပါသည်။ နှစ်ဖက်လုံး အထိနာသွားသဖြင့် တစ်ဖက်နှင့်တစ်ဖက် ဆိုင်ထားသည့် အခြေအနေ ရှိပါသည်။

ထိုသို့ တစ်ဖက်နှင့်တစ်ဖက် ဆိုင်ထားနေစဉ်အတွင်း ရန်သူမှ မိမိတပ်ဖွဲ့များရှိသည့် နေရာများသို့ လက်နက်ကြီးများဖြင့် အဆက်မပြတ် ပစ်ခတ်နှောင့်ယှက်လျက်ရှိပါသည်။ အလားတူပင် မိမိတို့၏ အမြောက်စခန်းများမှလည်း ရန်သူသိမ်းပိုက်ထားသော စခန်းများပေါ်သို့ အမြောက်ကြီးများ အဆက်မပြတ် ပစ်ခတ်ပေးလျက်ရှိရာ သာမက တပ်မတော် (လေ) မှလည်း တီ၃၃



www.burmeseclassic.com

www.burmeseclassic.com



ဂျက်လေယာဉ် ၃ စီး၊ ဗင်ပါယာဂျက်လေယာဉ် တစ်စီး ပီစီ ၆/၇ လေယာဉ်များဖြင့် ရန်သူ့တပ်များအပေါ် ဗုံးကြဲချခြင်း၊ စက်သေနတ်များ၊ ရော့ကက်များ ပစ်ခတ်ခြင်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဟိုပန်အရှေ့ခြမ်းတစ်လျှောက်လုံး မိမိစစ်ကြောင်းအသီးသီးနှင့် ရန်သူ့တပ်ဖွဲ့များ အကြိတ်အနယ် ဘတစ်ပြ ကျားတစ်ပြန် တိုက်ခိုက်လျက်ရှိပါသည်။

မိမိတိုက်ပွဲဝင်တပ်များကို တပ်မှူးကြီးများကိုယ်တိုင် ဟိုပန်နှင့် ကွမ်းလုံတွင် အခြေပြုကြီးကြပ်လျက်ရှိ လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုကိစ္စများ ပြည့်စုံစွာ ဆော ရွက်ပေးလျက်ရှိပါသည်။

ရက်ကြာလာသည်နှင့်အမျှ ရန်သူ့ဘက်တွင် အုပ်ချုပ်မှုအခက်အခဲများ ဖြစ်ပေါ်ခဲ့ပါသည်။ ရန်သူ့ဆ သွယ်ရေးတပ်များမှ ရိက္ခာနှင့် ခဲယမ်းများပေးပို့ရန် ဗ တို့၏ အထက်ဌာနချုပ်များသို့ အဆက်မပြတ် တောင်း နေသည့် ကြေးနန်းများကို မိမိတို့ **Intercept** ကြားဖြတ် စက်များမှ ဖမ်းယူရရှိခဲ့ပါသည်။ ရန်သူသည် သူ၏အုပ်ချု ထောက်ပံ့မှုကိစ္စများအား ဗင်းဟင်ဟိုစွမ်ဘက်မှနေ





ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

ဤကြေးနန်းများ ဖမ်းယူရရှိသည်နှင့် ရန်သူ၏ ပို့စစ်ကြောင်းများအား မိမိတပ်များမှ ဖြတ်တောက် တိုက်ခိုက်ခဲ့ပါသည်။ ရန်သူ၏အုပ်ချုပ်မှု အခက်အခဲမှာ ကြာမြင့်လာသည်နှင့်အမျှ ပိုမိုကြီးမားလာသဖြင့် က်တိုဘာလ ၂၇ ရက်နေ့ညတွင် ရန်သူအားလုံး အသီးသီးကို စွန့်လွှတ်၍ ဗင်းဟင်ဟိုစွမ်ဘက်သို့ တ်ခွာသွားကြရာ တိုက်ပွဲစဉ်ကြီးတစ်ခုလုံး ပြီးဆုံးခဲ့ပါသည်။

ဆုတ်ခွာသွားသော ရန်သူများကို မိမိတပ်များမှ ဟင်ဟိုစွမ်အထိ လိုက်လံရှင်းလင်း တိုက်ခိုက်ခဲ့ပါသည်။

**ပွဲအရှုံးအမြတ်**

ဤခြူးရွှေစခန်းသိမ်းတိုက်ပွဲတွင် မိမိရန်သူတိုက်ပွဲ အမြတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ရန်သူ**

ကျဆုံး ၈၂ ဦး (အလောင်းရ)

ဒဏ်ရာရ ၉၀ ဦး



www.burmeseclassic.com

www.burmeseclassic.com



(ကြားဖြတ်စက်သတင်းအရ)

အလင်းဝင် ၂ ဦး

လက်နက်စုံ ၈ လက်

**ဗိုလ်ဗိုလ်** (ခမရ – ၁၀၉)

ကျဆုံး ၃၃ ဦး(အရာရှိ ၃ ဦး အပါအဝင်)

ဒဏ်ရာရ ၁၂ ဦး

ပျောက်ဆုံး ၇ ဦး

လက်နက်စုံ ၆၅ လက် ဆုံးရှုံး

တပ်မတော်(လေ)မှ ဗင်ပါယာဂျက်လေယာဉ် တစ်စီး ရန်သူ၏ပစ်ချခြင်းခံရပြီး လေသူရဲ ဗိုလ်မှူးသူ… အုန်းခိုင် ကျဆုံးခဲ့ပါသည်။

■

## အခန်း ( ၄ )

## …ရွှေဝန်ကောက်တိုက်ပွဲကြီးနှင့် မြန်မာ့တပ်မတော် (လေ)

ဟိုပန် အရှေ့ခြမ်းတွင် ဖြစ်ပွားခဲ့သော ခြူးရွှေ …ောက်တိုက်ပွဲကြီးသည် တစ်လနီးပါးကြာမြင့်ခဲ့၏။ …ရ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့ ညနေမှ …တ်တိုဘာလ ၂၇ ရက်နေ့အထိ တိုက်ပွဲများ ပြင်း …ွာဖြစ်ပွားခဲ့၏။ ဗင်းဟင်ဟိုစွမ်နှင့် မိုင်းမောဘက်သို့ …ွာသွားသောရန်သူအား မြန်မာ့တပ်မတော် ခြေလျင် …များနှင့် တပ်မတော်(လေ)မှ နိုဝင်ဘာလဆန်းအထိ



မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လံတိုက်ခိုက်ခဲ့သည်။

တိုက်ပွဲကာလ တစ်လခန့်အတွင်း ယာယီစွန့်ခွာ ခဲ့ရသော မြန်မာတပ်မတော် တပ်စခန်းများအား ခြေလျင် တပ်များက တက်ရောက်တိုက်ခိုက်ခဲ့ရာ လွယ်လွယ်ကူကူနှင့် မရရှိခဲ့ပါ။ အကျအဆုံးသာ များခဲ့ရပါသည်။ သို့ဖြစ်၍ ခြေလျင်တပ်များကို အနားပေးပြီး ရန်သူကို ဝိုင်းပတ်ပိတ် ဆို့ထား၍ နေ့စဉ် လေကြောင်းမှ Air Strike လုပ်ကာ အဆက်မပြတ်တိုက်ခိုက်ခဲ့ပါသည်။ ရန်သူအကျအဆုံးမှာ ၆၀၀ ခန့်ရှိရာ အတော်များများသည် လေကြောင်းမှ တိုက် ခိုက်မှုနှင့် အမြောက်ကြီးများ ပစ်ခတ်မှုကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကျဆုံးသွားသော တပ်စခန်းများကို ခြေလျင် တပ်များနှင့် တက်တိုက်ရာ လွယ်လွယ်ကူကူပြန်မရသဖြင့် စစ်နည်းဗျူဟာ ပြောင်းလဲခဲ့၏။ ခြေလျင်တပ်များဖြင့် ရန်သူကို ဝိုင်းပတ်ပိတ်ဆို့ထားပြီး အမြောက်တပ်၊ လေ တပ်တို့ဖြင့် ပစ်ခတ်ချေမှုန်းခဲ့ပါသည်။ ဗကပတို့သည် အမြောက်တပ်ထက် လေတပ်ကို ပိုကြောက်ကြ၏။ ယာ တိုက်ပွဲစဉ်ကြီးတွင် လေတပ်၏ အခန်းကဏ္ဍမှာ အလွန်





မြန်မာ့တပ်မတော်(လေ)ပိုင်(၆)လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့တပ်မတော်(လေ)မှ ပိုင်ဆိုင်(ခဲ့)သော အသေးစားလေယာဉ်



ကြီးထားပေးသည်။

သံလွင်အရှေ့ခြမ်းဒေသများ၌ ဗကပများနှင့် တိုက်ပွဲဖြစ်ပွားတိုင်း မြန်မာ့တပ်မတော်(လေ)က အမြဲတမ်း ပါဝင်ခဲ့ရ၏။ ယခုစစ်ဆင်ရေးကြီးတွင်လည်း မြန်မာ့ တပ်မတော်(လေ)မှ ဗင်ပါယာနှင့် T - ၃၃ ဂျက်တိုက် လေယာဉ်များ၊ PC - 6 ဖုံးကြဲလေယာဉ်ပျံများ ပါဝင်ခဲ့သည်။

ဤနေရာတွင် မြန်မာ့တပ်မတော်(လေ)၏ သမိုင်း ကို အနည်းငယ် ဖော်ပြလိုပါသည်။

မြန်မာနိုင်ငံသို့ လေယာဉ်မောင်းနှင်ခြင်းအတတ် ပညာ ၁၉၃၄ ခုနှစ်တွင် စတင်ရောက်ရှိသည်။ ထိုနှစ် ထဲတွင် ရန်ကုန်လေယာဉ်မောင်းကလပ်ကို ဖွင့်လှစ် ခဲ့သည်ထောင်သည်။ ထို့နောက် ၁၉၄၀ ပြည့်နှစ်တွင် ဗမာ့ အရန်တမ်းလေတပ်ကို Tiger Moth လေယာဉ်များဖြင့် တင်ဖွဲ့စည်းခဲ့သည်။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် နေ့တွင် နိုင်ငံတော်အစိုးရမှ ဗမာ့တပ်မတော် ဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ရာ ဗမာ့လေတပ်မတော် ယခု မြန်မာ့တပ်မတော်(လေ) စတင်ပေါ်ပေါက်လာခဲ့သည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့ရာ သောင်းကျန်းသူများကို တပ်မတော်(ကြည်း)တပ်ရင်းများက ချေမှုန်းရာတွင် တပ်မတော်(လေ)က အော်စတာလေယာဉ်များ အသုံးပြုကာ လေကြောင်းပစ်ကူများ ပေးခဲ့သည်။

ထိုနှစ်တွင်ပင် စင်္ကာပူနိုင်ငံမှ စပစ်ဖားယား တိုက်လေယာဉ် ၃ စင်း ဝယ်ယူခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် ဆီးဖားယားလေယာဉ်အသစ် အစီး ၂၀ ထပ်မံဝယ်ယူခဲ့သည်။ ထိုလေယာဉ်များဖြင့် မြန်မာနိုင်ငံအတွင်း ကျူးကျော်လာသော တရုတ်ဖြူများအား တိုက်ခိုက်ခဲ့သည်။ သယ်ယူပို့ဆောင်ရေးအတွက် ဒါကိုတာ လေယာဉ်များကို အသုံးပြုခဲ့သည်။ အမောင်းသင်ရန်အတွက် **Chip Munk** လေယာဉ်အချို့နှင့် **Provost** လေယာဉ်အချို့ကို အင်္ဂလန်မှ ဝယ်ယူခဲ့သည်။

လေယာဉ်မောင်းသင်တန်းကျောင်းကို အစပိုင်း မင်္ဂလာဒုံတွင် ထားရှိခဲ့ရာမှ ၁၉၅၁ ခုနှစ်တွင် မှော်ဘီသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၅၃ တွင် လေယာဉ်မောင်းသင်တန်းကျောင်းကို မိတ္ထီလာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ တိုက်လေယာဉ်အဖြစ် အောက်စဖို့ ကောင်ဆယ်





...ယာဉ်များသာမက ခေတ်မီ ဆီးဖားယား တိုက်...ယာဉ်များ ဝယ်ယူဖြည့်တင်းခဲ့သည်။ ထိုမျှသာမက ...၃ ခုနှစ်တွင် ဗင်ပါယာ **mark** တီ - ၅၅ ဂျက်...လေယာဉ် ၈ စီးကို အင်္ဂလန်မှ ဝယ်ယူခဲ့သည်။ ...ယား တိုက်လေယာဉ် အစီး ၃၀ ကို အစ္စရေး...မှ ဝယ်ယူခဲ့သည်။

ရဟတ်ယာဉ်များကို ၁၉၅၆ ခုနှစ်နှင့် ၁၉၅၈ ...များတွင် စတင်ဝယ်ယူ အသုံးပြုခဲ့သည်။ ဘဲလ် ၄၇ ...အစားနှင့် ဘာတော အမျိုးအစား ၂ မျိုး စုစုပေါင်း ...ဖြစ်၏။ လေတပ်အုပ်များအဖြစ် ၅၀၁ အုပ် မှော်ဘီ၊ ...၂ အုပ် မင်္ဂလာဒုံ၊ ၅၀၃ အုပ် မိတ္ထီလာတို့ ဖြစ်သည်။

၁၉၆၃ ခုနှစ်တွင် တီ - ၃၃ ဂျက်တိုက်လေယာဉ် ...စီး ဝယ်ယူခဲ့သည်။ ၁၉၆၈ ခုနှစ် အရှေ့မြောက်ဒေသ...များ ပေါ်လာသည့်အချိန်တွင် မြန်မာ့တပ်မတော်...၏ ပါဝင်တိုက်ခိုက်ရမှုမှာ ပိုမိုကြီးမားလာ၏။ အရှေ့...ဒေသရှိ တပ်မတော်(ကြည်း)တပ်ရင်းများကို ...ဆောက်စွာ အကူအညီပေးနိုင်ရန် လားရှိုးလေတပ်ဆွယ်...ကို ၁၉၇၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၇ ခုနှစ် နိုဝင်ဘာလတွင် ဖြစ်ပွားသော ကွမ်းလုံရက် ၄၀ တိုက်ပွဲကြီး၌ မြန်မာ့တပ်မတော်(လေ မှ **Provost** လေယာဉ်၊ ဗင်ပါယာ တီ – ၃၃ ဘီချ် အဲလုဝစ် စသော လေယာဉ်ပေါင်းစုံပါဝင်သည်။ ထို့နော အရှေ့မြောက်ဒေသတွင် ဆင်နွှဲခဲ့သည့် စစ်ဆင်ရေးအား ၌ မြန်မာတပ်မတော်(လေ)မှ ပါဝင်ခဲ့ရသည်။ ၁၉၅ ခုနှစ်တွင် အရှေ့မြောက်ဒေသတွင် ဆင်နွှဲခဲ့သည့် ရဲမာ ဟုန် စစ်ဆင်ရေး၌ ရန်သူကျည်ထိမှန်သဖြင့် ဗင်ပါယာ တိုက်လေယာဉ်တစ်စီး ပျက်စီးကာ လေသူရဲဗိုလ်ကြ အေးဖေ ကျဆုံးခဲ့သည်။ ယခု ခြူးရွှေတိုက်ပွဲကြီး၌လည် ဗင်ပါယာတိုက်လေယာဉ်တစ်စီး ရန်သူ့ကျည်ထိမှန်က လေသူရဲ ဗိုလ်မှူးသူရအုန်းခိုင် ကျဆုံးခဲ့ရသည်။

ခြူးရွှေပန်ကောက်ဒေသရှိ မိမိတပ်စခန်းမျ ကျဆုံးသွားပြီးနောက်နေ့ အောက်တိုဘာလ ၄ ရက်မှ တပ်မတော်(လေ)မှ တီ – ၃၃ ဂျက်တိုက်လေယာဉ်၊ ဗင် ယာ ဂျက်တိုက်လေယာဉ်၊ **PC-6** ဖုံးကြဲလေယာဉ်များနှ တိုက်ပွဲဝင်ခဲ့သည်။ အော်တာလေယာဉ်နှင့် ဘဲလ်ရဟ ယာဉ်များက လက်နက်ခဲယမ်း ရိက္ခာနှင့် လူနာများ သယ်





ဆောင်ပေးသည်။ လေသူရဲများမှာ ဗိုလ်မှူး သူရ မောင်စော၊ ဗိုလ်မှူးမြသန်း၊ ဗိုလ်မှူးမောင်မောင်ဖံနှင့် မှူးအုန်းခိုင်တို့ ဖြစ်ကြသည်။ အားလုံးမှာ အဆင့်မြင့် သူရဲများဖြစ်ကြ၏။ ထိုလေသူရဲကြီးများကား အမောင်း နည်းပြများလည်း ဖြစ်ကြသည်။

ဗိုလ်မှူးအုန်းခိုင်သည် တီ – ၃၃ ဂျက်တိုက် ယာဉ်နှင့် ဗင်ပါယာ ဂျက်တိုက်လေယာဉ် မောင်းနှင် ာ လေသူရဲနည်းပြဆရာ ဖြစ်သည်။ စကားနည်းပြီး အေးစွာ နေတတ်သည်။ အောက်တိုဘာ ၂၇ ရက် တွင် ရန်သူလက်နက်ကြီးတပ်ဖွဲ့ကို အနီးကပ် သွား က်ချေမှုန်းရာ၌ ဗိုလ်မှူးအုန်းခိုင်မှ ဗင်ပါယာတိုက် ယာဉ်ဖြင့် သွားရောက်ခဲ့၏။ ဗင်ပါယာတိုက်လေယာဉ် ာ မြန်မာနိုင်ငံသို့ ရောက်ရှိသည်မှာ အနှစ် ၂၀ ကျော် င်ခဲ့ပြီးဖြစ်၍ အတော်ပင် ဟောင်းနွမ်းနေပြီဖြစ်၏။ တော်များများ အသုံးမပြုတော့ပါ။ ကျန်နေသော အား ဝိုင်းဝန်းပြုပြင်ပြီး ဗိုလ်မှူးအုန်းခိုင်က တာဝန် ဆက်ရောက်မောင်းနှင်ခဲ့လေသည်။ ထိုနေ့က တစ် တိုက်ပွဲဝင်ပြီး ဒုတိယအကြိမ် တိုက်ပွဲဝင်ရန် အနိမ့်



www.burmeseclassic.com

www.burmeseclassic.com



ပျံသန်းစဉ် ရန်သူ့ကျည်ထိမှန်ကာ လေယာဉ် ပျက်ကျ
ရ၏။ လေသူရဲဗိုလ်မှူးအုန်းခိုင်လည်း ကျဆုံးခဲ့ရ၏။ တိုက်
စဉ်များ ပြီးဆုံးသွားသည့်အခါ ဗိုလ်မှူးအုန်းခိုင်နှင့် ဗိုလ်မှူ
ခင်မောင် စောတို့အား နိုင်ငံတော်မှ သူရဘွဲ့ ချီးမြှင့်ခဲ့သည်
ဗိုလ်မှူးခင်မောင်စောမှာ ယခင်ကတည်းက သူရဘွဲ့
ရရှိခဲ့ပြီးဖြစ်ရာ သူရနှစ်ထပ်ကွမ်း ဖြစ်သွား၏။ ဗိုလ်မှူ
သူရအုန်းခိုင်ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့ လေ
ကြောင်းအတတ်သင် လေတပ်စခန်း၌ရှိသော ကျောင်းဆ
ပွဲခန်းမကြီးအား သူရအုန်းခိုင်ခန်းမဟု အမည်ပေးခဲ့
သည်။

ခြူးရွှေပန်ကောက်တိုက်ပွဲကြီး၌ မြန်မာ့တပ်မတော်
(လေ)မှ အဆက်မပြတ် ပစ်ခတ်ပုံးကြဲတိုက်ခိုက်မှုကြော
လည်းကောင်း၊ ခြေလျင်တပ်များမှ ဝိုင်းပတ်ပိတ်ဆို့
ပြီး အဆက်မပြတ် တက်ရောက်တိုက်ခိုက်မှုကြော
လည်းကောင်း ဗကပများ အကျအဆုံးများစွာဖြင့် အော
တိုဘာ ၂၇ ရက်နေ့နောက်ပိုင်းတွင် စခန်းအားလုံးကို
ပြီး ထွက်ပြေးသွားကြလေတော့သည်။

ပြောရမည်ဆိုပါက မြန်မာ့တပ်မတော်(လေ)





www.burmeseclassic.com



ဗိုလ်မှူးသူရအုန်းခိုင်



နွမ်းဆောင်ချက်များက အဓိကကျသည်ဟုဆိုလျှင် ရမည် ထင်ပါသည်ခင်ဗျား။

## ဗိုလ်မှူးအုန်းခိုင်၏အတ္ထုပ္ပတ္တိအကျဉ်း

ဗိုလ်မှူးအုန်းခိုင်သည် ၁၉၃၈ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့တွင် သထုံခရိုင် ဖင်းကျိုက်ရွာ၌ ဖွားမြင်ခဲ့ပြီး ဗုဒ္ဓဘာသာဝင် မွန်တိုင်းရင်းသားဖြစ်သည်။ ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရကာ ၁၉၅၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့တွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)၌ ဗိုလ်သင်တန်းတက်ခဲ့ပြီး ပြန်တမ်းဝင်အရာရှိ ဒုဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၉ ခုနှစ်တွင် ကြည်းတပ်မှ လေတပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင် ခဲ့ပြီး ၁၉၅၉ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအထိ အမှတ်စဉ် (၂၂) အခြေခံလေယာဉ်မောင်းသင်တန်း တက် ရောက်ခဲ့ပြီး လေယာဉ်မောင်းထူးချွန်ဆုရခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဗိုလ်ကြီးအဆင့် ရရှိခဲ့သည်။ ဗိုလ်မှူးအုန်းခိုင်သည် ပြည်တွင်းပြည်ပ သင်တန်းအမျိုးစုံ တက်ရောက်ခဲ့ပြီး အဆင့် မြင့်မြင့်ဖြင့် သင်တန်းများ အောင်မြင်ခဲ့သည်။ ၁၉၇၀ ခုနှစ်၌



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ရရှိခဲ့သည်။ ထမ်းဆောင်ခဲ့သော တာဝန်များမှာ အမှတ် (၃) အုပ်စု လေ့သူရဲတာဝန်၊ ပူးပေါင်း စစ်ဆင်ရေးနှင့် လေထီးသင်တန်းကျောင်းတွင် နည်းပြ အရာရှိတာဝန်၊ အမှတ် (၃) အုပ်တွင် အုပ်မှူးတာဝန်နှင့် လေကြောင်းအတတ်သင် လေတပ်စခန်းတွင် သင်တန်း နည်းပြမှူးချုပ် တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

မောင်းနှင်ခဲ့ဖူးသော လေယာဉ်အမျိုးအစားမှာ **Provost** အမောင်းသင်ယာဉ်၊ တီ – ၅၃ ဂျက် တိုက် လေယာဉ် **I.SF 260** အမောင်းသင်လေယာဉ်၊ ဗင်ပါယာ ဂျက်တိုက်လေယာဉ်နှင့် တီ – ၃၃ ဂျက်တိုက် လေယာဉ်များ ဖြစ်ပါသည်။ ဗိုလ်မှူးအုန်းခိုင် ကျဆုံးခဲ့ရပုံမှာ အောက် ပါအတိုင်းဖြစ်၏။

ခြူးရှေပန်ကောက်တိုက်ပွဲကြီး၌ ရန်သူများ ခွာစစ်ဆင် ခြေကျုံနေချိန်ဖြစ်၏။ သို့ရာတွင် ရင်ကွဲတောင် တွင်ကား လက်နက်ကြီးအဖွဲ့များ ကျန်နေသေးသဖြင့် လေ တပ်မှ အပြီးသတ်ချေမှုန်းရန် တာဝန်ယူရ၏။ ဗိုလ်မှူး အုန်းခိုင်အား ဗင်ပါယာတိုက်လေယာဉ်ဖြင့် ချေမှုန်းရန် တာဝန်ပေးခံရ၏။ တာဝန်ပေးချက်အရ ဗိုလ်မှူးအုန်းခိုင်





သည် ဗင်ပါယာတိုက်လေယာဉ် UB ၅၀၆ ဖြင့် လားရှိုးမှ [illegible]ကောက်တိုဘာလ ၂၇ ရက် နေ့လယ် ၂ နာရီ ၄၅ မိနစ်တွင် [illegible]ထွက်ခွာပြီး ရန်သူနေရာ ရင်ကွဲတောင်သို့ ညနေ ၃ [illegible]ရီအချိန်ခန့်တွင် ရောက်ရှိကာ လေကြောင်းမှ ဗကပ [illegible]များကို တိုက်ခိုက်ခဲ့ပါသည်။ ပထမအကြိမ် တိုက်ခိုက် [illegible]ပြီးနောက် ဒုတိယအကြိမ်ပြန်လည်ဝင်ရောက် ပစ်ခတ်ရာ [illegible]တွင် ရန်သူ၏ပစ်ခတ်မှုကြောင့် တောင်ကုန်း၌ လေယာဉ် [illegible]ပျက်ကျပြီး ကျဆုံးခဲ့ပါသည်။

ထိုစဉ်က ဗင်ပါယာဂျက်တိုက်လေယာဉ်များ၏ [illegible]သက်တမ်းမှာ ၂၄ နှစ်မျှ ရှိခဲ့ပြီဖြစ်ပြီး မြန်မာနိုင်ငံ၌ [illegible]ပထမဦးဆုံး အသုံးပြုခဲ့သည့် ဂျက်လေယာဉ် အမျိုးအစား [illegible]သည်။ သက်တမ်းရင့်သည်နှင့်အမျှ စွမ်းဆောင်ရည် [illegible]နေသည့် အခြေအနေကြောင့် လေကြောင်းအတတ်သင် [illegible]လေတပ်စခန်းမှ သင်တန်းနည်းပြမှူးချုပ် ဗိုလ်မှူးအုန်းခိုင် [illegible]အား ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အထူးရွေး၍ အရှေ့ [illegible]မြောက်ပိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုဖြင့် ခြူးရှေပန်ကောက် [illegible]တိုက်ပွဲကြီးတွင် ကြည်းတပ်များကို ပစ်ကူပေးရန် တာဝန် [illegible]ပေးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးအုန်းခိုင်၏ သူရသတ္တိနှင့် တပ်မတော် သားကောင်းပီသသည့် စိတ်ဓာတ်မှာ စံနမူနာပြုထိုက်[illegible] သည်။ မိမိလေယာဉ်၏ စစ်ကစားနိုင်မှု ကန့်သတ်ချက် ကြောင့် ပစ်ကူပေးပျံသန်းရင်း ထိခိုက်ပျက်စီးသွားနိုင်ခြင်း ရန်သူတန်ပြန်ပစ်ခတ်မှု မလွဲမသွေခံရပြီး ပျက်ကျ[illegible] သည့်အခြေအနေ ရာနှုန်းများစွာရှိခြင်း စသည့်အချက် များကို သိပါလျက်ဖြင့် မိမိအသက်ကို ပဓာနမထား[illegible] စွန့်လွှတ်စွန့်စားကာ ပေးအပ်သည့်တာဝန်ကို ကျေပွန်[illegible] ထမ်းဆောင်ပြီး ကျဆုံးသွားခဲ့ပါသည်။

သို့ဖြစ်၍ ဗိုလ်မှူးသူရအုန်းခိုင်ကား တပ်မတော် (လေ)၌ ရာဇဝင်တွင်သည့် သူရဲကောင်းတစ်ဦးအဖြ[illegible] ပြောစမှတ်တွင်ကျန်ရစ်ခဲ့ပါသည် ခင်ဗျား။

■



## အခန်း ( ၅ )

## တိုက်ပွဲသုံးသပ်ချက်နှင့် သင်ခန်းစာဖော်ထုတ်ချက်များ

တိုက်ပွဲသုံးသပ်ချက်နှင့် သင်ခန်းစာဖော်ထုတ်ချက် [illegible]ကို မဖော်ပြမီ အရှေ့မြောက်ဒေသမှ ဗကပတို့၏ [illegible]လေ့အထများကို ဦးစွာဖော်ပြပါမည်။

**[illegible]ရှေ့မြောက်ဗကပတို့၏ အလေ့အထများ**

အရှေ့မြောက်ဒေသမှ ဗကပတို့၏ အလေ့အထ [illegible]ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(က) အမာရှောင် အမွှတိုက်ဟူသော ဗကပတို့၏စစ်ရေး လမ်းညွှန်မှုအရ အင်အားနည်းစခန်းများ၊ အစွန်အဖျားကျသော စခန်းများအား တစ်ခုချင်း အမှည့်ခြွေတိုက်ခိုက်လေ့ရှိသည်။

(ခ) မိမိစခန်းများကို အပိုင်တိုက်ခိုက်လိုသည့်အခါ သာလွန်သောအင်အားအလုံးအရင်းကို စုစည်းပြီး စစ်ကူ လာသောလမ်း၊ ဆက်သွယ်ရေးလမ်းများကို ဖြတ်တောက်ပိတ်ဆို့ကာ စိတ်ပိုင်းဆိုင်ရာ အင်အား ကုန်ခမ်းစေရန် လက်နက်ကြီးငယ်များဖြင့် တရစပ် ပစ်ခတ်ချေမှုန်းတတ်သည်။

(ဂ) မိမိတပ်ဖွဲ့တစ်ခုကို ဝိုင်းဟန်ပြ၍ စစ်ကူလာမည့် လမ်းမှ အလုံးအရင်းဖြင့် စောင့်ဆိုင်းပြီး စစ်ကူ စစ်ကြောင်းများကို အပိုင်ချေမှုန်းတတ်သည်။

(ဃ) မိမိတပ်များကို စိတ်ဓာတ်ချောက်ချားအောင် လူအင်အားဖြင့် တစ်သုတ်ပြီးတစ်သုတ် အသေခံ တက်ရောက်တိုက်ခိုက်တတ်၏။ လုံ့စွပ်ထိုးချေမှုန်း ရေးနှင့်အတူ လက်ပစ်ဗုံးများကို အများအပြား အသုံးပြုလေ့ရှိသည်။





(င) ရန်သူသည် ခံယူချက်၊ ယုံကြည်ချက်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ တိုက်ပွဲများတွင် အထက် အဆင့်၏ အတင်းအကြပ်စေခိုင်းမှုကြောင့် အသေ ခံ၍ အတင်းတက်တိုက်လေ့ရှိသည်။

(စ) မိမိက တိုက်စစ်ဆင်လာချိန်တွင် ကပ်အနည်း ငယ်ဖြင့်သာ ခုခံ၍ နောက်တစ်နေရာတွင် အင်အားစုစည်း ထားရှိပြီး မိမိမှ အလောတကြီး တိုက်ခိုက်ပါက လက်နက်ကြီးများ အကူအညီဖြင့် ကြိုတင်ပြင်ဆင်ထားသော နေရာများမှ အဆင့် ဆင့် ခုခံတိုက်ခိုက်ချေမှုန်းတတ်သည်။ တိုက်စစ် တွင် လက်ပစ်ဗုံး အများအပြားအသုံးပြုသည့် နည်းတူ ခံစစ်တွင်လည်း မိုင်းအတားအဆီးများ အများအပြားသုံးလေ့ရှိသည်။

(ဆ) လှုပ်ရှားစစ်ကို အခြေခံထားသဖြင့် စစ်ကစားရာ တွင် လျင်မြန်သည်။ ရင်ဆိုင်ထိတွေ့ချိန်မှာပင် လှုပ်ရှား စစ်ကစားခြင်းဖြင့် ဝိုင်းပတ်ချေမှုန်းနိုင် အောင် ကြိုးစားကြသည်။

(ဇ) မိမိလက်နက်ကြီးစွမ်းရည်ကို မမီသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဂုင်းတို့၏ လက်နက်ကြီးများကို စွမ်းအားရှိသရွေ့ အချိန်အခါနှင့် နေရာမှန် သုံးစွဲတိုက်ခိုက်တတ်သည်။ မိမိလှုပ်ရှားမှုများအား ကန့်သတ်ရန် လက်နက်ကြီး၊ ငယ်များနှင့် ပစ်ခတ်၍လည်းကောင်း၊ မိုင်းစစ်ဆင်၍လည်းကောင်း ထိန်းချုပ်ထားတတ်သည်။

(ဈ) တိုက်စစ်ကို ညအချိန်တွင် ချဉ်းကပ်၍ လင်းစတွင် အများအားဖြင့် တိုက်ခိုက်လေ့ရှိသည်။ သို့ရာတွင် အငိုက်ရရှိမှုအတွက် စားသောက်ချိန်၊ အနားယူချိန် ရေချိုးချိန်များတွင် တစ်ခါတစ်ရံ တိုက်တတ်သည်။ မိမိလေတပ်၏ အကဲသာမှုအပေါ်တွင်လည်း အချိန်ကိုက် တွက်ချက်ဆောင်ရွက်လေ့ရှိသည်။

(ည) ခံစစ်ဆင်သည့်အခါ အခြေပြုစခန်းကို ကတုတ်ကျင်းများတူး၍ အခိုင်အမာပြုလုပ်တိုက်ခိုက်တတ်သည်။ အလားတူပင် တိုက်စစ်၌ ကြိုတင်၍ ရိက္ခာစုပုံခြင်း၊ ထမ်းစင်များ ပြုလုပ်ခြင်းတို့ကို ပြင်ဆင်လေ့ရှိသည်။

(ဋ) ချုံခိုတိုက်ခိုက်မှု နည်းသည်။





လှုပ်ရှားစစ်နှင့် လှုပ်ရှားခံစစ်နည်းဗျူဟာကို အများဆုံးကျင့်သုံးသည်။

ဂုင်းတို့သာလွှမ်းအင်အားများပြားချိန်တွင် အရန်အားကိုး၍ အတင်းတိုက်တတ်သော်လည်း၊ အကျအဆုံး များပြားသည့်အခါတွင်လည်းကောင်း၊ မျှော်လင့်သည့်အတိုင်း အောင်မြင်မှုမရသည့်အခါတွင်လည်းကောင်း၊ ခေါင်းဆောင်များကျသည့်အခါတွင်လည်းကောင်း စိတ်ဓာတ်ကျပြီး ငိုယိုထွက်ပြေးတတ်သည်။

သုံးသုံးစနစ် တစ်ဝက်နှစ်မျက်နှာစနစ် ပရိယာယ်များကို တိုက်ပွဲအဆင့် အကျိုးအမြတ်ရရှိရေးအတွက် ကူးပြောင်းကျင့်သုံးတတ်သည်။

## တိုက်ပွဲသုံးသပ်ချက်များ

### ...ဆိုအပေါ် သုံးသပ်ချက်

တိုက်ပွဲသုံးသပ်ချက်များကို ရန်သူ မိမိ ...အားသာချက် အားနည်းချက်များကို နှိုင်းယှဉ်သုံးသပ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါမည်။ ဦးစွာ ပထမ ရန်သူဗကပတို့အပေါ် သုံးသပ်[...] မည်။

**ဗကပတို့အားသာချက်များ**

(က) သတင်းလုံခြုံမှုရှိသည်။ ထို့ကြောင့် လက်ဦး[...] ရယူနိုင်ခဲ့သည်။

(ခ) စစ်နည်းဗျူဟာကို လွတ်လပ်စွာ ကျင့်သုံးသွာ[း] သည်ကို တွေ့ရသည်။ ထို့ကြောင့် ခွာစစ်တွင် အကျအဆုံး အနည်းဆုံးနှင့် ဆုတ်ခွာသွာ[း] နိုင်ခဲ့သည်။

(ဂ) မိမိစခန်းများကို အင်အားဖြန့်ခွဲ၍ တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်နိုင်အောင် စီမံဆောင်ရွက်နိုင် ခဲ့သည်။ တိုက်နိုင်ခဲ့သည်။

(ဃ) လက်နက်ကြီးများကို ထိထိရောက်ရောက်နှင့် ကျယ်ကျယ်ပြန့်ပြန့် ပစ်နိုင်သည်။ ကျည် ဖောဖော သီသီ သုံးသွားနိုင်သည်။

(င) သွားလာလှုပ်ရှားမှု လျင်မြန်ပြီး တိုက်စစ်တွင် လူဆုံးရှုံးမှုကို ပဓာနမထားဘဲ ရည်မှန်းချက် အောင်မြင်ရေး ချေမှုန်းရေးကိုသာ အဓိကထားပြီး တိုက်သွားသည်။

(စ) တပ်အင်အားစုစည်းမှု၊ ရွှေ့ပြောင်းသွားလာမှုများ၌ နယ်ခံပြည်သူလူထုအား အတင်းအကြပ် တာဝန် ပေး လုပ်ဆောင်စေသဖြင့် ၎င်းတို့၏ အုပ်ချုပ် ထောက်ပံ့မှုနှင့် အင်အားဖြည့်တင်းမှုများ လျင်မြန် ခဲ့ရသည်။

(ဆ) တိုက်စစ်တွင် စစ်အင်အားအများအပြား အသုံးပြု နိုင်သည်ကို တွေ့ရသည်။ ၎င်းတို့တွင် **Line of Communication** ထိန်းသိမ်းရန် ပြဿနာ မရှိ ခြင်း၊ အခိုင်အမာ အခြေခံစခန်းများ မရှိခြင်း၊ ထိန်းသိမ်းရန် မလိုအပ်ခြင်းကြောင့် အင်အားကို တိုက်စစ်တွင် တစ်ခုတည်းသုံးနိုင်ခဲ့ခြင်း ဖြစ်လေ သည်။ မိမိ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက် ကြီးများဒဏ် ခံနိုင်ရန် ကျင်းအတူးသန်ကြသည်။ ရိုးရိုးပစ်ကျင်း တူးပြီးမှတစ်ဆင့် အတွင်း၌ **Fox-hole** ခေါ် လူတစ်ကိုယ်စာ မြေခွေးကျင်းများ တူးတတ်ကြသည်။ အပင်ပန်းခံပြီး တူးနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှလည်း မိမိတို့ လေကြောင်းရန်မှ လွတ်က[illegible]
မည်ဖြစ်သည်။

(ဓ) မိုင်းစစ်ဆင်ရေးကို ကျွမ်းကျွမ်းကျင်ကျင် အသ[illegible] ပြုနိုင်သည်။ အထူးသဖြင့် ပလတ်စတစ် လူ[illegible] မိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု[illegible] သည်။

(ဈ) ရသမျှရိက္ခာနှင့်ဖြစ်သလို စားသောက်နေထိုင်[illegible] သည်။ အပင်ပန်းအဆင်းရဲခံနိုင်သည်။ မိမိတို့[illegible] အမြောက်လက်နက်ကြီးနှင့် လေကြောင်းပစ်ကူ[illegible] ကို ရက်သတ္တ ၂ ပတ်ကျော် ခုခံသွားသည်[illegible] တွေ့ရပါသည်။

**ဗကပတို့၏အားနည်းချက်များ**

(က) **ပြည်သူပါအောင် စည်းရုံးနိုင်မှုမရှိခြင်း။** ဗကပများသည် ဒေသခံပြည်သူများကိုပါအော[illegible] မစည်းရုံးနိုင်ကြပါ။ ဟိုပန်ဒေသမှ ဒေသ[illegible] အတော်များများမှာ ကိုးကန့်တရုတ်နှင့် ကချ[illegible] လွယ်လ၊ မြောင်ဇီး ရှမ်း လားဟူ၊ ပလော[illegible]

စသူတို့ ဖြစ်ကြပါသည်။ အများစု ကိုးကန့်များသည် စီးပွားရေး မျက်စိရှိ၍ အမြင်ကျယ်သူများဖြစ်သဖြင့် ဗကပတို့ကို အားမပေးပါ။ အားမကိုးပါ။ တပ်မတော်ကိုသာ အားပေးပါသည်။ အားကိုးပါသည်။ တိုက်ပွဲဖြစ်ချိန်၌ ရွာများမှ ရွာသူရွာသားများ ထွက်ပြေး၍ ဟိုပန်နှင့် ပန်လုံ၊ ချင်းရွှေဟော် ကွမ်းလုံ စသည့်နေရာများကို သွားရောက်ခိုလှုံကြပါသည်။ ဗကပအား အကူအညီပေးခြင်းမရှိပါ။ ပြည်ပကျူးကျော်သူများဟု အများကမြင်ကြသည်။

**အထက်အောက်ပေါင်းစပ်မှုမရှိခြင်း။** ။

ဗကပတပ်များမှာ ခေါင်းဆောင်ပိုင်း၌ ဗမာ၊ တရုတ်၊ ကိုးကန့်၊ ကချင် စသူတို့ဖြစ်ပြီး စစ်သည်များမှာ ရှမ်း၊ ဝ၊ လွယ်လ စသည့်တိုင်းရင်းသားများဖြစ်သဖြင့် အထက်အောက် ပေါင်းစပ်မှု အားနည်းပါသည်။ အချို့နေရာများတွင် စကားမပေါက်ပါ။ စစ်အကြံပေးအဖြစ် လိုက်ပါလာသော ဝိုလ်မှူးချုပ်ဟောင်း ကျော်ဇောမှာ တိုက်ပွဲဦးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံး စကားပြန်ဖြင့်သာ စကားပြောရ၍ ဘာတ
မှ မယ်မယ်ရရလုပ်နိုင်ခြင်း မရှိဘဲ ပွဲကြ
အဖြစ်ဖြင့်သာ ပြီးခဲ့ရသည်ဟု အလင်းဝင်မျ
ပြောကြပါသည်။ ဗကပ ဗဟိုက မိုလ်မှူး
ဟောင်း ကျော်ဇောအား နာမည် ရောင်းစာ
သူတို့တိုက်ပွဲအတွက် Propaganding လုပ်ခဲ့ခြ
မျောက်ပြ ဆန်တောင်းခဲ့ခြင်းသာ ဖြစ်ပါသည်

(၈) **အုပ်ချုပ်ထောက်ပံ့မှုမပြည့်စုံခြင်း။** ။ ဗ
များသည် တိုက်ပွဲအစပိုင်း၌ ၎င်းတို့၏တပ်
အတွက် Logistics အုပ်ချုပ်ထောက်ပံ့မှုကိစ္စ
ကို ကောင်းစွာဆောင်ရွက်နိုင်ခဲ့သော်လည်
နောက်ပိုင်းတွင် မိမိတပ်များ ဝိုင်းပတ်ပိတ်
ထားမှုကြောင့် ရိက္ခာနှင့် ခဲယမ်းမီးကျော
ပြတ်တောက်ကာ ခွာစစ်ဆင် သွားရပါသည
ခဲယမ်းကို ဗင်းဟင်ဟိုစွမ်ဘက်မှ လာရော
ပို့ဆောင်ပြီး ရိက္ခာကို မိုင်းမောဘက်မှ လာ
မိမိတပ်များမှ လမ်းတွင် ဖြတ်တောက်၍
တိုက်ခိုက်ခဲ့ပါသည်။ ရေရှည်တွင် ဗုံးသ

အမြောက်ဒဏ်ထက် ငစိန်ကျည်ဆန်ဒဏ် မခံနိုင်
တော့ဘဲ ဆုတ်ခွာသွားရခြင်းဖြစ်ကြောင်း တွေ့ရှိ
ရပါသည်။

(၉) **ပြောင်းလွှယ်ပြင်လွယ်မရှိခြင်း။** ။ ဗကပများ
သည် ဟိုပန်အရှေ့ခြမ်းဒေသ စိုးမိုးရေးအတွက်
ခြူးရွှေပန်ကောက်ဒေသကြီးအား အင်ကြီး
အားကြီးနှင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။ အပြီး
အပိုင် သိမ်းယူပြီး ၎င်းတို့၏ လွတ်မြောက်နယ်မြေ
အဖြစ် ကြေညာရန်စီစဉ်ထားရှိခဲ့ပါသည်။
သို့ရာတွင် တပ်မတော်မှ ပြင်းထန်သော တုံ့ပြန်မှု
များနှင့် အင်အားစုစည်းပြီး ပြန်လည်တိုက်ခိုက်
ခဲ့ရာ ၎င်းတို့ ယာယီသိမ်းယူနိုင်ခဲ့သည့် စခန်း
အားလုံးကို လက်လွှတ်ခဲ့ရပါသည်။ စစ်ပွဲ ကြာ
လာသည်နှင့်အမျှ ၎င်းတို့ဘက်မှ အထိအခိုက်
အကျအဆုံး ပို၍ ပို၍ များလာခဲ့လေသည်။
မူလရည်မှန်းချက်မှာ ဤစခန်းများကို အပိုင်
သိမ်း၍ အသေထိုင်ထားပြီး ဟိုပန်ကို ခြိမ်း
ခြောက်ရန် ရည်ရွယ်ခဲ့ရင်းဖြစ်ပါသည်။ ထို့ကြောင့်


မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာ ၂၀ ရက်နေ့နောက်ပိုင်း မိ... တပ်မတော်၏ လေတပ်နှင့် ခြေလျင်တပ်... ပေါင်းစစ်ဆင် ရေးများ ပြင်းထန်စွာဆင်နွှဲမှုကြောင့်... ၎င်းတို့ အကျအဆုံးများများလာခဲ့ရာ စစ်မြေပြ... တပ်မှူးများက စခန်းများကို စွန့်ခွာခွင့် တောင်... ခဲ့သော်လည်း ကွပ်ကဲမှုအဖွဲ့က ခွင့်မပြုခဲ့... နောက်ဆုံး အောက်တိုဘာ လကုန်ခါနီးမှ ရိက္ခာ... နှင့် ခဲယမ်းများ ပြတ်လတ်ပြီး အုပ်ချုပ်ထောက်ပံ့... ကိစ္စများ လုံးဝ မဆောင်ရွက်နိုင်တော့မှ စခန်း... များကို စွန့်ခွာ၍ ဇင်းဟင်ဟိုစွမ်နှင့် မိုင်းဓေ... ဘက်သို့ ပြန်လည်ဆုတ်ခွာသွားကြပါသည်။ မူလ... ရည်မှန်းချက်ကို ပြောင်းလွယ်ပြင်လွယ်မရှိ... အသေဆုပ်ကိုင်ခဲ့သဖြင့် ဗကပတို့ လိုအပ်သည်... ထက် အသေအပျောက် များခဲ့သည်ကို တွေ့ရ... သည်။ အကျအဆုံးမှာ ၆၆၄ ယောက်နှင့် ထိခိုက်... ဒဏ်ရာရမှုမှာ ၄၀၈ ယောက်ဖြစ်ရာ ၎င်းတို့... အမာခံတိုက်ခိုက်ရေးအင်အား ၃ ပုံ ၂ ... ကျေပြုန်းသွား ခဲ့သည်ကို တွေ့ရပါသည်။



**...တို့တပ်မတော်အပေါ် သုံးသပ်ချက်**

မိမိတို့တပ်မတော်အပေါ် သုံးသပ်ရာတွင် အား...ချက် အားသာချက်များကို ဗကပနည်းတူ သုံးသပ်...ပါမည်။

**...တပ်များ၏အားနည်းချက်များ**

(က) ရန်သူအင်အား ၄၀၀၀ ခန့် စုဖွဲ့လာသည်ကို သတင်းကြိုတင်ဖော်ထုတ် မရှိခဲ့ပါ။ သတင်းရယူမှု အားနည်းပါသည်။ ရန်သူ တကယ်တိုက်လာမှ ရန်သူ့ရည်ရွယ်ချက်အမှန်ကို သိမြင်ခဲ့ကြပါသည်။

(ခ) တပ်စုစည်းမှုမှာလည်း နှေးကွေးခဲ့သည်။ ကြိုတင်မျှော်မှန်းမှု မရှိခဲ့၍ ရန်သူ အင်ကြီးအားကြီးနှင့် ထိုးစစ်ဆင်လာမှ မိမိတပ်များကို စုစည်းနိုင်ခဲ့ပါသည်။

(ဂ) တိုက်ပွဲအစပိုင်း လက်နက်ကြီးများ ပစ်ခတ်မှုတွင် ရန်သူကို မယှဉ်နိုင်ခဲ့ပေ။ ရန်သူလို ထိထိရောက်ရောက်နှင့် များများစားစား ပစ်ခတ်နိုင်မှု မရှိခဲ့ပါ။ အမြောက်တပ် အကူအညီရခဲ့၍သာ နောက်ပိုင်း၌



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။

(ဃ) လှုပ်ရှားမှုများ လေးလံမှုရှိသည်။ ပေါ့ပေါ့ပါးပါးနှ
သွားလာနိုင်မှုမရှိသောကြောင့် တိုက်စစ်တွ
လည်းကောင်း၊ ခုခံစစ်တွင်လည်းကောင်း၊ လို
စစ်တွင်လည်းကောင်း အထိုင်အထနှေးသဖြ
အောင်မြင် သင့်သလောက် မအောင်မြင်ခဲ့သည်
တွေ့ရပါသည်။

(င) ရန်သူ့ထံမှ စခန်းများ ပြန်တိုက်ရာ မည်သည်
စခန်းများကိုမျှ ချက်ချင်း ပြန်မရခဲ့ပါ။ တိုက်စစ်တွ
ကျဆုံးမှုများပြားမည်ကို စိုးရိမ်မှုကြောင့် ယတိပြ
ချေမှုန်းရေးမလုပ်နိုင်ခဲ့ဘဲ ထိခိုက်ဒဏ်ရာရ
များလာသည်နှင့် ခုခံစစ်ဆင်လာခဲ့သည်ကို တွေ့
ပါသည်။

**မိမိတပ်များ၏အားသာချက်များ**

(က) **လေကြောင်းအကဲသာမှုရှိခြင်း။** ။ မိ
တပ်မတော်၏ အဓိကအားသာချက်
လေကြောင်းအကဲသာမှုဖြစ်၏။ Air Superi-





ity နှင့် Air Supremacy မိမိဘက်မှ အပြည့်ရှိသည်။ ရန်သူ့ဘက်တွင် လေယာဉ်လုံးဝမရှိပါ။ ဤတိုက်ပွဲတွင် အောက်တိုဘာ ၄ ရက်နေ့မှစ၍ ရန်သူသိမ်းပိုက်ထားသော စခန်းများအား ဗင်ပါယာဂျက်တိုက်လေယာဉ်၊ T 33 ဂျက်တိုက်လေယာဉ်၊ PC 6/7 တို့နှင့် ဗုံးကြဲချခြင်း၊ စက်သေနတ်ဖြင့်ပစ်ခြင်း၊ ရဟတ်ယာဉ်များဖြင့် လူနာသယ်လူနာကောက်၊ ရိက္ခာပို့၊ ခဲယမ်းပို့ လုပ်ဆောင်နိုင်ခဲ့ပါသည်။ စခန်းသိမ်းတိုက်ပွဲကြီးများ မဆောင်ရွက်နိုင်မီ တစ်ပတ်ကျော် နှစ်ပတ်အတွင်း ရန်သူကို ခြေလျင်တပ်များမှ ဝိုင်းထား၍ လေကြောင်းမှ အဆက်မပြတ် ထိုးနှက်တိုက်ခိုက်နိုင်ခဲ့ပါသည်။ ဤလေကြောင်းအကဲသာမှုတစ်ခုတည်းနှင့်ပင် တိုက်ပွဲ၏ ရာနှုန်းတစ်ဝက်နီးပါး အောင်မြင်သည်ဟု ဆို၍ ရပါမည်။ သို့ရာတွင် မိမိတို့ဘက်မှ ဗိုလ်မှူးသူရအုန်းခိုင်နှင့် ဗင်ပါယာလေယာဉ်တစ်စီး ဆုံးရှုံးခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(ခ) **အမြောက်ပစ်ကူထိရောက်မှုရှိခြင်း။** ။ မိမိတို့၏ ပစ်ကူပေးမှုအား ခြေလျင်လက်နက်ကြီး များသာမက ၁၀၅ မီလီမီတာ အမြောက်၊ ၅ မီလီမီတာအမြောက်၊ ၆ ပေါင်ဒါအမြောက်၊ ၁၂ မီလီမီတာ စိန်ပြောင်းကြီးများဖြင့် ရန်သူ ဟိုပန်ကောင်းကော်တစ်ဝိုက်မှ အမြောက်စခန်း ဖြင့် ပစ်ခတ်ချေမှုန်း နိုင်ခဲ့ပါသည်။ ထိုအမြောက် ကြီးများဖြင့် ဗကပတို့၏ ခြေလျင်တပ်သုံးလက်နက် ကြီးများကို ဦးနှိမ်နိုင်ခဲ့ ကြောင်း တွေ့ရှိရပါသည်။

(ဂ) **ပူးပေါင်းဆောင်ရွက်မှုရှိခြင်း။** ။ ဤခြူးရွှေ ပန်ကောက်တိုက်ပွဲများတွင် ခြေလျင်တပ်များ သာမက အကူလက်ရုံးဝန်ထမ်းတပ်များ ဖြစ်သော အမြောက်တပ်၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်၊ သံချပ်ကာ တပ်၊ ဆက်သွယ်ရေးတပ်၊ ဆေးတပ်၊ စစ်မြေပြင်အင်ဂျင်နီယာတပ်များ ပါဝင်ခဲ့ပါသည်။ ထိုမျှသာမက ပြည်သူ့ရဲ၊ ပြည်သူ့စစ်၊ သကဆ နှင့် ဒေသခံ အမာခံသတင်းထောက်လှမ်းရေး အဖွဲ့များ ပူးပေါင်းပါဝင် ခဲ့ပါသည်။ တပ်မတော်





မှလည်း ရမခလက်အောက်ခံတပ်များ၊ အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံ တပ်များ၊ အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာတစ်ခု၊ အမှတ် (၇၇) ခြေမြန်တပ်မ ဌာနချုပ်မှ နည်းဗျူဟာတစ်ခုတို့ ပါဝင်ခဲ့ပါသည်။ အားလုံးရန်သူကို လွတ်ထွက်မသွားအောင် ဝိုင်းဝန်းပိတ်ဆို့ချေမှုန်းခဲ့ပါသည်။

(ဃ) **စိတ်ဓာတ်ကောင်းမွန်ခြင်း။** ။ မိမိတပ်များ သည် အဆင့်မြင့်တပ်မှူးကြီးများကိုယ်တိုင် တိုက်ပွဲကို အနီးကပ်ကြီးကြပ်ပြီး လိုအပ်သည်များ လိုလေသေးမရှိ ပံ့ပိုးပေးသဖြင့် စိတ်ဓာတ်ရေးရာ အရ ကောင်းမွန်ခဲ့သည်ကို တွေ့ရပါသည်။ အထူးသဖြင့် ခြူးရွှေစခန်းကို တက်တိုက်ခဲ့သည့် ခမရ (၁၀၉) အနေဖြင့် ဗိုလ်ကြီး သီဟသူရ သူရစစ်မောင်နှင့် ဗိုလ်ကြီးသူရ ဖုန်းစိန်တို့ ကွပ်ကဲ မှုဖြင့် ခြူးရွှေစခန်းအား ၂၀ ရက်နေ့ မနက် ၀၄း၀၀ နာရီမှစ၍ မနက် ၉ နာရီအထိ မတွန့် မဆုတ်စတမ်း အကြိမ်ကြိမ် လုံ့ခွပ်ထိုးတက်



www.burmeseclassic.com

www.burmeseclassic.com



ရောက် တိုက်ခိုက်ခဲ့ပါသည်။ မနက် ၉ နာရီတွင် အရာရှိ ၃ ဦးအပါအဝင် ၃၃ ယောက်ကျဆုံးခဲ့ပါ သည်။ သို့ရာတွင် စခန်းတွင်းသို့ ဝင်ရောက်ပြီး ဘန်ကာ ၃ လုံး သိမ်းပိုက်နိုင်ခဲ့ကာ တပ်ရင်းမှူး ကျဆုံး ထိခိုက်ဒဏ်ရာရသူ များပြားသဖြင့် အခြေအနေကို သုံးသပ်ကာ ပြန်လည်ဆုတ်ခွာ လာရန် အမိန့်ပေးသဖြင့် စခန်းတွင်းရှိ ဗိုလ်ကြီး သီဟသူရ သူရစစ်မောင်နှင့် အဖွဲ့မှ ပြန်လည် ဆုတ်ခွာခဲ့သည်ကို တွေ့ရပါသည်။ ဆက်၍ တာဝန်ပေးပါက ဆက်လက်ပြီး ရန်သူနှင့် လက် တစ်ကမ်းတိုက်နေဦးမည်သာ ဖြစ်သည်။ မိမိတို့ ဆုတ်ခွာလာပြီးနောက် ထိုစခန်းအား လေကြောင်း မှ တိုက်ခိုက်၍ အမြောက်ကြီးများဖြင့် ပစ်ခတ် ချေမှုန်းခဲ့ပါသည်။ ခမရ (၁၀၉) သည် အထိအနိုက် အကျဆုံးများစွာဖြင့် တိုက်ပွဲဝင်မှ ထွက်မသွားဘဲ တိုက်ပွဲပြီးဆုံးသည်အထိ ရန်သူနှင့် မနီးမဝေး မှာပင် အခြေပြု၍ စိတ်ဓာတ်ကောင်းကောင်းဖြင့် ရန်သူကို ဆိုင်ထားခဲ့သည်ကို တွေ့ရှိရပါသည်။





(င) **ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း။** ။ ဤတိုက်ပွဲ စဉ်ကြီးတွင်လည်း ဒေသခံ ကွန်လုံ၊ ဟိုပန်၊ ကွတ်ခိုင်၊ သိန္နီ၊ လားရှိုးဒေသမှ ပြည်သူများက တပ်မတော်ဘက်မှ တစ်ခဲနက်ထောက်ခံအားပေးခဲ့ ကြပါသည်။ လိုအပ်သည့် စားရေရိက္ခာများ ပေးပို့ခြင်း၊ ရှေ့တန်းလက်ဆောင်များပေး ပို့ခြင်း၊ စာသဝဏ်များ ပေးပို့ခြင်းအားဖြင့် စိတ်ဓာတ် ရေးရာအရ ထောက်ခံအားပေးခဲ့ပါသည်။ နောက်ပိုင်းတွင် ရှမ်းပြည်နယ်မှသာမက မြန်မာ တစ်နိုင်ငံလုံးမှ လက်ဆောင်များ ပေးပို့ခြင်းကို တွေ့ရှိရပါသည်။ တရားသောစစ်အတွက် တစ်နိုင်ငံလုံးမှ ထောက်ခံနေကြောင်း သုံးသပ် တွေ့ရှိရပါသည်။

(စ) **အုပ်ချုပ်ထောက်ပံ့မှုပြည့်စုံလုံလောက်ခြင်း။** ။ ခြူးရွှေပန်ကောက်တိုက်ပွဲစဉ်များတွင် မိမိ တပ်မတော်မှ တိုင်းမှူးတပ်မမှူးများ ကိုယ်တိုင် စစ်မြေပြင်ဆင်းကွပ်ကဲခဲ့သည်။ လိုအပ်သည့် ရိက္ခာ၊ ခဲယမ်း၊ ဆေးဝါး လိုလေသေးမရှိအောင်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပေးခဲ့သည်။ လူနာသယ်၊ လူနာရွှေ့ လူနာကောက်ကိစ္စများတွင် ရဟတ်ယာဉ်မျာ အသုံးပြုခဲ့သည်။ ရှေ့တန်းဆေးရုံများ၊ ဆေးဌ စခန်းများ ဖွင့်လှစ်ပေးခဲ့သည်။ အရေးကြီ လူနာများကို လားရှိုးသို့ ရဟတ်ယာဉ်ဖြင့် ပို့၍ လားရှိုးမှ ရန်ကုန်သို့ လေယာဉ်ဖြင့် ပို့ဆောင်ပေ ခဲ့သည်။ ရိက္ခာထောက်ပံ့ရေးအတွက် ရိက္ခာ ထောက်ပံ့ရေး တပ်ခွဲများ ဟိုပန်တွင် ဖွင့်လှစ် ပေးခဲ့သည်။ ဤကဲ့သို့ ဘက်ပေါင်းစုံမှ ပြည့်စုံ အောင် စီစဉ်ပေးထားသဖြင့် မိမိတပ်မတော်ကဲ့သို့ ကောင်းမွန်သော ထောက်ပံ့ပို့ဆောင်ရေးစနစ် မရှိသည့် ဗကပသည် ရေရှည်တွင် တပ်မတော်ကို မယှဉ်နိုင်ဘဲ အရှုံးနှင့် နိဂုံးချုပ်သွားခဲ့ရသည်။ ဗကပတို့ ခွာစစ်ဆင်ခါနီး၌ သူတို့တွင် စားရေ ရိက္ခာကုန်နေပြီဖြစ်ကြောင်း ခြုံးရွှေတစ်ဝိုက်ရှိ ကျေးရွာများ လူတွေထွက်ပြေးကြပြီဖြစ်သဖြင့် ရွာကို မှီခို၍ မရတော့ကြောင်း ကြေးနန်းပို့သည်ကို မိမိစက်များမှ ကြားဖြတ်ဖမ်းယူရရှိခဲ့ပါသည်။





မိမိတို့တပ်မတော်အနေဖြင့် ထောက်ပံ့ပို့ဆောင် ရေးတပ်၊ ခဲယမ်းမီးကျောက်တပ်၊ ဆက်သွယ်ရေး တပ်၊ ဆေးတပ်၊ အင်ဂျင်နီယာတပ် အစရှိသည် ဖြင့် ဖွဲ့စည်းထားပြီးဖြစ်ရာ အုပ်ချုပ်ထောက်ပံ့မှု ကိစ္စမှာ ပြောစရာမရှိလောက်အောင် ပြည့်စုံ လုံလောက်ခြင်းသည် စစ်အောင်ရာသော အကြောင်းကြီးတစ်ပါး ဖြစ်၏။ ဒုတိယကမ္ဘာစစ် အာဖရိက စစ်မြေပြင်တွင် ခဲယမ်းဓာတ်ဆီနှင့် ရိက္ခာပြတ်လပ်၍ ဂျာမန်ဗိုလ်ချုပ်ကြီး ရွမ်းမဲလ် သည် ဗြိတိသျှဗိုလ်ချုပ်ကြီး မောင်ဂိုမာရီကို အရေးနိမ့်ခဲ့ရသည်။ အလားတူပင် ၁၉၄၄ ခုနှစ် အင်ဖာကိုဟီးမားထိုးစစ်၌ အုပ်ချုပ်မှုကိစ္စများကို ကောင်းစွာ တွက်ချက်မထားသဖြင့် ဂျပန်တို့ ဗြိတိသျှဗိုလ်ချုပ်ကြီး ဝီလီယံစလင်းအား အရှုံး ပေးခဲ့ရသည်။ စလင်းကား အဂ်လိပ်ပီပီ အုပ်ချုပ် ထောက်ပံ့မှုကိစ္စကို အလွန်အလေးထားသူ ဖြစ် ၏။ ရေရှည်စစ်ကို မျှော်မှန်းထားသူဖြစ်၏။ ထို့ကြောင့် အုပ်ချုပ်ထောက်ပံ့မှု မပြည့်စုံသော

www.burmeseclassic.com



ဂျပန်တွေကို အုပ်ချုပ်ထောက်ပံ့မှုကိစ္စဖြင့်
ကြိုတင်အနိုင်ယူနိုင်ခဲ့လေသည်။ ယခု ဖြို
ပန်ကောက် တိုက်ပွဲတွင်လည်း အချိန်ကြာ
သည်နှင့်အမျှ အုပ်ချုပ်ထောက်ပံ့မှု မပြည့်စုံသော
ဗကပတို့ တဖြည်းဖြည်း လုံးပါးပါးသွားကြရသည်
ခွာစစ်ဆင်သွားနိုင်၍သာ တပ်လုံးမပြုတ်
အတော်အတန် သက်သာရာရသွားသည်
သုံးသပ်ရပါသည် ခင်ဗျား။

**သင်ခန်းစာဖော်ထုတ်ချက်များ**

(က) **သတင်းရယူမှုလိုအပ်ခြင်း။** ။ ဤတိုက်ပွဲ
တွင်လည်း မိမိတို့ဘက်မှ သတင်းရယူမှုအားနည်း
သည်ကို တွေ့ရပါသည်။ ရန်သူ ၄၀၀၀
ဝင်လာသည်ကို ဘာလုပ်မည်ဆိုသည် တိတိကျ
မခန့်မှန်းနိုင်ပါ။ စခန်း (၅) ခု တစ်ပြိုင်နက်
အတိုက်ခံရမှ ဒါဟိုပန် အရှေ့ခြမ်းတစ်ခုလုံး သိ
ဖို့ပါလားဟု သိခဲ့ရသည်။ စခန်းတွေကျသွား
ပြန်ရအောင် တိုင်းမှူးနှင့် တပ်မမှူးကိုယ်



စစ်မြေပြင်ဆင်း အနီးကပ် ကွပ်ကဲတိုက်ခဲ့ရသည်။ လေယာဉ်တစ်စင်းနှင့် လေသူရဲတစ်ဦး အပါအဝင် လူ (၁၀၀) ကျော် ကျဆုံး၍ (၂၀၀) ကျော် ဒဏ်ရာရခဲ့သည်။ ပေးလိုက်ရသော တန်ဖိုးက မနည်းမနောပါပေ။ ထို့ကြောင့် ရန်သူ့ သတင်းကို ဖက်ပေါင်းစုံမှ ရရှိနေအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်သင့်ကြောင်း သင်ခန်းစာဖော်ထုတ် ရရှိပါသည်။

**ပစ်ကူ၊ စစ်ကူ စီမံချက်များ ဆောင်ရွက်ခြင်း။** ။ ပစ်ကူစစ်ကူစီမံချက်များ ယခုထက်ပိုပြီး ပိုပြင်သင့်ပါသည်။ ရန်သူက မိမိတပ်စခန်းများကို တစ်ပြိုင်နက် ဝင်တိုက်နိုက်သောအခါ စစ်ကူ လွှတ်ပေးရန် ချက်ချင်းအဆင်သင့်မဖြစ်ခဲ့။ ထို့ကြောင့် စခန်းများကျဆုံးသွားခဲ့ရပါသည်။ ပစ်ကူ စစ်ကူ စီမံချက်များ ယခုထက် ပို၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် စီမံထားသင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(ဂ) **ပစ်ခတ်မှုနှင့် ရွေ့လျားမှု ဟန်ချက်ညီရန် လိုအပ်ခြင်း။** ။ မိမိတို့တပ်များ တိုက်စစ်တွင် ရန်သူကို လက်နက်ကြီး နှင့် ဦးနှိမ်ချေမှုန်း ... တိုက်ပွဲဝင်စစ်သည်များ ပစ်ခတ်မှုအောက် ... ဟန်ချက်ညီ လိုက်ပါသွားသင့်ပါသည်။ ပစ်ခတ် ... နှင့် ရွေ့လျားမှုဟန်ချက်မညီသဖြင့် မိမိတို့တန် ... တိုက်စစ်တွင် ခြုရွှေစခန်းကြီးအပါအဝင် က ... ကျဆုံးသွားသော စခန်းများ ချက်ချင်းပြန်မရခဲ့ ... ပစ်ခတ်မှုနှင့် ရွေ့လျားမှု ဟန်ချက်ညီသောကြော ... ကွန်လုံ ရက် (၄၀) တိုက်ပွဲကြီး၌ နောက်ဆုံး ... အဆုံးအဖြတ်ပေးမည့် ဟိုက်ကမ်းပါးတိုက်ပွဲ ... အောင်မြင်ခဲ့သည့် သာဓက ရှိပါသည်။ သို့ဖြစ် ... တိုက်ပွဲဝင်ခြေလျင်တပ်နှင့် လက်နက်ကြီးပစ်ခတ် ... များ ဟန်ချက်ညီသင့်ကြောင်း သင်ခန်း ... ဖော်ထုတ်ရရှိပါသည်။

(ဃ) **ခံစစ်ပီပြင်ရန်လိုအပ်ခြင်း။** ။ ခြုရွှေ ... ကောက် အပါအဝင် အတိုက်ခံရသည့် စခန်း ... ခုအနက် (၄) ခု နာရီပိုင်းအတွင်း ကျဆုံးခဲ့သည် ... မှာ ခံစစ်မပီပြင်သောကြောင့်ဟု ယူဆရပါသည်။ နောင်လိုင်ပါဖန် နှင့် ပို့င့် (၆၀၄၁) တိုက်ပွဲကြီး၌ ဗိုလ်မှူးသိန်းထွန်းတင်သည် ပို့င့် (၆၀၄၁) မှ တပ်ခွဲတစ်ခွဲ အင်အားဖြင့် ရန်သူ (၁၀၀၀) ခန့်အား ရှစ်ရက်ကြာ ခုခံတိုက်ခိုက်သွားပါသည်။ ခံစစ် ပီပြင်ပြီး မြေအနေအထားကို အကျိုးရှိစွာ အသုံး ချခဲ့သောကြောင့် ဤကဲ့သို့ ရက်သတ္တတစ်ပတ် ကျော်ကြာအောင် ခံနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ခံစစ်များကို ပီပီပြင်ပြင်နှင့် ဘက်စုံထောင့်စုံက ရန်သူ့တိုက်စစ်ဒဏ် ခံနိုင် အောင် စီမံဆောင်ရွက်ထားသင့်ကြောင်း သင်ခန်းစာ ဖော်ထုတ်ရရှိပါသည်ခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

## ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောနှင့် ခြူးရွှေပန်ကောက်တိုက်ပွဲကြီး

ခြူးရွှေ ပန်ကောက် တိုက်ပွဲအကြောင်း ရေးလျှင် [illegible]င် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောအကြောင်း ထည့် [illegible] ပြည့်စုံမည်ထင်ပါသည်။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် ရဲဘော်သုံး[illegible]ဖြစ်၏။ လွတ်လပ်ရေးကာလတွင်ဂုဏ်ရင်း တရုတ်ဖြူ [illegible] ချေမှုန်းခဲ့သည့် ၁၉၅၁ ခုနှစ်က ရန်ကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေးတွင်ရင်း စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင် ပြီး တပ်မတော်၌ တိုင်းမှူးအဆင့်ထိ လျင်မြန်စွာ ရာထူး တိုးတက်ရရှိခဲ့သူတစ်ဦး ဖြစ်သည်။

သို့ရာတွင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော ကွန်မြူနစ်ပါတီဝင်ဖြစ်ခဲ့၏။ ၁၉၄၅ ခုနှစ်ကတည်းက ဗက ဗဟိုကော်မတီဝင် ဖြစ်ခဲ့၏။

**Once communist, always communist.**

တစ်ခါ ကွန်မြူနစ်ဖြစ်ဖူးရင် ထာဝရ ကွန်မြူနစ် ဟူသော ဆိုစကားရှိသည်။

ထိုစကား ဟုတ်မဟုတ်တော့ မသိ။ ဗိုလ်မှူးချ ကျော်ဇောကား ၁၉၅၆ ခုနှစ် မြောက်ပိုင်းတိုင်း တိုင်း ဘဝ၌ ဗကပများထံ ထိပ်တန်းလျှို့ဝှက် သတင်းပေါ ကြားမှုကြောင့် အရေးယူခံခဲ့ရသည်။ တပ်မတော်မှ ဒုတိ မှူးကြီးအဆင့် လျှော့ချပြီး ၁၉၅၇ တွင် အငြိမ်းစား ပေးခံရသည်။

အငြိမ်းစားဘဝတွင် အေးအေးမနေဘဲ ဆူး အမျိုး းတွင် ပါဝင်ခဲ့သည်။ ပတ်သက်ခဲ့သည်။ အပေါ်တွင် အကောင်းမမြင်ခဲ့သည့် ဗကပများအပေါ်





နိုင်ဘဲ အခြေအနေပေးရင် ပေးသလို ကူညီခဲ့သည်။

၁၉၇၆ မတ်လ ကျောင်းသားဆူပူမှု အရေးအခင်း နောက်ကွယ်မှ အားပေးကြိုးကိုင်ခဲ့သည်။ အရွယ် တ်နေသည့်သား ကျော်ဇောဦးသည် ထိပ်တန်းကျောင်း ခေါင်းဆောင်တစ်ဦးအဖြစ် ဆူပူမှုတွင် ဦးဆောင် ခဲ့သည်။

၁၉၇၆ ဇူလိုင်တွင် မြို့ပေါ်၌ ဆက်နေပါက အရေး ခံရဖွယ်ရှိသဖြင့် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် ဒေါက်တာလှကျော်ဇော၊ သား ကျော်ဇောဦး၊ သား ကျော်ဇောတို့နှင့်အတူ အရှေ့မြောက်ဒေသသို့ ထွက် ဗကပတို့ထံ တောခိုရောက်ရှိသွားခဲ့လေသည်။

ဗကပတို့က ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောကို သာအားရ ကြိုဆိုခဲ့သည်။ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော ပတ်သက်ပြီး သူတို့အတွက် ရနိုင်သမျှ အမြတ်ထုတ် သည်။

ဦးစွာပထမ ဗကပတို့၏ ရေဒီယို ပြည်သူ့အသံမှ မှူးချုပ်ဟောင်းကျော်ဇော သူတို့ထံ ရောက်လာခြင်းကို ချီးကျူးအမွှမ်းတင်ကာ နေ့စဉ်ရက်ဆက် ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ခဲ့သည်။ ဝါဒဖြန့်ခဲ့သည်။

တပ်မတော်အပေါ် အထင်အမြင်လွဲအောင် အ မျိုးပြောဆိုခဲ့သည်။ မတရား တပ်မှ ထုတ်ပယ်ပစ်သည် စွပ်စွဲခဲ့သည်။ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောအတွက် သူ စိတ်မကောင်းစကားများ ဆိုခဲ့သည်။

ထို့နောက် ဗဟိုကော်မတီဝင်နှင့် ဗဟိုစစ်ကော်မ ဒုဥက္ကဋ္ဌ တာဝန်များပေးပြီး ၁၉၇၇ ခုနှစ် ခြူးရွှေ ကောက် တိုက်ပွဲကြီး၌ စတင်အသုံးချခဲ့လေသည်။

တကယ်ကျတော့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော တပ်မှအနားပေးခံရခြင်းမှာ သူနှင့်ထိုက်တန်သော အပြစ် ဖြစ်ပါ၏။

စာရှုသူများ သိနိုင်ပါရန် ထိုအကြောင်း အပြည့် အစုံကို သမိုင်းမှတ်တမ်းများအား ကိုးကားပြီး အောက် အတိုင်း ဖော်ပြအပ်ပါသည်ခင်ဗျား။

**အောင်မာဃစစ်ဆင်ရေးမှ ဖမ်းဆီးရမိ ဗကပဗဟို၏ စာရွ စာတမ်းများ**

၁၉၅၆ ခုနှစ်တွင်ကား မြန်မာနိုင်ငံတွင် အကြ





နှင့် အရေးပါဆုံးသော ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေး စစ်ဆင်ရေးကြီးကို ဆင်နွှဲခဲ့ပေသည်။ ထို စစ်ဆင်ရေးကြီးသည်ကား "**အောင်မာဃစစ်ဆင်ရေး**"ပင် ဖြစ်သည်။

ထိုအောင်မာဃ စစ်ဆင်ရေးကြီးကို ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့မှစ၍ ပခုက္ကူခရိုင်အတွင်းတွင် ဆင်နွှဲခဲ့ခြင်း ဖြစ်ပေသည်။ ထိုနယ်မြေသည် မြောက်ပိုင်း တိုင်း စစ်ဌာနချုပ် တပ်မဟာ(၁၀)နယ်မြေအတွင်းတွင် ရှိသည်။ ထိုဒေသတွင် သောင်းကျန်းသူ အလံဖြူ ကွန်မြူ နစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီနှင့် ရဲဘော်ဖြူများ၏ အင်အားအများဆုံးနှင့် ဗဟိုဌာနချုပ်များ ထားရှိရာ အခြေခံ ဒေသလည်း ဖြစ်ခဲ့သည်။ သောင်းကျန်းမှုများ စတင်ခဲ့ သည့် အချိန်မှစတင်၍ စစ်ဆင်ရေးကြီး စတင်ခဲ့သည့် အချိန်အထိ သောင်းကျန်းသူများ၏ ဩဇာအာဏာသည် လွှမ်းမိုးနှင့်အများ ဆိုသကဲ့သို့ လွှမ်းမိုးရာ နယ်မြေလည်း ဖြစ်သည့်အပြင် "သုံးပါတီပူးပေါင်းရေး"သေနင်္ဂဗျူဟာ ဆိုင်ရာ အချက်အချာနယ်မြေလည်း ဖြစ်ခဲ့သည်။ ထိုနယ် မြေသည် မြင်းခြံ၊ မိတ္ထီလာ၊ မန္တလေး အပါအဝင်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



(မ)သုံးလုံးနယ်မြေဟုလည်း လူသိများခဲ့ပါသည်။ ထို စစ်ဆင်ရေးကို ထိုစဉ်က တပ်မဟာ(၁၀) တပ်မဟာမှူး ဗိုလ်မှူးကြီးကြည်ဝင်းက ဦးဆောင်ကာ ရန်သူကို ချေမှုန်း တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထိုစစ်ဆင်ရေးကြီးသည် ရန်သူကိုအကြီးအကျယ် ချေမှုန်းနိုင်ခဲ့သကဲ့သို့ အောင်မြင်မှုများလည်း မြောက်မြား စွာရရှိခဲ့သော စစ်ဆင်ရေးကြီး ဖြစ်ခဲ့ရုံမျှမက တပ်မတော် အတွက် အကျိုးအမြတ်ရရှိသော တိုက်ပွဲပေါင်းများစွာကို ဆင်နွှဲနိုင်ခဲ့ပေသည်။ ထိုစစ်ဆင်ရေးမှ ရရှိသည့် အကျိုး အမြတ်သည်ကား တပ်မတော်အတွက် သာမက နိုင်ငံတော် အတွက်ပါ အရေးပါခဲ့ကြောင်း တွေ့ရှိရပါသည်။ အဘယ် ကြောင့်ဆိုသော် ထိုပခုက္ကူခရိုင် အတွင်းတွင် ၁၉၅၆ ခု နှစ်ဆန်းပိုင်းမှ စတင်ဆင်နွှဲခဲ့သော အောင်မာဃ စစ်ဆင် ရေးကြီးအတွင်း တိုက်ပွဲတစ်နေရာမှ ကွန်မြူနစ် ဗဟိုဌာန ချုပ်၏ အဖိုးတန် စာရွက်စာတမ်း အမြောက်အမြားကို သိမ်းဆည်းရမိခဲ့ခြင်းကြောင့် ဖြစ်ပေသည်။ ထိုအထဲတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များသာ ဖတ်ရှုခွင့်ရသော အလွန်အရေးကြီးသည့် ''ထိပ်တန်း





လျှို့ဝှက်'' အဆင့်ရှိ စာဖိုင်တွဲအချို့ ပါဝင်လာခဲ့သည်။ ယင်းတို့အနက်မှ စာတွဲတစ်ခုမှာ ထိုစဉ်က မြောက်ပိုင်း တိုင်း တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်မှူးချုပ်ကျော်ဇောနှင့် ပတ်သက်လျက်ရှိနေသည်ကို တွေ့ရှိရပေသည်။

ထို့ကြောင့်လည်း ထိုစာတွဲများကို သိမ်းဆည်း ရမိခဲ့သည့်တပ်က ကာကွယ်ရေးဝန်ကြီးဌာနသို့ အထူး လျှို့ဝှက်စွာ ပေးပို့ခဲ့လေသည်။ ထိုစာတို့ပါ အကြောင်း အရာများကို ကာကွယ်ရေးဝန်ကြီးဌာနက အချိန်ယူ၍ စိစစ် ကြည့်သောအခါ ဗိုလ်မှူးချုပ်ကျော်ဇောမှာ တပ်မတော် အရာရှိတစ်ယောက်အနေဖြင့် စောင့်စည်းအပ်သော တာဝန် ဝတ္တရားများ လစ်ဟင်းရာရောက်ခဲ့သည်ဟု သံသယ ဖြစ်ဖွယ်ရာအကြောင်းများ တွေ့ရှိခဲ့လေသည်။ သို့ဖြစ် ၍လည်း ထိုကိစ္စကို စနစ်တကျ ဆက်လက်စုံစမ်းသင့် သည်ဟု ယူဆခဲ့သည့်အတိုင်း ၁၉၅၆ ခုနှစ်၊ စက်တင်ဘာ (၂၇)ရက်နေ့တွင် ကျင်းပဆဲဖြစ်သည့် တပ်မတော်တပ်မှူး ကြီးများ ညီလာခံ၌ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းသည် ဗိုလ်မှူးချုပ်ကျော်ဇောအပါအဝင် တိုင်းမှူး



www.burmeseclassic.com

www.burmeseclassic.com



များနှင့် တပ်မဟာမှူးများ အားလုံးကို မိမိရှေ့မှောက်သို့ ခေါ်ယူ၍ ဗိုလ်မှူးချုပ်ကျော်ဇောနှင့်ပတ်သက်သော ထို စာတွဲကို ဖတ်ပြပြီးနောက် ထိုကိစ္စမှာ ကာကွယ်ရေးဦးစီး ချုပ်အနေနှင့် မဆောင်ရွက်လျှင် မဖြစ်သည့် ကိစ္စတစ်ရပ် ဖြစ်ရာ ဗိုလ်မှူးချုပ်ကျော်ဇောအား မြောက်ပိုင်းတိုင်းသို့ ပြန်လည်စေလွှတ်ခြင်းမပြုတော့ဘဲ မိမိကိုယ်တိုင် တာဝန် ယူစုံစမ်းရမည်ဖြစ်ကြောင်း အတိအလင်း အသိပေးကာ စုံစမ်းမှုများ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ကာကွယ်ရေး ဦးစီးချုပ်သည် ထိုစာတွဲပါ ကိစ္စရပ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် ပတ်သက်သော စာရွက်စာတမ်း များ၊ တိုက်ပွဲဝင် မှတ်တမ်းများနှင့် သက်ဆိုင်ရာ တပ်မှူး ကြီး၊ တပ်မှူးငယ်များကိုပါ ခေါ်ယူစစ်ဆေးခဲ့သည်။ ယင်း သို့ စုံစမ်းမေးမြန်းခဲ့ပြီးနောက် ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဝန်ကြီးထံသို့ ၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်စွဲဖြင့် အစီရင်ခံစာ တစ်စောင်ကို တင်သွင်းခဲ့ပါ သည်။

ထိုရန်သူ့ လျှို့ဝှက်စာတွဲပါ အချက်အလက်များ သည် တပ်မတော်အတွက်သော်လည်းကောင်း၊ နောင်





အနာဂတ် နိုင်ငံတော်အတွက်သော်လည်းကောင်း မည်မျှ အန္တရာယ်ကြီးမားကြောင်းကို ထိုအချိန်က ကာကွယ်ရေး ဦးစီးချုပ်မှ ကာကွယ်ရေးဝန်ကြီးသို့ တင်ပြခဲ့သော အစီရင်ခံ စာက ဖော်ညွှန်းနေပေသည်။ ယင်းအစီရင်ခံစာကို လေ့လာ ကြည့်ရှုနိုင်ရန် အောက်ပါအတိုင်း အပြည့်အစုံ ဖော်ပြ လိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

စစ်ဦးစီးချုပ်ဌာန

စစ်ရုံး

အတွင်းစာအမှတ်– ရန်ကုန်မြို့၊ ၁၉၅၇ ခု၊ ဇန်နဝါရီလ ၂၃ ရက်

သို့

ကာကွယ်ရေးဝန်ကြီး၊

ကာကွယ်ရေးဝန်ကြီးဌာန၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊

အကြောင်း။ **ဗိုလ်မှူးချုပ်ကျော်ဇောနှင့် အောင်မာယ စစ်ဆင်ရေးမှ သိမ်းဆည်းရမိခဲ့သော ရွှန်**



www.burmeseclassic.com

www.burmeseclassic.com



မြူနစ်ပါတီ အထူးလျှို့ဝှက်စာတွဲ။

(၁) ဖော်ပြပါစာတွဲတွင်–

(က) ကွန်မြူနစ်ပါတီ၏ နိုင်ငံရေး ဝေဖန်သုံး သပ်ချက်များ ငြိမ်းချမ်းရေးကို နိုင်ငံရေး ပရိယာယ်ဖြင့် နိုင်ငံရေးထိုးစစ်အဖြစ်သုံး ပါတီဝင်အချင်းချင်း အပြန်အလှန် ဆွေး နွေးချက်များ (စာမျက်နှာ–၂၀ မှ ၄၅ အထိ)

(ခ) ကွန်မြူနစ်ပါတီဝင်တို့နှင့် တပ်မတော် အရာရှိအချို့ အဆက်အသွယ်ပြု၍ ဆွေး နွေးချက်တို့ကို အစီရင်ခံထားသည့်စာများ (စာမျက်နှာ– ၁၄၁ မှ ၁၅၃ အထိ) တပ် မတော်အရာရှိတစ်ဦးမှ သခင်ချစ်ထံသို့ ပြန်သည့်စာ (စာမျက်နှာ–၁၄၅) ၎င်းစာမှ ကျွန်တော့်၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(ဂ) ကွန်မြူနစ်ကိုယ်စားလှယ်တို့ ဆွေးနွေး ချက်များကို အစီရင်ခံထားသည့် စာများ (စာမျက်နှာ– ၁ မှ ၂၀ အထိ)



(ဃ) တပ်မတော်ကို သုံးသပ်ဝေဖန်ထားသည့် အချက်များ တပ်မတော်တွင်း အင်အားနှင့် တိုက်ပွဲအချို့ တိုက်ပုံတိုက်နည်းတို့၏ သတင်းများကို တွေ့ရပါသည်။

နိုင်ငံရေးဆွေးနွေးခန်းများကို ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်အနေဖြင့်လည်းကောင်း၊ ကိုကြိုင် အမည်ခံ သခင်သန်းထွန်းထံသို့ ချစ်စိန်အမည်ခံ သခင်ကြီးမြင့် အမည်ဖြင့်လည်းကောင်း၊ ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ ချစ်ပို အမည်ခံသူ အနေဖြင့်လည်းကောင်း ရေးထားသည်ကို တွေ့ရပါသည်။ ချစ်ပို အမည်ခံသူမှာ နာမည်ရင်း မည်သူဆိုတာ မသိပါ။ ၁၉၅၁ ခုနှစ်၊ ဩဂုတ်လလောက်က အကျဉ်းကျနေသူတစ်ယောက် ဖြစ်၍ ထောင်တွင်း ကွန်မြူနစ်တို့၏ ခေါင်းဆောင်ဖြစ်ပြီး ဗဟိုကော်မတီ (Central Committee) တစ်ယောက်ဖြစ်ကြောင်း သိရပါသည်။ ဗိုလ်ကျော်ဇောသည် ထိုအချိန်က အောင်ထွန်း အမည်ခံ သခင်ကြီးမြင့်အား သွားတွေ့သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ထိုချစ်ပိုဆိုသူ၏ ခွင့်ပြုချက်ရမှသာ သခင်ကြ
မြင့်က ဗိုလ်ကျော်ဇောနှင့် တွေ့ကြောင်းကို (
သုံးလုံး နယ်မြေတိုက်ပွဲမှ ရမိခဲ့သော အဖြ
စာတွဲတစ်ခုတွင် ပါရှိပါသည်။ ထိုစာတွဲမှာ (Pol
bureau) အတွင်းရေးမှူး အမည်ဝှက်လေးဆေ
အမည်ရင်း သခင်ဇင်၏ အထူးလျှို့ဝှက်စာ
ဖြစ်ပါသည်။ ထိုအချိန်က ဗိုလ်ကျော်ဇောသည်
အမေရိကန်က အထက်ဗမာပြည်–တရုတ်ပြ
နယ်စပ် (China Border) ကို (Base) တော
ခြင်း၊ တရုတ်–ဗမာ လမ်းတောင်းခြင်း ထိ
(Ledo) လမ်းပြင်ရန် စီစဉ်ခြင်းတို့နှင့် ပတ်သ
၍ မကျေမနပ်ဟု ပြောသည်။ သူ (Waver) [
နေ၍ လာတွေ့သည်ဟု ယူဆသည်။ သူ
မောင်၊ သိန်းဖေ၊ ကျော်စိန်တို့နှင့် ကူး
ဆက်ဆံမှုရှိသည်။ ငွေ ၃၀၀/– ပေးခဲ့သည်။ ငါ
သုံးပစ်ကြသည်။ K.Z က ကိုအောင်ထွန်း
(Burif) ဆရာဂျင်အား K.A.T လက်မှတ်ထိုးလျှ
လွှတ်အောင်လုပ်ပေးနိုင်သည်ဟု ပြောရာ K.A



ညီက K.A.T ဘယ်နည်းနှင့်မှ လက်ခံမည် မဟုတ်ဟု ပြောလိုက်သည်ကို ချစ်ပိုက ၂၅၊ ၂၊ ၅၁ နေ့စွဲဖြင့် အစီရင်ခံထားသည်ကို တွေ့ရသည်။

သခင်ကြီးမြင့်၏ညီ ဆရာဂျင်ကျော်မြင့်အား ခေါ်ယူစစ်ဆေးရာ သခင်ကြီးမြင့် ထောင်မှ မလွတ်ခင် ဗိုလ်ကျော်ဇောနှင့် တွေ့၍ စကားပြောဖူးသော်လည်း ဘာပြောသည်ကို အတိအကျ မမှတ်မိပါ။ စာတွဲပါသည့်အတိုင်း သခင်ကြီးမြင့် လက်မှတ်ထိုးပေးလျှင် လွှတ်အောင်လုပ်ပေးနိုင်သည်ဟု ပြောမပြော မမှတ်မိပါ။ ပြောမိချင်လျှင်လည်း ပြောမိလိမ့်မည် ထင်သည်ဟု ထွက်ဆိုပါသည်။

တပ်မတော်နှင့်ပတ်သက်သောအပိုဒ်တွင် သတင်းအချို့နှင့် ဝေဖန်ချက်အချို့ကို သခင်ကြီးမြင့် တစ်ဦးတည်းအနေဖြင့်လည်းကောင်း၊ ဗိုလ်ကျော်ဇောနှင့် တိုင်ပင်၍သော်လည်းကောင်း ရေးပေးသည်ကို တွေ့ရ ပါသည်။

ဤနေရာတွင် သခင်ကြီးမြင့် ရာဇဝင်ကို အနည်းငယ်ရှင်းပြဖို့ လိုမည်ထင်ပါ၍ ရှင်းပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၁ ခုနှစ် ကျွန်တော် ဝန်ကြီးအဖွဲ့မှ ထွက်…
နောက် ဗိုလ်ချုပ်ကျော်ဇော၏ တောင်းပန်ချက်အ…
အချုပ်ခံနေရသော သခင်ကြီးမြင့်အား ထောင်…
လွတ်ရန် ကူညီဆောင်ရွက်ခဲ့ပါသည်။ ဝန်ကြီ…
သခင်ချစ်မောင် (ထိုစဉ်က ပါလီမံအတွင်းဝန်)…
ကျွန်တော်၏အကူအညီဖြင့် ထောင်မှလွတ်…
နောက် သခင်ကြီးမြင့်သည် ဗိုလ်ကျော်ဇောအိ…
ဗိုလ်ကျော်ဇော မေမြို့ရွှေ့သည်အထိ နေခဲ့ပါသ…
ယခု စာတွဲရပြီးနောက်မှ ဆက်လက်စုံစ…
သခင်ကြီးမြင့်မှာ တပ်ပြေး ဗိုလ်အေးဖေနှင့်အ…
ဖမ်းမိခဲ့သူဖြစ်၍ ၁၉၄၇-၄၈ ခုနှစ်၊ ဆန်…
တို့တွင် ခေါင်းဆောင်တစ်ဦးဖြစ်၍ ကွန်မြ…
ပါတီတွင် အရေးပါအရာရောက်သူ တစ်ယော…
ဖြစ်ကြောင်း သိရပါသည်။ ထောင်တွင်း အကျ…
နေရစဉ်ကပင် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ…
**(Central Committee)** အဖြစ် အခန့်ခံရသ…
ဟု ကြားရခဲ့ဖူးကြောင်း သူကိုယ်တိုင်က ပြ…
ဆိုထားပါသည်။



ဗိုလ်ကျော်ဇောသည် ကွန်မြူနစ်ပါတီ အကျိုးရှိစေမည့် အောက်ပါအချက်များကို ပြုလုပ်သည်ဟု ပါရှိပါသည်။

(က) တပ်များကို လိုသည်ထက်ပို၍ အချို့နေရာများတွင် ထားရှိခြင်းဖြင့် တပ်မရှိသည့်နေရာတွင် ကွန်မြူနစ်ပါတီမှ ဝင်ရောက်စည်းရုံးစေခြင်း။

(ခ) ကျည်ဆန်များ ရန်သူ့လက် ရောက်စေအောင် ကျည်ဆန်ခိုးရောင်းသည့်တပ်များ၊ ကာကွယ်ရေးတပ်များအား မစစ်မဆေးဘဲ ထုတ်ပေးခြင်းအားဖြင့် ရန်သူတွင် ကျည်အားတိုးစေရန်နှင့် တပ်မတော်တွင် ကျည်အားလျော့အောင်လုပ်ခြင်း စသည်တို့ ဖြစ်ပါသည်။ (စာမျက်နှာ-၇၄ မှ စာကြောင်းရေ-၁၆-နောက်-၈၃ မှစ၍ စာမျက်နှာ- ၇၅-စာကြောင်းရေ-၁၂- အဲဒါတွေဟာ သူ့ဘာသာသူ လုပ်တာတွေ အထိ)။



www.burmeseclassic.com

www.burmeseclassic.com



(၅) သခင်ကြီးမြင့်နှင့် တိုင်ပင်၍ အောက်ပါတို
ဆောင်ရွက်သည်ဟု ပါရှိသည်။
(က) တိုက်ပွဲအချို့ကို ဆက်လက်ဖိတို
ရန်သူကျဆုံး၍ ဖရိုဖရဲ ဖြစ်မှာစိုးသ
လက်အောက်အရာရှိတို့၏ ဆက်တို
အကြံပေးချက်ကိုပယ်၍ တိုက်ပွဲမျ
ရပ်စေခြင်း၊ (စာမျက်နှာ–၄၆–အပိုဒ်–
တစ်ခုလုံး၊ စာမျက်နှာ–၄၆–အေ–အ
၄–တစ်ခုလုံး၊ စာမျက်နှာ–၅၃–
ကြောင်းရေ–၁၆ မှ ၂၉ အထိ)။
(ခ) ရန်သူနှင့် ညှိနှိုင်း၍ ရန်သူ အ
စေမည့် လုပ်ငန်းများလုပ်ခြင်း (
နှာ–၇၄–ကြောင်းရေ– ၃–မှ၁၅–အ
(ဂ) ရန်သူအား အကြံဉာဏ်ပေးခြင်း
မျက်နှာ–၆၉–စာကြောင်းရေ–၆–
အထိ)။
(ဃ) ရန်သူအား သတင်းပေးခြင်း။
(င) ကွန်မြူနစ်ပါတီဝင် လျှောက်ခြင်း





မျက်နှာ–၇၈–စာကြောင်းရေ–၇–မှ–၁၄–
အထိ)။
(စ) ကွန်မြူနစ်ပါတီခေါင်းဆောင်မှုဖြင့် လူထု
အုံကြွမှုပြုသည့်အခါ တပ်မတော်သားတို့ပါ
ပါဝင်ဆင်နွှဲအောင် ယခုကပင် တပ်တွင်း
စည်းရုံးသိမ်းသွင်းမှုများလုပ်ရန် (စာမျက်
နှာ–၇၀–အပိုဒ်–၅)
(ဆ) တပ်မတော်တွင် ကျည်အားနည်းစေခြင်းဖြင့်
တိုက်အားလျော့အောင်လုပ်ခြင်း စသည်တို့
ဖြစ်ပါသည်။ (စာမျက်နှာ–၇၄–စာကြောင်း
ရေ–၁၆–မှ၂၄–အထိ၊ စာမျက်နှာ–၇၅–
စာကြောင်းရေ–၆–မှ–၁၀–အထိ)။
အထက်အပိုဒ် ၄–၅ ပါ အချက်များကို ထောက်
လှမ်းစစ်ဆေးရာ အောက်ပါအတိုင်း တွေ့ရ
ပါသည်။
အပိုဒ်–၄ နှင့်ပတ်သက်၍ကား တပ်များကို အချို့
နေရာတွင် လိုသည်ထက်ပို၍ ထားမထား အခိုင်
အမာ အထောက်အထားပြဖို့ရန်မှာ၊ ယခုအချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် အလွန်မှ ခဲယဉ်းပါသည်။ အဘယ်ကြော
ဆိုသော် ထိုအချိန်က ရန်သူ့အင်အား ခန့်မှ
ခြေကို အတိအကျသိမှသာ နယ်တစ်နယ်တွ
ထားသော တပ်မတော်အင်အားသည် လိုသည
ထက် ပိုမပိုကို တွက်ဆနိုင်ပါသည်။ ထိုအချိန်
ရန်သူအင်အား၊ နေရာ စသည့်အခြေအနေ
မှတ်သားထားသော စာရွက်စာတမ်းများ မပြ
စုံပါ၍ မှန်းဆရန် ခက်ခဲခြင်း ဖြစ်ပါသည်။

ဤနေရာတွင် စစ်ရုံးချုပ်နှင့်တကွ လက်အော
ဌာနဆိုင်ရာ ရုံးအဖွဲ့အစည်းတို့၏ ချို့ယွ
ချက်တစ်ခုဆိုလျှင် မများပါ ပြုပြင်ရပါမည်။
အပိုဒ်နှင့် ပတ်သက်၍ပင် နောက်တစ်ချ
ပြောလိုသည်မှာကား တပ်မှူးတစ်ယောက်သည
မိမိရရှိသော သတင်းကိုမှီ၍ မိမိတပ်များ
လှုပ်ရှားစေရပါသည်။ တစ်ခါတစ်ရံ မိမိမှ
မှန်းသလို ရန်သူက မလုပ်ပါက မိမိ၏ တ
တပန်း ကြိုတင်ပြင်ဆင်လှုပ်ရှားမှုများ အလဟ
ဖြစ်ရတတ်ပါသည်။ ထိုအချိန်က တပ်များ မ





လောက်ပါ၍ တစ်နေရာတွင် စစ်ဆင်ရေးလုပ်လျှင် အခြားတစ်နေရာတို့တွင် တပ်အနည်းငယ်သာ ချန်၍သော်လည်းကောင်း၊ အချို့နေရာတွင် လုံးလုံး တပ်ရုပ်၍သော်လည်းကောင်း ထားခဲ့ရတတ်ပါသည်။

ကျည်ဆန် ရန်သူ့ထံရောက်အောင် လုပ်သည် ဆိုသည့်အချက်ကိုလည်း တိတိကျကျပြရန် ခက်ပါသည်။

အပိုဒ်-၅ ပါအချက်တို့နှင့် ပတ်သက်၍လည်း အပိုဒ်ငယ်(ဃ-င-စ-ဆ) တို့မှာ စာတွဲတွင် ဖော်ပြသည်ကို တွေ့ရသည်မှအပ မည်မည်ရရ အထောက်အထားမတွေ့ပါ။ သို့သော် အခြား အပိုဒ်များကို မသက်ဆိုင်သော်လည်း အထောက်အထား အချို့ တွေ့ရ၍ တစ်ခုစီရှင်းပြပါမည်။

အပိုဒ်ငယ်(က) တိုက်ပွဲများ တစ်ပိုင်းတစ်စနှင့် ရပ်သည်ဆိုသည့်အချက်တွင် အိုင်ကလောင် တိုက်ပွဲတွင်တစ်ကြိမ်၊ ဟသ်ာတတိုက်ပွဲတွင် တစ်ကြိမ်၊ တစ်ပိုင်းတစ်စနှင့် တိုက်ပွဲရပ်စေသည်မှာ ပါရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ စစ်ကြွင်း၊ မင်းလှ ကရင်ဝင်စီးပြီး
လုယက်၍ရသည့် ပစ္စည်းများနှင့် စုဝေးနေသော
ကရင်ကို လက်အောက် အရာရှိများက လိုက်တိုက်
လိုသည်ကို ဆွဲထားခဲ့သည်ဟု ပါရှိပါသည်။
အိုင်ကလောင်တိုက်ပွဲတွင် အဆင့်-၄ ဆင့်ဖြ
တိုက်ရန် စီစဉ်ထားရာ ဒုတိယအဆင့်အပြီးတွင်
ကရင်သူပုန် ဖရိုဖရဲ နှစ်ပိုင်းခွဲ၍ ပြေးသည်ကို
တွေ့ရသည်။ လက်ပံတန်းဘက် ဆုတ်သည်
ကျော်မြသန်း (Brigade) မှာ မိမိတပ်များနှင့်
ခုနစ်မိုင် ရှစ်မိုင်ကွာတွင် လူတစ်ထောင်လော
နှင့် စခန်းချနေသည်ဟု သတင်းရသော်လည်း
နောင် လက်ပံတန်းဘက်တွင်ရှိ တပ်များကို
သုံးရမည်ဖြစ်၍ ယခု အနားပေးဖို့လိုသဖြင့် တို
ပွဲကိုရပ်ဟု အမိန့်ပေးပြီး၊ ဒုတိယအဆင့်အပြီးတွင်
တိုက်ပွဲကို ရပ်စေခဲ့ပါသည်။ ထိုအနားပေးထာ
သော တပ်အချို့နှင့်ပင် လက်ပံတန်းဘက်
နောက် တစ်လနီးနီးလောက်အကြာတွင် က
သူပုန်များအား တိုက်ပွဲဆင်သည်ကို တွေ့ခဲ့ရ





သည်။ ဤနေရာတွင် ဗိုလ်ကျော်ဇောသည် တပ်မှူး
အနေဖြင့် ရိုးသားစွာ တကယ်ပင် မိမိရထားသည့်
သတင်းကို အခြေပြုပြီး၊ နောက် ဆင်နွှဲရမည့်
တိုက်ပွဲအတွက် ပြင်ဆင်တာလည်း ဖြစ်နိုင်ပါ
သည်။ သို့သော်လည်း စုဝေးပြီး အစိုင်အခဲနှင့်
ရှိနေသည့် ရန်သူကို မိမိကလည်း တိုက်ပွဲအတွက်
အသင့်ပြင်ပြီး တပ်များရှိလျက်နှင့် ရန်သူအား
ချေမှုန်းနိုင်သည့် အခါကောင်း အခွင့်ကောင်းကို
မယူဘဲ လွှတ်လိုက်သည်မှာ ပေါ်လာသည့် အခွင့်
အရေးကို အမြတ်မထုတ်တတ်သည့် တပ်မှူးရင်
လည်း ဖြစ်ရမည်။ သို့မဟုတ် စာထဲတွင်ပါသည့်
အတိုင်း ရန်သူအကျနာ၍ ပျက်ပြုန်းမှာစိုးသဖြင့်
မိမိတိုက်အားကို ထိန်းပစ် (Brake) ဘရိတ်အုပ်
လိုက်တာလားဟု သံသယဖြစ်စရာလည်း ရှိပါ
သည်။
ဟသ်ာတတိုက်ပွဲနှင့် ပတ်သက်၍ကား ဗိုလ်
ကျော်ဇောက တိုက်ပွဲကို လိုက်၍ တိုက်ရှိန်လျော့
အောင် ထိန်းခဲ့သည်ဟု ပါသော်လည်း ရည်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ချက်များကို အစီအစဉ်အတိုင်း ရခဲ့သည်ကို တွေ့ ရပြီး ကရင်သူပုန်များ အနောက်ရိုးမဘက်သို့ ဆုတ်သွားသည်ကို တွေ့ရပါသည်။ ထိုတိုက်ပွဲကို ဦးဆောင်သော တပ်မှူးအား စစ်ဆေးသောအခါ လည်း မိမိတို့ ရည်မှန်းချက်များရပြီးနောက် ရန်သူ မှာလည်း အဝေးသို့ ရှောင်သွားသဖြင့် လိုက်တိုက် ရန်မလို၍ မလိုက်ခဲ့ပါ။ ထိုတိုက်ပွဲပြီးခါနီး မရွှေ မနှောင်း ဗိုလ်ကျော်ဇော ဟင်္သာတသို့ ရောက် လာခဲ့သည်တွင် ဗိုလ်ကျော်ဇောရှိသည့်အချိန်တွင် ဓနုဖြူဘက်တွင် ကရင်သူပုန် ရှိသည်ကြား၍ တိုက်ရန်လိုက်ကြသော်လည်း ရန်သူမရှိ၍ ပြန်ခဲ့ ရသည်ဟု ထွက်ဆိုထားသဖြင့်၊ ထိုတိုက်ပွဲနှင့်ပတ် သက်၍ စာတွဲပါအချက်မှာ တကယ့်အဖြစ်နှင့် မကိုက်ညီပါ။ စစ်ကွင်း–မင်းလှ ဝင်စီးသော ကရင် သူပုန်ကိစ္စမှာလည်း တပ်မရှိ၍ လိုက်မတိုက်နိုင်ပါ။ သူပုန်ဝင်စီးပြီး နောက်နေ့တွင် လေယာဉ်ဖြင့် ရန်သူအားတိုက်ခြင်း၊ (Carrier) များ မြို့စောင့် ရန်ပို့ခြင်း၊ အမြောက်နှစ်လက်ပို့ခြင်းဖြင့် နောက်





ထပ် အစီးမခံရရန် အကာကွယ်များ ပြုလုပ် သည်ကို တွေ့ရပါသည်။ စာတွဲပါအတိုင်း လက် အောက်အရာရှိများ တိုက်လိုသည်ကို ဆွဲထားရန် မလိုသည်ကို တွေ့ရပါသည်။

အပိုဒ်ငယ်(ခ) ရန်သူနှင့် ညှိနှိုင်း၍ ရန်သူ အရေး သာစေမည့် လုပ်ငန်းများလုပ်သည် ဆိုသည့် အချက်နှင့် ပတ်သက်၍ စာမျက်နှာ–၇၄– စာကြောင်းရေ–၃–မှ–၁၅–အထိကို ဖော်ပြပါမည်။ ဒါပေမယ့် ရဲဘော်တို့နဲ့ (Coordinated action) အဲဒီက လုပ်စေချင်တာကို ခေါင်းဆောင်မှုပေးပြီး လုပ်ရင် အတော်ကို အမြတ်ထွက်မယ်လို့ မြင် တယ်။ သူ ခုအထိ သူ့အထင်နဲ့ သူလုပ်ထားတာ တွေကတော့ (၁)ကဝနယ်တွင် ပါတီစည်းရုံးရေး မရှိ၊ ကဝနယ်မှ အမှတ်(၃) ယူအမ်ပီ(U.M.P) ကို နှုတ်ပယ်လိုက်ရင် ပါတီပြောက်ကျားများက ကျန်နေတဲ့ (B.T.F)ရဲ့ ပုလိပ်ကို ပြောက်ကျား တိုက်ပြီး အားစုနိုင် (ကဝနဲ့ သနပ်ပင်ကို ဖတ်၍) လာမယ့် မှုလိုင်လမှာ ရုပ်မယ်။ ရုပ်နိုင်တာက



www.burmeseclassic.com

www.burmeseclassic.com



ပါတီလှုပ်ရှားမှုကလည်း အဲဒီနေရာမှာ မရှိလို့ဘဲ
အဲဒီတော့ အဲဒီတပ် ရုပ်ဖြစ်အောင် ဖူလိုင်လ
မတိုင်မီမှာ မထိတထိ ပါတီက တိုက်တာမျိုး
ကဝနယ်မှာ အောင့်ထားဖို့လိုမည်။ အဲဒီ (U.M.P)
လည်း တောင်ငူ–ထန်းတပင် ရွှေ့ပစ်ပြီး ထန်း
တပင်နယ်မှာရှိတဲ့ (U.T.F) ကိုဖျက်ပစ်မယ်။
ထန်းတပင်မှာ အစိုးရဘက်က နယ်မချဲ့စေနိုင်
အောင် တပ်ကို လက်ရှိနယ် ထိန်းဖို့လောက်သာ
ထားမယ်။ ဆိုလိုတာက ကဝမှာ ပါတီအခွင့်သာ
စေပြီး၊ ထန်းတပင်မှာ ပါတီကို မထိခိုက်စေဘဲ
အရင်းအတိုင်း သူဖြစ်စေမယ်လို့ ထင်သည်။
တပ်အရွှေ့အပြောင်းများကို ပြန်စစ်ဆေးသော
အခါ အထက်ကအတိုင်း (U.M.P)ကိုရွှေ့၍
(U.T.F) မဟုတ် (U.A.F) ကို ဖျက်ခဲ့သည်ကို
တွေ့ရပါသည်။ နောင် ဖူလိုင်၊ ဩဂုတ်လ
လုပ်မည့်အစီအစဉ်ကို ဇန်နဝါရီလတွင် သခင်ကြီး
မြင့်က သိရသည်ကို တွေ့ရသည်။
အပိုဒ်ငယ်(ဂ)အရ ရန်သူအား အကြံဉာဏ်ပေ





သည့်အချက်နှင့် ပတ်သက်၍ အောက်ပါတို့ကို
တွေ့ရပါသည်။
မြင်းခြံ၊ မန္တလေး၊ မိတ္ထီလာ သုံးခရိုင် (မ)သုံးလုံး
နယ်မြေစစ်ဆင်မှုနှင့်ပတ်သက်၍ သခင်ကြီးမြင့်၊
ဗိုလ်ကျော်ဇော (ဖိုးတေ အမည်ခံ၍) တို့အနေဖြင့်
အကြံဉာဏ် အောက်ပါအတိုင်းပေးသည်ကို တွေ့
ရပါသည်။ (စာမျက်နှာ–၆၉–စာကြောင်းရေ–၆–
မှ–၁၅–အထိ)။
နောက်ပြီး အရေးကြီးတာက ဒီပွဲမှာ ငါတို့ကို
အစိုးရက အားစမ်းကြည့်တဲ့သဘောပါ။ ရည်ရွယ်
ချက်ကြီး တစ်ခုဆိုတာ ရဲဘော်တို့ အထူးသိဖို့
လိုတယ်။ ချေမှုန်းလွှတ်နိုင်တဲ့ အင်အားရှိဦး
ချေမှုန်းသင့်မသင့် အထူးစဉ်းစားသင့်တယ်။ ဖိုးတေ
သဘောကတော့ ရန်သူက အထင်ကြီးသွားတာကို
မမြင်စေလိုဘူး။ ဒီ (Campaign) ကို ကြည့်ပြီး
ရေရှည်အတွက် စဉ်းစားကြည့်ရန် အစိုးရတစ်ဖွဲ့
လုံးက စောင့်ကြည့်နေကြမှာပဲ။ နိုင်ငံရေးအမြင်
(Strategy) နဲ့ကြည့်ပြီး ကောင်းတာလုပ်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာကို အစိုးရက ပထမဧရိယာလို့ သတ်မှတ်ပြီး စမ်းတာပဲ။

စာတွဲပါ အထက်ပါ အပိုဒ်အရဆိုလျှင် သခင်ကြီးမြင့်အနေနှင့် တိုက်ပွဲအစီအစဉ် သတင်းရပြီးနောက် ဗိုလ်ကျော်ဇောနှင့် တိုင်ပင်ပုံ ပေါက်နေပါသည်။ ဗိုလ်ကျော်ဇောကလည်း သတင်းပေါက်ကြားမှုကို သိသော်လည်း မိမိသိသည်ကို ဝှက်ထားရုံမက အကြံဉာဏ်ပင် ပေးလိုက်ပုံ ပေါက်နေပါသည်။ အခြားစာတွဲ တစ်နေရာတွင်လည်း (စာမျက်နှာ–၄၈–စာကြောင်းရေ–၁–မှ–၈–အထိ)။

ကိုလှမြင့်(ဗိုလ်ကျော်ဇော အခြားနာမည်ဝှက်)နှင့်တွေ့တော့ အစိုးရက ဆန်ကအမြတ်နဲ့ အခွန်အကောက်များမှ အများကြီး ဘဏ္ဍာရေး တောင့်နေသည်။ စပါးကို ကျွန်တော်တို့နယ်က စိုက်ပေးဈေးပေါပေါနဲ့ရောင်း။ အစိုးရက အမြတ်ထုတ်နိုင်ငံခြားတင် အစိုးရကမြတ် အဲဒီငွေနဲ့ ကျွန်တော်တို့ ပြန်နှိပ်ဖြစ်နေသည်ဟု ဆိုသည်။ အဲဒ





ဘယ့်နှဲ့လုပ်မလဲလို့ မေးသည်။ အစိုးရလက်ထဲရောက်ပြီးသား ဆန် မီးရှို့ပစ် မကောင်းဘူးလား။ ကျွန်တော်တို့နယ်မှ စပါးလျှော့စိုက်ပြီးနေရင် ဘယ့်နှဲ့လဲ စသဖြင့် မေးသည်။

အထက်ပါ အချက်တို့နှင့်ပတ်သက်၍ ဗိုလ်ကျော်ဇော ထွက်ဆိုချက်မှာ သခင်ကြီးမြင့်အား(**B.I.A**) ခေတ်ကပင် လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေနှင့်လည်းကောင်း၊ မိမိလက်အောက် (**B.I.A**) အရာရှိတစ်ဦးအနေဖြင့် လည်းကောင်း၊ သိကျွမ်းခဲ့ပြီး (**B.I.A**) မှ (**B.D.A**) သို့ ကူးပြောင်းသောအခါ ဗိုလ်ချုပ်အောင်ဆန်း ညွှန်ကြားချက်အရ တပ်တွင်းသို့ သခင်ကြီးမြင့်အား ပြန်လည်မပါဝင်စေဘဲအပြင် နိုင်ငံရေးနယ်တွင် နေစေရန် ဗိုလ်ကျော်ဇောက စီစဉ်ခဲ့ပါသည်။ သခင်ကြီးမြင့်တပ်ပြင်လောကတွင် ကသီလင်တနှင့် နေရရုံမကထောင်တွင်းအကျဉ်းကျနေသည်တို့မှာ မိမိတွင်တာဝန်မကင်းဟု ဗိုလ်ကျော်ဇောအနေဖြင့် ယူဆသည့်အတွက် သခင်ကြီးမြင့်အား နိုင်ငံရေးစွန့်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပါက ထောင်မှထုတ်၍ အပြင်တွင် ဆေး
ဆေးစွာနေလိုက နေနိုင်ရန် စီစဉ်ခဲ့ရာ ဝန်ကြီး
သခင်ချစ်မောင်နှင့် ကျွန်တော်တို့ အကူအညီဖြ
ထောင်မှလွှတ်ခွင့် အထမြောက်ခဲ့ပါသည်။ ၎င်
နောက် သခင်ကြီးမြင့်အား မိမိ မြောက်ပိုင်းတို
သို့ ပြောင်းသည်အထိ မိမိအိမ်မှာပင်ထား၍
ဆေးဝါးကုသပေးခဲ့ပါသည်။ ထိုအတောအတွ
တွင် နိုင်ငံရေးနှင့် ပတ်သက်၍ တိတိကျ
မဟုတ်ဘဲ၊ ကျပန်း အတော်များများ ဆွေးနွေးခဲ့
သည်။ ဘာတွေ ဆွေးနွေးသည်ကို မမှတ်မိတေ
ပါ။ ရွေးကောက်ပွဲနှင့် ပတ်သက်၍ သခင်ကြီးမြ
က သနပ်ပင်နယ်မှာ သူ ဩဇာညောင်းသောန
ဖြစ်၍ ထိုနယ်မှ အမတ်အဖြစ် အရွေးခံလိုကြော
ပြောရာ ဗိုလ်ကျော်ဇောက ခင်ဗျား အမ
အရွေးခံခြင်းအားဖြင့် နိုင်ငံရေးနယ်သို့ ပြန်ဝင်
ကျွန်တော် (ဗိုလ်ကျော်ဇော) အဖို့ မကော
ကျွန်တော့်အပေါ် သံသယဖြစ်စရာ အကြောင်
သည်ပြောသဖြင့် အမတ် အရွေးခံရန် အကြ





စွန့်လွှတ်ခဲ့ရသည်။ စစ်ရေးနှင့် ပတ်သက်၍ကား အင်းစိန်တိုက်ပွဲ၊ တောင်ငူတိုက်ပွဲ၊ ဗိုလ်မောင်မောင်တို့ ရန်သူ့လက်တွင်းမှ ကယ်ဆယ်ရန် ဆင်နွှဲခဲ့သည့် တိုက်ပွဲတွေနှင့် ပတ်သက်၍ အတော်အသေးစိတ်ဆွေးနွေးခဲ့ရာ သခင်ကြီးမြင့်အနေနှင့် စစ်နှင့်ပတ်သက်ပြီး အမြင်ကျယ်လာ၍ အတော်ပညာတိုးပုံပေါက်ပါသည်။

ကွန်မြူနစ်ပါတီဝင် မလျှောက်ပါ။ ကွန်မြူနစ်ပါတီသို့ သတင်းလည်း မပေးပါ။ အကြံဉာဏ်လည်း မပေးပါ။ စာတွဲပါအချက်ဖြင့် အချို့ကို ဖတ်ပြရာ ဗိုလ်ကျော်ဇောက ထိုအချက်များနှင့် ပတ်သက်၍ စာတွဲမှာ ပါသလို မိမိ ဘာမျှမလုပ်ရပါ။ သခင်သန်းထွန်းက သူ့ထံ စာရေးဖူးသည်ကိုပင် ကျွန်တော်အား အသိပေးဖူးကြောင်း ပြောပါသည်။ တကယ်လည်း ကျွန်တော်အား အသိပေးဖူးပါသည်။ သို့သော်-

စစ်ဆင်ရေးအမိန့်များနှင့် ပတ်သက်သည့် စာတွဲများကို မိမိအိမ်သို့ ယူဆောင်အလုပ်လုပ်ရှေ့ရာ

www.burmeseclassic.com



တစ်အိမ်တည်းတွင်နေသော သခင်ကြီးမြင့်က နှ
ဖတ်ပြီး မိမိ (သခင်ကြီးမြင့်) အား ကွန်မြူနစ်ပါတီ
အထင်ကြီးအောင်လုပ်တာ ဖြစ်နိုင်ပါသည်ဟု
ထွက်ဆိုပါသည်။

အိုင်ကလောင်တိုက်ပွဲ ကဝ–သနပ်ပင်မှ (U.M.F
အပြောင်းအလွဲ (U.A.F) ဖျက်သိမ်းသည်တို့
ပတ်သက်၍ အမေးကို နှစ်အတော်ကြာခဲ့ပြီးဖြစ်
မမှတ်မိပါ။ စာရွက်စာတမ်းများ လေ့လာပြီး
ဖြေရပါစေဟု ခွင့်တောင်းပါသည်။

(၈) သခင်ကြီးမြင့်အား အကျဉ်းခံရစဉ် ဗိုလ်ကျော်
အဆက်အသွယ်ပြုသည်မှစ၍ ယခုတစ်ဖန် အဖ
ခံရသည်အထိ အနေအထိုင် အလုပ်အကိုင်တို့
စာဖြင့်ရေးပေးရန် ခိုင်းရာ ပူးတွဲပါအမှတ်(က)
(ခ)တို့ အတိုင်း ဖြစ်ပါသည်။ ဤစာများ
ရေးမည်လုပ်လိုက် စဉ်းစားလိုက်နှင့် အတော်ကြာ
သခင်ကြီးမြင့်က ပေးပါသည်။ ရွေးကောက်ပွဲနှ
ပတ်သက်၍ အပိုဒ်ကိုကား ဖော်ထုတ်၍မေး
စာပါအတိုင်း ဖြေပါသည်။



အားလုံးကို ပြန်လည်သုံးသပ်ပါက–

(၁) ယခု ပူးတွဲတင်ပြသော စာတွဲသည် အောင်မာယ စစ်ဆင်ရေးမှ ဖမ်းဆီးရမိခဲ့ပါသည်။

(၂) စာတွဲပါအပိုဒ်အချို့မှာ သခင်ကြီးမြင့်က **(Signal)** ဖြင့် ပို့သည်။

(၃) ထိုအပိုဒ်များမှ တပ်မတော်နှင့် ပတ်သက်သောအပိုဒ်အချို့တွင် ဗိုလ်ကျော်ဇောထံမှ သတင်းအနေနှင့်လည်းကောင်း ရယူ၍ ပို့သည်။

(၄) စာတွဲပါ အချက်တို့မှာ တကယ့် အဖြစ်အပျက်တို့နှင့် ကိုက်ညီတာလည်းရှိသည်။ ကွဲလွဲတာလည်း ရှိသည်။

အထက်ပါ သုံးသပ်ချက်များကို ဥပဒေမျက်စိ သက်သက်ဖြင့် ကြည့်ပါက စာတွဲကို **(Signal)** ဖြင့်ပို့သည်ကို တစ်ဖက်က ဖမ်းယူရာ သခင်ကြီး မြင့်လက်ရေးကို စာထဲတွင် မတွေ့နိုင်ပါ။ သို့သော် ပေးပို့သူသည် ထောင်မှလွတ်လာသူဖြစ်ကြောင်း၊ ခါးနာရောဂါရှိသူဖြစ်ကြောင်း စသည်ဖြင့် သခင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမြင့်ဟု ယူဆနိုင်သော အချက်အချို့ကို တွေ့
ရရာ၊ သခင်ကြီးမြင့်က ပို့တာပဲဟု တစ်ထ
မယူဆနိုင်သည့်တိုင်အောင် သခင်ကြီးမြင့်ကပို့
ဖြစ်နိုင်သည့်အချက်များ တွေ့ရပါသည်။ သ
ပို့ခြင်း၊ ဆွေးနွေးအကြံပေးခြင်း ပြုသည်ဆို
မှာလည်း၊ စာတွဲပါအချက်အချို့နှင့် တပ်တွ
ဖြစ်ပျက်ဆောင်ရွက်သည့် အချက်အချို့တို့ ကို
ညီသော်လည်း ဗိုလ်ကျော်ဇောအပေါ် လုံးလုံး
နိုင်လောက်သော အထောက်အထား ပြည့်ပြ
ဝဝ မရှိသည့်တိုင်အောင် သံသယတော့ မ
စရာဖြစ်နေပါသည်။ အထူးသံသယ ရှိရသ
အချက်မှာကား တိုက်ပွဲမှ သခင်ကြီးမြင့်ကို ဗို
အေးဖေနှင့်အတူ ဖမ်းမိခဲ့ရာ၊ ဤမျှကြီးသေ
အပြစ်ကိုပြုထားသည့် သခင်ကြီးမြင့်အား ပေ
ဆဆ ထောင်မှလွတ်အောင် လုပ်ခဲ့သည့်အ
ပင် ဖြစ်ပါသည်။ ဗိုလ်အေးဖေအား စစ်တရား
အပြစ်ထင်ရှား၍ သေဒဏ်ပေးခဲ့ပါသည်။ သ
ကြီးမြင့်မှာကား အဘယ်အကြောင်းကြောင့် မ





အစိုးရအား ခုခံတိုက်ခိုက်ခဲ့သည့်အတွက် တိတိ
ကျကျ အရေးယူခံရခြင်းမရှိဘဲ၊ ပုဒ်မ(၅)ဖြင့်သာ
ထောင်တွင်းတွင် အကျဉ်းခံနေရသည်ကို တွေ့ခဲ့
ရပါသည်။ ကျွန်တော်အား သခင်ကြီးမြင့် ထောင်
ကလွတ်အောင် အကူအညီတောင်းစဉ်ကလည်း
အခြားပုဒ်မ(၅)ဖြင့် အဖမ်းခံရသည့် သာမန် နိုင်ငံ
ရေးသမားအနေဖြင့် တင်ပြ၍သာ အကူအညီပေး
ခဲ့ခြင်းဖြစ်ပါသည်။ ဗိုလ်ကျော်ဇောသည် တာဝန်
ရှိသည့် အရာရှိတစ်ယောက်အနေနှင့် ထိုမျှအပြစ်
ကျူးလွန်ထားသူကို တိတိကျကျအရေးယူအောင်
ဖန်တီးသင့်ပေသည်။ ယခုသော်ကား ဤသို့
မပြုသည့်အပြင် ထောင်မှလွတ်အောင် ကူညီခဲ့
ပေသည်။ သခင်ကြီးမြင့်အား သံယောဇဉ်ကြီး၍
ကူညီခဲ့သည်ဟု အဆိုရှိရာ သောင်းကျန်းသူတို့နှင့်
အသက်စွန့်ပြီးတိုက်နေသည့် တပ်မတော်မှ
ရဲဘော်ရဲဘက်တို့ အပေါ်တွင်ရှိသည့် သံယောဇဉ်
ထက် ပိုမိုကြီးမားပုံပေါက်နေပါသည်။ ဤနေရာ
တွင်ကား ဗိုလ်ကျော်ဇော အပြုအမူသည် တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ရှိသူတစ်ယောက်၏ အပြုအမူမဟုတ်ကြော…
ထင်ရှားနေပါသည်။

(၁၁) သို့သော် ကာကွယ်ရေးဌာနအနေဖြင့် ကြည့်ပါ… တိုက်ပွဲအချို့နှင့် ပတ်သက်၍ မပြတ်သား… သံတင်းပေါက်ကြားမှုရှိခြင်းတို့မှာ မငြင်းနိုင်… သတင်းပေါက်ကြားမှုနှင့် ပတ်သက်၍ကား သ… ကြီးမြင့် မိမိအိမ်ပေါ်တွင် လက်ခံထားခိုက်၊ … တွင်ပါ အပိုဒ်များ အဆိုအတိုင်း ဗိုလ်ကျော်… အနေဖြင့် ကွန်မြူနစ်ပါတီ အရေးသာစေရန် စိ… ရောကိုယ်ပါ ဆွေးနွေးပေါက်ကြားစေခြင်းလည်း… ဖြစ်နိုင်ပါသည်။ သို့မဟုတ် သခင်ကြီးမြင့်အကြ… လိမ္မာပါးနပ်စွာ လှည့်ပတ်မေးသည်တို့ကို ဖြေ… ဖြင့် မနောက် စိတ်အားဖြင့် မပါသော်လည်း… ဝစီကံမြောက် နှုတ်ဖြင့်မပြောသင့်သည်တို့… ပြောပြလိုက်ခြင်းဖြင့် သတင်း ပေါက်ကြား… ဖြစ်စေနိုင်ပါသည်။ တစ်ဖန် ဗိုလ်ကျော်ဇော အ… ခံခဲ့သလို မိမိစာတွဲများ အိမ်ယူလာခိုက် ခိုးဖတ်… ကူးယူမှတ်သား တစ်ဆင့်ကမ်းခဲ့သည်ဆိုလျှ…





လည်း တာဝန်ပေါ့လျော့သည်မှာ မငြင်းနိုင်ပေ။ အထူးသဖြင့် ကွန်မြူနစ်အယူအဆ ရင့်သန်သူ တစ်ဦး မိမိအိမ်ပေါ်ရှိခိုက်တွင် အပြောအဆို စောင့်စည်းမှုရှိရမည်။ စာရွက်စာတမ်းများ၊ အထူးသဖြင့် တိုက်ရေးခိုက်ရေး စာတမ်းတို့ကို လုံလုံခြုံခြုံ သိမ်းထားရမည်။

(၁၂) နိဂုံးချုပ်အကြံပေးချက်

(က) ကြီးမားသော တာဝန်ကို အချက်အချာကျသောနေရာမှ ထမ်းဆောင်နေရာ ဗိုလ်ကျော်ဇောသည် ကွန်မြူနစ်ပါတီသို့ စိတ်ညွတ်နေပြီး ကွန်မြူနစ်ပါတီ အကျိုးရှိစေမည့် အလုပ်တွေကို လုပ်နေသည်ဟု ခိုင်ခိုင်မာမာ အထောက်အထား မပြနိုင်သော်လည်း သံသယဖြစ်စရာအချက်တွေလည်း ရှိသဖြင့် တပ်မတော်တွင် ဆက်လက်တာဝန်ယူခိုင်းရန် မသင့်တော်ပါ။ အကယ်၍ လိမ္မာပါးနပ်စွာဖြင့် အတွင်းမှ အခါအခွင့်ရတိုင်း ရန်သူအားပေးသည့် အလုပ်များ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေပါက တပ်မတော်နှင့် တိုင်းပြည်...
ဥပါဒ် အကြီးအကျယ် ရောက်နိုင်...
အန္တရာယ်ပြုရန် အလားအလာရှိသည့်...
ပယ်ရမည်ဖြစ်ပါ၍ ဗိုလ်ကျော်ဇောအ...
တပ်မတော်တွင် ဆက်လက် တာဝန်မ...
သင့်တော့ပါ။

(ခ) ကျွန်တော်သည် တပ်မတော်အကြီးအ...
အနေဖြင့် ကျွန်တော့် ယူဆချက်၊ ထော...
ခံချက်ကို အထက်ပါအတိုင်း ပေးပါသည်...
သို့သော် ပိုမိုမျှတစေရန်နှင့် ပိုမိုတိကျ...
ရန် ခုံရုံးဖွဲ့၍ ထပ်မံစစ်ဆေးရန် အကြ...
ပေးပါသည်။

(ဂ) ခုံရုံးအဖွဲ့က ဆုံးဖြတ်ချက်ပေးသည့်အခါ...
တွင် အပြစ်လုံးဝမရှိဟု ကျွန်တော့်အယူ...
အဆနှင့် သဘောကွဲလွဲချင်းလည်း ကွဲလွဲ...
ပေလိမ့်မည်။ တူညီမှု ရှိခြင်းလည်း ရှိပေ...
လိမ့်မည်။ ကျွန်တော် ယူဆသည်ထက်ပို၍...
အပြစ်ကြီးလေးသည်ဟူ၍လည်း ယူဆ...





ယူဆပေလိမ့်မည်။ မည်သို့ပင် အဆုံးအဖြတ်ပေးစေ၊ ဗိုလ်ကျော်ဇောအား အရေးယူသည့်အခါ သူ၏နောက်ကြောင်းက ဆောင်ရွက်ခဲ့သည့် အချက်အလက်တို့ကို ငဲ့ညှာထောက်ထားပါရန် အကြံပေးပါသည်။

ပုံ
**(ဗိုလ်နေဝင်း)**
ဗိုလ်ချုပ်မှူး
ဗမာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

အထက်တင်ပြပါစာကို စေ့စပ်သေချာစွာ လေ့လာ
...ကြည့်ရှုမည်ဆိုပါက တပ်မတော်ကိုလည်းကောင်း၊ နောင်
...နာဂတ် နိုင်ငံတော်ကိုလည်းကောင်း၊ အရောင်ခြယ်ကာ
...ည်းမျိုးစုံဖြင့် ဖြိုခွဲဒုက္ခပေးတော့မည့် ပုဆိန်ရိုးတစ်ချောင်း
...ရုပ်ကို ပီပြင်စွာ မြင်တွေ့ကြရမည်ဖြစ်ပါသည်။ သာဓက
...ဖြင့် သခင်ကြီးမြင့်၏ စာပါအကြောင်းအချက်များအရ
...ချုပ်ကျော်ဇောသည် ကွန်မြူနစ်ပါတီဝင်အဖြစ်ပင်
...ကခဲ့ဖူးကြောင်းကို ဖမ်းဆီးရမိစာတွဲ၊ စာမျက်နှာ ၅၈၊



www.burmeseclassic.com

www.burmeseclassic.com



စာကြောင်းရေ ၁၄ မှစ၍ အောက်ပါအတိုင်း ဖော်ပြထား ချက်က သက်သေခံလျက် ရှိနေပါသည်။

''ဘိုးတေ (ဗိုလ်မှူးချုပ်ကျော်ဇော၏ အမည်ရင်း) ကို ပါတီဝင်အဖြစ် အဆင့်ဆင့် စနစ်တကျပေးရေး ကလာပ်စည်းမရှိဘဲ ဘယ်လို သူ့ကိုထားမယ်ဆိုတာရယ် နာမည်ပြောင်(လှမြိုင်) ကို လက်ခံဖို့ ပါတီကြေးပေး အပြင် အခြားအချက်များကို ညွှန်ကြားပါ။ သူက ပစ္စည်း ဘဝကို ခံယူနိုင်တယ်ဆိုပေမယ့် အယူအဆ ဆက်ပြင်ရ ရဦးမှာပဲ။ ဒါပေမဲ့ ပါတီဝင်ဘဝကိုလည်း သူက လိုလို ချင် တောင်းတာကို ပေးသင့်သေးတယ် မဟုတ်လား အလုပ်အားဖြင့် စည်းကမ်းအားဖြင့် ပိုချုပ်ကိုင်နိုင် မဟုတ်လား။ အမြန်အကြောင်းပြန်ပါ''

ထိုအချက်သည် မျက်မှောက်ခေတ် အခြေအနေ များနှင့် လာရောက်ထင်ဟပ်နေကြောင်း တွေ့ရှိနေရ ပြီ။ ထို့ကြောင့်လည်း ထိုအချိန်က ဆင်နွှဲခဲ့သော ''အော မာဃ စစ်ဆင်ရေး''သည် စစ်ရေးအရ အောင်မြင်မှု များစွာကို ရရှိလိုက်သကဲ့သို့ နိုင်ငံရေးအရလည်း ဗမာ ကွန်မြူနစ်ပါတီ၏ ''ရေရှည်စစ်''ကို ခါးလယ်မှ ရိုက်





ချိုးထုတ်လိုက်နိုင်သော စစ်ဆင်ရေးကြီးတစ်ရပ် ဖြစ်သည် ဟု ဆိုရပေမည်။

မျက်မှောက်ခေတ်တွင်လည်း ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော အပါအဝင် ဗသိန်းတင်နှင့် ဗကပ အပေါင်းပါ တို့သည် ၎င်းတို့၏ ရေရှည်စစ်ကို ဆက်လက်ဆင်နွှဲနိုင်ရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်ထံသို့လည်းကောင်း၊ သမီးဖြစ်သူ ဒေါ်အောင် ဆန်းစုကြည်ထံသို့လည်းကောင်း စာဖြင့် ရေးသားဆက် သွယ်ကာ ကြိုးပမ်းခဲ့ကြသေးသည်ကို တွေ့ကြရပြန်ပါသည်။ ထိုအကြောင်းနှင့်ပတ်သက်၍လည်း နိုင်ငံတော် ငြိမ်ဝပ် ပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) က ၈ ရက်နေ့တွင် ပြုလုပ်ခဲ့သော အထူးသတင်းစာ ရှင်းလင်းပွဲ၌ အကျယ်တဝင့် ရှင်းလင်းခဲ့ပြီး ဖြစ်ပေသည်။ ထိုရှင်းလင်းချက်များနှင့် ဆက်စပ်ကြည့်မည်ဆိုပါက ထိစဉ် က ၎င်းတို့၏ အလှမ်းကျယ်ခဲ့ပုံကို မြင်တွေ့နိုင်မည် ဖြစ်ပေ သည်။

သို့တိုင်အောင် ကာကွယ်ရေးဦးစီးချုပ်သည် ထိုစဉ် က တင်ပြခဲ့သော ၎င်း၏ အစီရင်ခံစာတွင် တွေ့ရှိချက်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ချက်ချင်းအရေးယူ ဆုံးဖြတ်ပေးရန် ကာကွယ်ရေး
ဝန်ကြီးအား မတိုက်တွန်းရုံမျှမက လွှတ်လပ်စွာ ထပ်မံ
စုံစမ်း၍ ကာကွယ်ရေးဝန်ကြီးအား အကြံပေးနိုင်မည့် အဖွဲ့
တစ်ခုကို ကာကွယ်ရေးဝန်ကြီး၏ဆန္ဒအတိုင်း ဖွဲ့စည်းကာ
၎င်းအဖွဲ့၏အစီရင်ခံချက်ကို ကြားနာပြီးမှ အဆုံးအဖြတ်
ပေးရန် ပန်ကြားခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့အပြင်
ယင်းကဲ့သို့ ကာကွယ်ရေးဝန်ကြီးအား အကြံပေးမည့်အဖွဲ့
၏ စုံစမ်းရရှိချက်များသည် မိမိအယူအဆနှင့် သဘော
ကွဲလွဲခြင်း၊ တူညီခြင်းများရှိလာမည် ဖြစ်သည့်အပြင် ပို၍
အပြစ်ကြီးလေးသည်ဟုလည်း ယူဆကောင်း ယူဆနိုင်
မည်ဖြစ်ကြောင်း၊ မည်သို့ပင် အဆုံးအဖြတ်ပေးစေကာမူ
ဗိုလ်မှူးချုပ်ကျော်ဇောအား အရေးယူသည့်အခါ သူ၏
နောက်ကြောင်းက ဆောင်ရွက်ခဲ့သည့်အချက်အလက်တို့
ငဲ့ညှာပါရန်ကိုပင် ပန်ကြားထားခဲ့ကြောင်းလည်း တွေ့ရ
သည်။ မည်သို့ပင်ဆိုစေ ကာကွယ်ရေးဦးစီးချုပ်၏ တွေ့ရှိ
ချက်များအရ ဗိုလ်မှူးချုပ်ကျော်ဇောသည် စစ်ဌာနချုပ်
(စစ်တိုင်းမှူး) တစ်ဦးအနေဖြင့်လည်းကောင်း အရာရှိ
အကျင့်သိက္ခာကျင့်ဝတ်တို့နှင့် မလျော်စွာပြုမူခဲ့ကြောင်း





...ကြည့်ရန် အထောက်အထားများ ရရှိပြီးဖြစ်သည့်အတွက်
၁၉၅၇ ခုနှစ် ဖေ့ဖော်ဝါရီလ ၂၃ ရက်နေ့မှာပင် မြောက်ပိုင်း
...တိုင်း စစ်ဌာနချုပ်မှူးအဖြစ်မှ ရာထူးချထားခဲ့သည်။
စစ်ဘက်စည်းမျဉ်း ဥပဒေများအရလည်း ထိုနေ့မှ ၂၂
ရက်မြောက်သောနေ့တွင် ဗိုလ်မှူးချုပ်ကျော်ဇောသည်
...၏ဗိုလ်မှူးချုပ်ရာထူးမှ စစ်ဘက်မူလရာထူးဖြစ်သည့်
ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ အလိုအလျောက် လျှော့ချ
...သည်း ဖြစ်ပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး
...အနေဖြင့်လည်း ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြ
...ကြားချက်အတိုင်း စစ်ဘက်နှင့် နယ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်
...နှစ်ဦးစီပါဝင်သော သမာသမတ်ကျစွာ ၎င်းတို့အား
...ကြံပေးနိုင်မည့်အဖွဲ့တစ်ခုကို ဖွဲ့စည်းကာ စုံစမ်းစစ်ဆေး
...း ထပ်မံပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့နောက်
...အဖွဲ့ကတင်ပြသော အစီရင်ခံစာကို နိုင်ငံတော်ဝန်ကြီး
ချုပ်နှင့် ကာကွယ်ရေးဝန်ကြီးတို့သည် ကာကွယ်ရေး ဦးစီး
ချုပ်၏ တင်ပြချက်အစီရင်ခံစာနှင့် နှိုင်းယှဉ်လေ့လာသုံး
သပ်ပြီးလျှင် ဒုတိယဗိုလ်မှူးကြီးကျော်ဇော၏ ကိုယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သည့် ဆုံးဖြတ်ချက်အမိန့်ကို ၁၉၅၇ ခုနှ
ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ချမှတ်ခဲ့ပါသည်။ ယင်း
ဆုံးဖြတ်ချက် အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြ
ပေသည်။

ဤကိစ္စသည် အောင်မာယ စစ်ဆင်ရေးမှ
သော ကွန်မြူနစ်ပါတီ အထူးလျှို့ဝှက်စာတွဲတွင် ဗိုလ်
ချုပ်ကျော်ဇောနှင့် ပတ်သက်နေသည့်ကိစ္စ ဖြစ်သည်
ရင်းကိစ္စနှင့်ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်၏ ၁၉
ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့စွဲဖြင့် အစီရင်ခံစာ
လည်းကောင်း၊ ထိုအစီရင်ခံစာကို မှုတည်၊ အခြေခံပြု
သက်ဆိုင်ရာစာရွက်စာတမ်းများ၊ အထောက်အထား
ထပ်မံစစ်ဆေးသည့် ပုဂ္ဂိုလ်များ၏ ထွက်ဆိုချက်
အားလုံးတို့ကို လေ့လာသုံးသပ်ပြီး ဗိုလ်မှူးချုပ်ကျော်ဇော
ပတ်သက်၍ တွေ့ရပုံကို အစီရင်ခံရန် ဖွဲ့စည်းလိုက်သ
အဖွဲ့၏ အစီရင်ခံစာကိုမှုတည်၊ အခြေခံပြုပြီး သက်ဆိုင်
စာရွက်စာတမ်းများ၊ အထောက်အထားများ ထပ်မံစစ်
သည့် ပုဂ္ဂိုလ်များ၏ ထွက်ဆိုချက်များအားလုံးတို့ကို လေ့
သုံးသပ်ပြီး ဗိုလ်မှူးချုပ်ကျော်ဇောနှင့် ပတ်သက်၍



ကို အစီရင်ခံရန် ဖွဲ့စည်းလိုက်သည့်အဖွဲ့၏ အစီရင်
ကိုလည်းကောင်း ရရှိပြီးဖြစ်သည်။

ဤကိစ္စတွင် အထက်ဖော်ပြပါ ကွန်မြူနစ်ပါတီ
ထူးလျှို့ဝှက်စာတွဲအရ ဗိုလ်မှူးချုပ်ကျော်ဇောအပေါ်
ပါနေသည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်
သည်။

ဗိုလ်မှူးချုပ်ကျော်ဇောသည် ကွန်မြူနစ်ပါတီ
အကျိုးရှိစေမည့် အောက်ပါအချက်များကို ပြု
လုပ်သည်ဟု ပါရှိသည်။

(က) တပ်များကို လိုသည်ထက်ပို၍ အချို့နေရာ
များတွင် ထားရှိခြင်းဖြင့် တပ်မရှိသည့်
နေရာတွင် ကွန်မြူနစ်ပါတီမှ ဝင်ရောက်
စည်းရုံးစေခြင်း။

(ခ) ကျည်ဆန်များ ရန်သူ့လက် ရောက်စေ
အောင် ကျည်ဆန်ခိုးရောင်းသည့်တပ်များ၊
ကာကွယ်ရေးတပ်များအား မစစ်ဆေးဘဲ
ထုတ်ပေးခြင်းအားဖြင့် ရန်သူ့အင်အား
တိုးစေရန် တပ်မတော်တွင် အင်အားလျှော့



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ခြင်း။

(၂) သခင်ကြီးမြင့်နှင့်တိုင်ပင်၍ အောက်ပါတို့ကို ဆော… ရွက်သည်ဟု ပါရှိသည်။

(က) တိုက်ပွဲအချို့ကို ဆက်လက်ဖိတိုက်… ရန်သူကျဆုံး၍ ဖရိုဖရဲဖြစ်မှာစိုးသဖြ… အောက်အရာရှိတို့၏ ဆက်တိုက်ရန် အ… ပေးချက်ကို ပယ်၍ တိုက်ပွဲများကို ရပ်… ခြင်း။

(ခ) ရန်သူနှင့်ညှိနှိုင်း၍ ရန်သူအရေးသာစေ… လုပ်ငန်းများလုပ်ခြင်း။

(ဂ) ရန်သူအား အကြံဉာဏ်ပေးခြင်း။

(ဃ) ရန်သူအား သတင်းပေးခြင်း။

(င) ကွန်မြူနစ်ပါတီဝင်လျှောက်ခြင်း။

(စ) ကွန်မြူနစ်ပါတီ ခေါင်းဆောင်မှုဖြင့် … အုံကြွမှုပြုသည့်အခါ တပ်မတော်ဝင်… ပါဝင်ဆင်နွှဲအောင် ယခုကပင် တပ်… စည်းလုံးသိမ်းသွင်းမှုများ ပြုလုပ်ခြင်း

(ဆ) တပ်မတော်တွင် ကျည်အားနည်းစေ…





ဖြင့် တိုက်အားလျော့အောင်လုပ်ခြင်း။

ရှေ့ဦးစွာ ဖော်ပြလိုသည်မှာ အထက်ပါအချက်များ …တ်သက်၍ ဝေဖန်ထားရာ၌ ယခုရရှိသည့် အစီရင် …များသည် အလွန်ပင် နက်နဲစွာ စဉ်းစားပြီး တရား …ရှိရန်အတွက် အစီရင်ခံစာရေးသူတို့က အစွမ်းကုန် …ခြင်ချိန်ဆခဲ့သည့် လက္ခဏာရှိပါသည်။ အထူးသဖြင့် …စ်ဖက်သားအပေါ် သက်ညှာနိုင်သလောက် သက်ညှာ …သောလက္ခဏာဖြင့် သံသယမကင်းရှိသည့် အချက်များ …သုံးတွင် ထိုသံသယမကင်းရှိသည့် အကျိုးကျေးဇူးကို …ချုပ်ကျော်စောအား ရရှိစေခဲ့ကြောင်း တွေ့ရှိရသည်။

အထက်ပါအမှတ် (၁) ဖြင့် ပြထားသည့် …ကျော်နှစ်ခုစလုံးနှင့် ပတ်သက်၍ ယူဆရန်မှ ယခုအချိန်ကျ …ဉ်းအချက်များသည် မှန်ကန်သည်၊ မမှန်ကန်သည်ကို …ဆရန် ခဲယဉ်းကြောင်းဖြစ်ပါသည်။ ရင်းပြင်လည်း …များတစ်ယောက်သည် မိမိ၏ကိုယ်ပိုင်ဉာဏ်ကို အသုံး …၍ တပ်များကို လှုပ်ရှားစေပါသောကြောင့် ရုံဖန်ရံခါ …များ ပြင်ဆင်မှုများ အလဟဿဖြစ်တတ်ကြောင်း …တိပြုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအမှတ် (၂) ဖြင့် ဖော်ပြထားသ… အချက်များနှင့် ပတ်သက်၍ အပိုဒ်ငယ် ဃ-င-စ-ဆ … မှာ စာထဲတွင် ဖော်ပြသည်ကို တွေ့ရသည်မှအပ … မည်ရရ အထောက်အထား မတွေ့ရကြောင်း သိရှိရသ…

အမှတ် (၂) အပိုဒ်ငယ် (က) နှင့် ပတ်သ… အိုင်ကလောင်တိုက်ပွဲကို ဖော်ပြရပါမည်။ ဤတိုက်ပွဲ… ဒုတိယအဆင့်အပြီးတွင် တိုက်ပွဲကို ရပ်စေခဲ့ပါသည်။ … အနားပေးသော တပ်အချို့နှင့်ပင် လက်ပံတန်းဘ… နောက်တစ်လနီးနီးလောက်အကြာတွင် ကရင်သူပုန်… တိုက်ပွဲဆင်ခဲ့ပါသည်။ ဤနေရာတွင် ဗိုလ်မှူးချုပ်… ဇောသည် တပ်မှူးအနေဖြင့် ရိုးသားစွာ တကယ်ပင် … ရထားသည့်သတင်းကို အခြေပြုပြီး နောင်ဆင်နွှဲရ… တိုက်ပွဲအတွက် ပြင်ဆင်တာလည်း ဖြစ်နိုင်သည်။ သို့… လည်း စုဝေးပြီး အစိုင်အခဲနှင့်ရှိနေသည့် ရန်သူကို … လည်း တိုက်ပွဲအတွက် အသင့်ပြင်ပြီး တပ်များရှိလျ… ရန်သူအား ချေမှုန်းနိုင်သည့် အခါကောင်း၊ အခွင့်ကောင်း… မယူဘဲ လွှတ်လိုက်သည်မှာ ပေါ်လာသည့်အခွင့်အရေး… အမြတ်မထုတ်တတ်သည့် တပ်မှူးရင်လည်း ဖြစ်ရမည်…





…ဟုတ် စာထဲတွင်ပါသည့်အတိုင်း ရန်သူကို အကျနာ၍ …ပြုန်းမှာစိုးသဖြင့် မိမိတိုက်အားကို ထိန်းပစ်လိုက်ခြင်း …လောဟု သံသယဖြစ်စရာရှိသည်။

အမှတ် (၂) အပိုဒ်ငယ် (ခ) နှင့်ပတ်သက်၍ ရန်သူ …ညှိနှိုင်းပြီး ရန်သူ့အရေးသာစေမည့် လုပ်ငန်းများလုပ် …ည်ဆိုသည့်အချက်တွင် သခင်ကြီးမြင့်က ကွန်မြူနစ်ပါတီ …ကိုဌာနချုပ်သို့ရေးသည့်စာတွင် တပ်အရွှေ့အပြောင်းများမှာ …ခင်ကြီးမြင့် သတင်းပေးသည့်အတိုင်းဖြစ်၍ နောက် …ကိုင်၊ ဩဂုတ်လမှ လုပ်မည့်အစီအစဉ်ကို ဇန်နဝါရီလတွင် …ခင်ကြီးမြင့်က သိရှိနေနှင့်ပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

အမှတ် (၂) အပိုဒ်ငယ် (ဂ) အရ ရန်သူအား …ကြံဉာဏ်ပေးသည့်အချက်နှင့်ပတ်သက်၍ စာထဲတွင် …သည့် သခင်ကြီးမြင့်၏ ရေးသားချက်များအရ သခင်ကြီး …အနေနှင့် တိုက်ပွဲအစီအစဉ်သတင်းရပြီးနောက် ဗိုလ်မှူး …ကျော်ဇောနှင့် တိုင်ပင်ပုံပေါ်ပါသည်။

ဗိုလ်မှူးချုပ်ကျော်ဇောကလည်း သတင်းပေါက် …ားမှုကို သိသော်လည်း မိမိသိသည်ကို လျှို့ဝှက်ထားရုံ …ာ အကြံဉာဏ်ပင် ပေးလိုက်ဟန်တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးချုပ်ကျော်ဇော၏ ဖြေကြားချက်ကို အစီ... ခံစာများမှ သိရှိရပြီးဖြစ်ပါသည်။ နောက်ဆုံးရှင်းလင်းချ... အနေဖြင့် ဗိုလ်မှူးချုပ်ကျော်ဇောပြောကြားသည်မှာ စစ်ဆေ... ခြင်းအမိန့်များနှင့်ပတ်သက်၍ စာတွဲများကို မိမိအိမ်သို့ယူ... အလုပ်လုပ်လေ့ရှိရာ တစ်အိမ်တည်းနေသော သခင်ကြီး... မြင့်က ခိုးဖတ်ပြီး မိမိ(သခင်ကြီးမြင့်) အား ကွန်မြူနစ်... က အထင်ကြီးအောင်လုပ်တာ ဖြစ်နိုင်သည်ဟု ဖြစ်သည်...

ဤကိစ္စအကြောင်းအရာများကို ထောက်ရှု... သောအခါ အောက်ဖော်ပြပါအတိုင်း ယူဆသင့်သည်... သဘောရရှိပါသည်။

(၁) သတင်းပို့ခြင်း၊ ဆွေးနွေးအကြံပေးခြင်း ပြုသည်... ဆိုရာ၌ စာတွဲပါအချက်အချို့နှင့် တပ်တွင်ဖြစ်ပျ... ဆောင်ရွက်ချက်အချို့တို့ ကိုက်ညီကြောင်း ... ရှိရသည်။ သို့သော် ဗိုလ်မှူးချုပ်ကျော်ဇောအ... လုံးလုံး ချမှတ်နိုင်လောက်သော အထောက်အ... ပြည့်ပြည့်ဝဝ မရှိသည့်တိုင်အောင် သံသယမ... စရာ ဖြစ် သည်။

(၂) သခင်ကြီးမြင့်သည် ဗိုလ်အေးမေနှင့်အတူ ဖမ်း...





သည့်သူဖြစ်ကြောင်းကို ဗိုလ်မှူးချုပ်ကျော်ဇောက သခင်ကြီးမြင့်အား ထောင်မှလွတ်ရန် အကူအညီ တောင်းစဉ်က မပြောကြားခဲ့ပါ။ သခင်ကြီးမြင့်အား သံယောဇဉ်ကြီးရာ သောင်းကျန်းသူတို့နှင့် အဆက် စွန့်ပြီး တိုက်နေရသည့် တပ်မတော်မှရဲဘော်၊ ရဲဘက်တို့အပေါ်တွင်ရှိသည့် သံယောဇဉ်ထက် ပိုမို ကြီးမားပုံရသည်။

(၃) သတင်းပေါက်ကြားမှုနှင့် ပတ်သက်၍သော်ကား သခင်ကြီးမြင့်စာတွဲတွင်ပါ စာပိုဒ်များအချို့အတိုင်း ဗိုလ်မှူးချုပ်ကျော်ဇောအနေဖြင့် ကွန်မြူနစ်ပါတီ အရေးသာစေလိုသော စိတ်ရောကိုယ်ပါ ဆွေးနွေး ပေါက်ကြားစေခြင်းလည်းဖြစ်နိုင်သည်။ သို့တည်း မဟုတ် သခင်ကြီးမြင့်က အကြံဖြင့် လိမ္မာပါး နပ်စွာ မေးသည်တို့ကို ဖြေခြင်းဖြင့် မနောစိတ် အားဖြင့်မပါသော်လည်း ဝစီကံမြောက် နှုတ်ဖြင့် မပြောသင့်သည်တို့ကို ပြောပြလိုက်ခြင်းဖြင့် သတင်းပေါက်ကြားမှုကို ဖြစ်စေနိုင်သည်။ တစ်ဖန် ဗိုလ်မှူးချုပ်ကျော်ဇော အစစ်ခံသလို မိမိစာတွဲ



www.burmeseclassic.com

www.burmeseclassic.com



များအိမ်ယူလာခိုက် ခိုးဖတ်ပြီး ကူးယူမှတ်သား တစ်ဆင့်ကမ်းခဲ့သည်ဆိုလျှင်လည်း တာဝန်ေ လျော့သည်မှာ မငြင်းနိုင်ပေ။ အထူးသဖြင့် ကွန် နစ် အယူအဆရင့်သန်သူတစ်ဦး အိမ်ပေါ်ရှိ တွင် အပြောအဆို စောင့်စည်းမှုရှိရမည်။ စာရွ စာတမ်းများ၊ အထူးသဖြင့် တိုက်ရေးစာတမ်းတို့ လုံလုံခြုံခြုံ သိမ်းထားရမည်။

အထက်ပါအကြောင်းခြင်းရာများကို ထော ရှုခြင်းအားဖြင့် တပ်မတော်နှင့် တိုင်းပြည်တို့ကို အန္တရာ အမျိုးမျိုးမှ ကာကွယ်ရမည်ဖြစ်သည့်အတိုင်း ဗိုလ်မှူးချ ကျော်ဇောအား တပ်မတော်တွင် ဆက်လက် တာဝန်မ သင့်တော့ဟု သဘောရရှိပါသည်။ ဗိုလ်မှူးချုပ် ကျေ ဇောကိစ္စကို စဉ်းစားရာ၌ ၎င်း၏နောက်ကြောင်းက ဆော ရွက်ခဲ့သည့် အချက်အလက်တို့ကို ထောက်ထားရပါမည် ယခုကိစ္စတွင် ကာကွယ်ရေးဝန်ကြီးဌာနက အမိန့်ချမှ ရမည်မှာ ဗိုလ်မှူးချုပ်ကျော်ဇောအား တပ်မတော်အမှုထမ် ဘဝမှ အငြိမ်းစားယူစေရမည်ဟုဖြစ်ပါသည်။ ဤကဲ့ တပ်မတော်အမှုထမ်းမှ အငြိမ်းစား ယူစေလိုက်သည်





ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောအား တာဝန်မှအနားပေးခဲ့သည့် ဝန်ကြီးချုပ်ဦးနုနှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း (၁၉၅၆ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



ချူးရွှေပန်းကောက်တိုက်ပွဲကာလက
အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ် လှဦး
(ယခုအငြိမ်းစား)



တွက် ဗိုလ်မှူးချုပ်ကျော်ဇောအား မိမိရသင့်ရထိုက်သည့် ခွင့်အရေးများ ပြည့်စုံစွာပေးရန်ကို ညွှန်ကြားလိုက်ပါ ည်။

ဟူ၍ ဖြစ်ပေသည်။

အထက်ဖော်ပြပါ ဆုံးဖြတ်ချက်အရ ကာကွယ်ရေး ကြီးဌာန စစ်ရာထူးခန့် အတွင်းဝန်သည် ဒု–ဗိုလ်မှူး ကျော်ဇောအား အငြိမ်းစားယူစေရန် အမိန့်ကို ထုတ်ပြန် နောက် ဒု–ဗိုလ်မှူးကြီးကျော်ဇောအားခေါ်ယူ၍ အသိ တ်သေနှစ်ဦး၏ ရှေ့မှောက်တွင် ကာကွယ်ရေးဦးစီးချုပ် အစီရင်ခံစာနှင့် နိုင်ငံတော်ဝန်ကြီးချုပ်တို့၏ အမိန့် တမ်းကို ဖတ်ရှုစေလျက် တပ်မတော်အမှုထမ်းခြင်းမှ ည့်သည့်အကြောင်းများကြောင့် အငြိမ်းစားယူစေရသည် ဖော်ပြကာ အငြိမ်းစားယူစေသည့် အမိန့်အတိုင်း ည်ဖြစ်ကြောင်း အကြောင်းကြားချက်ကို ပေးအပ် တ်ပါသည်။ အကြောင်းကြားချက် အပြည့်အစုံမှာ ာက်ပါအတိုင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရာထူးခန့်အတွင်းဝန်ရုံး

စာအမှတ် – ၂၀ ရာထူး (၆)၅၇၊ နေ့စွဲ – ၁၉၅၇

ခုနှစ်၊ ဧပြီလ ၉ ရက်

သို့

ကြည်း / ၃၅၀၄ အာ...

ဒု–ဗိုလ်မှူးကြီးကျော်ဇော...

အကြောင်းအရာ။ ။ **အငြိမ်းစားယူခွင့်ပြုခြင်း**

ကြည်း ၃၅၀၄ အာရ် ဒု–ဗိုလ်မှူးကြီးကျော်ဇော... အား အငြိမ်းစားယူစေခြင်းနှင့် ပတ်သက်၍ အောက်... အချက်အလက်များကို သိစေအပ်ပါသည်။

၁။ အောင်မာယ စစ်ဆင်ရေးမှ မိခဲ့သော ကွန်မြူ... ပါတီ အထူးလျှို့ဝှက်စာတွဲပါကိစ္စများနှင့် စပ်လျဉ်း၍

(၁) ရန်သူအား သတင်းပို့ခြင်း၊ ဆွေးနွေးအ... ပေးခြင်း ပြုသည်ဆိုရာ၌ စာတွဲပါ အချ... အချို့နှင့် တပ်တွင် ဖြစ်ပျက်ဆောင်ရွက်ချ... အချို့တို့ကို ကိုက်ညီကြောင်း တွေ့ရှိရသည်...



သို့သော် ဒု–ဗိုလ်မှူးကြီး ကျော်ဇောအပေါ် လုံးလုံးချမှတ်နိုင်လောက်သော အထောက် အထား ပြည့်ပြည့်ဝဝ မရှိသည့်တိုင်အောင် သံသယမကင်းစရာ ဖြစ်သည်။

(၂) သခင်ကြီးမြင့်သည် ဗိုလ်အေးဖေနှင့်အတူ တိုက်ပွဲတစ်ခုတွင် ဖမ်းမိရသည့်သူ ဖြစ် ကြောင်းကို ဒု–ဗိုလ်မှူးကြီး ကျော်ဇောက သခင်ကြီးမြင့်အား ထောင်မှလွှတ်ရန် အကူ အညီတောင်းစဉ်က မပြောကြားခဲ့ပါ။ သခင် ကြီးမြင့်အား သံယောဇဉ်ကြီး၍ရှိရာ သောင်း ကျန်းသူတို့နှင့် အသက်စွန့်ပြီး တိုက်နေရ သည့် တပ်မတော်မှ ရဲဘော်၊ ရဲဘက်တို့အပေါ် တွင်ရှိသည့် သံယောဇဉ်ထက် ပိုမိုကြီးမားပုံ ရသည်။

(၃) သတင်းပေါက်ကြားမှုနှင့် ပတ်သက်၍ကား သခင်ကြီးမြင့်ကဲ့သို့ အရေးပါအရာရောက်သူ တစ်ဦးကို မိမိအိမ်ပေါ်တွင် လက်ခံထားခိုက် စာတွဲတွင်ပါ အပိုဒ်များအဆိုအတိုင်း ဒု–



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးကျော်ဇောအနေဖြင့် ကွန်မြူနစ်
ပါတီအရေးသာစေလိုသော စိတ်ရာကိုယ်
ဆွေးနွေးပေါက်ကြားစေခြင်းလည်း ဖြစ်နိုင်
သည်။ သို့တည်းမဟုတ် သခင်ကြီးမြင့်
အကြံဖြင့် လိမ္မာပါးနပ်စွာမေးသည်တို့ကို
ခြင်းဖြင့် မနောက်စိတ်ဖြင့် မပါသော်လည်း
ဝစီကံမြောက် နှုတ်ဖြင့် မပြောသင့်သည်တို့
ပြောပြလိုက်ခြင်းဖြင့် သတင်းပေါက်ကြားမှု
ဖြစ်စေနိုင်သည်။ တစ်ဖန် ဒု–ဗိုလ်မှူးကြီး
ကျော်ဇော အစစ်ခံသလို မိမိစာတွဲများ အိမ်
လာခိုက် ခိုးဖတ်ပြီး ကူးယူမှတ်ထား တစ်ဆင့်
ကမ်းခဲ့သည်ဆိုလျှင်လည်း တာဝန်ပေါ့လျော့
သည်မှာ မငြင်းနိုင်ပေ။ အထူးသဖြင့် ကွန်မြူ
နစ်အယူအဆ ရင့်သန်သူတစ်ဦး အိမ်ပေါ်
ခိုက်တွင် အပြောအဆိုစောင့်စည်းမှုရှိရမည်
စာရွက်စာတမ်းများ အထူးသဖြင့် စစ်ဆင်ရေး
စာတမ်းတို့ကို လုံလုံခြုံခြုံ ထိန်းသိမ်းထား
ရမည်။





အထက်ပါ အကြောင်းခြင်းရာများကြောင့် တပ်
...တော်နှင့် တိုင်းပြည်တို့ကို အန္တရာယ်အမျိုးမျိုးမှ ကာကွယ်
...ရည်ဖြစ်သည့်အတိုင်း ဒု–ဗိုလ်မှူးကြီးကျော်ဇောအား
...မတော်တွင် ဆက်လက် တာဝန်မပေးသင့်တော့ဟု
...ကွယ်ရေးဦးစီးချုပ်က ၎င်း၏ယူဆချက်ကို အစီရင်ခံရာ
...ကွယ်ရေးဝန်ကြီးဌာနက ကော်မရှင်အဖွဲ့ငယ်တစ်ခုဖြင့်
...စုံစမ်းစစ်ဆေး ကြားနာပြီးနောက် ဦးစီးချုပ်၏ အကြံ
...ချက်အတိုင်းပင် လက်ခံလိုက်ပါသည်။

သို့ဖြစ်၍ ဤရုံး၏ ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ
... ရက်နေ့စွဲပါ စာအမှတ် ၂၀ ရာထူး (၁၅) ၅၅ အရ
...ဆက်မှုလ / ဒု–ဗိုလ်မှူးကြီးရာထူးကို လျှော့ချ၍ ဤရုံး၏
...၅၇ ခုနှစ် မတ်လ ၁၆ ရက်နေ့စွဲပါ စာအမှတ် ၂၀
...ရာထူး (၆) ၅၇ အရ အငြိမ်းစားပေးလိုက်သည့် အမိန့်
...အတိုင်း အတည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဗိုလ်မှူးကြီး
စစ်ရာထူးခန့်အတွင်းဝန်



www.burmeseclassic.com

www.burmeseclassic.com



မိတ္တူကို

စစ်ရေးချုပ်။

ဟူ၍ဖော်ပြထားကြောင်း တွေ့ရှိရ

ဖြစ်ပေသည်။

ဤကား ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော

တပ်မတော်မှ အငြိမ်းစားပေးလိုက်ရခြင်းအကြောင်း

ခင်ဗျား။

ဆက်လက်၍ တောခိုကျောင်းသားဟောင်း

ရေးသားခဲ့သည့် "**ထို့ကြောင့် ဤသို့စာအုပ်**"မှ ဗိုလ်

ချုပ်ဟောင်းကျော်ဇောနှင့် ပတ်သက်သည့် ရေးသား

ချက်အား ဖော်ပြပါမည်။

**သံပတ်ပေးထားသော စက်ရုပ် (သို့မဟုတ်) ကျော်ဇော**

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် ၁၉၇၆

မတ်လတွင် တရုတ်မြန်မာ နယ်စပ်ဒေသရှိ ဗမာ

ကွန်မြူနစ်ပါတီသို့ တောခိုဝင်ရောက်ခဲ့သည်။ နယ်

ဒေသ ကွန်မြူနစ်များ ပြောဆိုသုံးစွဲလေ့ရှိသည့် ဝေါ

အတိုင်းဆိုလျှင် "**နွေးထွေးစွာ**" ကြိုဆိုခြင်းခံခဲ့ရသ





ပြည်ကွန်မြူနစ်ပါတီ "ပြည်သူ့အသံ" အသံလွှင့် ဌာန

"တိုင်းပြည်သို့တင်ပြချက်" မိန့်ခွန်းလွှင့်ထုတ်နိုင်အောင်

ပေးခဲ့သည်။

"အရေးပါအရာရောက်သူတစ်ဦး"ဟု သတ်မှတ်

သော်လည်း နေရာချထားရန် ခက်ခဲနေခဲ့သည်။ ပဲခူး

ဟိုမှ အရေးယူခြင်းခံခဲ့ရသူတစ်ဦးဖြစ်၍ ဗဟိုကော်

များ သဘောထားညှိရန် လိုအပ်နေခဲ့သည်။ တရုတ်–

မာနယ်စပ်ဒေသရှိ ဗမာပြည်ကွန်မြူနစ်ပါတီတွင်း၊

တွင်းတွင် ဖြစ်ပျက်နေသော တကယ့်ဖြစ်ရပ်များကို

အမှာထိတွေ့ပြီး "နားလည်သဘောပေါက်" သွားမည်

လည်း ဗဟိုခေါင်းဆောင်များက စိုးရိမ်နေကြသည်။

မှူးချုပ်ဟောင်းကျော်ဇော၏ သားကြီးဖြစ်သော အောင်

ကျော်ဇောမှ တကယ့်ဖြစ်ရပ်များနှင့် ထိတွေ့မိတိုင်း ခံစား

များ ပေါက်ကွဲနေခြင်းပင်လျှင် ထိန်းမရသိမ်းမရ ဖြစ်နေ

သည်။ ကျော်ဇောကိုယ်တိုင် ပေါက်ကွဲလျှင် ပို၍ထိန်း

ခက်ပေမည်။

"သူ့ကိုတပ်တွေထဲ လိုက်မပြရဲဘူး။ တပ်တွေ

လောက်ရှိနေတာတွေ့ရင် ဘဝင်မြင့်ပြီး အရမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်မှာစိုးလို့'' ဟု ထိုအချိန်က အရှေ့မြောက်ပိုင်းစစ်ဒေ ဒု–နိုင်ငံရေးမှူးရဲဘော်စိုးသိမ်း (ခ) လင်ထင်က ပြောခဲ့သည်

ဤစကား၏အဓိပ္ပာယ်အမှန်မှာ ပြဿနာမျ ကိန်းအောင်းတည်ရှိနေသော တပ်တွင်းအခြေအနေမျ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောအား အသိမပေးလို ဖြစ်သည်။

၁၉၇၆ ခုနှစ်အတွင်း ဗိုလ်မှူးချုပ်ဟောင်း ကျော် ဇောသည် ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်ပို စစ်ဒေသ (မြစ်အနောက်ဘက်)၏ လက်အောက်ခံတပ်မ (၂)သို့ သွားရောက်လည်ပတ်ခဲ့သည်။ ထိုအချိန်က တ မဟာ (၂) တွင်ရှိနေသော တောခိုဗမာရဲဘော်များဖြစ်သ ကိုချစ်သန်း၊ ကိုမင်းထင်၊ ကိုလာကပေါ်၊ ကိုရဲထွ ကိုဇော်ထွန်း၊ ကိုရန်နိုင်၊ ကိုဝင်းလတ်၊ ကိုမြင့်အော ကိုရဲအောင်၊ ကိုဝင်းနိုင်၊ ကိုစိုးလင်း၊ ကိုဇော် ဇေ ကိုမောင်နိုင်၊ ကိုညဏ်ဇော်၊ ကိုမင်းအိမ်၊ ကိုနောင်လ ကိုမောင်မောင် စသူတို့သည် ခံစားနေရမှုများကို ဖွင့် ပြောလိုသော်လည်း ပြောမထွက်ဘဲ ရင်ထဲမှာပင် သိ ဆည်းထားခဲ့ကြသည်။ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော





တပ်ထဲတွင် အဆင်ပြေပါသလားဟု မေးမြန်းသောအခါ ကွင်လည်း အဆင်ပြေပါသည်ဟုပင် သူတို့ ဖြေကြားခဲ့ သည်။ ထို့ကြောင့် တပ်တွင်းပြဿနာများကို ဗိုလ်မှူးချုပ် ဟောင်းကျော်ဇော သိမသွားခဲ့ပေ။

လက်တွေ့တွင် တပ်မဟာ (၂) အတွင်း ဂိုဏ်းဂဏ ပြဿနာများ ရှိသည်။ တောခိုဗမာရဲဘော်များသည် တပ်မဟာ (၂) ထဲတွင် တပ်သားအဆင့်မှ စတင်ပါဝင် ရပြီး "အနိမ့်ခံ" ဘဝဖြစ်နေသည်။ တပ်မဟာ (၂) တပ်မှူးများသည် တိုင်းတစ်ပါးသားများဖြစ်ကြပြီး တောခို ဗမာရဲဘော်များအား လူမျိုးရေးအမြင်ဖြင့် ဖိနှိပ်ထားကြ သည်။ နေထိုင်စားသောက်မှုဘဝမှာလည်း အလွန်ဆင်းရဲ ကြသည်။ ဗမာပြည် ကွန်မြူနစ်ပါတီဝင်ဖြစ်နေသော တိုင်းတစ်ပါးသား တပ်မှူးများ၏ ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှုများကို လုံးဝမတွေ့မြင်ရဘဲ ပါတီဝင်မဖြစ်သေး သော တောခိုဗမာရဲဘော်များကသာ ကိုယ်ကျိုးစွန့် အနစ်နာခံနေကြရသည်။ သို့သော် ဤလူငယ်များသည် ကြိတ်မှိတ်ခံစားခဲ့ကြသည်။ သူတို့သည် တပ်မဟာ (၂) သို့ တစ်ခါတစ်ရံလာလည်သော ဗမာလူမျိုး ဗဟိုခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်များမှနေ၍ ''သစ်ပင်တစ်ပင်ကို မကြည့်နဲ့။ သ
တောတစ်တောလုံးကို ကြည့်။ သစ်ပင်တစ်ပင် ခြောက်
တာကိုတွေ့လို့ သစ်တောတစ်တောလုံး ခြောက်နေတယ်
မထင်နဲ့။ တော်လှန်ရေးကို အဆိုးမမြင်နဲ့'' ဟူသော ဖျော
ပေးမှုများကိုလည်း နားယောင်ခဲ့ကြသည်။ ထို့ကြောင့် ခါး
သော တကယ့်ဖြစ်ရပ်များကိုပင် ဆန္ဒစွဲ သကြားရည်ဖုံး
ကြည့်မြင်ခဲ့ကြသည်။ ဤတပ်မှူးများသည် ''သစ်ခြော
ပင်''များသာ ဖြစ်သည်။ ဗဟိုက မှုကောင်းသည်
ရိုးသားစွာ ယုံကြည်နေခဲ့ကြသည်။ ထို့ကြောင့်လည်း ဗိုလ်မှူး
ချုပ်ဟောင်းကျော်ဇော တပ်မဟာ (၂) သို့ လာရောက်
လာသောအခါ အခြေအနေမှန်များကို သူတို့မတင်ပြခဲ့ကြ

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကလည်း ဗိုလ်မှူး
ချုပ်ဟောင်းကျော်ဇောအား တပ်များသို့ ဤကဲ့သို့သွား
ရောက်လည်ပတ်ခြင်းနည်းမျိုးကိုသာ စီစဉ်ပေးခဲ့ပြီး ရှေ့
မနေနိုင်းပေ။

''စကားမပေါက် ဘာမပေါက်နဲ့ဗျာ'' ဆိုပြီး အ
အမာ အာဏာရှိသည့်နေရာများသို့ နေရာမချ၊ ဗဟို
သာ မခွဲမခွာထားခဲ့သည်။

မြရတနာစာပေ



ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော

www.burmeseclassic.com

www.burmeseclassic.com



ဗကပ ဗဟိုကော်မတီအသစ် ဥက္ကဌ သခင်ဘသိန်းတင်



"ယဉ်ကျေးမှုရေချိန်ကလည်း နိမ့်၊ လူမျိုးရေး အမြင်ကလည်း ကျဉ်းတဲ့ ဒီကတပ်တွေကို အုပ်ချုပ်ရတာ လွယ်တာမဟုတ်ဘူး" ဟု သူ့ကို ခြောက်လှန့်ထားကြသည်။

ထို့ကြောင့်လည်း တောခိုလာသော ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် ရောက်ရောက်ချင်း ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဖြစ်လာခဲ့သော်လည်း တကယ့်အာဏာကို မဆုပ်ကိုင်နိုင်ခဲ့ပေ။ ဤသည်မှာ အကြောင်းရှိပေသည်။

သခင်ဗသိန်းတင်နှင့် အပေါင်းအပါများသည် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ နာမည်ကိုလည်း "ခေါင်းစား" လိုကြသည်။ သို့သော် အခိုင်အမာ စီမံခန့်ခွဲနိုင်သည့်အာဏာများ အပ်နှင်းလိုက်ပါက အမြင်မတူမှုများ ပေါ်ပေါက်လာလျှင် ဖြေရှင်းရခက်မည်ကိုလည်း စိုးရိမ်ပူပန်ခဲ့ကြသည်။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောနှင့် ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီအတွင်း အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့သည်မှာ ၁၉၄၈ ခုနှစ် ပါတီတစ်ခုလုံး တောခိုချိန်မှစတင်ပြခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုချိန် တောခိုခဲ့သော ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောအား တပ်မတော်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထမ်းဆောင်ရင်း တောတွင်းသို့ အကျိုးပြု... များ မည်မျှရှိခဲ့သည်ဖြစ်စေ မကျေလည်မှုများရှိခဲ့သည်... ဗမာပြည်ကွန်မြူနစ်ပါတီ ပဲခူးရိုးမ ဗဟိုအတွင်းမှာ... ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောနှင့် ပတ်သက်၍ အမြင်... မရှင်းခဲ့ကြ။ ပါတီတောခိုစဉ် လိုက်လံတောမခိုမှုကြော... ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သော ''မျက်ကွယ်၌အရေး... မှု'' ပင် ရှိခဲ့သည်။ ဤ အကြောင်းအချက်အပြင် သခင်... ဗသိန်းတင်နှင့် အပေါင်းပါများ သတိပြုသည့်အချက်မှာ... ဗိုလ်ကျော်ဇောနှင့် သူတို့ ''အချိန်တစ်ချိန်'' ကွာလှမ်း... နေခဲ့ခြင်းဖြစ်သည်။ အတူမနေဖြစ်သော ၎င်းကာလတွင်... ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ အတွေးအမြင် ခံစားမှု... ရပ်တည်ချက်များကို သခင်ဗသိန်းတင်၏ ဗဟိုကော်မတီ... အတွင်း အာမခံနိုင်မည့်သူ မရှိခဲ့ချေ။

ထို့ကြောင့် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော... နာမည်ကို ''ရောင်းစားလိုမှု'' နှင့် တင်ပြည့်ကျော်ပြ... ''မယုံကြည်နိုင်မှု'' အကြားတွင် သခင်ဗသိန်းတင်နှ... အပေါင်းပါများသည် သူ့အား မြွေမသေတုတ်မကျိုးအနေ... နေရာတွင် ဖန်တီး၍ထားခဲ့သည်။ အမှန်လည်း ဗိုလ်မှူး...





...ချုပ်ဟောင်းကျော်ဇောနှင့် တောခိုဗမာရဲဘော်များသည် ''အတူ'' ဖြစ်သည်။ ''ဆင်လည်း ဆင့်အထွာ၊ ကြွက်...လည်း ကြွက်အထွာ''နှင့် ကြုံတွေ့ကြရမှုသာဖြစ်ပေသည်။

သို့ရာတွင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောကား ...ကို အသုံးချနေသည့် ဗမာပြည်ကွန်မြူနစ်ပါတီအား ...တ်မိသမျှ အကျိုးပြုရန် စဉ်းစားမှု အမြဲရှိခဲ့သည်။ ...ဘော်ဝင့်ကြွေးတစ်ခုနှယ် ပေးဆပ်နေခဲ့သည်။

၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် တိုက်ခိုက် ...သော ပန်ကော်-ချိုဆွေတိုက်ပွဲကြီးတွင် ဗမာပြည် ...မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင်မှ သူ့ကို လေ့လာသူ ...ဖြစ် ပါဝင်စေခဲ့သည်။ ထို့နောက်ပိုင်းတွင် ဗိုလ်မှူး ...ချုပ်ဟောင်းကျော်ဇောသည် တိုက်ခိုက်ရေး ရေချိန်နိမ့်သည့် ...တပ်များအတွက် အထိအခိုက်နည်းနိုင်မည်ဟု ကြိုးစား ...စား စဉ်းစားထားသော တိုက်ခိုက်ရေးနည်းလမ်းတစ်ခု ...ဗဟိုသို့ တင်ပြခဲ့သည်။ ၎င်းမှာ ခံကတုတ်များကို ခေါင် ...ကတုတ်များနှင့်တကွ လိုက်ကျင်းများနှင့်တကွ ကောင်း ...စွာတူးပြီး အစိုးရတပ်များက လာရောက်ထိုးစစ်ဆင် ...သည့်အခါ ချိန်ရွယ်ပစ်ခတ်ပြီး ''ခံစစ်နှင့်သတ်သည့်နည်း''



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ထိုအခါ သူ့စဉ်းစားချက်မှာ စစ်မာန်တက်နေသော ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်ကြီးများအတွက် ရယ်စရာဖြစ်နေခဲ့သည်။ သို့သော် ရယ်စရာကိုလည်း ရယ်စရာဟု မပြော၊ တွယ်ပြီဆိုလျှင် နိုင်ငံရေးစကားလုံးများ... နလံမထူနိုင်အောင် တွယ်ခဲ့သည်။ မနေရှင်စစ်တပ်မှ ... သူဖြစ်၍ ခံစစ်သေကို အားကိုးသော မနေရှင်စစ်ရေးအ... သာရှိသူ ဟူသတည်း။

၁၉၅၉ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ ... ကော်မတီ အစည်းအဝေးကာလတွင် ဗိုလ်မှူးချုပ်ဗော... ကျော်ဇောသည် ဗမာပြည်ကွန်မြူနစ်ပါတီဝင် ဖြစ်... လာခဲ့သည်။ ထို့နောက် ၁၉၈၅ ခုနှစ် ပါတီကွန်ဂရက်... ဗဟိုအဆင့်သတ်မှတ်ပြီး ဗဟိုကော်မတီ အရွေးခံ... ရွေးချယ်ခြင်းခံခဲ့ရသည်။ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်အ... လည်း ဆက်လက်ပါဝင်ခဲ့သည်။ သို့သော် လုပ်ငန်း... ပိုင်းမှာမူ ဘာမှအရေးပါ အရာရောက်ခြင်း မရှိ... စစ်ရေးသုတေသန တာဝန်သာဖြစ်ခဲ့သည်။ ၁၉... ခုနှစ်တွင် ဗဟိုစစ်ဦးစီးဌာန စစ်ဦးစီးမှူးဖြစ်လာ...

...ဘော်တင်ရှိ (၁) ယန်ကွမ်း၏ လက်အောက်တွင် ...လုပ်လုပ်ခဲ့ရသည်။

၁၉၈၇ ခုနှစ် စက်တင်ဘာလက ပန်ဆန်းတွင် ...ပခဲ့သော အရှေ့မြောက်စစ်ဒေသ စစ်ရေးကေဒါများ ...ည်းအဝေးတွင် သူ့အား စစ်ရေးသုတေသနဆိုင်ရာ ...ချုပ်ချက်အချို့ကို တစ်ရက် ဟောပြောခွင့်ပြုခဲ့သည်။ ...သည် ၁၉၈၆ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၁၉၈၇ ခုနှစ်တွင် ...ပ်မတော်မှ ထိုးစစ်ဆင်ခဲ့သော "ယုန်အန်း–ပန်ယန်း" ...က်ပွဲများကို သုတေသနပြု တင်ပြခဲ့သည်။ တပ်မတော် ...ည် စခန်းသိမ်းတိုက်ပွဲများတွင် နည်းနာသစ် သုံးလာ ...ည်ဟု သူ တင်ပြခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ...တိုကင်းတပ်မဟာ (၁) တပ်မဟာ (၈၃၁) ၏ လက် ...ောက်ခံရင်း (၁၈) မှ တပ်ခွဲတစ်ခွဲအင်အား တပ်စွဲထားရာ ...ုန်အန်းခံစစ်မြစခန်း" တိုက်ပွဲကို ဥပမာထုတ်ပြခဲ့ ...ည်။ တပ်မတော်သည် ၎င်းစခန်းအား တက်ရောက်တိုး ...ဆင်ခဲ့ပြီး အလစ်အငိုက် မရသောအခါ နောခံမတိုက်ခဲ့။ ...စခန်း၏အောက်ဘက် မီတာတစ်ထောင်ခန့်သာ ကွာ ...သော "အထက်ခေါက်မူ" ရွာပျက်နေရာတွင် အခိုင်



မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အမှာ ကတုတ်တူး၍ တပ်စွဲထားခဲ့သည်။ ကတုတ်... ရှေ့သို့တိုးကပ်ခဲ့သည်။ "ယုန်အန်း" သည် နေ့စဉ်နှင့်... ရင်တထိတ်ထိတ်ဖြစ်ခဲ့ရသည်။ နှာခေါင်းအောက်မှာ ... ကပ်နေ၍ အသက်ရှူမဝ ဖြစ်ခဲ့ကြရသည်။ တပ်မ... မှလည်း ကတုတ်၊ ဆက်သွယ်ရေးမြောင်းများတူး၍ ... လာခဲ့သည်မှာ နှစ်ဖက်စလုံးမှ စကားအပြန်အလှန်ပြော... ရသည်အထိ နီးကပ်လာခဲ့သည်။ ၎င်း "အထက်ခေါ်..." ရှိ တပ်မတော်ရှေ့တန်း အကျဆုံးစခန်းအား "ဖြေ..." ပစ်ရန်ကြိုးစားသည့် တိုက်ပွဲတစ်ပွဲ စီမံပြီးတိုက်ခဲ့... လည်း မအောင်မြင်ခဲ့။ နောက်ဆုံးတပ်မတော်မှ သူ... အစဉ်နှင့်သူ ဆုတ်ခွာသွားမှပင် ကွန်မြူနစ်တပ်မှ... သက်ပြင်းချနိုင်တော့သည်။

၎င်းအဖြစ်အပျက်ပုံစံနှင့်ပတ်သက်၍ ဗိုလ်... ချုပ်ဟောင်းကျော်ဇောက ဤသို့သုံးသပ်အကြံပေးရှာသ...

"ဒီလို နှာခေါင်းအောက်မှာ ရောက်နေတဲ့ ... လည်း နီးကပ်နေတဲ့ရန်သူဟာ သိပ်ခက်တယ်။ ... မတိုက်လို့ ခံစစ်နဲ့သတ်ဖို့လည်း မလွယ်၊ သိပ်နီးနေ... တစ်ဟုန်ထိုး ကျားတက်ထိုးလိုက်ရင် ချက်ချင်း ... ...သွားမယ့် အန္တရာယ်လည်း ရှိနေတယ်။ လက်ပစ်ဗုံးနဲ့ ...လို့ကလည်း မမိ၊ ဘဇူကာတို့ ၅၇ မမတို့ကလည်း ...ည့်တည့်သွားတဲ့ အမျိုးအစားမို့လို့ မထိရောက်ဘူး။ ၆၀ ...မီတာ မော်တာတို့၊ ၈၂ မီလီမီတာ မော်တာတို့ကို ...ိုင်လှိုင်သုံးပြီး နောက်ကလည်း ခြေလျှင်တစ်နဲ့ ပတ်...တ်တဲ့နည်း သုံးသင့်တယ်လို့ ထင်တယ်"

အစည်းအဝေးတွင် နားထောင်နေသော ဗမာပြည် ...န်မြူနစ်ပါတီ အရှေ့မြောက်ပိုင်းစစ်ဒေသ လက်အောက် ...ပ်မဟာ၊ တပ်ရင်းအသီးသီးမှ စစ်ရေးကေဒါများသည် ...မှူးချုပ်ဟောင်းကျော်ဇောကိုကြည့်ပြီး ငိုရမလို ရယ်...လိုဖြစ်နေကြသည်။ မိမိတို့တပ်ရင်းများသည် နံပါတ် ...ာသာကျန်ပြီး အင်အားမရှိကြတော့။ ကျည်၊ ခဲယမ်း ...ည့်တင်းမှုကို ဗဟိုမှ ကန့်သတ်ထားသဖြင့် မိမိတို့တပ် ...တွင် ကျည်၊ ခဲယမ်း မလုံလောက်သည်ကို ဗဟိုစစ် ...ော်မရှင်တစ်ဦးဖြစ်သော ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော ...န်တကယ်မသိခြင်းပါလော။ လက်ပစ်ဗုံးနှင့် ဘဇူကာ ...ည်များပင် "ကန့်သတ်" နေရပြီဖြစ်ရာ ၆၀ မီလီမီတာ ...ော်တာသီးနှင့် ၈၂ မီလီမီတာ မော်တာသီးဆိုလျှင် ပိုဆိုး

www.burmeseclassic.com



နေပေသည်။

နောက်ဆုံး ၄င်းစစ်ရေးကေဒါများ တညီတညွတ်
တည်း သဘောပေါက်ခံစားမိသည်မှာ ဗမာပြည်ကွန်မြူ
နစ်ပါတီ ဗဟိုခေါင်းဆောင်များသည် ပါတီတွင်း၌ တပ်တွင်း
ရှိ အမှန်တကယ်ရှိနေသော အခြေအနေနှင့် ဖြစ်ရပ်မှန်
များကို ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောအား အသိပေးခြင်း
မရှိဟူ၍ ဖြစ်ပေသည်။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ သားငယ်ဖြစ်သူ
စိတ်ထိခိုက်စွာနှင့် အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်
နေတတ်သော ကျော်ဇောဦးကလည်း "အဖေက ဘာမှ
တာမဟုတ်ဘူး" ဟု တတွတ်တွတ် ပြောနေတတ်သည်။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် ပန်ဆန်း
ဗဟိုရုံးတွင် သူ့အတွက်ရရှိသော "အိပ်ခန်း" ကလေး
ဇနီးဖြစ်သူနှင့်အတူ ကုပ်ကုပ်ကလေး နေထိုင်သည်
အကူရဲဘော်တစ်ဦးတစ်ယောက်မှ ပေးမထား၍ ညနေ
ကိုယ်ပိုင်ကြက်ခြံတွင် ကြက်ဖမ်းသွင်းလျှင်လည်း ကိုယ်တိုင်
ဘူးစင်ဆောက်လျှင်လည်း ကိုယ်တိုင်၊ အခြားဗဟိုခေါင်း
ဆောင်များနှင့် ခြားနားစွာ သိမ်သိမ်ငယ်ငယ် နေထိုင်ရ





ပေါ်လည်း မကျေနပ်မှုများကို မဖော်ပြခဲ့။ သားကြီးဖြစ်သူ
အောင်ကျော်ဇောမှ ဗဟိုကို အာဘောင်အာရင်းသန်သန်
ဆန့်ထိုးနှက်နေခြင်းကြောင့် "သားသမီးမကောင်း မိဘ
ခေါင်း" ဟုဆိုကာ သူ့ခေါင်းပေါ် ပြဿနာများ ပုံကျ
လာမည်စိုး၍ သတိထားနေရခြင်းဖြစ်သည်။

၁၉၈၈ ခုနှစ် မြို့ပေါ်အရေးအခင်းများ ဖြစ်လာ
သောအခါ တစ်ချိန်က နာမည်ရှိခဲ့သော ဗိုလ်မှူးချုပ်ဟောင်း
ကျော်ဇောဟူသော အမည်နာမကို အသုံးပြုလို၍ မြို့ပေါ်
ခေါင်းရေးသမားများနှင့် သီဟောင်းကျွမ်းဟောင်းများထံ
အရေးဆက်သွယ်ရန် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုက
သူ့အား တာဝန်ပေးခဲ့ပြန်လေသည်။

သူသည် တောခိုဝင်ရောက်ခဲ့ချိန်မှစပြီး ဗမာပြည်
ကွန်မြူနစ်ပါတီ ဗဟိုနှင့်အတူ လက်လွတ်ထွက်ပြေးခဲ့ရ
သည့်အချိန်အထိ သူ့ဘဝသည် သံဖတ်ပေးထားသော
ဖော်ရုပ်တစ်ရုပ်နှယ်သာ ဖြစ်ခဲ့လေသည်။

ဤသည်မှာ အလင်းဝင်များ၏ ဗိုလ်မှူးချုပ်ဟောင်း
ကျော်ဇောနှင့် ပတ်သက်သည့် ဖော်ပြချက်များပါခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ကိုယ်ရေးအတ္ထုပ္ပတ္တိ

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောအား ၁၉၁၈ ခုနှ[illegible] နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အဖ ဦးပန်း၊ အမိ ဒေါ်[illegible] တို့မှ သုံးဆယ်မြို့ ဆိုင်းစုရွာတွင် မွေးဖွားခဲ့သည်။ အငယ်[illegible] ရင်းမှာ မောင်ရွှေဖြစ်သည်။

သုံးဆယ်မြို့ အစိုးရအထက်တန်းကျောင်း[illegible] ဆယ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့ပြီး သာယ[illegible] ဝတီ ဗမာစာသင်ကျောင်း၌ ကျောင်းအုပ်အဖြစ် ၁၉[illegible] ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်[illegible] ၁၃. ၄. ၄၁ ရက်နေ့တွင် ရဲဘော်သုံးကျိပ်နှင့်အတူ ဂျပန်[illegible] ပြည်တွင် စစ်ပညာသင်ကြားခဲ့သည်။ ဗိုလ်အမည်ခံယူ[illegible] တွင် အမည်ရင်း ကိုရွှေအစား ဗိုလ်ကျော်ဇောဟု ခံယူ[illegible] ခဲ့သည်။

ဘီအိုင်အေ မြန်မာနိုင်ငံအတွင်း ဝင်ရောက်သည်[illegible] အခါ မော်လမြိုင်စစ်ကြောင်းနှင့်အတူ ပါဝင်ခဲ့သည်။ BD[illegible] ဖွဲ့စည်းသည့်အခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆော[illegible] ခဲ့သည်။ ဖက်စစ်တော်လှန်ရေး၌ တိုင်း (၄) တိုင်း[illegible] တာဝန်ယူ၍ ဂျပန်ဖက်ဆစ်တို့ကို တွန်းလှန်ခဲ့သည်။ ထို[illegible]





[illegible]ချုပ်ချုပ်ဆိုရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ဗမာ[illegible]ပြည်ကွန်မြူနစ်ပါတီဝင်ဖြစ်ခဲ့ပြီး ၁၉၄၅ ခုနှစ် ဗကပ ဒုတိယ[illegible]ကြိမ် ကွန်ဂရက်တွင် ဗဟိုကော်မတီဝင် ဖြစ်ခဲ့သည်။

၁၅. ၁၂. ၄၅ မှစ၍ ဗမာ့တပ်မတော်တွင် ဒုဗိုလ်[illegible]ဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၆ ခုနှစ် တပ်မတော်[illegible]လည်ဖွဲ့စည်းသည့်အခါ ဗိုလ်မှူးအဆင့်ဖြင့် တာဝန်ထမ်း[illegible]ဆောင်ရသည်။

၁၉၄၈ ခုနှစ် မတ်လ ဗမာပြည်ကွန်မြူနစ်ပါတီ[illegible]တောခိုသည့်အခါ တောခိုရာသို့ မလိုက်ပါသဖြင့် ဗကပ[illegible]ပါတီဝင်အဖြစ်မှ အထုတ်ပယ်ခံရသည်။ ၁၉၄၈/၄၉ ခုနှစ်[illegible]တွင် မြောက်ပိုင်းတိုင်း တိုင်းမှူး၊ ၁၉၄၉/၅၃ ခုနှစ် တောင်[illegible]ပိုင်းတိုင်း တိုင်းမှူး၊ ၁၉၅၃/၅၇ မြောက်ပိုင်းတိုင်း တိုင်း[illegible]မှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၅၂ ခုနှစ်တွင် မြန်မာနိုင်ငံ စစ်မစ်ရှင်အဖွဲ့ဝင်[illegible]အဖြစ် အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ နော်ဝေ၊ ဆွီဒင်[illegible]နှင့် ယူဂိုဆလားဗီးယားနိုင်ငံများသို့ သွားရောက်ခဲ့သည်။ [illegible]၁၉၅၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွား[illegible]ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၆ ခုနှစ် အောင်မာဃစစ်ဆင်ရေးတွင် ရန်...
ဗကပများထံ သတင်းပေါက်ကြားမှု၌ တာဝန်ရှိသ...
၇. ၇. ၅၇ နေ့တွင် တပ်မတော်စစ်ဖက်မှုလအဆင့် ခုံ...
မှုုးကြီးသို့ လျှော့ချပြီး အငြိမ်းစားပေးခြင်းခံရသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ကျောင်းသာ...
လှုပ်ရှားမှု အတော်များများတွင် နောက်ကွယ်မှ ကြိုးကိုင်...
ခဲ့သည်။ ၂၃. ၃. ၇၆ တွင် ဖြစ်ပွားသည့် ကျောင်းသားသူ...
အရေးအခင်း၌ ၎င်း၏သား ကျော်ဇောဦးသည် ထိပ်တန်...
ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ ၁၉၇၆ ခုနှစ် ဇူလိုင်...
သမီး ဒေါက်တာလှကျော်ဇော၊ သား ကျော်ဇောဦး၊ အော...
ကျော်ဇောတို့နှင့်အတူ တောခို၍ ဗကပဗဟိုသို့ ရောက်သွား...
ခဲ့သည်။ ၃. ၁၁. ၇၆ နေ့မှစ၍ ဗကပဗဟို စစ်အကြ...
အဖွဲ့ဝင် ဗဟိုစစ်ကော်မရှင် ပထမဒုဥက္ကဋ္ဌ တာဝန်ထမ်း...
ဆောင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဇနီးဒေါ်သန်းစိန် လိုက်...
ပါသွားခဲ့သည်။ ဗကပဗဟိုမှ ဗိုလ်မှူးချုပ်ဟောင်း ကျော်...
ဇောအား ဗကပပါတီဝင် သက်တမ်းအား ဂျပန်တော်လှန်...
ရေးကာလမှစ၍ ရေတွက်ခွင့်ပြုခဲ့သည်။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် အငြိမ်းစား...

...ဝ၌ ဖက်ဆစ်တော်လှန်ရေးနှင့် ရွှေးကောက်ပွဲရှင်းတမ်း၊ ...မ္မာ့စစ်နှင့် ငြိမ်းချမ်းရေး အမျိုးသားလွတ်မြောက်ရေး ...ိုက်ပွဲများ စသည့်စာအုပ်များကို ရေးသားခဲ့သည်။ လွတ် ...ပ်ရေးမော်ကွန်းဝင် ပထမဆင့်ရခဲ့သည်။ ဒေါ်သန်းစိန်နှင့် ...ားသမီး ၅ ဦးရခဲ့သည်။ သမီး ဒေါက်တာလှကျော်ဇော၊ ...မီး စန်းကျော်ဇောနှင့် သား သက်ခိုင် ခေါ် ကိုလတ်၊ ...အောင်ကျော်ဇော၊ ကျော်ဇောဦး ပေါင်း ၅ ဦး ဖြစ်သည်။ ...ုံးဦးမှာ တောခိုရာသို့ လိုက်ပါသွားခဲ့ကြသည်။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် ၁၉၇၆ ခုနှစ် ...မှ ၁၉၈၉ ခုနှစ် ဗကပ ဗဟိုကော်မတီ ပျက်သွားသည် ...အထိ ဗကပဗဟိုတွင် ရှိနေခဲ့ပြီး မကြာသေးမီနှစ်များက ...အထိ တရုတ်ပြည် ယူနန်ပြည်နယ် ဆစ်ဆောင်ပန်နား ...ဒေသ၌ သမီး ဒေါက်တာလှကျော်ဇောနှင့်အတူ နေထိုင် ...လျက်ရှိကြောင်း နိုင်ငံခြားမှ ထုတ်လွှင့်လျက်ရှိသည့် ရုပ်မြင် ...သံကြားများမှတစ်ဆင့် သိရှိရပါကြောင်း။ ❧

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

## စွမ်းရည်ဘွဲ့ရသူများအကြောင်း

ဤတိုက်ပွဲကြီးမှာ တစ်လနီးပါး ကြာမြင့်ခဲ့သည့် ်ပွဲကြီးဖြစ်ပြီး နှစ်ဖက်အသေအပျောက်လည်း များ သည်။ တိုက်ပွဲပြီးဆုံးသွားသောအခါ တိုက်ပွဲတွင်းက ွမ်းတမံ အမှုထမ်းခဲ့သူများအား စွမ်းရည်ဘွဲ့များ ချီးမြှင့် ခဲ့ရာ စွမ်းရည်ဘွဲ့ရသူအတော်များများ ပေါ်ထွက်ခဲ့ပါ ည်။ စာရင်းများစုဆောင်းရာ၌ အခြားတပ်များက စာရင်း



www.burmeseclassic.com

www.burmeseclassic.com



မရခဲ့ပါ။ ခမရ (၁၀၉) မှ စာရင်းများသာ အပြည့်အစုံရရှိခဲ့
ထိုစာရင်းများကိုသာ ဖော်ပြလိုက်ရပါသည်။

ခမရ (၁၀၉) မှ

| | | |
|---|---|---|
| (က) | သီဟသူရ ရသူ | ၄ ဦး |
| (ခ) | သူရ ရသူ | ၁၀ ဦး |
| (ဂ) | သူရဲကောင်းမှတ်တမ်းဝင်ရသူ | ၆ ဦး |

ရှိခဲ့ပါသည်။

စွမ်းရည်ဘွဲ့ရရှိသူများစာရင်းကို ရှာဖွေပြုစု
သီဟသူရဘွဲ့ရရှိသူများနှင့် ဖြစ်စဉ်အား အသေးစိတ် သိ
ရသဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။






သီဟသူရဘွဲ့ရ ဗိုလ်ကြီး သူရစစ်မောင်

www.burmeseclassic.com

www.burmeseclassic.com



သီဟသူရဘွဲ့ရဒုဗိုလ်စိုးလွင် (ကျဆုံး)



သီဟသူရဘွဲ့ရ တပ်ကြပ် ထွန်းကြည် (ကျဆုံး)

www.burmeseclassic.com

www.burmeseclassic.com



သီဟသူရအဖွဲ့ရှ တပ်သားညှိအေး (ကျဆုံး)



အရှေ့မြောက်ဒေသ တိုက်ပွဲဝင် စစ်သည်များအား ဖျော်ဖြေနေသည့် ဂီတအနုပညာရှင်များ

www.burmeseclassic.com

www.burmeseclassic.com



အရှေ့မြောက်ဒေသ တိုက်ပွဲဝင် စစ်သည်များအား ထိုသို့ အနယ်နယ်အရပ်ရပ်မှပေးပို့သော ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ





## သီဟသူရဘွဲ့

| | |
|---|---|
| ကိုယ်ပိုင်အမှတ် | ကြည်း ၁၁၇၁၆ |
| အဆင့်/အမည် | ဗိုလ်ကြီးသူရစစ်မောင်<br>(လက်ရှိဗိုလ်မှူးကြီး) |
| အမြင့်ဆုံးရရှိသည့်ဘွဲ့/<br>ရရှိသည့်နှစ် | သီဟသူရ (၁၉၇၈) |
| ဘွဲ့ရရှိစဉ်တာဝန် | အမှတ်(၁၀၉) |
| ထမ်းဆောင်နေသည့်တပ်ရင်း | ခြေမြန်တပ်ရင်း |
| ဘွဲ့အပ်နှင်းခံရသော<br>အချိန်အခါ | ၁/ အထူး / ၇၈ |



www.burmeseclassic.com

www.burmeseclassic.com



၆။ **ဘွဲ့ရရှိပုံဖြစ်စဉ်အကျဉ်း။** ။ ၁၉၇၇ ခု
အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရန်သူဗကပများ အ
အမာတပ်စွဲထားသည့် ဟိုပန်မြို့ ခြူးရွှေစခန်းကို ပြန်လ
သိမ်းပိုက်ရန် တပ်မတော်က တိုက်ခိုက်ရာတွင် ဗိုလ်
သူရစစ်မောင်သည် မိမိတပ်ခွဲနှင့် အခြားတပ်ခွဲမျ
ပြန်လည်စုစည်းကာ ယုံကြည်ချက်စိတ်ဓာတ် အပြည့်
ဖြင့် ရန်သူ့စခန်းကို မရမချင်းတိုက်ရန် ဆုံးဖြတ်ပြီး အ
ကြိမ် လုံ့စွပ်ထိုးတိုက်ခိုက်ခဲ့ခြင်း၊ မိမိတွင် ရရှိထားသ
ဒဏ်ရာကို လုံးဝဂရုမပြုဘဲ ရဲဘော်များအား တိုက်
အောင်စိတ်အပြည့်ဖြင့် ဆက်လက်တိုက်ခိုက်နိုင်ရန် လို
အားပေးခဲ့ခြင်း၊ စခန်းကို အပြီးတိုင် ရှင်းလင်းထိန်း
နိုင်သည့် အင်အားမကျန်တော့ကြောင်း သုံးသပ်မိ၍ နွ
ဆင်ရာတွင် နောက်ဆုံးမှပင် ကွပ်ကဲလျက် တည်
ငြိမ်ငြိမ် ခေါင်းဆောင်ခဲ့ခြင်း စသည့် ရဲဝံ့တည်ငြိမ်
စိတ်ဓာတ်၊ အနိုင်မခံလိုသော ဖွဲ့သတ္တိ၊ ခေါင်းဆောင်
ပီသသော အနစ်နာခံမှု၊ ကိုယ်ကျိုးစွန့်နိုင်မှုတို့ကြေ
ဗိုလ်ကြီး သူရစစ်မောင်အား နိုင်ငံတော်မှ သီဟသူ
တံဆိပ် ချီးမြှင့်ခြင်းဖြစ်သည်။







## သီဟသူရဘွဲ့

| | |
|---|---|
| ကိုယ်ပိုင်အမှတ် | ကြည်း ၁၃၇၆၉ |
| အဆင့်/အမည် | ဒုဗိုလ်စိုးလွင်(ကျဆုံး) |
| အမြင့်ဆုံးရရှိသည့်ဘွဲ့/ ရရှိသည့်နှစ် | သီဟသူရ (၁၉၇၈) |
| ဘွဲ့ရရှိစဉ်တာဝန် | အမှတ် (၁၀၉) |
| ထမ်းဆောင်နေသည့်တပ်ရင်း | ခြေမြန်တပ်ရင်း |
| ဘွဲ့အပ်နှင်းခံရသော အမိန့်အာဏာ | ၁/ အထူး / ၇၈ |



www.burmeseclassic.com

www.burmeseclassic.com



၆။ **ဘွဲ့ရရှိပုံဖြစ်စဉ်အကျဉ်း။** ။ ၁၉၇၇ ခု
အောက်တိုဘာ ၂၀ ရက်နေ့တွင် ရန်သူဗကပများ အခိုင်
အမာ တပ်စွဲထားသည့် ဟိုပန်မြို့နယ်၊ ခြူးရွေးစခန်း
ပြန်လည်သိမ်းပိုက်ရန် တပ်မတော်က တိုက်ခိုက်ရာ
ဒုဗိုလ်စိုးလွင်သည် မိမိရှေ့မှ တပ်ခွဲ ၄ ခွဲစလုံး ရန်သူ
လက်နက်ကြီး၊ လက်နက်ငယ်များ ပစ်ကွင်းအောက်
ကျရောက်နေသည်ကို သိလျှင်သိချင်း မိမိဦးဆောင်ရသော
တပ်ခွဲ (၅) ကို ရှေ့မှတပ်ခွဲများနှင့် အမြန်ပေါင်းမိ
အတွက် နေရာယူခြင်း၊ ဝပ်ခြင်း လုံးဝမပြုဘဲ ရှေ့ဆုံး
ဦးဆောင်ချီတက်ခဲ့ပြီး တပ်ခွဲများပူးပေါင်းမိသည်နှင့် တပ်
နက် ရန်သူကတုတ်ကျင်းများရှိရာသို့ တစ်ဟုန်ထိုး
တက်ကာ လုံ့စွပ်ထိုးတိုက်ခိုက်ခဲ့သည်။

ထိုစဉ် ရန်သူ၏လက်နက်ငယ် ကျည်ထိ
ဒဏ်ရာရသော်လည်း မိမိ၏ဒဏ်ရာကိုဂရုမထားဘဲ ရဲဘော်
များအား ရန်သူ့စခန်းသို့ ဆက်လက်တက်ရောက် ချေမှုန်း
ရန် အမိန့်ပေးပြီး ရန်သူကတုတ်ကျင်းများကို ဆက်လက်
တိုက်ခိုက်ချေမှုန်းစဉ် ကျဆုံးခဲ့သည်။

ဒုဗိုလ်စိုးလွင်၏ ရဲဝံ့ပြတ်သားသော ခေါင်းဆော





တိုင်းပြည်နှင့်တပ်မတော်အတွက် ပေးအပ်သော တာဝန်
ကို ရဲဝံ့သောအသိစိတ်ခိုင်မြဲသော ဖွဲ့စိတ်ဓာတ်ဖြင့် အသက်
ကိုစွန့်လွှတ်သည်အထိ ထမ်းဆောင်ခဲ့သောကြောင့် ဒုဗိုလ်
စိုးလွင်အား နိုင်ငံတော်မှ သီဟသူရဘွဲ့တံဆိပ် ချီးမြှင့်ခြင်း
ခံရသည်။



www.burmeseclassic.com

www.burmeseclassic.com





## သီဟသူရဘွဲ့

၁။ ကိုယ်ပိုင်အမှတ် – ၂၇၈၁၄၃

၂။ အဆင့်/အမည် – တပ်ကြပ်ထွန်းကြည် (ကျဆုံး)

၃။ အမြင့်ဆုံးရရှိသည့်ဘွဲ့/ရရှိသည့်နှစ်–သီဟသူရ (၁၉...

၄။ ဘွဲ့ရရှိစဉ်တာဝန်ထမ်းဆောင်နေသည့်တပ်ရင်း – အမှတ် (၁၀၉) ခြေမြန်တပ်ရင်း

၅။ ဘွဲ့အပ်နှင်းခံရသောအမိန့်အာဏာ–၁/ အထူး / ...

၆။ **ဘွဲ့ရရှိပုံဖြစ်စဉ်အကျဉ်း။** ။ ၁၉၇၇ ...
အောက်တိုဘာ ၂၀ ရက်နေ့တွင် ရန်သူဗကပများ ...
အမာတပ်စွဲထားသည့် ဟိုပန်မြို့နယ်၊ ခြူးရွှေစခန်းကို ...
လည်သိမ်းပိုက်ရန် တပ်မတော်က တိုက်ခိုက်ရာတွင် ...





...ပ်ထွန်းကြည်သည် ချေမှုန်းရေးတပ်စိတ်ကို ဦးဆောင်၍ ...ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့သည်။

တပ်ကြပ်ထွန်းကြည်သည် မိမိတပ်ခွဲမှူး ဒဏ်ရာ ...ရှိန်တွင် ကျန်ရဲဘော်များနှင့်အတူ တပ်ခွဲ (၁) နှင့် ...ပါင်းပြီး တပ်ခွဲ (၁) တပ်ခွဲမှူး ဗိုလ်ကြီးသူရစစ်မောင်၏ ...န့်အတိုင်း ဆက်လက်မဆုတ်တမ်း တိုက်ပွဲဝင်ခဲ့ သည်။ ...ခွဲမှူး၏အမိန့်အရ ရန်သူကို ညာဘက်မှ ဖောက်တိုက် ... တပ်ဖွဲ့များကို ဦးဆောင်၍ ရှေ့ဆုံးမှတိုက်ပွဲဝင်ခဲ့ပြီး ...တ်များအား အနီးကပ်နှောင့်ယှက်နေသည့် စက်လတ် ...ကျင်းရှိရာသို့ ဒဏ်ရာရရှိထားသည့်ကြားမှပင် ရောက် ...သွားတက်ပြီး လက်ပစ်ဗုံး ၂ လုံးကို ဆုပ်ကိုင်၍ ...တာတုတ်ကျင်းထဲသို့ လှိမ့်ဝင်လိုက်ရာ ရန်သူစက်လတ် ...လုံးနှင့်အတူ တပ်ကြပ်ထွန်းကြည် ကျဆုံးခဲ့သည်။

ဤသို့တပ်မတော်သားကောင်းပီသစွာ ပေးအပ်... ...တာဝန်ကို ရဲဝံ့တည်ငြိမ်သော စိတ်ဓာတ်ဖြင့် အသက် ...ရှင်လွှတ်သည်အထိ တိုက်ပွဲဝင်ခဲ့သောကြောင့် ...ပ်ထွန်းကြည်အား နိုင်ငံတော်က သီဟသူရဘွဲ့တံဆိပ် ...ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





## သီဟသူရဘွဲ့

၁။ ကိုယ်ပိုင်အမှတ် ၃၇၀၇၀၀

၂။ အဆင့်/အမည် တပ်သားညီအေး (ကျဆုံး)

၃။ အမြင့်ဆုံးရရှိသည့်ဘွဲ့/ရရှိသည့်နှစ် သီဟသူရ (၁၉၇၈)

၄။ ဘွဲ့ရရှိစဉ်တာဝန်ထမ်းဆောင် နေသည့်တပ်ရင်း အမှတ် (၁၀၉) ခြေမြန်တပ်ရင်း

၅။ ဘွဲ့အပ်နှင်းခံရသော အမိန့်အာဏာ ၁/ အထူး / ၇၈





၆။ ဘွဲ့ရရှိပုံဖြစ်စဉ်အကျဉ်း။ ။ ၁၉၇၇ ခုနှစ် အောက်တိုဘာ ၂၀ ရက်နေ့ ၀၄း၃၀ နာရီအချိန် ဟိုပန်မြို့နယ်၊ ခြူးရွှေ (ပီ – ၈၂၀၁၈၀) ဗကပအင်အား ၁၅၀၀ တို့ဖြင့် စတင်တိုက်ပွဲဖြစ်ခဲ့ပါသည်။ မိမိဘက်မှ အမှတ် (၁၀၉) ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူး ကြည်း (၇၃၅၁) ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ ခေါင်းဆောင်သော စစ်ကြောင်း ဌာနချုပ်နှင့် တပ်ခွဲ ၅ ခွဲတို့ဖြင့် တိုက်ခိုက်ခဲ့ပါသည်။ တပ်သားညီအေးသည် တပ်ခွဲ (၃) ချေမှုန်းရေး တပ်ဖွဲ့တွင် ပါဝင်ခဲ့ပါသည်။ တပ်ခွဲမှူး ဗိုလ်ကြီးဖုန်းစိန်နှင့်အတူ ရန်သူ့စခန်းသို့ တိတ်တဆိတ်ချဉ်းကပ်ခဲ့ပြီး အတွင်းခြံစည်းရိုးထိ ရောက်ရှိခဲ့သည်။ ရန်သူမှ စတင်ပစ်ခတ်ခြင်းခံရပြီး လက်နက်ကြီးများ တရစပ်ကျရောက် ပေါက်ကွဲနေချိန်တွင် တပ်သားညီအေးသည် ခြံစည်းရိုးကို ဖောက်ဝင်၍ လက်တွင်းမှ ဘီအေ ၆၄ စက်ကလေးဖြင့် တရစပ် ပစ်ခတ်တက်သွားသည်။ ရန်သူကတုတ်ကျင်းမှ ၁၀ ကိုက်ခန့်အကွာတွင် ရန်သူစက်လတ်ဖြင့် အတွဲလိုက်ပစ်ခတ်ခံရပြီး လဲကျသွားခဲ့သည်။ လဲကျသည့်ကြားမှပင် ပြန်ထပြီး တွားတက်၍ ကတုတ်ကျင်းထိပ်သို့ တက်သွားပြီး ဘီအေ



www.burmeseclassic.com

www.burmeseclassic.com



ဗြ၄ ဖြင့် ရန်သူစက်လက်ရှိရာသို့ ဦးနှိမ်ပစ်ခတ်ပေးခဲ့ပြီး အခြားတပ်ဖွဲ့ဝင်များ တက်လာနိုင်စေရန် ကာပစ် ပစ်ခဲ့သည်။

ထိုစဉ် ကတုတ်ကျင်းထဲမှ လက်ပစ်ဗုံးများ လိုးချသဖြင့် ထပ်မံဒဏ်ရာရပြန်သည်။ ဒဏ်ရာရသည့်ကြားမှပင် တပ်သားညိုအေးသည် လက်ပစ်ဗုံးကို တစ်ဖက်မှ ဆုပ်ကိုင်ရင်း တစ်ဖက်မှ ဘီအေ ဗြ၄ ကိုဆွဲယူ၍ ကတုတ်ကျင်းအဝအနားအထိ တွားတက်ခဲ့ပြီး ကတုတ်ကျင်းထဲသို့ လက်ပစ်ဗုံးပစ်သွင်းခဲ့သည်။ ထိုစဉ်မှာပင် ရန်သူ၏ လက်ယှက်ထိုးပစ်ခတ်မှုကြောင့် တပ်သားညိုအေးသည် ကတုတ်ကျင်းထိပ်မှာပင် လဲကျပြီး ကျဆုံးသွားသည်။

အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရာတွင် ၎င်း၏မတွန့်မဆုတ်သော ဖွဲ့သတ္တိနှင့်စိတ်ဓာတ်၊ ဒဏ်ရာရသည့်ကြားမှပင် မိမိဘက်မှ အောင်ပွဲဆင်နိုင်ရေး၊ ရဲဘော်ရဲဘက်များ အထိအနိုက် အကျအဆုံးနည်းနိုင်သမျှ နည်းအောင် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်၊ ရန်သူကို အဆုံးတိုင် ချေမှုန်းသွားလိုသော ပြင်းပြသည့်ခံယူချက်တို့





...င်း ရဲရင့်ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့သည့် တပ်သား ...ညိုအေးအား နိုင်ငံတော်မှ သီဟသူရဘွဲ့တံဆိပ် ချီးမြှင့် ...ခဲ့ခြင်းဖြစ်သည်။

သီဟသူရဘွဲ့ရရှိသူများအပြင် ဤတိုက်ပွဲကြီး၌ ...သူကြီးဖုန်းစိန်အပါအဝင် သူရဘွဲ့ရရှိသူများ၊ သူရဲကောင်း ...ဘ်တံဆိပ်ဝင်ရရှိသူများလည်း ရှိပါသည်။

ခမရ (၁၀၉) သို့ ရောက်သဖြင့် ထိုစာရင်းများကို ...ခဲ့ရာ အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



## အမှတ် (၁၀၉) ခြေမြန်တပ်ရင်းမှ သီဟသူရဘွဲ့ရသူများ

| အမှတ်စဉ် | ကိုယ်ပိုင်အမှတ် | အဆင့် | အမည် | စစ်ဆင်ရေး | နေရာ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကြည်း ၁၁၇၁၆ | ဗိုလ်ကြီး | စစ်မောင် | ရဲမင်းအောင် | ဟိုပန်မြို့နယ် ခြူးရွှေ တိုက်ပွဲ | ၂၈.၁၀.၇၇ | |
| ၂ | ကြည်း ၁၃၇၆၉ | ဒုဗိုလ် | စိုးလွင် | " | | " | ကျဆုံး |
| ၃ | အမှတ် ၂၇၈၁၄၃ | တက | သွန်းကြည် | " | | " | ကျဆုံး |
| ၄ | အမှတ် ၃၇၀၇၀၀ | တသ | ညီအေး | " | | " | ကျဆုံး |





## အမှတ် (၁၀၉) ခြေမြန်တပ်ရင်းမှ သူရဘွဲ့ရသူများ

| အမှတ်စဉ် | ကိုယ်ပိုင်အမှတ် | အဆင့် | အမည် | စစ်ဆင်ရေး | နေရာ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကြည်း ၁၁၄၆၄ | ဗိုလ်ကြီး | ဖုန်းစိန် | ရဲမင်းအောင် | ဟိုပန်မြို့နယ် ခြူးရွှေတိုက်ပွဲ | ၂၈.၁၀.၇၇ | |
| ၂ | အမှတ် ၂၅၂၂၀၁ | တကက | ကိုလေး | " | " | " | |
| ၃ | အမှတ် ၂၆၁၀၂၆ | တက | အုန်းကြိုင် | " | " | " | ကျဆုံး |
| ၄ | အမှတ် ၂၈၃၁၆၃ | တက | မောင်ဝေါင်း | " | " | " | |
| ၅ | အမှတ် ၂၈၆၅၉၁ | ဒုတကက | ထယ်ခန့်ခန့် | " | " | " | ကျဆုံး |
| ၆ | အမှတ် ၃၇၇၃၃၂ | တသ | မောင်ဆွယ် | " | " | " | " |



www.burmeseclassic.com

www.burmeseclassic.com



## အမှတ် (၁၀၉) ခြေမြန်တပ်ရင်းမှ သူရဲကောင်းမှတ်တမ်းဝင်ရသူများ

| အမှတ်စဉ် | ကိုယ်ပိုင်အမှတ် | အဆင့် | အမည် | စစ်ဆင်ရေး | နေရာ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | အမှတ်၂၁၅၆၁၇ | တကက | မောင်ကြည် | ရဲမင်းအောင် | ဟိုပန်မြို့နယ် ခြူးရွှေတိုက်ပွဲ | ၂၈. ၁၀. ၇၇ | |
| ၂ | အမှတ်၁၃၃၁၅၈ | တက | ကျော်ဝင်း | 〃 | 〃 | 〃 | |
| ၃ | အမှတ်၁၄၅၉၂၆ | တက | ချစ်ခင် | 〃 | 〃 | 〃 | |
| ၄ | အမှတ်၃၀၅၂၁၇ | တက | ထွန်းမောင် | 〃 | 〃 | 〃 | |
| ၅ | အမှတ်၃၁၃၇၈၉ | တက | ဝင်းကြိုင် | 〃 | 〃 | 〃 | |
| ၆ | အမှတ်၃၁၅၉၈၆ | တက | နီဆေး | 〃 | 〃 | 〃 | |
| ၇ | အမှတ်၃၇၈၇၁၂ | တသ | မြင့်ဆွေ | ရဲမင်းအောင် | ဟိုပန်မြို့နယ် ခြူးရွှေတိုက်ပွဲ | ၂၈. ၁၀. ၇၇ | ကျဆုံး |
| ၈ | အမှတ်၄၀၆၅၉၃ | တသ | သောင်းအေး | 〃 | 〃 | 〃 | 〃 |
| ၉ | အမှတ်၄၀၆၆၂၆ | တသ | သိန်းလွင် | 〃 | 〃 | 〃 | 〃 |
| ၁၀ | အမှတ်၄၂၆၆၄၂ | တသ | စံရွှေမောင် | 〃 | 〃 | 〃 | |







www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

## ကျွန်တော်နှင့် ခြူးရွှေပန်ကောက်တပ်မှူးများအကြောင်း

ခြူးရွှေပန်ကောက်တိုက်ပွဲကြီးအကြောင်း ကျွန်တော်သိသမျှ မြင်သမျှ ရေးခဲ့ပြီးပါပြီ။ ဆက်လက်၍ ဤတိုက်ပွဲကြီး၌ ပါဝင်ခဲ့သည့် ကျွန်တော်သိကျွမ်းခဲ့ဖူးသော၊ ရင်းနှီးခဲ့ဖူးသော တပ်မှူးများအကြောင်း ရေးလိုက်ချင်ပါသေးသည်။

ထိုစဉ်က တပ်မှူးကြီးများမှာ –

ဗိုလ်ချုပ်လှဦး ရမခတိုင်းမှူးနှင့်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးမင်းနောင် တပ်မ (၉၉) တပ်မှူး
ဖြစ်ပါ၏။

တပ်မှူးငယ်များမှာ –

ခြူးရွှေစခန်းကို တက်တိုက်ခဲ့ကြသည့်

ဗိုလ်ကြီးသူရစစ်မောင်၊ ဗိုလ်ကြီးဖုန်းစိန်နှင့်

ရင်ကွဲတောင်တွင် ကျဆုံးခဲ့သည့် ဗိုလ်ကြီးလှမြင့် တို့အကြောင်း ဖြစ်ပါသည် ခင်ဗျား။ ဒါမှလည်း သူတို့ တစ်တွေကို ဂုဏ်ပြုရာရောက်ပါမည်။

ဦးစွာပထမ ဗိုလ်ချုပ်လှဦးအကြောင်း ရေးရမည် ဖြစ်သော်လည်း ကျွန်တော်၏စာအုပ်အတော်များများတွင် ဗိုလ်ချုပ်လှဦးအကြောင်း မကြာခဏရေးခဲ့ဖူးပြီးဖြစ်ပါသဖြင့် ချန်လှပ်ခဲ့ပြီး ကျန်ပုဂ္ဂိုလ်များအကြောင်းသာ ရေးပါ တော့မည်။

ဦးစွာပထမ တပ်မ (၉၉) တပ်မမှူးဖြစ်သည့် ဗိုလ်မှူးကြီးမင်းနောင်အကြောင်းကို စတင်ဖော်ပြပါသည်။





**(က) ကျွန်တော်နှင့်ဗိုလ်မှူးကြီးမင်းနောင်**

ဗိုလ်မှူးကြီးမင်းနောင်ကို ကျွန်တော်သည် တက္ကသိုလ်ကျောင်းသားဘဝကပင် စသိခဲ့၏။ ဇာတ်လမ်း ကတော့ ဒီလိုပါခင်ဗျာ။

၁၉၆၁/၆၂ ခုနှစ် ပညာသင်နှစ်တွင် ရန်ကုန် တက္ကသိုလ်သို့ ကျွန်တော် စတက်သည်။ B.O.C ကောလိပ် ဖွင့်သည့်နှစ် ဖြစ်၏။ ယူသည့်ဘာသာတွဲက V. Combination ။ ဘာသာရပ်တွေက စိတ်ကြိုက်မြန်မာစာ၊ အနောက်တိုင်းသမိုင်း ပထဝီဖြစ်၏။ V. Combination မှာ လူကြိုက်နည်းသဖြင့် ယူသူ ၂၀၀ ကျော် ၃၀၀ ခန့်သာ ရှိပါသည်။ အချို့ဘာသာတွဲများမှာ လူကြိုက်အလွန်များ၍ လူ ၁၀၀၀ ကျော် ၂၀၀၀ ရှိပါသည်။ ဘာသာတွဲ ခေါင်းကား အတော်များသည်။ သုံးလေးဆယ်ခန့်ရှိမည် ထင်ပါ၏။

ဤသို့ဖြင့် လူမသိ သူမသိ ဘာသာတွဲလေးယူ ခဲ့သော ရဲဘော်သား ကျွန်တော်နှင့် သူငယ်ချင်းကိုဘိုကြည် (ကြာမီက ကွယ်လွန်သွားခဲ့သည့် အငြိမ်းစား ရုပ်ရှင်ဦး ဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဘိုကြည်) တို့သည်



www.burmeseclassic.com

www.burmeseclassic.com



မကြာမတင်မှာပင် ဘာသာတွဲတစ်ခုတည်း ယူထား
**V. Combination** မှ အခြားအခြားသော ကျောင်း
ကျောင်းသားများနှင့် လျင်မြန်စွာ ရင်းနှီးသွားတော့၏

အထူးသဖြင့် အသက် ၁၆ နှစ်သာသာ
တော်တို့ လူငယ်လေးများအား အသက် ၂၀ အရွယ်
ကျောင်းသူကြီးများက အလွန်ရင်းနှီးစွာ ဆက်ဆံကြ
**Day Scholar** ထဲမှ မသန်းနိုင်၊ မခင်သော်တာ၊ မနွဲ့နွဲ့
မမြင့်မြင့်ရွှေတို့သည် အသက် ၂၀ အရွယ် ကျောင်းသူ
များဖြစ်ကြ၏။ ထိုအထဲမှ မမြင့်မြင့်ရွှေသည် ကဗျာ
အစလေးများရေးကာ ရွှေမြိုင်ဝတ်မှုံဦးဟူသော က
အမည်ဖြင့် လက်သွေးနေသူ ဖြစ်၏။ တက္ကသိုလ်နံရံ
စာစောင်များတွင် သူမ၏ ကဗျာများ မကြာခဏ ပါ
သည်။ ကျွန်တော်နှင့် ကိုဘိုကြည်တို့ နှစ်ဦးကလည်း
ကြိုက်မြန်မာစာယူပြီး ကဗျာတွေ စာတွေ တတွတ်တွတ်
ရွတ်တတ်သူများမို့ ရွှေမြိုင်ဝတ်မှုံဦးခေါ် မမြင့်မြင့်ရွှေ
စာတွေကူးပေးရင်း အလွန်ခင်သွားတော့၏။

**B.O.C** ဒုတိယနှစ် တက်နေဆဲတစ်ရက်တွင် မမြင့်
မြင့်ရွှေက –





"ဟဲ့ ... နင်တို့နှစ်ယောက် ငါ့အိမ်လိုက်ခဲ့ကြပါ
အမေ့ကို နင်တို့အကြောင်းတွေပြောတော့ အမေက
ခဲ့ပါဟယ်လို့ ပြောတယ်"

ဟု ဆိုလာ၏။

ထိုစဉ်က ကျွန်တော်နှင့် ကိုဘိုကြည်တို့သည် ကြည့်
တိုင်က ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် မှီခို
ဆိုင်ရင်း ဆင်းရဲချို့ငဲ့စွာ ကျောင်းတက်နေရသည့်ကာလ
၂ဦးလုံး အဖေမဲ့သားများ ဖြစ်ကြ၏။ တက္ကသိုလ်
တတ်ချင်လွန်း၍ ရန်ကုန်သို့ စွန့်စွန့်စားစား ဆင်း
ပြီး ကျောင်းတက်နေကြသူများပါပေ။

မမြင့်မြင့်ရွှေကား ကျွန်တော်တို့ဘဝနှင့် အလွန်
ခြားလှပါသည်။ ညီအစ်ကို မောင်နှမ ၈ ယောက်တွင်
ငယ်ဆုံးဖြစ်၏။ အစ်ကိုကြီးနှစ်ယောက်က စစ်ဗိုလ်တွေ၊
ကြီးတစ်ယောက်က စစ်ဗိုလ်ကတော်၊ အစ်မအငယ်
သူမထက်တစ်တန်းကြီးသည့် တက္ကသိုလ်ကျောင်းသူ၊
အစ်မများနှင့် အစ်ကိုတစ်ဦးက အလုပ်ကိုယ်စီနှင့်
ငယ်ဆုံးမို့ အားလုံးက သူမကို အလိုလိုက်ထားကြသည်။
နေကြသည်။ မိသားစုမှာ မော်လမြိုင်ဇာတိ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တွင် အခြေချခဲ့သည်မှာ ကြာပြီ။ မော်လမြိုင်...
အဖေကြီးဆုံးပြီးနောက် မိသားစုတစ်အုပ်တစ်မကြီး ...
သို့ ရွှေ့လာသည်။ အမေကြီး ဒေါ်ဖွားသီက အလု...
စားသည်။ စီးပွားရေးလုပ်သည်။ သားသမီးတွေ ကြီး...
တော့ စီးပွားပိုဖြစ်လာသည်။ သားကြီးနှစ်ယောက်က ...
ရေးမလုပ်ဘဲ တပ်ထဲဝင်သွားသည်။ တစ်ယောက်က ကြ...
တပ်၊ တစ်ယောက်က ရေတပ်၊ ကျွန်တော်တို့နှင့် ...
သိတော့ အစ်ကိုတွေက ဗိုလ်မှူးတွေဖြစ်နေပြီဆို...

အိမ်လိုက်လည်သည့်နေ့က ကမာရွတ် ၆ ...
မာလကာခြံ စွပ်ကျယ်စက်လမ်းရှိ မမမြင့်အိမ်သို့ ...
သောအခါ အမေကြီး ဒေါ်ဖွားသီက နွေးထွေးစွာ ...
သည်။

"ဟယ် ... အမြင့် သူငယ်ချင်းလေးတွေ ...
လာကြ ... လာကြ"

"သားတို့ ထမင်းစားပြီးပြီလား။ ထမင်းစား...
လေ"

ဟုပြောကာ ညနေစာ အတင်းကျွေးသည်။ အမေ...
ကြီး ဒေါ်ဖွားသီကား ထိုအချိန်က အသက် ၆၀ခန့် ...





...ခဲ့၏။ အသားလတ်လတ်၊ အသံအောင်အောင်၊ ဝဝဖိုင့်ဖိုင့်
...ခဲ့သော်လည်း သွက်လက်ဖျတ်လတ်သေးသည်။

ထိုနေ့ညနေက ညနေစာ မကြာခဏတော်လေ့ရှိ
သော ဘုန်းကြီးကျောင်းသား ကျွန်တော်နှင့် ကိုဘိုကြည်
တို့သည် အမေကြီး ဒေါ်ဖွားသီကျွေးလိုက်သော ညနေစာကို
အားရပါးရ စားခဲ့ကြပါသည့်ခင်ဗျား။

ဤသို့ဖြင့် မမမြင့်တို့အိမ်တွင် ထမင်းအနပ်ပေါင်း
အတော်များများ စားခဲ့ကြပါသည်။ ကျွန်တော်တို့ BA
ထမနှစ်ရောက်သည့်နှစ်စ တစ်ရက်တွင် မမမြင့်က
ပြော၏။

"နက်ဖြန်ခါ အမေ့အသက် ၆၀ ပြည့်မွေးနေ့ပွဲ
ရှိတယ်"

"အဲဒါ ဆွမ်းကျွေးမယ်။ တို့ V. Combination
က သူငယ်ချင်းတွေလည်း ဖိတ်ထားတယ်။ နင်တို့ နှစ်
ယောက်ကတော့ ခုညနေကတည်းက လိုက်ခဲ့ပါလား" ဟု
ခေါ်သည်။ ထိုနေ့ညက အမေကြီးဒေါ်ဖွားသီ မွေးနေ့ဆွမ်း
ကျွေးအတွက် ဝိုင်းကူလုပ်ရင်း မမမြင့်တို့အိမ်တွင် ညအိပ်
လိုက်သည်။ နောက်နေ့ ဆွမ်းကျွေးတရား နာပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ညှိသည်များ ပြန်ကုန်ချိန်တွင် အမေကြီးဒေါ်ဖွားသိန်း သားသမီးများစုပြီး စကားစမြည်ပြောကြသည်။

ထိုအခါ မိသားစုနှင့်အတူ ကျန်ခဲ့သည့် ကျွန်တော် တို့နှစ်ဦးအား အမေကြီး ဒေါ်ဖွားသိက –

''သားလေးတို့ ဒါက အမေ့သားအကြီးဆုံး မောင်မင်းနောင်။ တပ်ထဲက ဗိုလ်မှူး။ ဒါက ဒုတိယသား မောင်မျိုးအောင်။ သူလည်း ရေတပ်က ဗိုလ်မှူး''

''မောင်မင်းနောင်နဲ့ မောင်မျိုးအောင်တို့ရေ ဒီကလေးနှစ်ယောက်က အမြင့်ရဲ့ကျောင်းနေဖက် သူငယ်ချင်းလေးတွေ။ အညာဘက်က အနု ဘုန်းကြီးကျောင်းမှာ နေကြရရှာတာ။ အဲဒါ အမေက အိမ်ကိုခေါ်ခေါ်ပြီး စောင့်ရှောက်ပေးနေတာ''

အမေကြီးဒေါ်ဖွားသီ၏ စကားကို ကြားသောအခါ အစ်ကိုကြီးဗိုလ်မှူးမင်းနောင်က တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ် အသိအမှတ်ပြုလိုက်သည်။

ဗိုလ်မှူးမင်းနောင်နှင့် ဗိုလ်မှူးမျိုးအောင် ညီအစ်ကို နှစ်ဦးလုံး အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် တည်ကြည်ခန့်ညားသော ဉပမိရုပ်များ ရှိကြသည်။





''မင်းတို့နှစ်ယောက်က ဘယ်ကလဲ''

''ရွှေဘိုအနောက်ဘက်ရေဦးကပါခင်ဗျာ''

''ဪ ... မမြင်ဘူး မူးမြစ်ထင်တဲ့ ကောင်...ကိုး''

ဟုပြောကာ ပြုံးလေသည်။

တပ်မ (၉၉) တပ်မမှူး ဗိုလ်မှူးကြီးမင်းနောင်နှင့် ...တော်သည် ၁၉၆၃ ခုနှစ်တွင် အထက်ပါနည်းအတိုင်း ...ကျွမ်းခဲ့ကြပါသည်ခင်ဗျား။

၁၉၆၆ ခုနှစ် ဘွဲ့ရပြီးတော့ ကျွန်တော်နှင့် ကိုဘို ...ည်တို့နှစ်ယောက်လုံး တပ်မတော်ထဲ ဝင်ခဲ့ကြသည်။ ...ကုန်တော့ တပ်မတော်(ကြည်း)၌ ပြန်တမ်းဝင်အရာရှိ ...လေးများအဖြစ် ခန့်အပ်ခြင်းခံရသည်။ ကိုဘိုကြည်က ...မော်တွင် တာဝန်ကျသည်။ ကျွန်တော်က ဖာပွန်တွင် ...ာဝန်ကျသည်။ ၁၉၇၂ ခုနှစ်၌ ကျွန်တော် ဖာပွန်မှ ...လမြိုင် ကျောက်တစ်လုံးသို့ ပြောင်းရသည်။ တပ် ...ကပြီး တစ်နှစ်ခန့်အကြာတွင် IO ကလေး လုပ်ရသည်။ ...ပ်ရင်းမှူးမှာ ဗိုလ်သင်တန်း အပတ်စဉ် (၇) မှ ဗိုလ်မှူး ...ခင်ဖြစ်၏။ ကျွန်တော်တို့တပ်ရင်းသည် ရေးမြို့နယ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထမ်းဆောင်ရသည်။ ပြည်ပြေးများ ထကြွသော… ကျန်းနေသည့်ကာလမို့ ရေးမြို့ ရှေ့တန်းရုံးသို့ ဗျူဟာ… ကြီးက မကြာခဏ လာလာစစ်သည်။ ဗျူဟာမှူးကြီး… အခြားသူဟုတ်ပါရိုးလား။ မမမြင့်အစ်ကိုကြီး ဗိုလ်မှူးကြီး… မင်းနောင်ပါခင်ဗျား။

ကျွန်တော်တို့တပ်ရင်းမှာ အုပ်ချုပ်မှုကိစ္စပြဿနာ… များသည်။ တိုင်စာတောစာများ မကြာခဏ တက်သည်… ထို့ကြောင့် တပ်ရင်းမှူးကို ဗျူဟာမှူးကြီးက ခဏခဏ… ဆူသည်။ တပ်ရင်းမှူးနှင့် ဗျူဟာမှူးတို့သည် ရှေးယခင်… ကတည်းက သိကျွမ်းခဲ့ပြီးကြသူများဖြစ်၏။ ဗျူဟာမှူး… OTS (၆) တပ်ရင်းမှူးက OTS (၇) အထက်အောက် ဖြစ်… ပါ၏။ ဗျူဟာမှူးက တပ်ရင်းမှူးကို ငယ်နိုင်လည်းဖြစ်ပုံရ… ကျွန်တော်တို့တပ်ရင်းက သူ့ဗျူဟာကွပ်ကဲမှု အောက်… ဖြစ်သည်။ ကျွန်တော်တို့ထဲက ရှေ့တန်းတွင်လည်း အ… အပျောက် များသည်။ တပ်ရင်းမှူးသည် စိတ်ညစ်… ရမ်ကို ဖိသောက်လေ့ရှိ၏။ ဗိုလ်မှူးကြီးမင်းနောင်… အသောက်အစားလုံးဝမရှိသူ ဖြစ်၏။ စနစ်ဖယားလည်း… အလွန်ကြီးသည်။ ထို့ကြောင့် ရတာခတွင် ဖယားမင်းနော…





ဟု နာမည်အလွန်ကြီး၏။ သူ လာစစ်တိုင်းလည်း တပ်ရင်းမှူးရော ကျွန်တော်တို့ပါ အဆူခံရပါသည်။ တစ်ခါမှ မျက်နှာကောင်းမရပါ။ ညအိပ် ရပ်နားစဉ်ကာလများ၌ ဗျူဟာမှူးကြီးက အမြဲတမ်း မျက်နှာကြောတင်းတင်းမို့ ကျွန်တော်တို့လည်း တစ်ခါမှ အနားမကပ်ကြပါ။

"မင်းတို့ ခပ်ညံ့ညံ့ကောင်တွေနဲ့ လုပ်ရတာ စိတ်ကုန်တယ်ကွာ" ဟုလည်း မကြာခဏ ပြောတတ်သည်။ "စစ်ဆင်ရေးကလည်း မအောင်မြင်။ နောက်တန်းကလည်း ပြဿနာအမျိုးစုံတက်နဲ့ မင်းတို့တော့ အရှေ့သူမှ ရတော့မယ်" ဟုလည်း ပြောတတ်သေးသည်။

ဤသို့ဖြင့် ဗျူဟာမှူးကြီး၏ အဆူအပူ အကြိမ်းအမောင်း အထုအထောင်းဒဏ်များကိုခံရင်း လေးငါးလကြာ တစ်ရက်တွင် မော်လမြိုင်ရှိ ဗျူဟာမှူးကြီးအိမ်သို့ အလှူအတွက် မှာထားသည့်ဒေသထွက် ငါးခြောက်ငါးခြမ်းများ ကျွန်တော်သွားပို့ရသည်။ အိမ်ထဲဝင်လိုက်တော့ မျှော်လင့်မထားသည့် အမျိုးသမီးကြီးတစ်ဦးကို တွေ့ရသဖြင့် –

"အမေ" ဟု ကျွန်တော်က ဝမ်းသာအားရ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်သည်။ ထိုအမျိုးသမီးကြီးမှာ အခြားသူမဟုတ်။ အမေကြီးဒေါ်ဖွားသီပါ ခင်ဗျား။

"သားက ဘယ်သူတုန်း"

"အမေ ကျွန်တော်က မမမြင့်သူငယ်ချင်း မောင်သက်ဦးပါ။ ဟိုတုန်းက အမေတို့အိမ်လာနေကျလေ" ဟုဆိုကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောပြရသည်။ "ကျောင်းပြီးတော့ ကိုဘိုကြည်နဲ့ကျွန်တော် နှစ်ယောက်လုံး တပ်ထဲဝင်လိုက်ကြတယ် အမေ"

ထိုအခါ အမေကြီးဒေါ်ဖွားသီက ဝမ်းသာအားရနှင့် ဗျူဟာမှူးကြီးကို လှမ်းခေါ်သည်။

"မောင်မင်းနောင်ရေ ... မောင်မင်းနောင်ရေ"

ဗျူဟာမှူးကြီး အိမ်ထဲက ထွက်လာ၏။

"မောင်မင်းနောင် ... သားကြီး ဒီကလေးက အမေတို့အိမ်မှာနေသွားတဲ့ အမြင့်သူငယ်ချင်းလေးလေ"

"အခု စစ်သားလေးဖြစ်နေပြီ။ ကြည့်စမ်းပါဦး"

ဟုပြောတော့၏။ ထိုအခါ ဗျူဟာမှူးကြီးက ဘားအမဲတတ်ထားသည့် ယူနီဖောင်းခပ်နွမ်းနွမ်းနှင့် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။





"ဟိတ်ကောင် ... မင်း ကျောက်တစ်လုံးတပ်ကကောင် မဟုတ်လား"

"ဟုတ်ကဲ့ပါ။ ဗျူဟာမှူးကြီးခင်ဗျာ"

အမေကြီးဒေါ်ဖွားသီက စကားတွေ ဆက်ပြောပြန်သည်။ ဝမ်းသာနေပုံလည်းရ၏။

"အမေ အသက် ၆၀ ပြည့် ဆွမ်းကျွေးတုန်းက ဗိုင်းကူလုပ်ရင်း ဒီကလေး ၂ ယောက် အိမ်မှာလာအိပ်သွားကြတာ။ အဲဒီတုန်းက သားကြီးနဲ့ တွေ့ဖူးသေ[illegible]ယ်လေ" ဟု ပြောလေသည်။

"သူရော သူ့သူငယ်ချင်းလေးရော နှစ်ယောက်လုံး တပ်ထဲဝင်ကြတယ်တဲ့"

"အခု သူ့သူငယ်ချင်းလေးက ဗန်းမော်မှာတဲ့" ဗိုလ်မှူးကြီးမင်းနောင်က ရှားရှားပါးပါး တစ်ချက်ပြုံးလိုက်ပြန်သည်။

"အမြင့်က ဒီကလေးနှစ်ယောက်ကို အတော်ခင်ရှာတာ"

"အဲဒါကြောင့် အိမ်ကို ခဏခဏ ခေါ်လာတယ်။ အမေကလည်း ဘုန်းကြီးကျောင်းသားလေးတွေနဲ့လို့

www.burmeseclassic.com



အမြဲကျွေးမွေးထားရတယ် သားရဲ့" ဟု ပြောကာ စကား
နိဂုံးချုပ်လိုက်၏။

ထိုနေ့က ကျွန်တော် မပြန်မီ အမေကြီး ဒေါ်ဖွားသီနှင့် ဗိုလ်မှူးကြီးမင်းနောင်ကို ထိုင်ကန်တော့ခဲ့သည်။ ဗိုလ်မှူးကြီး မင်းနောင်က ခပ်တည်တည်လုပ်နေသော်လည်း အမေကြီးဒေါ်ဖွားသီက ဆုတွေပေးရှာသည်။

ထိုအချိန်မှစပြီး ဗိုလ်မှူးကြီးမင်းနောင်သည် တပ်လာစစ်သည့်အခါများတွင် ကျွန်တော့်ကို ဆူခြင်းပူခြင်း လုံးဝမလုပ်တော့ပါခင်ဗျာ။ သို့ရာတွင် ကျွန်တော့်ထံ ရင်းမှူးကတော့ **Demotion** ထိသွားရှာပါသည်။

ပြောစရာတစ်ခုကျန်ပါသေးသည်။ ဗိုလ်မှူးကြီး မင်းနောင်သည် ရတခ ဗျူဟာမှူးမှသည် ဘားအံတပ်မဟာ (၁၁) တပ်မဟာမှူး ဖြစ်သွားသည်။ ထို့နောက် တပ်မ (၉၉) တပ်မမှူးဖြစ်ပြန်သည်။ ယခု ခြူးရွှေပန်ကောက် တိုက်ပွဲကြီး၌ တပ်မ (၉၉) တပ်မမှူးတာဝန်ဖြင့် ဗကပ များကို တိုက်သည်။ များမကြာမီ လားရှိုး ရမခ တိုင်းမှူး ဖြစ်လာသည်။ ၁၉၇၈ နောင်လိုင်ပါဖန်တိုက်ပွဲကြီး၌ စခန်း အချို့ကျဆုံး၍ တပ်တွေ အထိနာသွားသဖြင့် ထိုကိစ္စနှင့်





ပတ်သက်၍ တာဝန်ရှိသည်ဆိုကာ နယ်ဘက်ကို ပြောင်းသွားရသည်။ ထိုတိုက်ပွဲကြီးတွင် သူ့ညီမအမြင့်၏ ငယ်ချင်းလေး ကျွန်တော့်ခမျာ အလွန်ကံကောင်း ထောက်မသဖြင့် နှစ်ရက်ပြေးကာ အသက်ဘေးမှ လွတ်ခဲ့ ပါတော့သည်။

ဤသည်မှာ ကျွန်တော် အမှတ်ရနေသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ကျွန်တော့်အကြောင်းပါခင်ဗျာ။

**(ခ) ကျွန်တော်နှင့် ဗိုလ်ကြီးသူရဖုန်းစိန်**

နောက်ထပ် ဖော်ပြလိုသူတစ်ဦးမှာ ဗိုလ်ကြီး သူရဖုန်းစိန်အကြောင်းပင် ဖြစ်ပါသည်။ ဗိုလ်ကြီးသူရဖုန်းစိန် ယခု ဒုဗိုလ်မှူးကြီးသူရဖုန်းစိန် (အငြိမ်းစား)နှင့် ကျွန်တော်သည် ဘီအိုစီကောလိပ်သို့ တစ်နှစ်တည်းအတူရောက် ကြ၏။ သူသည်လည်း **V. Combination** ထွက်ဖြစ်သည်။ ကျွန်တော်တို့ **V.Combination** မှာ လူ ၂၀၀/၃၀၀ သာ ရှိသော်လည်း စစ်တပ်ထဲသို့ လေးငါးဆယ်ဦးဝင်ကြသည်။ မှတ်မိနေသူများမှာ ကိုစိုးအောင်၊ ကိုထွန်းမြင့်၊ ကိုကျော် သောင်း၊ ကိုကျော်မြင့်၊ ကိုဘိုကြည်၊ ကိုအုန်းမောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဖြစ်သည်။

ကိုစိုးအောင်နှင့် ကိုထွန်းမြင့်တို့က IA အောင် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၉) သို့ တက်ရော ကြသည်။ ကိုဘိုကြည်၊ ကိုကျော်သောင်း၊ ကိုကျော်မြင့် ကျွန်တော်တို့က ဘွဲ့ရပြီးမှ ဗိုလ်လောင်းသင်တန်း အမှတ် စဉ် (၃၆) ကို တက်ကြသည်။ ကိုအုန်းမောင်တစ်ယော တည်းသာ IA ဒုတိယနှစ်တွင် တပ်မတော် မှတ်တမ်း ဝင်သွားသည်။ သူသည် ဘောလီဘော အလွန်တော် သဖြင့် မှတ်တမ်းရုံးမှတစ်ဆင့် တပ်မတော် လက်ရွေး ဖြစ်လာ၏။ ဘောလီဘောချည်း ပုတ်နေရသဖြင့် အရာ စာမေးပွဲ မဖြေနိုင်ခဲ့။ နောင်တွင် တပ်မတော် မှ YC သို့ပြောင်းပြီးမှ အရာရှိဖြစ်လာသည်။ ကျွန်တော်နှင့် တော်စည်ပင်တွင် ပြန်ဆုံသေး၏။

ကိုဖုန်းစိန်ကား ဘွဲ့ရပြီး တစ်နှစ်ကျော်ကြာမှ ဗို လောင်းသင်တန်း အမှတ်စဉ် (၃၈) ကို တက်သည်။ တ မတော်တွင် နှစ်အတော်ကြာမှ သူနှင့်ကျွန်တော် ကျိုင်း ပြန်ဆုံ၏။ ၁၉၈၂ ခုနှစ်တွင် သူက ကျိုင်းတုံ ချင်း က တပ်ခွဲမှူး ဗိုလ်မှူး။ ကျွန်တော်က မကွေး သနက



၂၀၀၀ခုနှစ်၊ ဆီဒိုးနားဟော်တယ် မင်္ဂလာဆောင်ဟောခန်းတွင် တွေ့ရသည့် စာရေးသူနှင့် အငြိမ်းစားတပ်မတော်အရာရှိများ
ဘယ်မှညာ စာရေးသူ၏ဇနီး၊ စာရေးသူ၊ ဒုဗိုလ်မှူးကြီး စောလှထွန်း (ငြိမ်း)၊ ဒုဗိုလ်မှူးကြီး အောင်မြင့်သူ (ငြိမ်း)
မတ်တပ်ရပ်နေသူမှာ ဒုဗိုလ်မှူးကြီး သူရဖုန်းစိန် (ငြိမ်း)တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



...တပ်ခွဲမှူး ဗိုလ်မှူး၊ သူငယ်ချင်းနှစ်ယောက် ပြန်ဆုံ...ဘာ့ ရေးဖြစ်ဟောင်းများပြောဖြစ်ကြသည်။ ထိုအချိန်တွင် ...တိုကြည်သည်လည်း မကွေး ကယား (၁) မှ တပ်ခွဲမှူး ...ယ်မှူးဖြစ်၍ ရုံဖန်ရံခါ **V. Combination** မှ သူငယ်ချင်း ...ယောက် ကျိုင်းတုံတွင် ဆုံဖြစ်ကြသည်။

ထိုရောအခါ ရှေးဟောင်းနှောင်းဖြစ်များကို ...အားရပါးရ ပြောဖြစ်ကြသည်။ **BOC** ကောလိပ်တုန်းက ...ဖုန်းစိန်သည် အတော်ရယ်ရ၏။ တက္ကသိုလ်ကို ခုံဖိနပ် ...ကျောင်းတက်၏။ လက်ကြားတွင် ဆေးပေါ့လိပ်တို ...စ်လိပ် အမြဲညှပ်ထားတတ်၏။ အကျီလက်ရှည် ပင်နီ ...ိုက်ပုံနှင့် ဝံသာနုသခင်ဂိုက် ဖမ်းနေ၏။ ဗိုလ်ချုပ်အောင် ...န်းကို အားကျရောထင့် ရှုသိုးသိုး မှုန်တေတေဖြင့် ...ည်သူနှင့်မှ အပေါင်းအသင်းမလုပ်တတ်။ သူ၏ ဝှကျကျ ...န်းသဏ္ဌာန်ကို **V. Combination** တစ်ခုလုံးက သိကြ ...ည်။ ဝံသာနုပုံဖမ်းသော်လည်း သူနှင့်သူ့အစ်ကို ကိုအောင် ...တို့သည် စိန်ပေါလ်ကျောင်းထွက်များဖြစ်၏။ ကိုအောင် ...က သူ့ညီ ကိုဖုန်းစိန်နှင့် တစ်မျိုးတစ်ဘာသာဖြစ်သည်။ ...ကြီးက ပင်နီတိုက်ပုံ အမြဲဝတ်သလို အစ်ကိုက ဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



ရှည်၊ ရှူးဖိနပ်၊ နက်တိုင်၊ လည်စည်း ထာဝရဆင်မြန်း
ဥရောပသား ဂိုက်ဖမ်းလေ့ရှိ၏။ အမြဲတမ်း အင်္ဂလိပ်
ပြောလေ့ရှိ၏။ သူတို့နှစ်ယောက် ညီအစ်ကိုအရင်း
လည်း ဘီအိုစီကောလိပ်မှ လူတွေ သိကြ၏။ "အ
ရယ်ရတဲ့ ညီအစ်ကိုနှစ်ယောက်" ဟုလည်း မှတ်
ကြသည်။

ကိုဖုန်းစိန်သည် ယခု ခြူးရွှေပန်ကောက်တိုက်
ကြီး၌ ကိုစစ်မောင်နှင့်အတူ ခြူးရွှေစခန်းကို တက်
ခဲ့ရာ သူရဘွဲ့ရရှိသွားတော့၏။ သူနှင့်ကျွန်တော် ကျိုင်း
တွင် စစ်ဆင်ရေးတာဝန်များကို ၃၊ ၄ နှစ် အတူ
ဆောင်ခဲ့ရပါသည်။

ပြီးခဲ့သည့်နှစ်က သူသားနှင့် ဗိုလ်ချုပ်ကတော်
သမီး မင်္ဂလာဆောင်တော့ ကျွန်တော့်ကို ဖိတ်သည်
ဆီဒိုးနားက မင်္ဂလာပွဲသို့ ကျွန်တော် သွားခဲ့ရပါသေးသည်
လူချင်းတွေ့တော့ ရှေးဖြစ်ဟောင်းများကို ပြန်ပြော
ပြောဖြစ်ပါသေးသည်။ သူ့တွင် သားသုံးယောက်ရှိရာ
ယောက်လုံး တပ်ထဲဝင်ကြသည်။ အားလုံး စစ်ဗိုလ်
ကြည်း၊ ရေ၊ လေ ဟုဆို၏။





ကိုဖုန်းစိန်သည် ခပ်ပျော်ပျော်သမားဖြစ်၏။ ရယ်
ရာမောစရာများကို ခပ်တည်တည်ဖြင့်လည်း ပြောတတ်
သည်။ သူထင်ရာသူလည်း ဖွတ်တရွတ်လုပ်တတ်သည်။
ထို့ကြောင့်လားတော့မသိ ယခုအချိန်အထိ ဒုဗိုလ်မှူးကြီး
သူရဖုန်းစိန် (အငြိမ်းစား)မှာ ကျန်းကျန်းမာမာ ချမ်းချမ်း
သာသာ တက်တက်ကြွကြွ ရှိနေဆဲကို တွေ့ခဲ့ရပါသည်။

ဤသည်မှာ ကျွန်တော်နှင့် ဗိုလ်ကြီးသူရဖုန်းစိန်
အကြောင်းပါခင်ဗျား။

(၁) ကျွန်တော်နှင့် ဗိုလ်ကြီးလှမြင့်

ယခု ဖော်ပြမည့်သူမှာ ခြူးရွှေပန်ကောက်တိုက်ပွဲ
ကြီးကွဲတောင်တွင် ကျဆုံးခဲ့သည့် ခလရ (၁၃) မှ စစ်ကြောင်း
မှူး ဗိုလ်ကြီးလှမြင့် အကြောင်းပါခင်ဗျား။

ဗိုလ်ကြီးလှမြင့်ကို ၁၉၆၇ ခုနှစ်က ဘားအံ
တပ်မဟာ (၁၁) တွင် စသိသည်။ ထိုစဉ်က ဗိုလ်ကြီးလှမြင့်
သည် တပ်မဟာ (၁၁) မှ ဦးစီးအရာရှိ တတိယတန်းဖြစ်
သည်။ မအူမလည် ဗိုလ်ပေါက်စလေး ကျွန်တော့်ကို တွေ့
သည်နှင့် အမြင်မတော်သည်များ သွန်သင်ဆုံးမသည်။



www.burmeseclassic.com

ဖေးမကူညီသည်။ တပ်မဟာမှူးနှင့် တွေ့ရာတွင် အ
ပြေအောင် ဆောင်ရွက်ပေးသည်။ တပ်မဟာမှူး
ဗိုလ်မှူးကြီးခင်ဇာမုံဖြစ်၏။ မအူမလည်နှင့် ကျွန်
မိန်းမယူတော့ **procedure** မကျသဖြင့် တပ်မဟာမှူး
ဆူ၏။ အရေးယူမယ်လုပ်၏။ ဗိုလ်ကြီးလှမြင့်က ဝင်
ပေးသည်။ သူက တောင်ငူသားမို့ ကျွန်တော့်ဇနီး
များကို သိသည်။ မေ့မိဘများမှာ တောင်ငူက ဖြစ်သည်
သူ အလျှောက်ကောင်း၍ ကျွန်တော် အထောင်းသက်
သွား၏။ သူသည် ၁၉၇၇ ခုနှစ် ခြူးရွှေ ပန်ကောက်တိုက်
ကြီး၌ ဗိုလ်မှူးအဆင့်ဖြင့် စစ်ကြောင်းမှူးတာဝန်ထမ်း
ဆောင်ရင်း ကျဆုံးသွားခဲ့သည်။

ကျွန်တော် စာတွေရေးဖြစ်တော့ သူ့အကြောင်း
စာတစ်ပုဒ်ရေးဖြစ်ခဲ့သည်။ "ကျေးဇူးရှိဖူးသူတစ်ယောက်
အကြောင်း" အမည်ရ ကျွန်တော်၏စာအား အောက်တွင်
ဖော်ပြလိုက်ရပါသည်ခင်ဗျား။





## ကျေးဇူးရှိဖူးသူတစ်ယောက်အကြောင်း

"ကရင်မျိုးဟော့ ဒို့ဗမာ" ဟုဆိုရမည့်သူမို့လား
သိ။ ဗိုလ်သင်တန်းဆင်းသည်နှင့် ကရင်ပြည်နယ် အဖွဲ့
များက ဖာပွန်မြို့ကလေးသို့ တန်းပို့ခံခဲ့ရ၏။

၁၉၆၇ ခုနှစ် နှစ်စ ကျောင်းဆင်းတော့ ရတာခေါ်
အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ ကျွန်တော်တို့ အပတ်စဉ်
၂၄ ယောက် **Posting** ကျသည်။ အချိန်က ကျွိုက်ထို
တပ်မှ ဗိုလ်ကြီးကြည်မောင်နှင့် တပ်ခွဲတစ်ခွဲအား KNU
စစ်ကြောင်းတစ်ကြောင်းက ဝင်းတလုတ်ရွာပျက်အနီးတွင်
ခိုတိုက်ခိုက်ပြီးခါစ ထိုတိုက်ပွဲ၌ တပ်ခွဲမှူး ဗိုလ်ကြီး
ကြည်မောင် အပါအဝင် တပ်မတော်မှ လူ၊ လက်နက်
အတော်များများ ဆုံးရှုံးခဲ့၏။ **KNU** တို့ အရှေ့တောင်တိုင်း
နယ်မြေ၌ အုမြူးချိုကြွနေသည့်ကာလ။

ကျောင်းဆင်းခါစ ဗိုလ်ပေါက်စများဖြစ်သော
ကျွန်တော်နှင့် ဗိုလ်တက်ထွန်းတို့နှစ်ယောက် ရန်ကုန်မှ
မော်လမြိုင်သို့ ရထားဖြင့်ထွက်တော့ ဘူတာကြီးသို့ လိုက်ပို့
သည့် သူငယ်ချင်း ဗိုလ်အသစ်စက်စက်ကလေးများက

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသော ဗိုလ်တက်ထွန်းကိုမူ ဘာမှမမှာလိုက်ပြ
ဂဂျီဂဂျောင်နိုင်သော၊ ထင်ရာမြင်ရာစွတ်ရွတ်လုပ်တတ်
သော ကျွန်တော့်ကိုမူ နောက်သလိုပြောင်သလိုဖြင့် –

''ဟေ့ကောင် ဆယ့်တစ်ကလေးရေ၊ ကချင်
ပြည်နယ်သွားမှာဆိုတော့ မတ်စေ့ဆောင်သွားပေ့၊ မတ်စေ့
မတ်စေ့''

ဟု အမှတ်တရ မှာလိုက်သည်။ မတ်စေ့ဆောင်
သွားဆိုတော့ ဆိုသည်မှာ –

''မင်း မကြာခင်သေမယ့်ကောင် ကူးတို့ခပါ တစ်ခါ
တည်းယူသွား''

ဟု အဓိပ္ပာယ်ရပါသည်။

ကျွန်တော်ဆိုသည် ကျွန်တော်ကလည်း ဗိုလ်
လောင်းသင်တန်း အမှတ်စဉ် (၃၆) ၌ အထက်ပါအတိုင်း
လူချစ်လူခင်များသူပါခင်ဗျာ။

မော်လမြိုင်ရှိ ရတခတိုင်း စစ်ဌာနချုပ်၌ နှစ်ပတ်
ခန့်ကြာသွားသည်။ သူများတွေက တာဝန်ကျရာ တပ်အသီး
သီးသို့ ကား၊ ရထား၊ သင်္ဘောစသည့်ဖြင့် အလွယ်တကူ
ထွက်ခွာသွားကြ၏။ ကျွန်တော်နှင့် ဗိုလ်တက်ထွန်းတို့



ပင်ဦးမှာကား တာဝန်ကျရာ ဖာပွန်သို့ အလွယ်တကူ
သွားနိုင်ကြပါ။

ထိုစဉ်က မော်လမြိုင်မှ ဖာပွန်သို့ သွားမည်ဆိုက
အလွယ်ကူဆုံးမှာ လေကြောင်းခရီးပင်။ မော်လမြိုင် ဖာပွန်
UBA ခရီးစဉ် တစ်ရက်ခြားတစ်ခါ ရှိပါသည်။ ထိုသို့
မဟုတ်ပါက မော်လမြိုင်မှ ဘားအံ ကမမောင်းသို့ သံလွင်
မြစ်ကြောင်းအတိုင်း သင်္ဘောစီးရသည်။ အစိုးရ IWT
ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးသင်္ဘောများက
ကရင်ပြည်နယ်၏ မြို့တော်ဘားအံနှင့် ရွှေဂွန်းအထိသာ
သွား၏။ မြောက်ဘက် ကမမောင်းထိ တက်မည်ဆိုက
ပုဂ္ဂလိက မော်တော်များနှင့်တက်ရ၏။ တပ်အတွက်မူ
တပ်ခမှ စိန်ချစ်စရာ မော်တော်အား နှစ်ချုပ်ဖြင့် ငှားပေး
ထား၏။

ကမမောင်းရောက်ပါက ဖာပွန်သို့ Convoy
ယာဉ်တန်းဖြင့် သွားရ၏။ အောင်သိဒ္ဓိစစ်ဆင်ရေးဖြင့်
ဖောက်လုပ်ခဲ့သည့်ကားလမ်းမို့ ထိုလမ်းကို အောင်သိဒ္ဓိလမ်းမ
ကြီးဟု ခေါ်ပါသည်။ မိုင် ၅၀ ကျော် ကျောက်ခင်းလမ်း
ကြီးဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအရာရှိလေးနှစ်ယောက် ယာဉ်တန်းစောင့်... ရင် ကြာမယ်ထင်တယ်။ လေယာဉ်နဲ့ပဲ ပို့ပေးလိုက်ပါ..."

ရထားခတွင် ရက်အတန်ကြာ ယာဉ်တန်းစော... နေစဉ် သဘောသကာယကောင်းသော ရထား ... ဗိုလ်မှူးကြီးသီလက ကျွန်တော်နှင့် ဗိုလ်တက်ထွန်း... UBA လေယာဉ်ဖြင့်ပို့ပေးရန် စစ်ဦးစီးဌာနမှ အရာရှိ... ညွှန်ကြားလိုက်သဖြင့် ကျွန်တော်တို့ ကျောင်းဆင်း... ပေါက်စ မနှုးမနပ်နှစ်ယောက် ကားမစီး၊ မော်တော်... မစီးရဘဲ အလွယ်တကူ ဖာပွန်မြို့ကလေးသို့ ရောက်... တော့သည်။

ထို့ကြောင့် ကရင်ပြည်နယ်မြို့တော် ဘား... အကြောင်း ကောင်းကောင်းမသိခဲ့ရပါ။ ဘားအံတွင် UB... လေယာဉ်နားနေချိန်၌

"ဘားအံဆိုတာ ဒါပါလား"

ဟု တစ်စွန်းတစ်စသာ သိခဲ့ရ၏။

လေဆိပ်ပတ်ဝန်းကျင်၌ကား ထန်းတောများနှ... အရှေ့ဘက်တွင် ကမောပေါ်တောင်၊ အရှေ့တောင်ဘ... ၌မူ နာမည်ကျော် ကွယ်ကဘောခေါ် ဖွဲကပင်တော...



ခါလောက်သာ သိလာကြ၏။ ကျွန်တော် ဘာမှမသိခဲ့ရပါ။

ထိုစဉ်က ဘားအံတွင် တပ်မဟာ (၁၁) ရှိပါသည်။

ယခုတင်ပြလိုသည်မှာ ထိုအချိန်က တပ်မဟာတွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိတစ်ဦးအကြောင်း ပါခင်ဗျား။

"ဗိုလ်သက်ဦး ဘားအံရောက်ဖူးပြီလား"

တပ်ရောက်ပြီး နှစ်လခန့်အကြာ တစ်ရက်တွင် တပ်ရင်းမှူးမှ ကျွန်တော့်အား အထက်ပါအတိုင်း ခေါ်မေးသည်။

"မရောက်ဖူးသေးပါဘူးခင်ဗျာ။ အလာတုန်းက ခဏ ဘားအံလေဆိပ်မှာပဲ နားဖူးပါတယ်"

"ဒါဆို နက်ဖြန်လေယာဉ်နဲ့ ဘားအံကိုလိုက်သွား။ ဒီက အရေးကြီးချောစာတစ်စောင် တပ်မဟာကို ပို့ဖို့ရှိတယ်။ အဲဒီစာယူသွား။ ဟိုရောက်ရင် တပ်မဟာက ဂျီသရီး လက်ထဲထည့်လိုက်။ ပြီးတော့ သူတို့မှာတာတွေ မှတ်ခဲ့၊ တပ်မဟာမှူးက ခေါ်တွေ့ချင်လည်း တွေ့လိမ့်မယ်။ မင်း လည်း တပ်မဟာမှူးကို တွေ့ဖူးသွားတာပေါ့။ ဗိုလ်သက် ထွန်းလည်း ငါလွှတ်ပေးတာ ဘားအံကို ရောက်ဖူးသွားပြီး

www.burmeseclassic.com

တစ်ခေါက်နှစ်ခေါက်တောင် ရှိနေပြီ။ မင်းက မရောက်ဖူးသေးဘူး။ ဒါကြောင့် မင်းကို လွှတ်လိုက်တာ''

''ဟုတ်ကဲ့ပါခင်ဗျာ''

နောက်တစ်နေ့တွင် ဘားအံသို့ ဖာပွန်မှ လေယာဉ်ဖြင့် ထွက်ခဲ့၏။ လေယာဉ်ပျံသန်းချိန် မိနစ် ၂၀ သာသာနှင့် ဘားအံရောက်ပါသည်။ တပ်မဟာမှ လာကြိုသည့်ကားဖြင့် လေယာဉ်ကွင်းမှ ထွက်ခဲ့၏။

တပ်မဟာ (၁၁) မှာ ဘားအံမြို့ လှိုင်းဘွဲ့လမ်းကြီးပေါ်တွင် ရှိပါသည်။ တပ်မဟာရုံးတွင် စစ်ဦးစီးအရာရှိ တတိယတန်းခေါ် ဂျီသရီးနှင့်တွေ့ရ၏။

''ကိုယ့်နာမည် လှမြင့်ပါ။ OTS 21 က မောင်ရင်တို့တပ်မှာရှိတဲ့ ကိုအေးကျော်တို့ ကိုမာဗယ်လ်တို့နဲ့ သိခင်တယ်။ ကိုမာဗာယ်လ်နဲ့ကတော့ တောင်ငူတစ်မြို့တည်းသားတွေ။ သူက အရှေ့ဘက်ကမ်း အစ်စတုက၊ ကိုယ်က တောင်ကွေ့ဈေးက''

ဗိုလ်ကြီးလှမြင့်မှာ အသားညိုညို၊ အရပ်ခပ်ပြတ်ပြတ်၊ ဆံပင်က ခပ်ကောက်ကောက်၊ နဖူးကျယ်ကျယ်ဖြင့် စစ်သားတစ်ယောက်နှင့် သိပ်မတူဘဲ၊ ကျောင်းဆရာနှင့်



တူသည်ဟု ကျွန်တော်ထင်၏။ ဟိတ်ဟန် လုံးဝမရှိဘဲ ရိုးနှိမ့်ပွင့်လင်းသည့် အသွင်ဆောင်၏။ ကျွန်တော့်ကိုလည်း နွေးထွေးစွာ ဆက်ဆံ၏။

''စာကိစ္စကတော့ တပ်မဟာမှူးကြီးကို တင်ပြဦးမယ်။ ဘာပြောဦးမလဲတော့ မသိဘူး။ တစ်ရက်နှစ်ရက် စောင့်လိုက်ဦး။ တပ်မဟာရိပ်သာမှာ အိပ်လိုက်လေ။ ကိုယ်ပြောထားပါမယ်။ ဘားအံရော အရင်က ရောက်ဖူးသလား''

''မရောက်ဖူးသေးပါဘူးခင်ဗျာ''

''မရောက်ဖူးသေးရင် ဟိုဟိုဒီဒီ သိပ်မသွားနဲ့။ ဘားအံတပ်မှာရော အသိအကျွမ်းရှိလား''

''ကချင် (၂) က ကိုစိုးအောင်တို့၊ ကိုဖေငြိမ်းတို့နဲ့ သိပါတယ်''

''အဲဒါဆို အဲဒီကိုသွားလည်ပေါ့။ ဝေးဝေးလံလံ သွားမယ်ဆိုရင်တော့ ကိုယ့်ပြောသွားနော်''

''ဟုတ်ကဲ့ပါခင်ဗျာ''

ဗိုလ်ကြီးလှမြင့်က ကျောင်းဆင်းခါစ ဗိုလ်ပေါက်စများ၏ အထာကို ကျွမ်းနေသည်ထင်၏။ မအူပလည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မောင်သက်ဦး ဘားအံတွင် အုမြူးချိုကြွ... ဟိုဟိုဒီဒီသွားပြီး ဘားအံသူပျိုဖြူချောများအား ဟန်... တပြုပြုလုပ်နေမှာ ကြိုတွက်ထားပုံရသည်။ ထို့ကြော... မှာသင့်တာမှာ၏။

ဘားအံတွင် နှစ်ရက်ကြာပါသည်။ ညနေတို... တပ်မဟာရိပ်သာသို့ ဗိုလ်ကြီးလှမြင့် ရောက်လာ၏... နေထိုင်စားသောက်ရတာ အဆင်ပြေရဲ့လားမေး၏။ ... လိုသေးလဲမေး၏။ ဟုတ်ကဲ့။ ဒီအချိန်မှာတော့ ဘာ... မလိုပါခင်ဗျာ။ အဲ လိုခြင်းလိုရင်တော့ ကျွန်တော့်... အသက် ၂၀ သာသာ ဗိုလ်ပေါက်စလေးအတွက် ရည်... ပဲလိုပါသည်။ ထို့ကြောင့် ဘားအံက ဒုံးယိမ်းကသည်... မုကနော့လေးတွေ တယ်လှပါ ဘားအံတပ်က လူပျိုအရာ... များထံမှ ကြားဖူးထား၏။ ဒါပေမယ့် ဗိုလ်ကြီးလှမြင့်... ဟိုဟိုဒီဒီ သိပ်မသွားရန်မှာသဖြင့် သူငယ်ချင်း ကိုနီ... အောင်နှင့် နောင်တော်ကြီးကိုဖေငြိမ်းတို့ ကချင် (၂) လူ... ရိပ်သာသို့ သွားရောက်လည်ပတ်ခြင်းမှလွဲပြီး ဘယ်... မသွားဖြစ်ခဲ့ပါ။

"ကဲ ဗိုလ်သက်ဦး ...ဒီနေ့ နေ့လယ်လေယာဉ်...



...နိုပေတော့။ မောင်ရင်ယူလာတဲ့ စာကိုစွက တပ်မဟာမှူး ...ကြီးကိုယ်တိုင် မောင်ရင်တို့တပ်ကို လာဖို့ရှိတယ်။ ရောက် ...ယ့်ရက် ကြိုတင်အကြောင်းကြားမယ်။ လိုတာပြင်ဆင် ...ထားပါလို့သာ မောင်ရင့်တပ်ရင်းမှူးကြီးကို သတင်းပို့ ...လိုက်ပါ"

"ဟုတ်ကဲ့ခင်ဗျာ"

"ဒီမှာ နေတဲ့ရက်တွေ အားလုံးအဆင်ပြေတယ် ...နော်"

"ဟုတ်ကဲ့။ ပြေပါတယ်ခင်ဗျာ"

ဤသို့ဖြင့် ကျွန်တော်သည် ၁၉၆၇ ခုနှစ် သင်္ကြန် ...အကြိုကာလလောက်တွင် ဘားအံရှိ တပ်မဟာ (၁၁) မှ ...ဗိုလ်ကြီးလှမြင့်နှင့် စတင်သိကျွမ်းခဲ့ပါသည်ခင်ဗျား။

၁၉၆၈ ခုနှစ် နှစ်စ၌ ကမမောင်းတွင်ရှိ...သော ...တပ်ရင်းတစ်ရင်းက ဘီးလင်းသို့ ပြောင်းသွားသည်။ ထိုအခါ ...တပွန်တပ်မှ ခွဲထုတ်တပ်အချို့ ကမမောင်း ရွှေ့ရ၏။ ...ကမမောင်းပြောင်းရသူများထဲ၌ ကျွန်တော်လည်းပါဝင်၏။

တပ်များနေရာချပြီးသည်နှင့် ဘားအံတပ်မဟာမှ ...တပ်မဟာမှူးကြီးက လွှဲပြောင်းလက်ခံစခန်းများကို လိုက်

www.burmeseclassic.com

www.burmeseclassic.com



လံစစ်ဆေးသည်။ ကျွန်တော်က ကမမောင်းနှင့် ကထိုင်းတိကြားက ရေပူစခန်းအား လက်ခံရသည်။ ကျွန်တော်နှင့်တစ်ပတ်တည်းဆင်းသည့် ဗိုလ်သန်းလွင်ထံမှ လက်ခံလိုက်မိသည်ထင်၏။

တပ်မဟာမှူးကြီး ကျွန်တော့်စခန်းလာစစ်ဆေးဗိုလ်ကြီးလှမြင့် လိုက်ပါလာ၏။

"ဘယ်လိုလဲ ကိုသက်ဦးလေး စခန်းထိုင်ရတာအဆင်ပြေရဲ့လား"

လူချင်းတွေ့လျှင်တွေ့ချင်း ရင်းနှီးကျွမ်းဝင်စွာမေး၏။

"ဟုတ်ကဲ့ခင်ဗျာ။ အခက်အခဲမရှိပါဘူး"

"သူနဲ့သိလို့လား"

တပ်မဟာမှူးကြီးက ဗိုလ်ကြီးလှမြင့်အား မေးသည်။

"မနှစ်က တပ်မဟာမှူးကြီးဆီ အရေးကြီးစာသွားတာ သူပဲခင်ဗျ။ ဘားအံမှာ တပ်မဟာမှူးကြီးမှာတာစောင့်ရင်း တစ်ရက်နှစ်ရက် နေသွားဖူးပါတယ်"

"ဩော် ... ဟုတ်ပြီ ... ဟုတ်ပြီ။ ဗိုလ်ကြီး





မြင့်ရေ ကြဲတုန်း ဒီနားက ရန်သူ့သတင်းလေးတွေလည်းပေးခဲ့ဦး။ မှာခဲ့ဦး။ ဒီစခန်းလေးက ခံစစ်ပြင်ထားတာကတော့ ကောင်းပါတယ်။ တစ်ခါမှ ရန်သူလက် မကျဖူးဘူး။ ဗိုလ်သက်ဦး မင်းလည်း အဲဒီအစဉ်အလာဆက်ထိန်းကွ"

"ဟုတ်ကဲ့ခင်ဗျ"

ထိုနေ့က ဗိုလ်ကြီးလှမြင့် ဖေးမမှုကြောင့် တပ်မဟာမှူးမှ ကျွန်တော့်စခန်း စစ်ဆေးမှုမှာ ပြဿနာတစ်စုံတစ်ရာမရှိဘဲ ပြီးဆုံးသွားပါသည်။

"ကဲ ... ကိုယ်တို့ပြန်မယ်။ လိုတာရှိလည်း ပြော။ ဒီစခန်းနဲ့ပတ်သက်တဲ့ ရိက္ခာဖြည့်တင်းရေးကိစ္စနဲ့ တခြားအုပ်ချုပ်မှုကိစ္စတွေတော့ မောင်ရင့်တပ်ခွဲမှူး ကိုအေးကျော်ကို ကိုယ်ပြောခဲ့တယ်"

ဗိုလ်ကြီးလှမြင့်က ပြောသွားသည်။

"ဟုတ်ကဲ့ခင်ဗျာ"

စခန်းထိုင်တပ်စုအတွက် ရိက္ခာဖြည့်တင်းရေး၊ စာများ အချိန်မှန်ရရှိရေး၊ ပုဂ္ဂိုလ်ရေး၊ စာများရရှိရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး စသည့် အုပ်ချုပ်မှုကိစ္စများကို ပုံမှန်ဖြည့်တင်းပေးရပါသည်။ သို့ရာတွင် စစ်



www.burmeseclassic.com

www.burmeseclassic.com



သည်များ ရှေ့တန်းတွင် ကျန်းမာပျော်ရွှင်စွာ တာဝန် ထမ်းဆောင်နိုင်ကြပါလိမ့်မည်။

စစ်သည်များ မပြောနှင့်။ ကျွန်တော်ကိုယ်တိုင်ပင် ထိုရေပူစခန်းလေး၌ တာဝန်ထမ်းဆောင်စဉ်က မိန်းကလေး မိတ်ဆွေများဆီမှ စာကို နေ့စဉ်မျှော်နေရသည့်ကာလ ခင်ဗျား။

စာမျှော်ရင်း မျှော်ရင်းဖြင့် ၁၉၆၈ ခုနှစ် နှ ကုန်တွင် ကျွန်တော် မောင်သက်ဦးတစ်ယောက် ချော မလည်နှင့် မိန်းမရတော့၏။ ရသည့်မိန်းမကလည်း ဗိုလ် ကြီးလှမြင့်တို့ဇာတိ တောင်ငူက။ တိုင်းရင်းသူ ကရင် အမျိုးသမီး။

လူရည်မလည်သေးသည့် ဒုဗိုလ်လေးမို့ ရန်ကုန် မှာ ဆေးရုံတက်ပြီး ဆေးရုံကအဆင်း တပ်မဟာ (၁၁) တွင်ဝင်တည်းရင်း သူငယ်ချင်းများနှင့်တိုင်ပင်ပြီး ဖနီးသည် မေနှင့် ဘားအံမြို့နယ်တရားသူကြီးရုံး တက်၍ လက် မှတ်ထိုးလိုက်သည်။

ဆက်သွယ်ရေးအရာရှိ ဗိုလ်ခင်စိုးနှင့် တပ် မဟာစခန်းမှူး ဗိုလ်သက်ဆွေတို့က ဖာပွန်တပ်သို့





ကျွန်တော့်အား လက်ထပ်ခွင့်ပြုရန် ကြေးနန်းပို့ပေးသည်။ ကျွန်တော့်တပ်ကလည်း တပ်မဟာက ပို့သည်ဆိုပြီး ခွင့်ပြု ပါကြောင်း အကြောင်းပြန်လိုက်သည်။

ကံဆိုးချင်တော့ ထိုအကြောင်းပြန်သည့် ကြေးနန်း က တပ်မဟာမှူးကြီးဆီ တိုက်ရိုက်ရောက်သွား၏။

"ခေါ်စမ်း အဲဒီကောင်"

တပ်မဟာမှူးကြီးက စိတ်ဆိုးပြီး ကျွန်တော့်ကို ခေါ်ခိုင်းသည်။ ထိုအချိန်တွင် ကျွန်တော်က စက်လှေကြုံ ၍ ကမမောင်း ပြန်လိုက်သွားပါသည်။ ဘားအံမှာ မရှိ တော့ပါ။ ကျွန်တော် မရှိတော့ တပ်မဟာစခန်းမှူးနှင့် ဆက်သွယ်ရေးအရာရှိတို့ ခေါ်အဆူခံရ၏။

ထိုအချိန်တွင် ဖာပွန်တပ်ကလည်း တပ်ရင်းမှူး အသစ်အဟောင်းလဲချိန်နှင့် ကြုံနေရာ ဘားအံတပ်မဟာ သို့ ဝင်သတင်းပို့သည့် တပ်ရင်းမှူးအသစ်ကိုလည်း တပ် မဟာမှူးကြီးက –

"တပ်ရင်းမှူး ... ခင်ဗျားအရာရှိတွေ ကြည့် ဦးမဦး။ မိန်းမယူတာ နည်းလမ်းမကျဘူး။ ကမမောင်း ဘက်က ဗိုလ်ခင်မောင်ယဉ်နဲ့ ဗိုလ်သက်ဦးတို့ခ်စ္စတွေက

www.burmeseclassic.com



တပ်မဟာတောင် ရောက်တယ်''

ဟုဆီးပြောတော့သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး တပ်ရင်းမှူးအသစ်ကြီး... တွေ့တော့ ကျွန်တော့်အား ခေါ်ယူဆုံးမသည်။ ကံကောင်း... သည်မှာ တပ်ရင်းမှူးအသစ်ကြီးက တောင်ငူဇာတိဖြစ်... ကျွန်တော့်ယောက္ခမကြီးကို ကောင်းစွာသိကျွမ်းနေသ... လက်ထပ်ခွင့်ပြုပေးပါသည်။

အလားတူပင် တောင်ငူဇာတိ ဗိုလ်ကြီးလှ... ကလည်း ကျွန်တော့်ယောက္ခမကြီးအား သိပေသည်။

''ဗိုလ်သက်ဦး လက်ထပ်လိုက်တဲ့ ကလေး... မိဘတွေကို ကျွန်တော်သိတယ်။ တောင်ငူက ဆင်... နေတဲ့ သစ်ခေါင်းကြီးပါ။ အရင်က တပ်ထဲမှာလည်း တာ... ထမ်းဆောင်ဖူးပါတယ်။ စစ်ဆွေစစ်မျိုးတွေပါပဲ''

ကျွန်တော့်ဇနီးမေမှာ ကရင်အမျိုးသမီးဖြစ်... တပ်မဟာမှူးကြီး၏ဇနီးမှာလည်း အမျိုးတူ စကောကရင်... များဖြစ်၏။ ဗိုလ်ကြီးလှမြင့်အလျှောက်ကောင်း၍ ကျွန်တော်... ယောက္ခမကြီးအား တပ်မဟာမှူးကြီး သိသွားရုံမ... တပ်မဟာမှူးကြီး၏ ဇနီးနှင့်လည်း ယောက္ခမများမှာ ယ...



...သိကျွမ်းခင်မင်ခဲ့ဖူးသူများဖြစ်၍ ကျွန်တော် မိန်းမယူ ...ည့်ကိစ္စကား နိဂုံးချုပ်၍ အားလုံးအဆင်ပြေပြေဖြင့် ...ဆုံးသတ်သွားပါတော့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဗိုလ်ကြီးလှမြင့်၏ ကျေးဇူး ...များကြီးပါပါသည်ခင်ဗျား။

ဗိုလ်ကြီးလှမြင့်၏ကျေးဇူးက ဒါသာမက။

၁၉၆၉ ခုနှစ် မိုးတွင်းကာလ၌ ကတိုင်တိစခန်း ...တွင် ကျွန်တော် တာဝန်ကျပါသည်။

မိုးသည်းသော ဩဂုတ်လ တတိယပတ်နေ့ ...တစ်နေ့၌ အူမြူးဆိုင်းကြွနေသော မနှုံးမနပ် ကျွန်တော်သည် ...ခန်းမှ ဒုတပ်ကြပ်တစ်ဦး စစ်သည်တစ်ဦးတို့နှင့်အတူ ...ဘိုင်ကိုယ်စီလွယ်၍ ထွက်ခဲ့ကြ၏။ ထိုသို့ ထွက်ခဲ့ကြ ...ခြင်းအား ဘယ်သူ့ကိုမှ တရားဝင်သတင်းမပို့ခဲ့။ ဂိတ်ဝက ...င်းသမားအား -

''ငါတို့ နိုဖောထိ ခဏသွားကြမလို့''

ဟုသာ ပြောခဲ့မိ၏။

နိုဖောထိရွာကလေးမှာ ကတိုင်တိစခန်းနှင့် တစ်မိုင် ...သာမျှသာ ဝေးပေသည်။ ထို့ကြောင့် မကြောက်မရွံ့

www.burmeseclassic.com

ကျွန်တော် ထွက်လာခဲ့ခြင်းဖြစ်၏။ သွားသည့်အကြောင်း
လည်း ရေကြီးနေသည့် ထိုရွာကလေးအား ရိက္ခာဆန်
ထောက်ပံ့ပေးရန်ပင်။

ကျွန်တော်တို့ တပ်မတော်တွင် ရေ့တန်းတပ်
များ၌ တပ်ပြင်ထွက်လျှင် စနစ်တကျစုဖွဲ့ပြီး သွားရည်
လေ့ကျင့်သင်ကြားပေးထား၏။

"ရှေ့ပြေးနံကာ ကာဘာဦးကင်း နောက်
ဖြင့် စစ်မင်းလိုရာ သွားလေပါ" ဟုလည်း စာဆိုရှိပါသည်

ထိုသို့ စာဆိုရှိသော်လည်း မန္ဒူးမနပ်
ပေါက်စလေး ကျွန်တော်သည် ဘာရှေ့ပြေး ဘာနံ
မပါဘဲ ခပ်ပေါ့ပေါ့လျော့လျော့ နိုဗောထိသို့ ကာဘိုင်
လက် ကျည်ကတ်လေးနှစ်ကတ်မျှဖြင့် သွားလိုက်
ရွာတွင်းအရောက် ကရင်ပြောက်ကျားများ၏ ဆီး
ခတ်မှုကို ရုတ်တရက် ရင်ဆိုင်ရပါတော့သည်။
ပြည်နယ်တွင် နှစ်နှစ်ကျော်ကျော် တာဝန်ထမ်းဆော
ရန်သူနှင့် တစ်ခါမျှ နဖူးတွေ့ ဒူးတွေ့ ရင်မဆိုင်
ယခုလို ရုတ်ခြည်းအပစ်ခံရတော့ ကျွန်တော်တို့သုံး
အငိုက်မိသွားပြီး အလူးအလဲဖြစ်သွားပါတော့သည်။



လျှင်ဖြစ်ချင်း အတူပါလာသည့် ဒုတပ်ကြပ်နှင့် ရဲဘော်
ရန်သူ့ကျည်ထိမှန်သွား၍ ကျွန်တော်သာလျှင် အလွန်
ကြီး၍ မမှန်လိုက်ခြင်းပါ။ ပါလာသည့် မိမိလူနှစ်
ယောက်ထိသွားတော့ တစ်ယောက်တည်း ရန်သူလေးငါး
ယောက်ဦးအား ခံပစ်ရတော့သည်။ ကျည်ကတ်ကလည်း
ကတ်တည်း ယူလာမိ၍ လေးငါး ဆယ်မိနစ်ပစ်ပြီး
ည်နှင့် ကျည်ကုန်သွားတော့၏။

"ဟာ ... သွားပြီဟေ့"

နောက်ဆုတ်ပြီး နေရာယူထားသည့် ဏ်ရာရ
လူနှစ်ယောက်ထံသို့ ကျည်ဆန်ပြေးယူရသည်။ ကျည်
သွားယူနေစဉ် ဒုတပ်ကြပ်ကျကျန်ခဲ့သည့် ကာဘိုင်
ရန်သူမှ တက်ကောက်သွား၏။

စခန်းက စစ်ကူလိုက်လာ၍ မောင်သက်ဦးတို့
ပေါ်မည့်အရေးမှ ကင်းဝေးသွားပါတော့သည်။

တိုက်ပွဲနိဂုံးချုပ်တော့ ကာဘိုင်တစ်လက်ဆုံး၍
ယောက်ဒဏ်ရာရသည်ပေါ့ခင်ဗျာ။

ထိုကိစ္စကို တပ်မဟာသို့ ဖြစ်စဉ်ပို့ရသည်။ တပ်
မှ ဂိုသရိုး ဗိုလ်ကြီးလှမြင့်က ဖေးမသော်လည်း ရုတခ



www.burmeseclassic.com

www.burmeseclassic.com



က ဤဖြစ်စဉ်ကို မကျေနပ်ပါ။ သို့ဖြစ်၍ စိစစ်ပါတော့သည်။

"စခန်းမှူးက နီဖော်ထိကို ဘာသွားလုပ်တာလဲ"

"အင်အား ဘယ်လောက်နဲ့သွားတာလဲ"

"စနစ်တကျသွားတာရော ဟုတ်ရဲ့လား"

"ရန်သူကရော အင်အား ဘယ်လောက်ရှိလို့လဲ"

စသည် စသည်ဖြင့် စိစစ်ခြင်းဖြစ်၏။

ထိုကိစ္စကို တပ်မဟာမှပင် တာဝန်ယူဖြေရှင်း သည်။ တပ်မဟာမှူး၏ ထင်မြင်ယူဆချက်များကိုလည်း တောင်းသည်ဆို၏။

"ဗိုလ်သက်ဦးက လုပ်ချင်ကိုင်ချင်စိတ်ကလေးနဲ့ သွားရင်းဖြစ်ခဲ့တာပါ"

ဗိုလ်ကြီးလှမြင့်က အထက်ပါအတိုင်း အသေး ပြေပြေ တင်ပြပေးမှုကြောင့် တပ်မဟာမှူးကြီးက တာဝန်ယူ လိုက်ရာ ထိုကိစ္စပြီးသွားပါတော့သည်ခင်ဗျား။ ထို့ပြင် မဟုတ်က ကျွန်တော် အရေးယူခံရဖွယ် ရှိပါသည်။

ထိုနှစ်မိုးကုန်၍ မော်လမြိုင် ကန်သုံးကန်သို့ တပ်တွင်းပညာပေးသင်တန်း တက်ရန်အသွား ဘားအံ တပ်မဟာဝင်ပြီး သတင်းပို့ရ၏။





ဗိုလ်ကြီးလှမြင့်နှင့်တွေ့သည်။

"ဘယ်လိုလဲ ကိုသက်ဦးလေး။ သေကံမရောက် သက်မပျောက်ပါပဲလား ကိုယ့်လူရာ။ အလုပ်လုပ်တာ သေချာစေ့စပ်စပ်လုပ်လေ။ စစ်တိုက်တယ်ဆိုတာ သေတတ် ကြေတတ်၊ ကျိုးပဲ့တတ်တယ်။ ကိုယ်ညွှန်တာနဲ့ ကိုယ့် အောက်ကလူတွေပါ ထိခိုက်ဒဏ်ရာရကုန်တာမျိုး မဖြစ် စေနဲ့လေ"

ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဗိုလ်ကြီးလှမြင့် ပြောသမျှ ကို နာခံရပါတော့သည်။ သူကလည်း စေတနာနှင့် ပြောခြင်းသာဖြစ်ပါ၏။

"မောင်ရင့်ကိစ္စ ရတုန်းက ဖိပြီးစစ်နေလို့ အဲဒါ ကိုယ်လည်း အဆင်ပြေအောင်ရှင်းလင်းချက်ကို အတော် ရေးပြီး တင်လိုက်ရတယ်။ တပ်မဟာမှူးကြီးကိုလည်း အကျိုးအကြောင်း ပြောပြရတယ်။ တပ်မဟာမှူးကြီး ကိုယ်တိုင် တာဝန်ယူလိုက်လို့ မောင်ရင့်ကိစ္စ ပြီးသွားတာ ကိုယ့်လူရေ"

"ကျေးဇူးပါပဲခင်ဗျာ"

"နောက် ဒါမျိုးမဖြစ်စေနဲ့လေ။ စစ်မြေပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လျှော့ရင် အသက်ပါပေးရတတ်တယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

"အမျိုးသမီးရော"

"ခေါ်လာတယ်ခင်ဗျာ့။ ကလေးမျက်နှာ... ရှိပါတယ်။ **First Para** ပါ"

"အင်း ... အင်း ... ခေါ်သွား။ ကျွန်... ထက်စာရင် မော်လမြိုင်က ဆေးဝါးပြည့်စုံတာပေါ့။ **First Para** ဆိုတော့ အရေးကြီးတယ်"

ဤသို့ဖြင့် ဗိုလ်ကြီးလှမြင့်က ကရုဏာစကား ပြောဆိုလိုက်ပါသည်။

သူပြောသည့် "စစ်မြေပြင်မှာပေါ့ရင် အသက်ပါ... ...တတ်တယ်" ဆိုသည်ကို ကျွန်တော် စစ်မှုထမ်းဆောင် ခြင်းမှ အနားယူသည့်အထိ တစ်သက်စာ မှတ်ခဲ့ပါတော့ သည်။ ထိုစဉ်က မတော်တဆသေသွားခဲ့ရင် မေ့ဗိုက်ထဲမှာ ရှိသည့် ပထမကလေး သားကြီး မောင်ဖိုးချွန် အဖေခေါ် စရာပင် ရှိမည်မဟုတ်ပါ။ ကံကောင်းပေလို့ပေါ့ခင်ဗျာ။

၁၉၇၀ ခုနှစ်ကာလနောက်ပိုင်း၌ တပ်မဟာများ လုံးဝဖျက်သိမ်းလိုက်တော့၏။ ဗိုလ်ကြီးလှမြင့်လည်း တပ်...

...ဟာမှနေ၍ ခြေလျင်တပ်ပြန်ဆင်းပြီး မကြာမီ ရရှိ...တော့မည့် တစ်ဆင့်မြင့်ရာထူးတပ်ခွဲမှူးဗိုလ်မှူးအတွက် **Field Experience** ရယူနေသည်ဟု ကြားသိရ၏။

ကျေးဇူးရှင်ကြီး ကျန်းမာပါစေ။ ချမ်းသာပါစေ။ ဘေးဘယာဝေးကွာပါစေဟု မေတ္တာပို့သရ၏။

သို့ရာတွင် ကျွန်တော်ပို့သသောမေတ္တာ နှစ်ကြာ ကြာ မခံလိုက်ပါ။

ဖာပွန်မှ မော်လမြိုင် ကျောက်တစ်လုံးတပ်သို့ ကျွန် တော် ပြောင်းရွှေ့ရသည်။ ကျောက်တစ်လုံးတွင် ဗိုလ်ကြီး လှမြင့်နှင့် တစ်တပ်တည်းနေခဲ့ဖူးသော ဗိုလ်ကြီးဒေးဗစ် ဟာဒူးနှင့်ဆုံတော့ ဗိုလ်ကြီးလှမြင့်အကြောင်း ပြောဖြစ် သည်။ သူကောင်းကြောင်းများသာ ဖြစ်ပါသည်။

ကျောက်တစ်လုံးတပ်မှ ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်သို့ ပြောင်းရပြန်သည်။

ရှမ်းပြည်နယ်ကား အားလုံးသိကြသည့်အတိုင်း ...ာပကြောင့် ထိုစဉ်က စစ်မက်ထူပြောသည့်ဒေသဖြစ်၏။

မိုင်းရယ်ရောက်ပြီး မကြာမီပင် သတင်းစကားများ ကြားရ၏။


မြရတနာစာပေ
www.burmeseclassic.com

www.burmeseclassic.com



ပထမသတင်းက ကျောက်တစ်လုံးတပ်မှ ဗိုလ်ကြီး ဒေးဗစ်ဗဟာဒူး လှိုင်းဘွဲ့အထွက်တွင် KNU များနှင့် တိုက်ပွဲဖြစ်ပြီး ကျဆုံးသွားသည့်အကြောင်း။

ဒုတိယသတင်းကတော့ ကျွန်တော့်ကျေးဇူးရှင် ဗိုလ်ကြီးလှမြင့်သည်လည်း ရှမ်းပြည်နယ်မြောက်ပိုင်း ခြူး ရွှေပန်ကောက်ဒေသ၌ စစ်ကြောင်းမှူးတာဝန် ထမ်းဆောင် ရင်း ရန်သူ့လက်နက်ကြီးထိပြီး ကျဆုံးသွားသည်ကို လားရှိုး ရမခမှ ပြန်လာသည့် အိုင်အိုဗိုလ်တင်ဦး ပြောပြ၍ သိရ၏။

"ဘယ်လိုဖြစ်တာတဲ့လဲ"

"ဗိုလ်ကြီးလှမြင့်က ချောက်ရေနံချောင်းတပ်ရင်း စစ်ကြောင်းမှူးတာဝန်နဲ့ ခြူးရွှေပန်ကောက်ဘက် တက် တိုက်ရတာတဲ့။ အဲဒီဘက်မှာ ဗကပကလည်း လက်နက် ကြီးကျည် တအားသုံးတော့ သူ့လူတွေ တချို့ထိကုန်တယ်။ အဲဒါ အရေးပေါ်ဒဏ်ရာရတဲ့ ရဲဘော်တွေကို သူ့ဖုံးခိုကျင်း မှာ ထားပေးဖို့ သူက နေရာဖယ်အပေးမှာ ရန်သူ့လက် နက်ကြီးထပ်ကျတော့ သူ့ထိသွားတာတဲ့။ အဲဒီဒဏ်ရာနဲ့ပဲ ကျသွားတယ်လို့ သိရပါတယ်"





"ဩော် ... ဒဏ်ရာရလူနာတွေကို ဦးစားပေး တာနဲ့ သူကျသွားရတာတဲ့လား။ ဖြစ်မှဖြစ်ရလေ။ ကျေးဇူး ရှင်ကြီးရယ်"

မအူမလည် ဗိုလ်ပေါက်စဘဝတွင် မလုပ်တတ် ကိုင်တတ်နှင့် ဒုက္ခများနေသော ကျွန်တော့်အား ဒုက္ခထုပ် များအတွင်းမှ ကယ်တင်ပေးခဲ့သည့် ကျေးဇူးရှင်ဗိုလ်ကြီး လှမြင့် ကျဆုံးသွားပါပကော။

သွားပေဦးတော့ ဆရာသမားရေ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အပေါ် ကျေးဇူးရှိဖူးသူ တစ်ယောက်အနေဖြင့် သူ့ကျေးဇူးကို ဤစာစုဖြင့် အမှတ်တရ ဖော်ပြလိုက်ရပါသည်ခင်ဗျား။

ကျေးဇူးရှင် ဗိုလ်ကြီးလှမြင့် ကောင်းရာသုဂတိ လားပါစေသတည်း။

**(ဆ) ကျွန်တော်နှင့်ဗိုလ်ကြီးသီဟသူရ သူရစစ်မောင်**

ခြူးရွှေပန်ကောက် တိုက်ပွဲကြီးတွင် နောက်ထပ် ဖော်ပြလိုသူတစ်ဦးမှာ ဗိုလ်ကြီးသီဟသူရ သူရစစ်မောင် (ကွယ်လွန်သူ ဗိုလ်ချုပ်သီဟသူရ သူရစစ်မောင်)



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပါခင်များ။

ကိုစစ်မောင်သည် တပ်မတော်တွင် အလွန်နာမည်ကြီး၏။ သူ့အကြောင်း သတင်းစကားများ တပ်မတော်တွင် နေရာအနှံ့ မကြာခဏကြားရသည်။ သူ့ကို အလွန်တွေ့ချင်လှ၏။ တွေ့မယ့်တွေ့တော့ ကျွန်တော့်စစ်သက် ၂၀ ကျော် ၁၉၈၈ ခုနှစ်မှ တွေ့ဖူးတော့သည်။

ကျွန်တော်နှင့်သူ စတွေ့သည်မှာ မော်ဘီ ပိုလ်သင်တန်းကျောင်းမှာ ဖြစ်သည်။ တွေ့ကြပုံမှာလည်း ရယ်စရာကောင်း၏။ အရာရှိရိပ်သာတွင် ကျွန်တော် ရောက်သည့်နေ့က ဗိုလ်မှူးကြီးလှသိန်း (မကြာမီက ကွယ်လွန်) နှင့် ပါလာသည့် ရမ်ပုလင်းလေးကိုဖွင့်၍ ဆက်ရက်မင်းစည်းစိမ် ခံစားနေချိန်တွင် ဖြစ်၏။ အသား မည်းမည်း၊ ပိန်ပိန်၊ ခေါင်းတုံးဆံတောက်နှင့် စွပ်ကျယ် ချိုင်းပြတ်ဝတ်ပြီး ဆေးပေါလိပ်ကို ပါးစပ်ကကိုက်ထား သူတစ်ဦး ကျွန်တော်တို့နားရောက်လာ၏။ အသက် ၄၅ ခန့်ရှိမည် ထင်သည်။

"အဲဒါ ကိုစစ်မောင်ပေါ့" ဟုဆိုကာ ဗိုလ်မှူးကြီး လှသိန်းက မိတ်ဆက်ပေးမှ အလို ဤသူသည်ကား နာမည်





ကျော် ဗိုလ်မှူးသီဟသူရ သူရစစ်မောင်ပါတကား ဟု ကျွန်တော် သိရပါတော့သည်။ သူ့တွင် ဟိတ်ဟန်မရှိ ကြွားခြင်းဝါခြင်းမရှိ။ အလွန်ရိုးသားလှ၏။ ကျွန်တော်တို့ ၃ ယောက်ဝိုင်းဖွဲ့ပြီး ရမ်လေး နှစ်ခွက်၊ နှစ်ဖလားခန့် သောက်ပြီးချိန်မှ သူပြော၍ ကျွန်တော်တို့ ရေဦးနားက တန့်ဆည်သားမှန်းသိရတော့သည်။ သူ တန့်ဆည်သားမှန်း ကျွန်တော်သိသည့်အခါ ရေဦးသား ကျွန်တော်သည် အညာသားဖြစ်ကြောင်းအား လေတွေ သိပ်မပေးနိုင် တော့ဘဲ လေလျှော့လိုက်ရတော့၏။

သူနှင့်ကျွန်တော် ဗိုလ်သင်တန်းကျောင်းတွင် သုံးလခန့် အတူနေလိုက်ရပါသည်။ အတူနေသည့်ကာလ တွင် စစ်တိုက်သည့်အကြောင်းတစ်ခါမှ ပြောမသွားပါ။ သူ့စွမ်းရည်ဘွဲ့များရသည့်အကြောင်း ကျွန်တော်က မေး သည့်အခါများတွင်လည်း ဘယ်တော့မှ ဖြေလေ့မရှိပါ။ ပြုံးစဖြင့် –

"ဒီလိုပါပဲ အစ်ကိုရာ" ဟုသာ ဖြေလေ့ရှိသည်။ သူသည် ကျွန်တော်နှင့် ခွဲသွားပြီးနောက်ပိုင်း ရာထူးတွေ တဖြုတ်ဖြုတ်တက်ကာ ခရစ်နှစ် ၂၀၀၁ ခုနှစ်တွင် ရဟာခ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှူးတာဝန်ထမ်းဆောင်ရင်း မော်လမြိုင်မှ ဘားအံသို့ ရဟတ်ယာဉ်ဖြင့်အသွား သံလွင်မြစ်ကူးတံတားကြီးအနီး အတွင်းရေးမှူး (၂) ဗိုလ်ချုပ်ကြီးတင်ဦးနှင့်အတူ ရဟတ် ယာဉ်ပျက်ကျကာ ကွယ်လွန်သွားခဲ့ပါသည်ခင်ဗျား။

ယခု ခြူးရွှေပန်ကောက်တိုက်ပွဲကြီး အကြောင်း ရေးမှ ဗိုလ်ချုပ်စစ်မောင် သီဟသူရဘွဲ့ ရခဲ့သည့်အကြောင်း ကို ဂဃနဏ သိခဲ့ရပါတော့သည်။ သူနှင့်ပတ်သက်၍လည်း ကျွန်တော် စာတစ်ပုဒ်ရေးခဲ့ပြီးပါပြီ။ ယခု ထိုဝတ္ထုကလေး အား စာရှုသူများ ဖတ်ရှုခံစားနိုင်ရန် ထပ်မံဖော်ပြလိုက် ရပါသည်ခင်ဗျား။

**မတစ်ဆောင် တစ်ကောင်ဘွားဖော့**

သူကွယ်လွန်သွားခဲ့သည်မှာ ခရစ်နှစ် ၂၀၀၀ နှစ်စကဆိုတော့ ဘာလိုလိုနဲ့ ဆယ်နှစ်ခန့်ပင် ရှိခဲ့လေပြီ သို့ရာတွင် သူ့အား ရဲဘော်ရဲဘက်များက ဘယ်တော့မှ မမေ့ကြ။ ရင်းနှီးဖော်ရွေပြီး ဟိတ်ဟန်မရှိသည့် သူ၏ နွေးထွေးသော ဆက်ဆံရေးကို သူနှင့်တွေ့ဖူးသူတိုင်းက အမှတ်တရ ပြောတတ်ကြ၏။



ကျွန်တော်နှင့်သူ စတွေ့ဆုံပုံကလည်း ထိုနည်း နှင်နှင်ပါပေ။

၁၉၈၈ ခုနှစ် နှစ်ဆန်းတွင် ကျွန်တော်သည် အောင်လံတပ်တွင် ဒုတပ်ရင်းမှူးတာဝန် ထမ်းဆောင် နေရာမှ ရန်ကုန်စစ်ရုံးသို့ တွဲဖက်ရန် အမိန့်ထွက်လာ၏။ မိခင်တပ်ရင်းမှ မည်သည့်နေရာမှ တွဲဖက်မသွားလိုပါ။ တွဲဖက်နေရသည်မှာ ကိုယ့်မူရင်းအဖွဲ့အစည်း မဟုတ်သည့် တပ်သို့ သွားရသဖြင့် မိခင်တပ်ရင်းလိုတော့ အစစအရာရာ ချောချောမွေ့မွေ့ မရှိတတ်ပါချေ။ ဒုတပ်ရင်းမှူးမဖြစ်မီ အရာရှိငယ်ဘဝကတည်းက တွဲဖက်နှစ်ကြိမ် သုံးကြိမ်ခန့် အခြားတပ်များတွင် နေခဲ့ဖူးပါသည်။ နောက်ဆုံးတော့ ကိုယ့်မိခင်တပ်ကို မရအရ ပြန်ပြေးခဲ့သည်သာ။

ယခုလည်း လာပြန်ပါပြီ တွဲဖက်တဲ့။ ဒါပေမယ့် တွဲဖက်ကတော့ ငြင်း၍ရမည်မဟုတ်။ စစ်ရုံးတွဲဖက် ဆိုသည် ကာကွယ်ရေးဝန်ကြီးဌာန လေ့ကျင့်ရေးညွှန်ကြား ရေးမှူးရုံးသို့ တွဲရမည်ဖြစ်၏။ ရှေ့တန်းတွင် အလွန်ပျော် သော ကျွန်တော်က မသွားလိုပါ။ ဤကိစ္စကို တပ်ရင်းမှူး နှင့် စကားစပ်မိကြရာ တပ်ရင်းမှူးကြီးက

www.burmeseclassic.com

www.burmeseclassic.com



"ဟ ... စစ်ရုံးကခေါ်တာ မင်း မသွားလို့ ဘယ်ရမလဲ။ သွားသာသွားပါကွာ"

ဟု ပြောလေတော့သည်။

ဤသို့ဖြင့် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ... ကျွန်တော်သည် ရန်ကုန်စစ်ရုံးသို့ ရောက်ရှိသတင်း... တော့သည်။ ကကထူးတွင် ဆရာသမားဟောင်း ဗိုလ်မှူးကြီးအောင်လွင်နှင့်တွေ့ရာ

"မောင်ရင့်ကို လူကြီးတွေတင်ပြပြီး ကိုယ်... လိုက်တာကွ။ မောင်ရင်က ဥစတမှာ Grading ကောင်း... တယ်။ တပ်ရင်းမှူးဖြစ်ဖို့လည်း နည်းနည်းဝေးသေး... နားနားနေနေ စာရေးစာဖတ်နဲ့ ကကကျင့်မှာ အေး... ဆေးဆေး လေ့လာခွင့်ရအောင် လုပ်ပေးလိုက်... အဆင်ပြေရင်လည်း နိုင်ငံခြားသင်တန်းတက်ခွင့်ရမယ်"

ဟု ဆီးပြောပါတော့သည်။ ဆရာသမား... ကောင်းမယ်ထင်လို့ ဆောင်ရွက်လိုက်သည်ကို ... ပြောစရာမရှိပါ။

"ကဲ ... ကကကျင့်က ဗိုလ်မှူးကြီးမြတ်... သွားသတင်းပို့ဦး။ ဘာလုပ်ရမယ်ဆိုတာ သူပြော...



...ယ်"

ကကကျင့်သို့ သွားရပြန်ပါသည်။ ဗိုလ်မှူးကြီး ...မြတ်သင်းနှင့်တွေ့တော့ –

"မောင်ရင့်ကို ဥစတ Grading ကောင်းလို့ ခေါ်...လိုက်တာကွ။ တာဝန်ကတော့ တပ်မတော်သင်တန်း ...ကျောင်းကြီးတွေက သင်ခန်းစာအဟောင်းတွေ အသစ် ...ပြန်ရေးဖို့ပဲ။ အဟောင်းတွေက ကြာပြီလေ။ ဟို ၁၉၅၄ ...နှစ် ပတ်ဝန်းကျင်လောက်ကတောင် ပါနေတယ်။ ခေတ် ...မမီတော့ဘူး။ ဒါကြောင့် ခေတ်နဲ့လျော်ညီတဲ့ သင်ခန်းစာ ...တွေ ပြန်ရေးဖို့ Grouping တစ်ခုစုဖွဲ့ထားတယ်။ မောင် ...ရင်အပါအဝင်ပေါ့ကွာ။ မောင်ရင်က တိုက်ခိုက်ရေးကျောင်း ...က လာတာဆိုတော့ တိုက်ခိုက်ရေးကျောင်း ဘုရင့်နောင် ...ခြေလျင်ဌာနခွဲက သင်ခန်းစာတွေ အဓိက ပြုစုပေးပါ"

ဟု မှာကြားပါသည်။ အထူးအထွေ ဘာမှပြန် ...ပြောမိပါ။

"နက်ဖြန် ဗိုလ်သင်တန်းကျောင်းသွားလိုက်ပါ။ ...မှာ ဒုဗိုလ်မှူးကြီးလှသိန်းနဲ့ မောင်ရင်တို့ Grouping ...ဖွဲ့ရှိတယ်။ လေးငါးခြောက်ယောက်ပဲ။ မောင်ရင်

www.burmeseclassic.com

www.burmeseclassic.com



သိပြီးသားတွေ ဖြစ်မှာပါ။ ရိပ်သာတစ်ခု စီစဉ်ပေး
တယ်။ မောင်ရင်လည်း လူစုံရင်ပျော်သွားမှာပါ''

ဗိုလ်မှူးကြီးမြတ်သင်းက အာဝဇ္ဇန်းကောင်း
ကောင်းဖြင့် ပြောလိုက်ရာ ဘာပြန်ပြောရမှန်းပင် မသိ
ပါ။ ကျွန်တော့်အရင် ရောက်နှင့်နေသူများကို မေး
ကျွန်တော့်မိတ်ဟောင်းဆွေဟောင်းအဖြစ် ဗိုလ်မှူး
မောင်ဝင်းနှင့် ဗိုလ်မှူးကိုကိုထွေးတို့ နှစ်ဦးသာ
အဖွဲ့ခေါင်းဆောင် ဒုဗိုလ်မှူးကြီးလှသိန်းကိုမူ ကျွန်တော်
ဂျိတ္တူးဘဝက ကျိုင်းတုံဒေသတွင် တစ်ကြိမ် နှစ်ကြိမ်
ဆုံခဲ့ဖူး၏။ သိပ်တော့မရင်းနှီးခဲ့ပါ။ သို့ရာတွင် စစ်သား
လေ။ အလုပ်အတူလုပ်ရင်း ခင်မင်သွားမှာပေါ့ဟု ဗိုလ်
ကြီးမြတ်သင်း မှာကြားသမျှအား လိုက်နာဆောင်ရွ
ပါမည်ဟု အာမဘာန္တေခံလိုက်ပါသည်ခင်ဗျာ။

နောက်တစ်နေ့ နေ့လယ်တွင် တစ်ညတည်း
မင်္ဂလာတောင်ညွန့်ရှိ အမေ့အိမ်လေးမှ မော်ဘီ ရုံ
သင်တန်းကျောင်းသို့ ကားငှားပြီးထွက်ခဲ့၏။ ညနေ
ဗိုလ်သင်တန်းကျောင်း ရိပ်သာအနီးရှိ ကျွန်တော်
တွဲဖက်အရာရှိများထားသည့် အိမ်ကြီးသို့ ရောက်



သည်။ အဆင်သင့်ပင် အဖွဲ့ခေါင်းဆောင် ဒုဗိုလ်မှူးကြီး
လှသိန်းကို တွေ့ရာ –

"အစ်ကို ကျွန်တော် ရောက်ပါပြီခင်ဗျာ"

ဟု သတင်းပို့၍ ပါလာသည့် အာမီရမ်ငါးပုလင်း
ကိုပါ အပ်နှံလိုက်၏။ ထိုအခါ ဒုဗိုလ်မှူးကြီးလှသိန်းက
ပြီး –

"ဟာ ... အတော်ပဲဟေ့။ တို့အဖွဲ့က ရိက္ခာ
ပြတ်နေတာနဲ့"

ဟုဆိုကာ ကျွန်တော် အပ်နှံလိုက်သည့် ရမ်ငါး
လင်းအား ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်သည်။
ကျွန်တော့်တွင် အာမီရမ်သာမက အောင်လံမှ ပဲကြမ်း
ကြော်များ၊ နှမ်းဆီပုလင်းများ၊ ကြက်သွန်နီများပါ ပါလာ
သောသဖြင့် အတူလိုက်ပါလာသော အကူရဲဘော်လေး
အား ယနေ့ညနေတွင် ထုံးစံအတိုင်း ပြင်ဆင်ပေးရန်
ပြောလိုက်၏။ သူက ကျွန်တော့်အတွက် ဒါမျိုးလုပ်
ပေးနေကျ။

ညနေ ၆ နာရီခန့်တွင် ကျွန်တော်နှင့် ဒုဗိုလ်မှူး
ကြီးလှသိန်းတို့သည် ရမ်ပုလင်းကိုဖွင့်၍ ပဲခြမ်းကြော်သုပ်နှင့်

www.burmeseclassic.com



အလုပ်စရန် ထိုင်လိုက်ကြ၏။ ထိုအချိန်တွင် အသားညို... ခပ်ပိန်ပိန်၊ စွပ်ကျယ်ချိုင်းပြတ်နှင့် အသက် ၄၀ နီး... ခန့်မှန်းရသူတစ်ယောက်သည် ဆေးပေါ့လိပ်တစ်လိပ်... ပါးစပ်မှကိုက်၍ ဧည့်ခန်းထဲသို့ ဝင်လာ၏။ ထို... ဒုဗိုလ်မှူးကြီးလှသိန်းမှ –

"ဟော့ . . . ကိုစစ်မောင် လာထိုင်။ အတော်... ဒါ ကိုယ်တို့အဖွဲ့ကို နောက်ရောက်လာတဲ့ ကိုသက်ဦး"

ဟု မိတ်ဆက်ပေး၏။

ထိုအခါ ထိုဆေးပေါ့လိပ်နှင့် ပုဂ္ဂိုလ်က ... ခေါင်းညိတ်လိုက်၏။ ထို့နောက် ကျွန်တော်တို့ သုံးဦး... စစ်မတ်ခွက်စိမ်းကိုယ်စီဖြင့် အာမီရမ်ကို ရေနှစ်ဆရော... ပြိုင်တူမော့ချလိုက်၏။ ဆီချွဲနေသည့် ပဲခြမ်းကြော်... ကလေးကိုလည်း တစ်ဖွန်းစီဝါးလိုက်သည်။ သုံးလေး... ဝါးစား၍ အာမီရမ် သုံးလေးကျိုက် သုံးဆောင်ပြီးသည်အ... သမယတွင်မူ အာသွက်လျှာသွက်ဖြင့် ကျွန်တော်တို့သုံး... လုံး တက်တက်ကြွကြွ ဖြစ်လာ၏။ ထိုအခါ စောစော... မပွင့်တပွင့်လေးသာ ပြုံးလိုက်သည့် ကိုစစ်မောင်က အား... တရပြုံးလိုက်ပြီး –



"အစ်ကို ဘယ်ဇာတိလဲ" ဟု မေးပါတော့သည်။

ကျွန်တော်က ရွှေဘိုနယ်သားဖြစ်ကြောင်း အလွန် ...ပြောချင်သူဖြစ်၏။ ထို့ကြောင့် မဆိုင်းမတွပင်

"ရွှေဘိုမြောက်ဘက် မူးမြစ်အနောက်ဘက်ကမ်း ...က ရေဦးသားလေ။ ကိုစစ်မောင်ကရော"

ကိုယ့်ဇာတိကို မသိမှာစိုး၍ ပိုပိုသာသာ ပြော...လိုက်မိ၏။

"ကျွန်တော်က တန့်ဆည်က"

"ဟိုက် . . . ဒါဆို ကိုယ့်ညီက တန့်ဆည်သား ...ပဲ"

တန့်ဆည်နှင့် ရေဦးမှာ မဝေးလှပါ။ ၁၀ မိုင်သာ ...သာ ရှိပါ၏။ တန့်ဆည်က ရေဦးမြောက်ဘက် ရောက် ...သည်။ ထို့ကြောင့် ရေဦးနှင့်စာသော် ပို၍ခေါင်သည်ဟုပင် ...နိုင်၏။ ကျွန်တော်သည် ကိုစစ်မောင် တန့်ဆည်သား ...မသိ။ စစ်တက္ကသိုလ် အပတ်စဉ် (၁၂) ကဟုသာ သိ ...သည်။ ထို့ကြောင့် ကိုယ်တောသားမှန်းသိအောင် ...ကြွားကြွားပြောလိုက်ရာ သူက ကိုယ့်ထက်ပင် ခေါင် ...သောနေရာက ဖြစ်နေသဖြင့် တောသားဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြွားသည့်လေကို လျှော့လိုက်ရ၏။

ကိုစစ်မောင်ကား တပ်မတော်တွင် သူရ… သီဟသူရ စွမ်းရည်ဘွဲ့နှစ်ခု ရထားသူဖြစ်သော်လည်း ထိုနေ့က စကားဝိုင်းတွင် စစ်တိုက်သည့်အကြောင်း တစ်… တစ်ပါဒမှ မပြောဘဲ စနေနေ့တိုင်း သူ မော်ဘီရန်… ဘတ်စ်ကားများ တိုးစီးရသည့် ခရီးစဉ်အကြောင်း … ကျင့်၊ ဂျီဝမ်းကြီး ဒုဗိုလ်မှူးကြီးမြတ်သင်းနှင့် မကြာ… ဆွေးနွေးငြင်းခုံရသည့်အကြောင်း၊ မော်ဘီလေ… ဂေါက်ကွင်းတွင် ဂေါက်ရိုက်ရသည်မှာ ငယ်စဉ်က … သားရိုက်ခဲ့ရသည်ထက် များစွာပို၍ခက်ကြောင်း … များကိုသာ ခပ်တည်တည်ဖြင့် ဟာသနှော၍ ပြော… ပါတော့သည်။

နောက်ဆုံးစကားဝိုင်းသိမ်းတော့ –

"ကဲ … အစ်ကိုနဲ့ကျွန်တော် တစ်နယ်တည်း… နော်။ ရွှေဘိုသားတွေပဲ"

ဟု ဟိတ်ဟန်မရှိဘဲ ဖြူဖွေးသောသွားများကို … အောင် အားပါးတရပြုံးပြီး ကျွန်တော့်လက်ကို ဆုပ်… ပြောလိုက်ရာ ထိုနေ့မှစပြီး သူနှင့်ကျွန်တော် အထူး…





…သွားခဲ့ပါသည်။

ဤသည်မှာ ၂၀၀၁ ခုနှစ်က ရဟတ်ယာဉ် ပျက်… ကျကာ ကွယ်လွန်သွားခဲ့သည့် ဗိုလ်ချုပ်သီဟသူရ သူရ …စစ်မောင်နှင့် ကျွန်တော်တို့တစ်တွေ တွေ့ဆုံခဲ့ပုံပါခင်ဗျား။

မော်ဘီတွင် နှစ်လသုံးလခန့်ကြာခဲ့၏။ ထိုစဉ်က ကျွန်တော်တို့ အတူနေခဲ့ကြသူများမှာ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး လှသိန်း၊ ဗိုလ်မှူးသီဟသူရ သူရ စစ်မောင်၊ ဗိုလ်မှူးအောင်ကြည်၊ ဗိုလ်မှူးမင်းလှအောင်၊ ဗိုလ်မှူး …ခင်မောင်ဝင်း၊ ဗိုလ်မှူးကိုကိုထွေးနှင့် စာရေးသူ ကျွန်…တော်တို့ဖြစ်၏။ ထိုအထဲတွင် ကျွန်တော်၊ ကိုခင်မောင် …ဝင်းနှင့် ကိုကိုထွေးတို့မှာ နိုင်ငံခြား မရောက်ဘူးပါ။ ဗိုလ်မှူးကြီးလှသိန်းက အမေရိကန်နိုင်ငံဖို့ လီဗင်ဝပ်မှ Command and General Staff College သင်တန်း …တက်ထားသူဖြစ်ပါသည်။ ကျန် ကိုစစ်မောင်နှင့်အုပ်စု …လည်း အမေရိကန်နိုင်ငံ ဖို့ဘင်းနင်းမှ IOAC ခေါ် Infantry Officer Advanced Course တက်ခဲ့ကြသူ …များဖြစ်သည်။ အားလုံး အမေရိကန်ပြန်များပေါ့ခင်ဗျာ။

ကျွန်တော်တို့ ခုနစ်ယောက်သည် နေ့စဉ် …



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲထိုင်၍ တိုက်ခိုက်ရေးကျောင်း၊ ဗိုလ်သင်ကျော
ကျောင်းနှင့် အခြား အခြားသော သင်တန်းကျောင်းများ
အတွက် ကောင်းနိုးရာရာ လေ့ကျင့်ခန်းအသစ်များအား
ရေးသားပြုစုကြ၏။ နိုင်ငံခြားပြန်များက သူတို့၏ နိုင်ငံခြား
အတွေ့အကြုံများအား ပြောပြကြ၏။ နိုင်ငံခြားမရော
ဘူးသေးသည့် ကျွန်တော်တို့သုံးယောက်က နားထော
ရ၏။ အဖွဲ့ခေါင်းဆောင် ဒုဗိုလ်မှူးကြီးလှသိန်းမှာ ဟား
ဉာဏ်ရှင်၍ ထားဝယ်သံ၊ မြိတ်သံဖြင့် အပြောကောင်း
ဖြစ်ရုံမက ပြောလည်း အလွန်ပြောနိုင်ရာ ကျွန်တော်တို့
မပျင်းရဘဲ တဝါးဝါး တဟားဟားနှင့် ပွဲကျနေကြ
ထိုအချိန်များတွင် ကိုစစ်မောင်က ငြိမ်နေတတ်သည်
ဘာမှလည်း ပြောလေ့မရှိ၊ ကျွန်တော်က ငြိမ်ပြီးစာ
နေသည့် ကိုစစ်မောင်ကိုကြည့်ရင်း စွမ်းရည်ဘွဲ့
ရထားသည့် မတစ်ထောင်တစ်ကောင်ဘွား ကိုယ့်တစ်
တည်းသားကို ဂုဏ်ယူစွာဖြင့် အားလုံးရှေ့တွင် အော
အတိုင်းမေးမိ၏။

"တိုက်တဲ့ခိုက်တဲ့စာတွေ ရေးနေရတော့
လာနောင်သားတွေ အတုယူရအောင် ကိုစစ်မောင်





ခဲ့တဲ့ စွမ်းရည်ဘွဲ့ရခဲ့တဲ့ တိုက်ပွဲတွေအကြောင်း ပြောစမ်း
ပါဦး"

ကိုစစ်မောင်က ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး
မပွင့်တပွင့် ပြုံးလိုက်သည်။ ထို့နောက်မှ –

"ဒီလိုပါပဲ အစ်ကိုရာ" ဟု လေပျော့ကလေးနဲ့
ပြောတော့၏။

ကျွန်တော်က မေးလိုက်တိုင်း သူကဒီလိုပါပဲဟု
ပြောလေ့ရှိရာ နောင်အခါများတွင်တော့ မမေးဖြစ်တော့ဘဲ
အခြားရောက်တတ်ရာရာများသာ ပြောဖြစ်ပါတော့သည်။

ကျွန်တော်မေးသည့်အခါတွင်ကား သူက အထက်
ပါအတိုင်းပြောသော်လည်း ကကကျင့်မှ အပတ်စဉ် စနေ၊
တနင်္ဂနွေနေ့များတွင် ဗိုလ်သင်တန်းကျောင်းသို့ ရောက်
လာသည့် ဂျိမ်းဒုဗိုလ်မှူးကြီး မြတ်သင်းကိုမူ မေးခွန်းများ
အထွေထွေ မေးတတ်၏။ ဒုဗိုလ်မှူးကြီးမြတ်သင်းနှင့် ကက
ကျင့် ညွှန်ကြားရေးမှူး DMT ဗိုလ်မှူးချုပ်စိန်ရတို့သည်
စနေနေ့ညနေ၌ ဗိုလ်သင်တန်းကျောင်းသို့ ရောက်လာ၍
ညအိပ်အခြေပြုသည်။ တနင်္ဂနွေနေ့တွင် ကျွန်တော်တို့
နေထားသည့် ခံစွာတိုက်ချိ စစ်ကဏ္ဍကြီး ၄ ရပ်ဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



သင်ခန်းစာများကို ကြည့်ရှုစစ်ဆေး အကဲဖြတ်ကြသည်။ ပြင်တန်သင့်သည်ကို ပြင်ပေး၏။ **DMT** ကြီးက ဘာမျှ သိပ်ပြောလေ့မရှိ။ ကျွန်တော်တို့နှင့် အဓိကဒိုင်ခံဆွေးနွေးသူမှာ ဒုဗိုလ်မှူးကြီးမြတ်သင်းသာ ဖြစ်သည်။ သူသည် နိုင်ငံခြားတွင် အကြိမ်ကြိမ် သင်တန်းတက်ဖူးသူဖြစ်သဖြင့် ဗဟုသုတပြည့်စုံလှ၏။ အပြောအဟောကလည်း ကောင်းပေသည်။

တစ်ရက်တွင် ခွာစစ်သင်ခန်းစာအား ဆွေးနွေးကြ၏။ ထိုအခါ ဗိုလ်မှူးစစ်မောင်က –

''ခွာစစ်မှာ ထိုးစစ်အပြုအမူရှိရမယ်လို့ ပြောပါတယ်။ အဲဒါကို ဘယ်လိုနားလည်ရမလဲ ဂျိဝမ်းကြီး''

ဟု ဒုဗိုလ်မှူးကြီးမြတ်သင်းအား မေးတော့၏။

''ထိုးစစ်အပြုအမူရှိရမယ်ဆိုတာကတော့ ခွာစစ်မှာပါတဲ့ စစ်သည်တွေ တိုက်ချင်ခိုက်ချင်စိတ် ရှိနေရမယ်။ ပရမ်းပတာနဲ့ ဆုတ်ပြေးတာမျိုး မဖြစ်စေရဘူး။ ခွာတဲ့တပ်တွေ ဖားခုန်စနစ်ကျင့်သုံးရမယ်''

''ဆုတ်သွားတဲ့ ပင်မတပ်အတွက် နောက်မှာ ကြားခံစစ်နေရာ ယူထားရမယ်။ အဲဒီတပ်က ဟန့်စစ်ဆင်





ပေးရမယ်။ ဥပမာဆိုပါတော့ ဒုတိယကမ္ဘာစစ်က မြန်မာပြည်စစ်မြေပြင်မှာ အင်္ဂလိပ်တွေဆုတ်တော့ တောင်ငူနဲ့ ပြည်ကတပ်တွေ ဆုတ်နိုင်အောင် ပျဉ်းမနားနဲ့ တောင်တွင်းကြီးမှာ ရှေ့ကတပ်က ခံစစ်ယူထားပေးတယ်။ ဖားခုန်ပေါ့။ ပင်မတပ်တွေ အဲဒီနေရာရောက်လာတော့ ရှေ့ကတပ်က မိတ္ထီလာမှာ ခံစစ်ယူထားတယ်။ တစ်ခါ မိတ္ထီလာကို ပင်မတပ်တွေ ဖြတ်တဲ့အခါမှာ ကျောက်ဆည်မှာ ဖားခုန်ခုန်ပြီး ခံစစ်ယူထားပြန်ရော။ ဆုတ်လာတဲ့ ပင်မတပ်တွေ ဧရာဝတီမြစ်ပေါ်က အင်းဝတံတားကြီးကို ဖြတ်ပြီးမှ ကျောက်ဆည်ကတပ်တွေ ဆုတ်တယ်။ တပ်တွေအားလုံး ဧရာဝတီအနောက်ဘက်ကမ်းရောက်တော့ အုန်းတောမှာ သံချပ်ကာတပ်တွေက ဖားခုန်နေရာ ယူထားတယ်။ တပ်တွေအားလုံးက ရေဦး ကလေးဝ ကားလမ်းအတိုင်း အိန္ဒိယဘက်ကို ဆုတ်ခွာကြတယ်။ ဇီလျံစလင်းရေးတဲ့ **Defeat into Victory** စာအုပ်ထဲမှာပါတယ်။ မောင်ရင်တော်ကြည့်လေ။ တွေ့မှာပါ''

ဗိုလ်မှူးစစ်မောင်က သိပ်ဘဝင်ကျပုံမရ။ မပွင့်တပွင့်လေးသာ ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ကိုစစ်မောင်။ ကိုယ်ပြောတာ မော်ရင် မရှင်းဘူးလား"

ကိုစစ်မောင်က ဘာမှပြန်မပြော။ အထက်ပါအတိုင်း ကျွန်တော်တို့အဖွဲ့နှင့် ဂျိဝမ်းကြီး တွေ့ဆုံသည်။ ဂျိဝမ်းကြီးက ကျွန်တော်တို့အား မကြာခဏ မေးခွန်းများ မေးတတ်သည်။ သို့ရာတွင် ကိုစစ်မောင်က လက်ဦးမှုယူ၍ ဂျိဝမ်းကြီးအား မေးခွန်းများ အရင်မေးတတ်ရာ ဂျိဝမ်းကြီးက သူ့ကိုပြန်ရှင်းပြနေရသဖြင့် အချိန်ကုန်သွားတတ်၏။ ကျွန်တော်တို့ကို မေးဖို့အချိန်မရ ဖြစ်သွားတတ်သည်။ ထို့ကြောင့် ကျွန်တော်တို့ကလည်း ဗိုလ်မှူးစစ်မောင်မှ ဂျိဝမ်းကြီးကို မေးခွန်းများမေးသည်ကို သဘောကျကြ၏။ မမေးမေးအောင် မသိမသာလည်း မြှောက်ပေး၏။ သို့မှ အချိန်မြန်မြန်ကုန်မည်ဖြစ်သည်။ **DMT** ကြီးနှင့် ဂျိဝမ်းကြီးတို့က တနင်္ဂနွေနေ့လယ်တွင် မော်ဘီမှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာသွားလေ့ရှိကြ၏။

ထိုရောအခါ ကျွန်တော်တို့အဖွဲ့သားများ အလှည့်ကျ အိတ်ကိုယ်စီဖြင့် ရန်ကုန်သို့ ပြန်ကြ၏။ ရန်ကုန်တွင် မိသားစုများ ခေါ်ထားကြ၏။ ကျွန်တော်သာ မိသားစုကို





အောင်လံမှာ ထားခဲ့သဖြင့် မော်ဘီတွင် တစ်ယောက်တည်း နေရ၏။ မော်ဘီအဆောင်စောင့်က ကျွန်တော်။

ထိုကဲ့သို့သော တနင်္ဂနွေနေ့တစ်ရက်တွင် ကိုစစ်မောင်က ရန်ကုန်ပြန်ရန် အပြင်ထွက်လာရာ ဘေးလွယ်အိတ်အနီတစ်လုံးကို လွယ်ပြီး ဆေးပေါ့လိပ်ကို ပါးစပ်မှ တိုက်ထား၏။ ထိုအခါ ကျွန်တော်က –

"ဟိုက် ...ခေါက်ပြန်ရထားက လျက်ဆားသည်ကြီးပါလားဟေ့"

ဟု လွှတ်ခနဲပြောလိုက်မိသည်။

ကျွန်တော်တို့ ရွှေဘိုဘက်ကလူများသည် မန္တလေးသွားလော်ကယ်ရထားကို ခေါက်ပြန်ဟု ခေါ်၏။ ထိုရထားက လော်ကယ်ရထားမို့ ဘူတာတိုင်းရပ်၏။ ထို့ကြောင့် ထိုရထားကို ရွှေဘိုနယ်သားများက အလုအယက်စီးကြ၏။ ထိုရထားပေါ်တွင် စာအုပ်ရောင်းသူ၊ ပရုပ်ဆီရောင်းသူ၊ ဘီး မှန်ရောင်းသူ၊ ကွမ်းယာရောင်းသူ၊ လျက်ဆားရောင်းသူ၊ ယုတ်စွအဆုံး နွေတွင် ထန်းရည်ရောင်းသူကအစ ရှိသည်။ သို့ရာတွင် နွေမိုးဆောင်း ဥတုသုံးပါးလုံး အရောင်းမှန်သူများကား လျက်ဆားသည်များ

www.burmeseclassic.com

www.burmeseclassic.com



သာတည်း။

သူတို့ကို ခေါက်ပြန်ရထားက လျက်ဆားရောင်း သူများဟုခေါ်သည်။ သူတို့သည် ဇာတ်မင်းသားလေဖြင့် ဈေးရောင်းကောင်းသူများ ဖြစ်ကြသည်။ ကိုစစ်မောင်တ တန့်ဆည်သားမို့ ဖိုးကုန်းဘူတာနှင့် မဝေးလှသဖြင့် ခေါက်ပြန်ရထားကို သိပါသည်။ ထိုနေ့က ကျွန်တော်သည် သူ၏ညိုသော အသားရောင်တွင် နီသောအိတ်ကို လွယ် ထားသည်ကို မြင်သည်နှင့်

"မီးရထားနဲ့ ခရီးသွားကြတဲ့ လုပ်သားပြည်သူ များခင်ဗျား သီတာဝင်းလျက်ဆား တကယ်ကောင်းပါတယ်။ ဆယ်ပြားဖိုးနဲ့ တကယ်အားကိုးလောက်ပါတယ်။ နေကြည့် စားရင် မေဆွိနဲ့တောင် မှားနိုင်ပါတယ်။ နေ့ခင်းကြော် တောင်စားရင် မေဝင်းမောင်နဲ့တောင် မှားနိုင်ပါတယ်။ တော်တော်လေးများစားရင် မော်တော်လေးများ သွားသလို ဖွတ်ဖွတ် ဖွတ်ဖွတ်နဲ့"

ဟု မိုးနတ်သူဇာအငြိမ့်မှ လူရွှင်တော် ဇာဂနာ လေဖြင့် လျက်ဆားရောင်းဟန်လုပ်ပြီး စလိုက်ရာ ကို စစ်မောင်က



"အစ်ကိုကတော့ လုပ်ပြီ" ဟု မမွှင့်တပွင့် ပြော တော့၏။

ဤသို့ဖြင့် ရင်းရင်းနှီးနှီး စလိုက်ပြုလိုက်နေလာ ကြပြီး ၁၉၈၈ ခုနှစ် မတ်လအကုန်တွင် တပ်ပြောင်းမိန့် များ ထွက်လာရာ ကျွန်တော်တို့အဖွဲ့မှ တွဲဖက်အတော် များများမှာ သက်ဆိုင်ရာတပ်များသို့ ပြန်လည်ထွက်ခွာ သွားကြ၏။ မော်ဘီဗိုလ်သင်တန်းကျောင်း၌ ကျွန်တော်၊ ဗိုလ်မှူးခင်မောင်ဝင်းနှင့် ဗိုလ်မှူးကိုကိုထွေးတို့ သုံးဦးသာ ကျန်ပါတော့သည်။

ကိုစစ်မောင်ကလည်း ခွဲခွာသွားချိန်အထိ သူ စွမ်းရည်ဘွဲ့ရခဲ့သည့် တိုက်ပွဲများအကြောင်း တစ်ခွန်း တစ်ပါဒမျှ ပြောမသွားခဲ့ပါခင်ဗျာ။

စွမ်းရည်ဘွဲ့ရသည်ကို သူက ပြောမသွားသော် ငြားလည်း ကျွန်တော်က စိတ်ဝင်စား၍ ဟိုဟိုသည်သည် လိုက်မေးရ၏။ ပထမဘွဲ့မှာ အောက်ပါအတိုင်း ဖြစ် သည်ဆို၏။

အချိန်က ၁၉၇၂ ခုနှစ် ဩဂုတ်လဆန်း ၁ ရက်နေ့ ဖြစ်သည်။ ကိုစစ်မောင်တို့တပ်ရင်းက ရန်ကုန်-မော်လေး

www.burmeseclassic.com

www.burmeseclassic.com



မီးရထားလမ်းမကြီးပေါ်ရှိ မြို့နှင့် ဖေယျဝတီကြား ရထား
လုံခြုံရေးတာဝန်ကျသည်။ ဗိုလ်စစ်မောင်က အေပီတီ ခေါ်
**Armoured Patrol Train** စစ်ရထားဖြင့် တပ်စုတစ်စုနှ
အတူ စာပို့ရထားကြီးရှေ့က လုံခြုံရေးလိုက်ရ၏။

ထိုအချိန်တွင် ပဲခူးရိုးမ၌ ကျက်စားနေသော
ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်ဖေဒင်နှင့် အတွင်းရေး
သခင်ချစ်တို့က ၎င်းတို့၏ ခါးပိုက်ဆောင်တပ်၊ တို
တိုင်းအောင် ၄ ကို ဖွဲ့စည်းပြီးခါစဖြစ်သဖြင့် တိုက်တို
အောင် ၄ အတွက် တိုက်ကွင်းတိုက်ကွက်နှင့် အောင်ပွဲ
ရှာဖွေနေကြ၏။ ပထမတိုက်ပွဲအနေဖြင့် တိုက်တိုင်းအော
၄ သည် အုတ်တွင်းတပ်ရင်းမှ တပ်စုတစ်စုအား အု
တွင်းမြို့နယ် ဘုံချောင်းအနီးတွင် ချုံခိုတိုက်ရာ ထိုတပ်
ရှုပ်ရှုပ်ချုံချုံပြန်တိုက်သဖြင့် ဗိုလ်ထွန်းတင် ကျဆုံးသွား
ဗိုလ်ထွန်းတင်မှာ တောင်ငူခရိုင် ကော်မတီဥက္ကဋ္ဌဖြစ်သည်
တောင်ငူခရိုင်တပ်နှင့် ကော်မတီကို စိတ်ဓာတ်မြှင့်တင်
ဖေဒင်ချစ်တို့က တိုက်တိုင်းအောင်၏ တပ်မှူးအဖြစ် သူ
စံပြကေဒါ အောင်သိန်းလွင် ခေါ် ဗိုလ်လွင်အား
ချယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြူးရွှေစခန်းသိမ်းတိုက်ပွဲကို ဦးဆောင်ခဲ့သည့် ဗိုလ်ကြီး သူရစစ်မောင်
ယခု ဗိုလ်ချုပ် သီဟသူရ သူရစစ်မောင် (ကွယ်လွန်)



အောင်သိန်းလွင် ခေါ် ဗိုလ်တင့်ဆန်း ခေါ် ဗိုလ်တန်ထွန်း ခေါ် ဗိုလ်လွင်သည် ဗကပ ဗဟိုကော်မတီဝင် ဗိုလ်ရန်အောင်၏ယောက်ဖ တောခိုတက္ကသိုလ်ကျောင်းသား အောင်သိန်းနိုင် ခေါ် ရဲဘော်တင်ဟန်၏ ဦးလေးအရင်းဖြစ်သည်။ သူသည် ဗဟိုကော်မတီဝင် ဂိုရှယ် ခေါ် ရဲဘော်ဘတင်၊ ရဲဘော်ဒွေးနှင့် မိမိ၏ ယောက်ဖအရင်း ဗိုလ်ရန်အောင်၊ တူအရင်း အောင်သိန်းနိုင်၊ ဆရာရင်း ဗိုလ်ထွန်းငြိမ်းနှင့် တောခိုတက္ကသိုလ် ကျောင်းသားများအား သတ်ဖြတ်ရာတွင် အတက်ကြွဆုံးအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထို့ကြောင့် ဖင်ချစ်တို့က ဗိုလ်လွင်အား စံပြကေဒါအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်၏။

ဗိုလ်လွင်ခေါင်းဆောင်သော တိုက်တိုင်းအောင် (၄) သည် ဖင်ချစ်တို့၏ အမိန့်အရ ဗိုလ်စစ်မောင် ခေါင်းဆောင်သော အေပီတီရှေ့ပြေး အစောင့်စစ်ရထားအား မြူးနှင့် ဖေယျဝတီကြား၌ ဩဂုတ်လ ၁ ရက်နေ့ တွင် ဆီးကြိုတိုက်ခိုက်တော့၏။ ဗိုလ်စစ်မောင်ခေါင်းဆောင်သည့် အစောင့်လိုက်တပ်ဖွဲ့က စွမ်းစွမ်းတမံ ပြန်တိုက်သည်။ တိုက်တိုင်းအောင်တပ်မှူး ဗိုလ်လွင်က စစ်ရထားပေါ်



www.burmeseclassic.com

www.burmeseclassic.com



အမိအရတာက်ပြီး ကာဘိုင်ဖြင့် တရကြမ်းပစ်သည်။ မိုး
စစ်မောင်ကလည်း ကာဘိုင်ဖြင့် တရကြမ်းပြန်ပစ်သည်
နှစ်ဦးချင်း ရင်ဆိုင်တွေ့၍ သူပစ်ကိုယ်ပစ် ပစ်ကြသည်
ဆို၏။ လက်မြန်သော ပို၍သွက်လက်ထက်မြက်သော
ဗိုလ်စစ်မောင်လက်ချက်ဖြင့် ဗိုလ်လွင် ဒဏ်ရာရ
စစ်ရထားမှ ဆင်းပြေးရသည်။ ခေါင်းဆောင်ဆင်း
သည်နှင့် လူတစ်ရာခန့်ပါသော တိုက်တိုင်းအောင် (၄)
သည် ကစဉ့်ကလျားဖြင့် ဦးတည်ရာသို့ ပြေးလွှားကြတော့
ဗိုလ်လွင်မှာ ဗိုလ်စစ်မောင် ပစ်လိုက်သော
သေနတ်ဒဏ်ရာဖြင့် ကျဆုံးသွားတော့၏။ ဤတိုက်ပွဲတွင်
ဗိုလ်စစ်မောင်တို့ တပ်ဖွဲ့က တိုက်တိုင်းအောင် (၄) တပ်
မှူး ဗိုလ်လွင်ကို အသေရမိခဲ့လေသည်။

ဗိုလ်လွင်ကျဆုံးသွားခြင်းအတွက် ဖင်ချစ်တို့
မကျေနပ်။ ထို့ကြောင့် သိပ်မကြာသောအချိန်တွင် တိုက်
တိုင်းအောင် (၄) အား ဒုတိယအကြိမ် အေပီတီ ရှေ့ပြေး
စစ်ရထားကို ဖေယျဝတီနှင့် လင်းယောခင်ကြား၌ ထိမ်း
စီးနင်းတိုက်ခိုက်စေ၏။ ဤတိုက်ပွဲတွင်လည်း တိုက်တိုင်း
အောင် (၄) တပ်မှူး ဉာဏ်ထွေး ကျဆုံးပြန်၏။ ဉာဏ်ထွေး



က ဖင်ချစ်တို့၏ ဗကပဗဟိုမှ အလွန်အားကိုးရသည့်
မိုက်မိုက်ကန်းကန်း လုပ်ရဲသူဖြစ်သည်။ ဗဟို၏ အလံနီ
သူရဲကောင်းဘွဲ့ရထားသူလည်း ဖြစ်၏။ ထိုတိုက်တိုင်း
အောင် တပ်မှူးများ ကျဆုံးသွားအောင် တိုက်နိုင်ခဲ့သဖြင့်
ဗိုလ်စစ်မောင်အား စွမ်းရည်ဘွဲ့တင်ပေးခဲ့ရာ သူရဘွဲ့ရ
ခဲ့သည်ဟု သိရပါသည်။

သီဟသူရဘွဲ့ရသည့် တိုက်ပွဲကိုမူကား ကျွန်တော်
မသိပါ။ ဘာပဲဖြစ်ဖြစ် ထိုစဉ်က ပဲခူးရိုးမတွင် အလွန်စွာ
သော ဗကပတို့၏ တိုက်တိုင်းအောင် (၄) တပ်ဖွဲ့ကို
ဦးကျိုးအောင်နှိမ်နင်းပြီး ထိပ်သီးတပ်မှူးများအား ဇိဝိန်
ခြွေလိုက်နိုင်သည့် ဗိုလ်မှူးစစ်မောင်ကို "မတစ်ထောင်
တစ်ကောင်ဘွား" ဟုသာ ကျွန်တော် ချီးကျူးလိုက်ပါရ
စေခင်ဗျား။

၁၉၈၈ ခုနှစ်တွင် ခွဲခွာသွားကြပြီးနောက် ကျွန်
တော်တို့အားလုံး တစ်ယောက်တစ်နေရာ ရောက်သွား
ကြ၏။ တာဝန်တွေလည်း တစ်ဆင့်ပြီးတစ်ဆင့် တက်
သွားကြ၏။ ဗိုလ်မှူးစစ်မောင်က ဒုတပ်ရင်းမှူးမှ တပ်ရင်း
မှူး၊ နည်းဗျူဟာမှူး၊ တပ်မမှူး၊ တိုင်းမှူးသို့တိုင် ရောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသွားတော့၏။ ကျွန်တော်က နည်းပျူဟာမှူးတာဝန်
၁၉၉၅ ခုနှစ်ကုန်တွင် နယ်ဘက်သို့ ပြောင်းရ၏။ ၁၉၉
ခုနှစ်တွင် ကိုစစ်မောင်သည် တိုင်းမှူးတာဝန် ဗိုလ်ချုပ်
အဆင့်ဖြင့် ကျွန်တော် တာဝန်ယူထားသည့် မြို့တော်
စိုက်ကွင်းသို့ ရောက်လာသည်။ လူချင်းတွေ့လျှင်တွေ့ချင်း
၁၉၈၈ ခုနှစ်က မော်ဘီတွင် စဆုံကြသလို ကျွန်တော့်
လက်အား ဆုပ်ကိုင်ပြီး -

"ကျွန်တော်တို့ ရွှေဘိုနယ်သားတွေနော် အစ်ကို"

ဟု နွေးထွေးစွာ နှုတ်ဆက်၏။

တိုင်းမှူး ဖြစ်သွားသော်လည်း ရှေးယခင်က
အတိုင်း ဆက်ဆံရေး လုံးဝပြောင်းလဲမသွား။ ဟိုစဉ်က
ယဉ်ကျေးနေဆဲ။ သူ့ကိုကြည့်၍ မုဒိတာပွားမိ၏။ ရုပ်ရည်
မှာ အရင်ကလို မပိန်တော့ဘဲ ပြည့်ပြည့်ဖြိုးဖြိုးဖြစ်လာ
၍ ပိုကြည့်ကောင်းလာသည်။

ပြန်ခါနီး၌ "ကျွန်တော့်ဆီ လာလည်ဦးနော်
အစ်ကို" ဟု ဖိတ်သွားပါသေးသည်။

"ကြိုးစားပါ့မယ်"

ဟု ပြန်ဖြေလိုက်ရသည်။





သိပ်မကြာပါ။

၂၀၀၁ ခုနှစ်အစ ဆောင်းနှောင်း၏ နေ့တစ်နေ့။

"အတွင်းရေးမှူး (၂) နဲ့အဖွဲ့ သံလွင်မြစ်ထဲမှာ
ရဟတ်ယာဉ် ပျက်ကျသွားသတဲ့။ ဗိုလ်ချုပ်စစ်မောင်ပါ
ပါသွားသတဲ့"

ထိုသတင်းဆိုးကြီးကို ကြားရတော့သည်။ အလွန်
ထိတ်လန့်တုန်လှုပ်သွား၏။ သူ့အတွက် ဂုဏ်ယူလို့မှ
မဆုံးသေးဘူး ကွယ်လွန်သွားပြီတဲ့လား။

မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း ရက်ပေါင်းများစွာ
ထိုသတင်းကို နားစွင့်နေမိသည်။

ဒါပေမယ့် သတင်းကား သေချာသွားပါပြီ။ အမှန်
ပင်ကယ်ပင် ဗိုလ်ချုပ်သီဟသူရ သူရစစ်မောင် ကွယ်
လွန်သွားခဲ့ပါပြီ။

သူ ကွယ်လွန်သွားပေမယ့် ကျွန်တော်ကတော့
တစ်နယ်တည်းသား သူ့အတွက် ထာဝရဂုဏ်ယူရင်း-

"မတစ်ထောင် တစ်ကောင်ဘွားပေ့" ဟု သူ့
နာမည်နဲ့ ကိုယ်စား အမြဲကြွေးကြော်နေမည်သာ ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



(၈) ကျွန်တော်နှင့်ဒုဗိုလ်မှူးကြီးအောင်ကြည်ထွန်း သို့မဟုတ်
ချူးရွှေကအမြန်

ချူးရွှေပန်ကောက် တိုက်ပွဲကြီးတွင် ပါဝင်ခဲ့သူ
တပ်မှူးများအကြောင်းရေးတော့ ဗိုလ်ချုပ်စစ်မောင်နှ
အဆုံးသတ်ရန်ဖြစ်ပါသည်။ သို့ရာတွင် မရေးမဖြစ် တ
ယောက်ကျန်နေပါသည် ခင်ဗျာ။

ထိုသူကား တခြားသူမဟုတ်ပါ။ ချူးရွှေက အမြ
ရုပ်ရှင်ဇာတ်ကားကြီးနှင့် တစ်ဟုန်ထိုးနာမည်ကြီးသွားသည့်
ကျွန်တော့် သူငယ်ချင်းကြီး ကိုအောင်ကျည်ထွဏ်း ခေါ်
ဒုတိယ ဗိုလ်မှူးကြီး အောင်ကြည်ထွန်း (အငြိမ်းစား)
အကြောင်းပါ ခင်ဗျား။

သူ့အကြောင်းရေးရသည်မှာ ထိုတိုက်ပွဲကြီးတွင်
သူပါခဲ့၍တော့ မဟုတ်ပါ။ သူက တိုက်ပွဲကြီးအကြောင်း
ကို အများပြည်သူကြည့်ရှုနိုင်ရန် ရုပ်ရှင်ရိုက်ကူးပြသခဲ့ရာ၌
အစအဆုံး ပါဝင်ဆောင်ရွက်ခဲ့၍ ဖြစ်ပါသည်။ ထိုရုပ်ရှင်
ရိုက်ကူးစဉ် ကာလ၌ ကကပြည်နှင့် တပ်မတော်စည်းရုံးရေး
ကော်မတီတွင် သူတာဝန်ထမ်းဆောင်နေပါသည်။ ထို
ကြောင့် သူ့အားတာဝန်ရှိသူများက ကျွမ်းကျင်သူ ပညာ



ရှင်အနေဖြင့် ဒါရိုက်တာ အကာယ်ဒမီ မောင်တင်ဦးနှင့်
တွဲဘက်တာဝန်ပေးခဲ့ခြင်းဖြစ်၏။

ထိုဇာတ်ကားကြီးတွင် သူက ဇာတ်ညွှန်းနှင့်
စီစဉ်သူဖြစ်၏။ ဒါရိုက်တာက ထပ်ဆင့်အကာယ်ဒမီ မောင်
တင်ဦးဖြစ်ပြီး မင်းသားမှာ အကာယ်ဒမီဇင်ဝိုင်းဖြစ်ပါသည်။

ဒါတွေကို အကြမ်းဖျဉ်းသိထားသည့် ကျွန်တော်က
ပြီးခဲ့သည့် ဩဂုတ်လက ကိုအောင်ကြည်ထွန်း နေထိုင်
သည့် တညင်(သံလျင်)မြို့သို့ ဇနီးသည်နှင့်အတူ သွား
ရောက်ခဲ့သည်။ ကျွန်တော်တစ်ယောက်တည်းသွားရန်
ဖြစ်သော်လည်း သူက "မင်းမိန်းမပါ ခေါ်ပါကွာ၊ သူနဲ့
စကားပြောရတာ ပျော်တယ်ကွ"ဟု ဖုန်းပေါ်မှာ စကား
ဆက်ဆောင်ပါးလိုက်၍ ခေါ်သွားရခြင်းဖြစ်၏။

၁၉၈၀ ခုနှစ်လောက်က သူ ဗထူးသို့ တပ်ခွဲမှူး
သင်တန်းလာတက်တော့ ကျွန်တော်က ဗထူးတိုက်ခိုက်ရေး
ကျောင်းမှ တပ်ရေးဗိုလ်ကြီးဖြစ်၏။ တပ်နယ်ဈေးနားမှာ
နေရသည်။ ကျောင်းနှင့်နီးသည်။ ထို့ကြောင့် အိမ်သို့
ကြောခဏ သူရောက်လာသည်။ ထမင်းစားတတ်သည်။
ထမင်းစားပြီးတိုင်း ကျွန်တော့်ဇနီးအား ဟင်းတွေ ဆီ

www.burmeseclassic.com

www.burmeseclassic.com



မပါကြောင်း၊ ကပ်စေးနဲကြောင်း စတတ်သည်။ ထိုအခါ ကျွန်တော့်ဖနီးက ကက်ကက်လန်အောင် ပြန်ပြောတတ်သည်။

"ဟင်း ... တကယ့်လူကြီး အလကားလည်း စားသေးတယ်။ ဟင်းမကောင်းဘူးလည်း ပြောသေးတယ်။ တော်တို့ သီရိဂေဟာက ထမင်းထက်တော့ သာပါတယ်နော်"

ဟု ရန်ထောင်သောအခါ သူက တဟားဟားနှင့် ရယ်မောတတ်၏။

ယခု သူဆီလာခဲ့မည်ပြောသောအခါ ဖနီးသည်ကို ခေါ်ခဲ့ရန် တကူးတကပြောသည်။ ဖနီးသည်ကလည်း သံလျင်မရောက်တာကြာ၍ လိုက်မည်ဆိုကာ လိုက်လာသည်။

သံလျင်ကိုရောက်တော့ လမ်းမကြီး၏ ညာဘက် ရပ်ကွက်ကလေးတစ်ခုကို ဝင်ရသည်။ ဟိုမေး ဒီမေးနှင့် အတော်သွားရ၏။ နေ့လယ်လောက်ရောက်သွားသည်။

သူ့အိမ်ကို ရပ်ကွက်ထဲက ကလေးများက ကောင်း ကောင်းသိကြပါသည်။



"ဟိုမည်းမည်းဝဝနဲ့ ဗိုလ်မှူးကြီးလား၊ ဟောဟို အိမ်ပဲ" ဟု လိုက်ပြကြသည်။

သူ့အိမ်ညှော်ခန်းတွင် သူ့အား အမြိန့်သားထိုင် လျက် တွေ့ရ၏။

"ထိုင် ... သူငယ်ချင်းလေး၊ မင်းက ဘာတွေ သိချင်တာလဲ"

သူ့အိမ်ညှော်ခန်း၌ ဘုရားစင်သာမက ဘိုးဘိုး အောင်တွေရော ဘိုးမင်းခေါင်တွေရော တွေ့ရ၏။ ကို အောင်ကြည့်ထွန်းတစ်ယောက် ထွက်ရပ်ပေါက်ဖို့များ လုပ် နေပြီလားဟု တွေးပြီးပြုံးမိပါသည်။ သူ ဂမ္ဘီရတွေလုပ်နေ သည်ဟုလည်း သတင်းစကား ကြားထားသည်။

"ခြူးရွှေပန်းကောက်တိုက်ပွဲအကြောင်း ရေးနေ တယ်၊ သူငယ်ချင်းကြီးက ခြူးရွှေကအပြန် ရုပ်ရှင်ကား ကြီးနဲ့ နာမည်ကြီးလာတဲ့ ပုဂ္ဂိုလ်ကြီးဆိုတော့ အဲဒါနဲ့ ပတ်သက်တာလေးတွေ သိချင်တယ်၊ သိတာလေးတွေ ပြောပြပါ၊ စာထဲမှာထည့်ရေးလို့ရတာ ရေးလိုက်ချင်တယ်"

"နေဦးကွ၊ မှတ်တမ်းမှတ်ရာတွေက အိမ်ပြောင်း သာပြောင်းနဲ့ မကျန်တော့ဘူး။ စဉ်းစားရဦးမယ်၊ ရာချီး

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ငါက မင်းလို စာရှက်စာတမ်းတွေ စုမထားဘူး။ Diary လည်း ပုံမှန်ရေးတဲ့သူ မဟုတ်ဘူး''

ကျွန်တော်က ဗိုလ်လောင်းဘဝကတည်းက ဒိုင် ယာရီရေးခဲ့ရာ ကျွန်တော် ဒိုင်ယာရီရေးမှန်း ကျွန်တော့် စာတွေ သူဖတ်ပြီး သိနေသည်။

သူနှင့် တစ်နာရီကျော်ကြာ စကားပြောဖြစ်ခဲ့သည်။ စာပေအကြောင်း ရုပ်ရှင်အကြောင်း။ သူငယ်ချင်းတွေ အကြောင်း တောအကြောင်း တောင်အကြောင်းအစုံပါ...

ကျွန်တော့်ဇနီးကတော့ ဗထူးမှာတွေ့ကြပြီးနောက် ယခုအနှစ်သုံးဆယ်ကျော်ကြာမှ ပြန်တွေ့သည့် သူ့ကို ... ထောင်ကောင်းနေသည်။

''ဘယ်လိုလဲ ကိုအောင်ကျည်ဆန်။ အိမ်မှာ နောက်ဆုံး ထမင်းစားသွားတုန်းက ပို့လိုက်မယ်ဆိုတဲ့ အ... ဆီ ဘယ်မှာလဲ။ အခုပေးမှာလား။ ပေး'' ဟု ... တော့သည်။

ထိုစဉ်က ဗထူးဆောင်းတွင်းမို့ ကလေးတွေ အ... ဒဏ်ကြောင့် အသားပတ်နေရာ။

''ကရင်မကြီး ငါ ရန်ကုန်ပြန်ရောက်ရင် ...



ကလေးတွေအတွက် အလှဆီဝယ်ပို့လိုက်ပါ့မယ်ဟာ'' ဟု ပြောသွားသည်။ ဒါကို ဇနီးသည်က မမေ့။

ထိုအခါ သူက ထုံးစံအတိုင်းရယ်ပါသည်။

''အေးပါဟာ။ အဲဒီတုန်းက ပို့မလိုပါပဲ။ အကြံ မကောင်းလို့ဟာ'' ဟု ပြန်ပြောရှာပါသည်။

တွေ့ရာလေးပါး ပြောဆိုပြီး သူထံက ပြန်ခဲ့သည်။ မေးလို့ရတာတွေ မေးခဲ့သည်။ ခြူးရွှေပန်ကောက် တိုက် ပွဲကြီးအတွက် အထိုက်အလျောက် အထောက်အကူရပါ၏။

''ငါ ရှာလို့တွေ့တာလေးတွေ ပို့ပေးမယ်ကွာ။ မင်းစာအုပ်မပြီးခင် ရောက်လာရပါစေ့မယ်'' ဟု ကတိ ပေးလိုက်၏။

စက်တင်ဘာလဆန်း၌ သူ့ထံမှ စာတစ်စောင် ရောက်လာသည်။ စာထဲ၌ ခြူးရွှေကအပြန် ဇာတ်ကား ကြီး ရိုက်ကူးခဲ့ပုံအကြောင်း အကျဉ်းချုပ်နှင့် သူစစ်သားဘဝ အကျဉ်းလေး ရေးပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ခြူးရွှေကအပြန်

ခြူးရွှေကအပြန်ဇာတ်ကားကြီးအား ၁၉၈၆ ခုနှ
က ရိုက်ကူးခဲ့သည်။ ဗကပတို့၏ ဟိုပန်အရှေ့ခြမ်း စိုးမိုး
ရေးအား တပ်မတော်မှ မည်သို့မည်ပုံ တုံ့ပြန်ခဲ့သည်ကို
အများပြည်သူသိရှိနိုင်ရန် ဆေးရောင်စုံဇာတ်ကားကြီးအဖြ
ကကပြည်မှပင် ရိုက်ကူးတင်ဆက်ခဲ့ခြင်းဖြစ်သည်။

ဇာတ်ကားကြီးကို ထိုစဉ်က ကကပြည် ဒါရိုက်တာ
ဗိုလ်မှူးကြီးထွန်းလွင်၏ ယယ်ဘာဝအား အခြေခံ၍ ဇာတ်
ညွှန်းရေးခဲ့သည်။ ဇာတ်ညွှန်းရေးသူမှာ ကိုအောင်ကြည်
ထွန်းပင် ဖြစ်၏။

ဗိုလ်မှူးကြီးထွန်းလွင်မှာ ခြူးရွှေပန်ကောက်
တိုက်ပွဲကာလက ဟိုပန်တွင် အခြေပြုထားသည့် နည်း
ဗျူဟာ (၉၉၂)၏ နည်းဗျူဟာမှူးကြီးပင် ဖြစ်၏။ ထို့ကြောင့်
ဖြစ်စဉ်များကို ကောင်းစွာသိသည်။

ဇာတ်ကားရိုက်ကူးရာတွင် တကယ့် ခြူးရွှေပန်
ကောက်တပ်စခန်းကြီးများသွားပြီး ရိုက်ကူးရန် ကန့်သတ်
ချက်များစွာရှိသဖြင့် အရှေ့မြောက်စစ်ဒေသနှင့် ခပ်ဆင်ဆင်
တူသော ပျဉ်းမနားရေးဆင်းတက္ကသိုလ်ကျောင်း အရှေ့



ဘက် အောင်ပန်းသွားကားလမ်းတစ်ဝိုက်တွင် ရိုက်ကူးခဲ့
ရ၏။ ယခု နေပြည်တော် ပင်လောင်းလမ်းမကြီးတစ်
လျှောက် ဖြစ်ပါသည်။

တောတွင်းတိုက်ပွဲအချို့နှင့် စစ်ယာဉ်တန်းများ
ချီတက်ပုံကို ပျဉ်းမနားတွင် ရိုက်ကူးခဲ့သည်။ ပျဉ်းမနား
လေ့ကျင့်ရေးကျောင်းမှ စစ်သည်များကိုပါဝင်စေခဲ့သည်။

မင်းသားဖေငိုင်းနှင့် စစ်သည်များ လက်ရေတစ်
ဖြင်တည်း ရှေ့တန်း၌ စားသောက်နေထိုင်ခန်းများကို
မှော်ဘီဗိုလ်သင်တန်းကျောင်း လေ့ကျင့်ရေးကွင်းများတွင်
ရိုက်ကူးခဲ့သည်။ ဗိုလ်သင်တန်းကျောင်း သရုပ်ပြတပ်ခွဲမှ
စစ်သည်များက သရုပ်ဆောင်ပေးသည်။

မြို့တွင်း ဇာတ်ဝင်ခန်းများကို ရန်ကုန်မှာပင် ရိုက်
ကူးခဲ့သည်။ အဓိက သရုပ်ဆောင်မင်းသား၏ ငယ်ဘဝ
လယ်ဝေးတွင် ကြီးပြင်းလာခဲ့ပုံကို လယ်ဝေးမှာပင် ရိုက်
သည်။

အားလုံးပြီးတော့ ခြူးရွှေပန်ကောက် ရှေ့တန်း
စခန်းများကို ရဟတ်ယာဉ်ဖြင့် သွားရောက်ရိုက်ကူးပြီး
ရိုက်ကူးထားပြီး ဇာတ်ဝင်ခန်းများနှင့် ပေါင်းစပ်ကာ ခြူးရွှေ

www.burmeseclassic.com

www.burmeseclassic.com



ကအပြန် ဇာတ်ကားကြီး ဖြစ်လာသည်ဟု ကိုအောင်ကြည်ထွန်းက ဆိုပါသည်။

ထိုဇာတ်ကားကြီး၌ သူ၏ သား ၂ ယောက်ကို ဗကပအဖြစ် သရုပ်ဆောင်စေကာ သားအဖသုံးယောက် ခြူးရွှေကအပြန် ဇာတ်ကားကြီး၌ သုံးယောက်ပေါင်း လောင်းကျော်သွားသည်ဟု သူငယ်ချင်း အပေါင်းအသင်း များက ကိုအောင်ကြည်ထွန်းအား စကြပြုကြသည်။

ထိုဇာတ်ကားကြီးမှာ ဆေးရောင်စုံလည်းဖြစ် ဇာတ်ဝင်ခန်းများကလည်း ပီပြင်လှသဖြင့် ပရိသတ်အကြိုက် စစ်ကားကြီးတစ်ကားဖြစ်ပြီး တပ်မတော်နေ့ ဂုဏ်ပြု အများပြည်သူအား တင်ဆက်ပြသနိုင်ခဲ့ပါသည်။ အောင် မြင်ပါသည်။ ကိုအောင်ကြည်ထွန်းလည်း တစ်ခါတည်း ရုပ်ရှင်ပိုးဝင်သွားပြီး ဇာတ်ညွှန်းများ အဆက်မပြတ် ရေး လေတော့ရာ ၁၉၉၅ ခုနှစ်တွင် တိုက်ပွဲခေါ်သံ ဇာတ် ကားဖြင့် ရုပ်ရှင်ဇာတ်ညွှန်း အကယ်ဒမီဆုကြီးကို ရရှိ ပါတော့သည် ခင်ဗျား။

ဤသည်မှာ ကိုအောင်ကြည်ထွန်းစာမှာ ပါသ သည့် ခြူးရွှေကအပြန် ဇာတ်ကားကြီးအကြောင်း အကျဉ်း





ပါ ခင်ဗျား။

ဆက်လက်၍ ကျွန်တော် သိသော သူ့အကြောင်း ကို ဖော်ပြပါဦးမည်။

**ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ထွန်း (အငြိမ်းစား)**

ကိုအောင်ကြည်ထွန်းနှင့် ကျွန်တော်တို့ စတွေ့ကြ သည်မှာ ၁၉၆၆ ခုနှစ် ဗိုလ်သင်တန်းကျောင်းတွင်ဖြစ်၏။ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၆) အား မှော်ဘီတွင် အတူတက်ကြရသည်။ အသားညိုညို ထောင်ထောင်မောင်း မောင်း အပြောအဟောကောင်းကောင်း သူ့အား တပ်ခွဲ တစ်ခွဲလုံးက သိကြပါသည်။

သူများတွေကတော့ သူ့အား ဗိုလ်သင်တန်း ကျောင်းရောက်မှ သိကြသည်ထင်၏။ ကျွန်တော်ကတော့ တက္ကသိုလ်စတက်သည့်နှစ်မှာပင် ရန်ကုန်တက္ကသိုလ်က Central Hall တွေနားမှာ သူ့ကို မကြာမကြာ မြင်ဖူး နေရာ B.O.C ကောလိပ်ကတည်းက သူ့ကို သိနေပါသည်။ သူက Hosteller ကျွန်တော်က Day Scholar ဆို သော်လည်း သူ့ရုပ်က အသားညိုညိုတွင် အင်္ကျီဖြူ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတတ်ရာ **Prominent** ဖြစ်ပြီး မြင်သာထင်သာမှု ခဏာနှင့် မျက်မှန်းတန်းမိသွား၏။ အသံကလည်း ကျယ် ပေသည်။

ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းဘဝက ကျွန် တော်တို့က သူ့အား –

"ဟော့ကောင်ကြီး ... မင်းက ငါတို့တင့်ကား သင်ခန်းစာထဲကလိုပဲကွ။ ထုထည်ကြီးခြင်း၊ အသံကျယ် ခြင်းဆိုတဲ့ ဂုဏ်ပုဒ်တွေရှိတယ်။ မင်းလည်း တင့်ကားလို အကောင်ကြီး၊ အသံကျယ်ပဲ"

ဟုပြောသောအခါ သူက စိတ်မဆိုးဘဲ လက်ခံ

သူသည် မိတ္ထီလာသားဖြစ်သော်လည်း မန္တလေး တက္ကသိုလ်မတက်ဘဲ ရန်ကုန်တက္ကသိုလ်လာတက်သည်။ အညာသားဆိုသော်လည်း လူရည်လည်သည်၊ ပေါင်းသင်း တတ်ပြောတတ်ဆိုတတ်သည်။ ထို့ကြောင့် ဗိုလ် သင်တန်း၌ သူ့အားနည်းပြများက သဘောကျသည်၊ လက်ကတုံးတောင်ဝေး ပြုသည်။ မြို့ထဲသို့ အပြင်ကို မကြာခဏ ခိုင်းသည်။ ကုန်သွယ်ရေးမှ ပစ္စည်း ဝယ်ယူခြင်း၊ ဗိုလ်လောင်းတပ်ခွဲအတွက် ရိက္ခာဝယ်ယူခြင်း





အကယ်ဒမီ အောင်ကြည်ထွန်း
ယခုဒုတိယဗိုလ်မှူးကြီးအောင်ကြည်ထွန်း (အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



မြို့ရွှေပန်းကောက်တိုက်ပွဲကာလက
ခမရ (၁၀၉) တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးမြို့ရွှေ



မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးရေးဆောင်ရွက်စေခြင်း၊ ပြဇာတ်၊ ကဇာတ်များ ကပြရေးကိစ္စများအတွက် Out-door ကိစ္စများ ဆောင်ရွက်စေခြင်း စသည်စသည်ဖြင့် သူကား ထာဝရအလုပ်များနေလေ့ ရှိ၏။

တပ်ခွဲအတွက် ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းများသို့ မကြာခဏသွားရသဖြင့် ဗိုလ်လောင်းကျောင်းသားများက သူ့အား ပပက အောင်ကြည်ထွန်းဟု ခေါ်ကြကုန်၏။

ဗိုလ်သင်တန်းဆင်းတော့ အများသူငါလိုပင် သူသည် ခြေလျင်တပ်ရင်းတစ်ရင်းသို့ ရောက်သွားသည်။

၁၉၆၇ ခုနှစ်က ဖြစ်သည်။

၁၉၇၀ ခုနှစ်တွင်မှ ခမရ (၁၀၈) သို့ပြောင်းရပြီး အရှေ့မြောက်ဒေသတွင် တာဝန်ထမ်းဆောင်ရရာ တပ်စုမှူး တပ်ခွဲမှူးဘဝနှင့် ဗကပများနှင့် တိုက်ပွဲအတွေ့အကြုံများ ရှိခဲ့သည်။ ကကပြည်ရောက်တော့ သူ့အား စစ်မတိုက်ဖူးပါဘူးဟု စသည့်အခါ

"ခမရ (၁၀၈) နဲ့ အရှေ့မြောက်ဒေသမှာ စစ်တိုက်ထာတာပါကွာ။ အောင်ကြည်ထွန်း ခပ်ညံ့ညံ့မဟုတ်ပါဘူး။ မှန်စီနားလည် ဂျုံးဂျုံးဂျက်၊ တာမိုးညဲ၊ လင်ရှန်ကူး၊ မရောက်



www.burmeseclassic.com

www.burmeseclassic.com



ပော်၊ နမ့်ဖတ်ကာ၊ မူဆယ်နမ့်ခမ်း၊ ကွတ်ခိုင် အကုန် နေခဲ့ဖူးပါတယ်''

''ဟော့ကောင်ကြီး ကြားဖူး နားဝတွေ လျှောက် ပြောမနေပါနဲ့ကွာ''

ဟုပင် ကျွန်တော်တို့က တားယူရ၏။

သူနှင့်စကား မကြာခဏ ပြောဖြစ်သည်မှာ ၁၉၈၀ သူ တပ်ခွဲမှူးသင်တန်း လာတက်စဉ်ကဖြစ်၏။ ဒီနောက် တော့ သိပ်မတွေ့ဖြစ်တော့ ရံဖန်ရံခါသာ ခဏတစ်ဖြုတ် ဆုံဖြစ်သည်။ ကကပြည်မှ သူသင်တန်းလာပို့ချသည့်အခါ များ၊ ရန်ကုန်ရောက်သည့်အခါ သူငယ်ချင်းများ Gathering လုပ်သည့်အခါများတွင်သာ ဖြစ်ပါ၏။ သူသည် တစ်ဖက်လူကို အလွန်အစသန်သလို သူ့အား စသည့် အခါများတွင်လည်း အလွန်သည်းခံတတ်၏။ သူ့တွင် အနုပညာဓာတ်ခံမှာ ငယ်ငယ်ကတည်းက ပါလာသည်ဟု ဆို၏။ နယ်မှာနေစဉ်က သူ့မြို့က ဆိုကရေးတီးများတွင် သူမပါမပြီးဟု ဆိုသည်။

ဟုတ်မှာပေါ့ခင်ဗျာ။ သူ့ပိုးက သိပ်မှမသေးတာ။

သူသည် ဗိုလ်ကြီးဘဝနှင့် ကကပြည်ရောက်ပြီး



ဝတ္ထုတွေရေးသည်။ မြဝတီ၊ ငွေတာရီတို့တွင် သူ့ဝတ္ထု တိုများ ထိုစဉ်က မကြာခဏ ပါတတ်သည်။ ၁၉၇၅ လောက်က ဖြစ်မည်ထင်သည်။ သူ၏ **''မဲဇလီချောင်းက ချစ်ဖူးတစ်ငုံ''**အမည်ရ သိင်္ဂါရ ရသဝတ္ထုတိုကလေးမှာ ခွဲမက်ဖွယ် အချစ်ဝတ္ထုကလေးအဖြစ် အမှတ်ရနေသည်။ ထိုစဉ်က ကျွန်တော် စာမရေးသေးပါ။ စာဖတ်သူအဆင့်သာ ရှိပါသေးသည်။ သူ့စာများ ကောင်းကောင်းဖတ်ခဲ့ဖူးပါ သည်။

၁၉၉၅ ခုနှစ်မှာ ကျွန်တော် စာတွေရေးဖြစ်သည်။ စာရေးတော့ အသက်က ၅၀ ရှိပါပြီ။ စာရေးဖြစ်ခါစ သူနဲ့တွေ့သည့်အခါ စာရေးသက် အနှစ် ၂၀ ခန့် စီနီယာ ကျသည့်သူက ကျွန်တော့်အား ...

''ဟော့ကောင် ... မင်းက အသက် ၅၀ ကျမှ စာရေးမလို့လား။ အသက်ကြီးသွားပြီကွ။ ဟုတ်မှလည်း လုပ်ပါ ငါ့လူရာ''

ဟု နောက်သလိုပြောင်သလိုနှင့် ပြောသည်။ ကျွန်တော်ကလည်း ကျွန်တော့်ခံစားချက်နှင့် ကျွန်တော် စာရေးရန် အားထုတ်နေသူ။

www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော့်အား မထိတထိစသွားရာ ကျွ
တော် စာတွေလှိုင်လှိုင်ရေးဖြစ်တော့ ကျွန်တော့်စာများတွင်
မကြာခဏ သူ့အကြောင်း ထည့်ရေးပြီး သူ့ကိုပြန်စပါသည်။
သူ့ စိတ်မဆိုးတတ်မှန်းသိ၍လည်း ဖြစ်ပါသည်။

ယခု ခြူးရွှေပန်ကောက်တိုက်ပွဲကြီးအကြောင်း
ရေးရန် သူ့အိမ်ရောက်သွားတော့ သူက ...

"မင်းက ငါ့အကြောင်း ဘာမဟုတ်တာ ရေး
မလို့လဲ" ဟု မေးပါသည်။

"မရေးတော့ပါဘူး သူငယ်ချင်းကြီးရယ်။ ပြီးသွား
ပါပြီ"

ဟု ပြောခဲ့ရသည်။

မရေးတော့ပါဘူး ဆိုသော်လည်း ရေးစရာ
တစ်ခု ကျန်နေပါသေးသည်။

၁၉၉၇ ခုနှစ် သကြံန်ကာလကဖြစ်သည်။
တော် Y.C.D.C ရောက်နေပြီ။ ကျွန်တော့်တာဝန်မှာ သ
ဖျော်ဖြေရေးနှင့် ညှိခံရေးဖြစ်၏။ ရန်ကုန်မှ နာမည်
ရုပ်ရှင်ဂီတအနုပညာသမားများနှင့် ထိတွေ့ရ၏။
တော်အဆင့် ညှိသည်များကို ကျွန်တော်တာဝန်





ညှိခံရ၏။ ဖျော်ဖြေရ၏။ မြို့တော်ခန်းမတွင် ယိမ်းနှင့်
အဆိုအကများ ဖာတ်တိုက်လေ့ကျင့်နေသည့် တစ်ရက်
အကယ်ဒမီ ပုပ္ပနွေးနွေးရပြီးခါစ ဒုမိုလ်မှူးကြီး အောင်
ကြည်ထွန်း တစ်ယောက် လွှားလွှားလွှားလွှားနှင့် ပေါက်ချ
လာသည်။

သူ့အား အနုပညာရှင်များအဖွဲ့ခေါင်းဆောင် ဆရာ
ကြီး ဘိုကလေးတင့်အောင်နှင့် ဂီတလုလင် ဦးကိုကိုတို့မှ
ဝမ်းမြောက်ဝမ်းသာ ဆီးကြိုကြသည်။ ဖာတ်တိုက်လေ့ကျင့်
နေမှုများကို လေးလေးစားစား ရှင်းပြနေကြသည်။ သူက
ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ သိလိုသည်
များကို မေးသည်။ Y.C.D.C မှ အရာရှိ နှစ်ဦးသုံးဦးလည်း
ဆရာကြီးဘိုကလေးတင့်အောင်တို့နှင့် တာဝန်အရ ရှိ
နေကြသည်။

မြုန်းဆို ကျွန်တော် ရောက်သွားသည်။ ကိုအောင်
ကြည်ထွန်းကို မြင်လိုက်သည်နှင့် လွန်ခဲ့သည့် အနှစ် ၂၀
ပါးက နောင်လိုင်ပါဖန်တိုက်ပွဲအပြီး ရှေ့တန်း ကျွန်တော်
ရာသို့ ရဟတ်ယာဉ်ဖြင့် သူရောက်လာခဲ့ပုံကို ပြေးသတိ
ရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်က ကိုအောင်ကြည်ထွန်းအား ...

"ဟေ့ကောင်ကြီး ... မင်းက ဘာတွေလာပြီး ဩဝါဒတွေလာပေးနေတာလဲ။ ဒီဆရာကြီးတွေက နိုင်းကျော်တွေပါကွာ"

ဟုပြောလိုက်ရာ သူက ...

"ဘာဩဝါဒမှ မပေးရဲပါဘူးဗျာ။ မင်းတို့ Y.C.D.C ကို ငါက ကြောက်ပြီးသားပါ။ မင်းဆို ပိုကြောက်ပါတယ်"

"အောင်မယ် ... မင်းက ဘာအခုမှ ကြောက်ပါပြီလဲ။ ပြောစမ်းပါဦး ဘာလာလုပ်တာလဲ ကိုယ့်လူ"

အထက်ပါအတိုင်း ကျွန်တော်က ထိမထင်ဟန်ကိုအောင်ကြည်ထွန်းအား မင်းတစ်လုံး ငါတစ်လုံးပြောလေရာ ဆရာကြီးဘိုကလေးတင့်အောင်နှင့် ဂီတလုလင် မောင်ကိုကိုတို့က တအံ့တဩဖြစ်နေကြ၏။

ခဏအကြာတွင် သူပြန်သွားသည်။

"ဟေ့ကောင် ပြန်မယ်ဟေ့"

"အေး ... မြန်မြန်ပြန်ဟေ့ ဟေ့ကောင်ကြီး



မကြာပါခင်ဗျာ။ Y.C.D.C အရာရှိလေးတစ်ဦး ကျွန်တော့်နားရောက်လာသည်။

"ဗိုလ်မှူးကြီး"

"ဟေ"

"ဗိုလ်မှူးကြီးကို ဆရာကြီးဘိုကလေးတင့်အောင်က ပြောတယ်"

"ဘာတဲ့လဲ"

"ဗိုလ်မှူးကြီးက အတော်ရိုင်းတယ်တဲ့။ ဗိုလ်မှူးကြီး အောင်ကြည်ထွန်းက ဗိုလ်မှူးကြီးထက် အများကြီးအသက်ကြီးတာကို မင်းနဲ့ငါနဲ့ပြောတယ်တဲ့"

"ဟေ ... ဟုတ်လား။ အဲဒါဆို အစ်ကိုလေးကိုသွားခေါ်ကွာ"

အစ်ကိုလေးမှာ ဆရာကြီးဘိုကလေးတင့်အောင်အား ကျွန်တော်တို့ခေါ်သော နာမည်ဖြစ်ပါသည်။ ဆရာကြီးရောက်လာသည်။ ကျွန်တော်က ...

"အစ်ကိုလေးက ကိုအောင်ကြည်ထွန်းကို ကျွန်တော်က မင်းနဲ့ငါနဲ့ပြောလို့ ရိုင်းတယ်လို့ ပြောတယ်ဆို"

"အစ်ကိုလေးရယ် ... ဒီကောင်ကြီးနဲ့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



က စစ်တပ်ထဲ အတူဝင်ခဲ့တဲ့ ငယ်သူငယ်ချင်းတွေ။ ဟိုး လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကတည်းကလေ''

''ရဲဘော်နဲ့လား ဗိုလ်မှူးကြီး''

''မဟုတ်ပါဘူးဗျာ။ ဗိုလ်လောင်းပါ''

''ဗိုလ်မှူးကြီးနဲ့ သူက အသက်မကွာဘူးလား''

''ကွာပါတယ်။ လေးငါးခြောက်နှစ်တော့ ကွာတယ်။ ကျွန်တော်တို့ စစ်သားဆိုတာ အဲဒီလောက်ကို သူငယ်ချင်းဖြစ်သွားရင် မင်းနဲ့ငါနဲ့ ပြောတတ်ကြတာ အစ်ကိုလေးရဲ့။ အစ်ကိုလေး ပြောသလို ကျွန်တော်က နည်းနည်းလည်း ရိုင်းမယ်ထင်ပါတယ်။ ကျွန်တော်က ဗိုလ်လောင်းဘဝကတည်းက ဗိုလ်လောင်းတပ်ခွဲတစ်ခွဲလုံး နီးနီးကို မင်းနဲ့ငါနဲ့ ပြောခဲ့တာ။ အဲဒါကြောင့် ကျန်တဲ့ ဗိုလ်လောင်းအားလုံးက ကြည့်မရကြဘူး။ ကိုအောင်ကြည် ထွန်းကတော့ အခုလိုပြောတာ အခင်မင်မပျက်ပါဘူး။ အသက်ကြီးတော့လည်း အခုလို မင်းနဲ့ငါနဲ့ပြောရမယ့် သူငယ်ချင်းက ရှားသွားတော့ သူက ကျေနပ်နေတာပါ''

''ဩော်''

ဇာတ်ရည်လည်သွားသည့်အခါတွင်ကား ဆရာကြီး ဘိုကလေးတင့်အောင်နှင့် ဂီတလုလင်ဦးကိုကိုတို့က ခွင့် လွှတ်သွားကြပါသည်။

ကိုအောင်ကြည်ထွန်းကား အမှန်ပင် ကျွန်တော့်ထက် အသက်လေးငါးခြောက်နှစ်ကြီးပါသည်။ သို့ရာတွင် ငယ်ပေါင်းတွေမို့ ဒီလိုပဲ မင်းနဲ့ငါနဲ့ ပြောရသည်ကို သူရောကိုယ်ပါ အားရကြပါသည်။

အခုလို အသက်အရွယ်မျိုးတွင် မင်းနဲ့ငါနဲ့ ပြောရမယ့် ငယ်သူငယ်ချင်းကလည်း အတော်ရှားသွားပြီ မဟုတ်လားခင်ဗျာ။ ဒီလိုပြောနေရတာကိုက အသက်တွေ ငယ်သလိုပြန်ဖြစ်သွားပြီး စိတ်ဖြေလျှော့စရာတစ်ခု မဟုတ်ပါ လားခင်ဗျာ။

ဤသည်မှာ ကျွန်တော်သိသော အကယ်ဒမီ အောင်ကျည်ထွဋ်အကြောင်းပါခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

## နောက်ဆက်တွဲဖော်ပြချက်

ကျွန်တော်၏ အခြားစာအုပ်များနည်းတူ ဤစာအုပ်တွင်လည်း နောက်ဆက်တွဲလေး ရေးလိုက်ရပြန်ပါသည်။

ခြူးရွှေပန်ကောက်တိုက်ပွဲကြီးကို ဟိုးကတည်းက စိတ်ဝင်စားခဲ့၏။ ၂၀၁၀ ပြည့်နှစ် ကွမ်းလုံ ရက် ၄၀ တိုက်ပွဲကြီးရေးရန် ကွမ်းလုံကိုရောက်ဖြစ်တော့ နမ့်မတိုင်းချောင်း တောင်ဘက်ကမ်းက ဟိုပန်ကိုပါရောက်သွားသည်။ ဟိုပန်အရှေ့ဘက် ခပ်လှမ်းလှမ်းတွင် ခြူးရွှေပန်ကောက်

www.burmeseclassic.com

www.burmeseclassic.com



စခန်းများ ရှိနေပါ၏။

"အဘာရေ အဲဒါတွေက ခြူးရွှေပန်ကောက်စခန်းတွေပဲခင်ဗျာ့"

လိုက်ပို့သူ ဗိုလ်မှူးဝင်းမင်းထွေးက ပြော၏။

"ဪ"

ခပ်ဝေးဝေးက စိမ်းညို့ညို့တောင်တွေပေါ်တွင် ခြူးရွှေပန်ကောက်စခန်းများကို ဝိုးတဝါးမြင်ရသည်။ လွန်ခဲ့သည့် အနှစ် ၃၀ ကျော်က ခြူးရွှေပန်ကောက်တိုက်ပွဲကြီးအကြောင်းကို ရေးသားရန် ပို၍စိတ်အားထက်သန်လာသည်။ ကွမ်းလုံဗျူဟာကို ပြန်ရောက်တော့ နည်းနည်းပါးပါး မေးမြန်းခဲ့၏။ ထို့နောက် ရနိုင်သမျှ စာရွက်စာတမ်းများကို ရှာဖွေစုဆောင်းခဲ့၏။ ဖတ်ရှုမှတ်သားခဲ့၏။ မပြည့်စုံသေးသဖြင့် ရေး၍မရသေး။

၂၀၁၁ သကြန်တွင်း၌ တောင်ကြီးက ပြန်ဆင်းလာရာ တပ်ကုန်းမြို့ရှိ ခမရ (၁၀၉) မှ ဖိတ်သဖြင့် ခဏဝင်ခဲ့သည်။ ထိုအခါ ကျွန်တော်တို့မိသားစုအား ဖိတ်သည့် ဒုတပ်ရင်းမှူး ဗိုလ်မှူးကျော်မင်းဟာန်နှင့် တွေ့ဆုံစကားပြောဖြစ်သည်။



"အဘ ခြူးရွှေပန်ကောက်တိုက်ပွဲကြီးအကြောင်း ရေးမယ်ဆို ရေးပါ။ လိုအပ်တာ ပံ့ပိုးပေးပါ့မယ်။ တကယ်တော့ ခြူးရွှေစခန်းကြီးကို ဗကပလက်ထဲက အတင်းတက်တိုက်ခဲ့တာ ကျွန်တော်တို့ ခမရ (၁၀၉) ပါ"

"ဘယ်သူတွေ ခေါင်းဆောင်ပြီး တက်တိုက်သလဲ"

"ဗိုလ်ကြီးစစ်မောင်နဲ့ ဗိုလ်ကြီးဖုန်းစိန်တို့ပါပဲ။ ဒီတိုက်ပွဲမှာ ဗိုလ်ကြီးစစ်မောင်က သီဟသူရ ရသွားပြီး ဗိုလ်ကြီးဖုန်းစိန်က သူရ ရသွားပါတယ်"

"အဲဒီနှစ်ယောက်လုံးက ကိုယ့်ရဲဘော်ရဲဘက်တွေပါ။ ကိုဖုန်းစိန်က ကောလိပ်တုန်းက ကျောင်းနေဖက်သူငယ်ချင်း။ ကိုစစ်မောင်က ၁၉၈၈ ခုနှစ်တုန်းက ကကကျင့်မှာ သုံးလေးလ အတူနေခဲ့ဖူးတယ်။ တကယ့် Fighter တွေပါ"

ခမရ (၁၀၉) မှ ပြန်ထွက်လာပြီး ခြူးရွှေပန်ကောက်တိုက်ပွဲကို ရေးရန်ပြင်ဆင်ခဲ့သည်။ တကယ်ရေးတော့ အခက်အခဲတွေက အများကြီး။ ဖြစ်စဉ်တွေ၊ ရက်စွဲတွေက မသေချာ။ တပ်တွေက မသေချာ၊ ဟိုမေး ဒီမေး လိုက်မေးရပြန်၏။ မေးရင်းပြုရင်း ကျွန်တော့်သူငယ်ချင်း အကောယ်ဒမီ

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြည်ထွန်းကြီးရှိရာ သံလျင်သို့ ရောက်သွား၏။ သူက ၁၉၈၆ ခုနှစ်လောက်က "ခြူးရွှေကအပြန်" အမည်ရ ဇာတ်ကားကြီးကို အကယ်ဒမီ မောင်တင်ဦးနှင့်အတူ ရိုက်ကူးခဲ့သူဖြစ်၏။ ခြူးရွှေကအပြန် ဇာတ်ညွှန်းကို သူ ရေးခဲ့သည်။ စစ်တိုက်ခန်း တော်တော်များများကို သူ ရိုက်ကူးခဲ့သည်ဆို၏။ ဟုတ်မှာပေါ့။ သူက စစ်သားပဲ။ မောင်တင်ဦးက စစ်သားမှ မဟုတ်တာ။ ကျွန်တော့် သူငယ်ချင်း ရိုက်တာ ပိုသဘာဝကျမှာပေါ့ခင်ဗျာ။

သူ့ထံမှ အချက်အလက် တော်တော်များများ ရခဲ့ပါသည်။ တစ်ဖန် လေတပ်ဆိုင်ရာများကို မေးပြန်တော့လည်း ဟိုမေး ဒီမေး လိုက်မေးရပြန်၏။ ဗိုလ်မှူး သူရ အုန်းခိုင်နဲ့ ဗင်ပါယာလေယာဉ် ပျက်ကျသည့်နေ့စွဲတို့ အတိအကျမသိ။ မေးလို့လည်း မရခဲ့။ ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့နောက်ပိုင်းဟုသာ သိရသည်။ ပျက်ကျသွားသည့် ဗင်ပါယာက လေးစီးတစ်စီးပေါင်းပြီး ထွက်သွားသည့် ဗင်ပါယာဟု သိရသည်။ ၁၉၅၃ ခုနှစ် ထဲက ဝယ်ထားတာဆိုတော့ အတော်အိုသော၊ ဟောင်းသော ဖြစ်နေပြီပဲ။ သက်တမ်းက အနှစ် ၂၅ လောက်



ရှိနေပြီ။

စွမ်းရည်ဘွဲ့ရတဲ့သူတွေအကြောင်း ရေးတော့ စာရင်းက အကုန်မရ။ ရှာလို့လည်း မတွေ့။ စာအုပ်က ပြီးသလောက်ဖြစ်နေပြီး ခမရ (၁၀၉) ဖုန်းလှမ်းဆက်မေးတော့ "ရှိပါတယ်။ လာခဲ့ပါ" ဟုပြောသည်။ ဒါ့အပြင် ထိုတိုက်ပွဲမှာပါဝင်ခဲ့သည့် အငြိမ်းစားတပ်ကြပ်ကြီးတစ်ဦး တပ်ကုန်းမြို့တွင် နေထိုင်လျက်ရှိသေးကြောင်း ပြောလာသဖြင့် ၂၇. ၈. ၁၁ နေ့က ခမရ (၁၀၉) ရှိရာ တပ်ကုန်းမြို့သို့ အိမ်ကကားနဲ့ထွက်ခဲ့၏။ ကားဆရာကြီးမှာ ကျွန်တော့် စာအုပ်လုပ်ငန်းတွင် ကူညီနေသူ ဦးအောင်စည် ဖြစ်ပါသည်။

ထိုနေ့က ကားပြင်နေရ၍ ရန်ကုန်ကအထွက် နောက်ကျ၏။ အမြန်လမ်းမကြီးက Toll Gate ကို ဖြတ်တော့ မနက် ၁၀ နာရီထိုးပြီ။ နေ့လယ် ၁ နာရီထိုးတွင် တောင်ငူဝင်သည်။ တောင်ငူမှာ ကျွန်တော့်စာအုပ်များကို ရောင်းချပေးနေသည့် စာပေဗိမာန်စာအုပ်ဆိုင်က ပိုင်ရှင် ခြေဖြူစန်းနှင့် ဝင်တွေ့သည်။ မှာသည့်စာအုပ်များ ပို့ခဲ့သည်။ စာအုပ်များက ထုံးစံအတိုင်း ပြည်တွင်းတိုက်ပွဲ

www.burmeseclassic.com



တွေ့ပါပဲ။ တောင်ငူကထွက်တော့ ကေတုမတီမြို့သစ်ရှိ ဒုတိယဗိုလ်မှူးကြီးလှမြင့် (အငြိမ်းစား)နှင့် ဝင်တွေ့ခဲ့သည်။ သူနှင့်တစ်တပ်တည်း နေခဲ့ဖူး၏။ သူသည် DSA 9 မှ စာပေထူးချွန်ဆုရခဲ့သူ ဖြစ်၏။ သူသည်လည်း ကျွန်တော့်အမာခံစာဖတ်ပရိသတ်ပါပေ။ အငြိမ်းစားဘဝ စားသောက်ဆိုင်ကြီးများ ဖွင့်ကာ အကြီးအကျယ် အောင်မြင်နေသူဖြစ်၏။ သူတည်ခင်းသော နေ့လယ်စာ စားသုံးပြီး ရှေးဟောင်းနှောင်းဖြစ်များကို ပြောဖြစ်သည်။ ငယ်ငယ်က ရဲဘော်ရဲဘက်ချင်း ပြန်တွေ့ရတော့ Tension များ ပြေလျော့သွားတာပေါ့ခင်ဗျာ။

ကေတုမတီ မြို့သစ်က ပြန်ထွက်တော့ ညနေ ၃ နာရီခွဲပြီ။ နေပြည်တော် Toll Gate ရောက်တော့ ညနေ ၅ နာရီ နေပြည်တော်–မန္တလေး အဝေးပြေးလမ်းကြီးပေါ်တွင် တပ်ကုန်းလမ်းခွဲရှိသည်ဆို၍ သွားခဲ့၏ လမ်းတွင် ဆိုင်ကယ်သမားနှင့် ကားသမားအချို့အား မေးရာ လမ်းတော့ရှိပါသည်။ မြေသားလမ်းဖြစ်၏ မိုး သည်းထန်စွာ ရွာသွန်းထားသဖြင့် ကားများ လုံးဝသွား မရတဲ့ ဗွက်တောကြီးဟု ဆိုကြ၏။ ထို့ကြောင့် ပြန်လှည့်





လာရ၏။ နေပြည်တော်မှ တပ်ကုန်းသို့ အသစ်ဖောက်ထားသည့် ကွန်ကရစ်လမ်းမှ သွားရန်ဖြစ်သည်။ ထိုလမ်းကို သကြၤန်တွင်းက တစ်ခါဖြတ်ဖူးခဲ့၏။ မမှတ်မိတော့ပါ။ နေပြည်တော်ရောက်တော့ မိုးတွေ သည်းထန်စွာ ရွာ၏။ မကြုံစဖူး မိုးပေါက်ကြီးများက ဆီးဖြူသီး၊ ဖန်ခါးသီးလောက်ရှိသည်ထင်၏။ ထိုနေ့ညမိုးက မိုးရေချိန် ၄.၆ လက်မဟု မြန်မာ့ရုပ်သံမှ ကြေညာပါသည်။

မိုးသည်းသည်းတွင် နေပြည်တော်အဝိုင်းကြီးများ တစ်ခုပြီးတစ်ခု ဖြတ်ခဲ့သည်။ မိုးကြောင့် လမ်းသွားလမ်းလာများ မတွေ့ရ။ အားလုံးမိုးခိုနေကြသည်။ ဟိုတယ်ဇုန်ရောက်တော့ လမ်းမကြီးဘေးဘယ်ညာ တောင်ကုန်းများမှ ရေလုံးနီနီကြီးများ လမ်းပေါ်သို့ ဒလဟော ထိုးကျနေ၏။ ရေများက လမ်းပေါ်တွင် အရှိန်ပြင်းစွာ စီးဆင်းနေ၏ တချို့နေရာများ၌ ဒူးဆစ်တောင်မြုပ်၏။ ကျွန်တော်တို့ကားက အမြင့်မို့ တော်ပါသေးသည်။ ပန်းပွင့်ကြီးကြီးနှင့် အဝိုင်းနားတွင် မိုးရေထဲ၌ ဆိုင်ကယ်ပြင်နေသည့် မြို့ခံနှစ်ဦးအား ကံအားလျော်စွာတွေ့သဖြင့် "တပ်ကုန်းကို ဘယ်လမ်းက သွားရမလဲဗျာ" ဟု မေးရ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ဒီတည့်တည့်သွား။ ဟိုအဆုံးမှာ ခွာညိုအဝိုင်းဆိုတာ ရှိတယ်။ လုပ်လက်စပဲ။ အဲဒီကနေ ဘယ်ချိုးမြောက်တည့်တည့်။ ကွန်ကရစ်လမ်းကို လိုက်သွား။ ခမရ (၁၀၉) တပ်ထိပ်ကို ရောက်ရော" ဟု ဖြေပါလေတော့သည်။ ကံကောင်းပေစွ။

သူတို့ညွှန်ပြလိုက်သည့် လမ်းအတိုင်း သည်းထန်စွာရွာသွန်းနေသော မိုးရေများကြားမှ ကားကို အပြင်းမောင်းခဲ့ရာ ည ၇ နာရီခွဲတွင် ခမရ (၁၀၉) သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်သွားတော့၏။

အောင်မလေးဗျာ ... တယ်မလွယ်ပါလား။

တပ်က တပ်ရေးဗိုလ်ကြီးနှင့် တပ်ထောက်ဗိုလ်ကြီးတို့က ရိပ်သာတွင် စောင့်နေကြရာ၏။ တပ်ရေးဗိုလ်ကြီးက ဗိုလ်ကြီးအောင်ဖင်ဟိန်း၊ တပ်ထောက်ဗိုလ်ကြီးက ဗိုလ်ကြီးမျိုးဇာနည်တို့ ဖြစ်သည်။

လူပျိုတွေမို့ ရိပ်သာတွင်နေကြသည်။ သူတို့နှင့် ညစာစားရင်း စကားပြောဖြစ်သည်။ လုပ်စရာရှိတာများတော့ မနက်မှလုပ်မယ်ဟု ညှိနှိုင်းပြီး စောစောအိပ်ရ



ဝင်ခဲ့တော့သည်။

၂၈ ရက်နေ့ မနက်တွင် ခြူးရှွေပန်ကောက်တိုက်ပွဲကြီးတွင် သူရဘွဲ့ရခဲ့သည့် အငြိမ်းစားတပ်ကြပ်ကြီး မောင်ငေါင်းနှင့်တွေ့ဖြစ်သည်။ ဆရာကြီးမောင်ငေါင်းကား ရှားရှားပါးပါး နာဂလူမျိုးဖြစ်၏။

"ဘယ်လိုလုပ် တပ်ထဲရောက်လာတာလဲဗျာ"

"ကျွန်တော်က ခန္တီးဇာတိ ဗိုလ်မှူးကြီးရဲ့"

"အစ်ကိုက UMP တပ်ထဲလိုက်သွားတာ။ သူ့ရှာရင်းနဲ့ ခန္တီးက ထွက်ခဲ့တယ်။ အသက် ၁၂ နှစ်သားသာသာပေါ့။ ဗမာစကား ကောင်းကောင်းမတတ်ဘူး။ စာစာကတော့ လုံးဝမတတ်ဘူး။ အဲဒါ အစ်ကို့ရှာရင်းနဲ့ မိုးကုတ် ရောက်သွားတယ်။ မိုးကုတ်မှာ လေးငါးနှစ် ကျောက်ဝင်တူးတယ်။ ဘာမှမရပါဘူး။ ဗမာစကားတော့ တတ်လာတာပေါ့။ နောက်တော့ မိုးကုတ်ကနေ တပ်ထဲဝင်လိုက်တာ ဒီ ခမရ (၁၀၉) ရောက်လာတာပဲ။ ဒီတပ်မှာ တပ်ကြပ်ကြီးရပြီး ဒီတပ်ကဘဲ ထွက်တယ်"

"ခြူးရှွေစခန်းတက်တိုက်တော့ ဆရာကြီးပါလား"

"ပါပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



''ဘယ်သူနဲ့လဲ''

''ဗိုလ်ကြီးစစ်မောင်တပ်ခွဲနဲ့ပါ''

''ဖြစ်စဉ်လေး ပြောပါဦး''

''ဖြစ်စဉ်ကတော့ ဒီလိုပါ ဗိုလ်မှူးကြီးရယ်။ အဲဒီ ၁၉၇၇ ခုနှစ် စက်တင်ဘာလထဲမှာ ကျွန်တော်တို့တပ်ရင်း မုန်းစီးနားလယ်ဘက်မှာ စစ်ဆင်ရေးအချိန်စေ့လို့ တပ်ရင်း ပြန်လာရတယ်။ နှစ်ပတ်လောက်ပဲ တပ်မှာ နားရတယ်။ အရေးတကြီး စစ်ဆင်ရေးကိစ္စရှိလို့ အမြန်ပြန်တက်လာ ဖို့ တပ်မက ညွှန်ကြားတယ်။ အောက်တိုဘာ လလယ်မှာ ကားအစီး ၂၀ ကျော်နဲ့ တပ်ကုန်းကထွက်တယ်။ လမ်းမှာ တစ်ညအိပ်ပြီး နောက်နေ့ ကွမ်းလုံ ရောက်တော့တာပဲ''

''ဘာလုပ်ရမှာလဲဆိုတာ သိလား''


''ခြူးရွှေပြန်တိုက်ရမယ်ဆိုတာ အကြမ်းဖျင်း သိပါတယ်။

''ကွမ်းလုံရောက်ပြီးတော့ ဟိုပန် ဆက်ထွက် ပါတယ်။ ဟိုပန်ကနေ ညတွင်းချင်း ခြူးရွှေကို သွား တယ်။ ခြူးရွှေခြေရင်းမှာ ခမရ (၁၀၃) နဲ့ တွေ့တယ် သူတို့နေရာဝင်လဲပြီး ညတွင်းချင်း ခြူးရွှေစခန်းကို



www.burmeseclassic.com









အမှတ်(၁၀၈)ခြေမြန်တပ်ရင်းဖြူးရှေ့ရှိဝိသာ

အမှတ်(၁၀၉)ခြေမြန်တပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com





အမှတ်(၁၀၉)ခြေမြန်တပ်ရင်း၏ဆောင်ပုဒ်များ



ကပ်တယ်။ ဗိုလ်ကြီးဖုန်းစိန်နဲ့ ဗိုလ်ကြီးစစ်မောင် ဦးစီးတဲ့ လက်ရွေးစင်တပ်ခွဲတွေနဲ့ တက်သွားကြတာ။ ၂၀ ရက်နေ့ မနက် ၂ နာရီထိုးမှာ စချီးကပ်ပြီး ၄ နာရီထိုးမှ ခြံစည်းရိုးတွေ စတင်ထိုးဖောက်တယ်။ ခြံစည်းရိုး ၃ ထပ်က ၂ ထပ်ပေါက်သွားပြီး မိုးလင်းသွားရော တစ်ထပ်ကျန်သေးတယ်။ မိုးလင်းတော့ ကျွန်တော်တို့တက်လာကြတာ ရှုတည့်တည့် ပြောင်ကုန်းချောကြီး၊ ဘာအကာအကွယ်မှ မရှိဘူး။ အဲဒါနဲ့ ဗကပတွေက မိုးလင်းတာနဲ့ မြင်ကွင်းကောင်းတော့ တအားပစ်လို့ ကျွန်တော်တို့ဘက်က ဗော်တော်များများ ကျကုန်ကြ၏။ လေးငါးခြောက်ခါလောက် အားတက်ထိုးတာ နောက်ဆုံး ခြံစည်းရိုးပေါက်သွားပေမယ့် စခန်းထဲက ရန်သူကလည်း အင်အားမနည်းဘူး။ သုံးလေးရာလောက်ရှိမယ်။ ဒါပေမယ့် ဗိုလ်ကြီးစစ်မောင်နဲ့ ကျွန်တော်တို့တပ်စုက ရှေ့ပိုင်းက ဘန်ကာနှစ်လုံး သုံးလုံး ရထားတယ်။ လူနည်းလို့ ရှေ့မတိုးနိုင်တော့ဘူး။ ဗိုလ်ကြီးဖုန်းစိန် တပ်ခွဲနဲ့ ကျန်တပ်ခွဲတွေလည်း ထိတာ ကျဆုံးဗော်တော်များနေပြီ။ ၈ နာရီ၊ ၉ နာရီလောက် ရောက်တော့ ရင်ကွဲတောင်က ရန်သူလက်နက်ကြီးတွေ တအား

www.burmeseclassic.com

www.burmeseclassic.com



ကျလာတယ်။ ရဲဘော်တွေကို ထပ်ထိကုန်တယ်။ အဲဒါနဲ့ တောင်အောက်က တပ်ရင်းမှူးက စိတ်ပူပြီး ပြန်ဆုတ်ခဲ့ တော့လို့ အမိန့်ပေးတာနဲ့ ရနိုင်သမျှ ဒဏ်ရာရတဲ့သူတွေ ကျတဲ့သူတွေကို သယ်ပြီး ပြန်ဆုတ်ခဲ့တယ်"

"ဘယ်အချိန်လောက်မှာ ဆုတ်လာကြတာလဲ"

"မနက် ၁၀ နာရီလောက်ထင်တယ်"

"တပ်ရင်းမှူးကြီးက ဘယ်သူလဲ"

"ဒုဗိုလ်မှူးကြီးမျိုးခွေပါ"

"ဗျူဟာမှူးကြီးကိုကော သိလား"

"ကောင်းကောင်းတော့ မသိဘူး"

"ဗိုလ်မှူးကြီးထွန်းလွင်လို့တော့ ပြောကြတာပဲ"

"ဆရာကြီးတို့ နောက်တစ်ခါထပ်ပြီးတော့ တက် တိုက်သေးလား"

"မတိုက်တော့ဘူး။ ခြူးရွှေကို တခြားတပ်တွေ နဲ့ပေါင်းပြီး ဝိုင်းပဲထားတယ်"

"နောက်တော့ ဘယ်လိုဖြစ်သွားလဲ"

"ကျွန်တော်တို့ဆီက အမြောက်တွေ၊ လေယာဉ် တွေက နေ့တိုင်းပဲ လာပစ်နေတာနဲ့ ၂၆ ရက်နေ့ ညသန်း



ခေါင်လောက်ကစပြီး ဒီကောင်တွေ ဆုတ်သွားကြတယ်"

"ဆရာကြီးတို့ကတော့ ဘာဆက်လုပ်လဲ"

"ကျွန်တော်တို့က ခြူးရွှေကနေပြီးတော့ အနောက် ဘက်မှာရှိတဲ့ စခန်းတစ်ခုကို သွားသိမ်းရတယ်။ ဖား ကျွတ်လို့ ထင်ပါတယ်"

"အဲဒါ ဘယ်နေ့လဲ"

"၂၈ ရက်နေ့ ဖြစ်မယ်ထင်တယ်"

"စခန်းပေါ်မှာ ရန်သူရှိသေးလား"

"မရှိတော့ဘူး။ အရှေ့ဘက်ကို ဆုတ်ပြေးကုန် ကြတယ်"

"နောက်တော့ တိုက်ပွဲဘယ်လိုအဆုံးသတ်လဲ"

"အောက်တိုဘာလကုန်မှာ စခန်းတွေ အကုန်ပြန် ပြီးနောက် ကျွန်တော်တို့ တပ်ရင်းကို နောက်တန်း အနားယူပြန်လွှတ်လိုက်ပါတယ်။ အသစ်ပြန်ဖွဲ့စည်းတယ်။ [illegible]က လူ ၆၀ လောက် ထပ်ဖြည့်ပေးတယ်။ အဖြစ် [illegible]ကတော့ ဒါပါပဲ ဗိုလ်မှူးကြီးရယ်"

"တခြားစခန်းတွေကို တခြားတပ်တွေက တိုက် [illegible]သလား"

www.burmeseclassic.com

www.burmeseclassic.com



"တိုက်တော့တိုက်တယ်ပြောတာပဲ။ ကျွန်တော် တို့လောက် လုပ်လိုက်ရမယ် မထင်ပါဘူး"

ဟုတ်ပါလိမ့်မည်။ ခြူးရွှေပန်ကောက်တိုက်ပွဲကြီး၌ အကျအဆုံးအများဆုံးတပ်များမှာ ခမရ (၁၀၉) နှင့် ကချ (၃) ဟု ကျွန်တော် သိထားရပါသည်။ သို့ဖြစ်၍ ထပ် မမေးတော့ပါ။

ဆရာကြီး မောင်ဝေါင်းကား အလွန်ရိုးသားသည့် စစ်သားအစစ်ဖြစ်၏။ ဗမာအမျိုးသမီးနှင့် အိမ်ထောင် ကျကာ ကလေး ၆ ယောက်ရှိသည်။ သားတစ်ယောက်၊ သမီး ၅ ယောက် ရှိသည်။ ဇနီးသည်က ဆုံးသွားပြီး သားသမီးများနှင့်အတူနေ၏။ အသက်က ၆၅၊ [illegible] အငြိမ်းစားယူပြီးကတည်းက ဘာမှမလုပ်တော့။ ပင်စင် လစာနှင့် စားနေသည်။ ယခု ပင်စင်လစာတိုးတော့ အတော် ဝမ်းသာနေရှာ၏။ သားသမီးများက အရွယ်ရောက်ပြီး သဖြင့် သူ့အား ရှာဖွေကျွေးမွေးပြုစုနေကြသည်ဆို၏။

"ကျွန်တော်က ဗမာစာမတတ်ဘူး ဗိုလ်မှူးကြီး အရေး၊ အဖတ်တောင် တပ်ထဲရောက်မှ တပ်ကသင်ပေးလို့ တတ်လာတာ။ ဘာမှမလုပ်တတ်ဘဲ စစ်ပဲတိုက်တတ်တော့



အသက်ပြည့်အောင် စစ်သားပဲလုပ်တယ်လေ။ အသက် ပြည့်လို့ တပ်ကထွက်တော့ ပင်စင်လစာ နည်းနည်းနဲ့ သားသမီးတွေက ရှာကျွေးတာပဲ စားနေရတယ်။ အခု ပင်စင်လစာ နှစ်သောင်း ရှစ်ထောင်၊ သူရဘွဲ့က ၂ ထောင်။ ပေါင်း ၃ သောင်းလောက်ရတော့ သိပ်အဆင်ပြေသွားပြီ။ ကျွန်တော်က တောင်ပေါ်သား။ ဘာမှထွေလီကာလီလည်း သုံးတတ်ဘူး။ ဒါကြောင့် အခုရတဲ့ ပင်စင်လစာနဲ့ဆိုရင် အဆင်ပြေပါပြီ။ သားသမီးတွေကလည်း လိမ္မာကြပါတယ်"

ဆရာကြီးမောင်ဝေါင်းနှင့် ပြောဆိုပြီးနောက် [illegible]အပ်တဲ့ ဓာတ်ပုံလေးများ ရိုက်ကူးခဲ့ပါသည်။

ထို့နောက် မနက် ၉ နာရီ ၁၅ တွင် တပ်ကုန်းမြို့ ခမရ (၁၀၉) မှ ပြန်လည်ထွက်ခွာခဲ့ပါသည်။ ရာသီဥတုမှာ [illegible]ဂုတ်လမို့ မိုးက သည်းလိုက်၊ ဖွဲလိုက်၊ ရွာလိုက်၊ [illegible]လိုက် ဖြစ်နေ၏။ နေပြည်တော်ကျော် တော့ နေ့လယ် [illegible] နာရီထိုးပြီ။ အနောက်ဘက် ပဲခူးရိုးမပေါ်၌ မှိုင်းမှိုင်း [illegible]သို့ ဆိုင်းဆိုင်းဆို့ဆို့နှင့် မိုးသားမိုးတိမ်များကို မြင် [illegible] နေ့လယ် ၁၂ နာရီကျော်ကျော်တွင် ၁၁၅ မိုင် [illegible]ရပ်နားစခန်း ရောက်သည်။ နေ့လယ်စာဝင်စားပြီး

www.burmeseclassic.com

www.burmeseclassic.com



၁ နာရီသာသာတွင် ရန်ကုန်ကို ဆက်ထွက်ဖြစ်သည်။ ခဏအကြာ၌ မိုးကြီး သည်းကြီးမဲကြီး ရွာချလိုက်ပြန်၏။ အားလုံး မှောင်မည်းသွားသည်။ ကားကို မီးထိုးမောင်းလာရ၏။ သို့ရာတွင် မိုးသည်းထန်မှုမှာ ခဏသာကြာသည်။ အနောက်ဘက်သို့ရောက်နေသည့် နေမင်းကြီးက နေရောင်ခြည်များ ရတ်ခြည်းဖြာထွက်လာသည်။ မကြာမီပင် ကောင်းကင်ပြင်ကြီးတစ်ခုလုံး ကြည်လင်လင်းလက်သွားတော့သည်။ အားလုံး ရှင်းသွား၏။

ကောင်းကင်ပြာပြာကြီးကို လှမ်းမော့ကြည့်ရင်း ဗကပတွေ ဘယ်လောက်ပဲတိုက်နေတိုက်နေ နောက်ဆုံးတော့ မိုးသားတိမ်လိပ်တွေ ပြေးလွှားပျောက်ကွယ်သွားသလို ကွယ်ပျောက်သွားပြီး နိုင်ငံတော်ကြီးလည်း ကြည်လင်ဝင်းပအေးချမ်းသာယာသွားရမည်သာ မလွဲပါဟု ရန်ကုန်အပြန် ပြေးနေသော ကားလေးပေါ်မှာ ကျွန်တော် တွေးနေမိပါသည်ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

သောင်းဇော်

၂၉ ၈ ၂၀



မှီငြမ်းကိုးကားသည့်စာအုပ်များ

၁။ တပ်မတော်သမိုင်း စတုတ္ထတွဲ။
စစ်သမိုင်းပြတိုက်နှင့်
တပ်မတော်မော်ကွန်းတိုက်မှူးရုံး
၂။ တပ်မတော်သမိုင်း ဆဋ္ဌမတွဲ။
စစ်သမိုင်းပြတိုက်နှင့်
တပ်မတော်မော်ကွန်းတိုက်မှူးရုံး
၃။ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ
(ဒုတိယတွဲ)၊ တပ်မတော်သားသုတေသီတစ်ဦး
၄။ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ
(တတိယတွဲ)၊ တပ်မတော်သားသုတေသီတစ်ဦး
၅။ ထို့ကြောင့် ဤသို့၊
တောခိုကျောင်းသားဟောင်းများ
၆။ ရွှေဝါရောင်မြေပြင်အထက်က
လင်းလက်သောကောင်းကင်ပြာ၊
ခင်မောင်တင်(မဟာဝိဇ္ဇာ)

www.burmeseclassic.com

www.burmeseclassic.com



၇။ တပ်မတော်(လေ) နှစ်လည်မဂ္ဂဇင်း၊ အမှတ် (၈)။
၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ

၈။ ကာယကံရှင်များနှင့် တွေ့ဆုံမေးမြန်းချက်များ

၉။ နှစ် ၅၀ တပ်မတော် ရွှေရတုစာစောင်၊
စာစောင်ပြုစုရေးကော်မတီ



## သောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ


၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း

၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)

၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)

၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)

၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)

၇။ သေကံမရောက် သက်မပျောက်

၈။ ကျွတ္တိယခေါ် မိန်းမတို့သည်

၉။ ယောက်ျားတို့အကြောင်း

၁၀။ ကျွန်တော်လယ်သမားကြီး

၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း၊ သိကောင်းစရာများ

၁၂။ ဗိုလ်သားများ စစ်ထဲဝင်ရင်လေ

၁၃။ ကြည်း ရေ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ

၁၄။ ရှုမြင်မှုသည် ရောဝတီ

၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ




www.burmeseclassic.com